ရနိုင်လှမြင့်စီစဉ်သည်။

# ရခိုင်ညွှန့်ဖူး

အမှတ်(၅)



# About -

| | | |
|---|---|---|
| Type Setting | - | Daw Khin Si |
| Proofer | - | Sara Htun |
| Book Layout | - | U Khin Moung |
| Cover Design | - | Myint Zaw |

*( all photos and references are copyrighted by their respective owners.)*

First Edition - May, 1999.

# ထုတ်ဝေသူစကား

ရခိုင်ညွန့်ဖူးဆိုရေ စာအုပ်ကို
၁၉၆၁–မှာ မွီးဖွားခကတ်စွာ မဟုတ်ပါလား။
၁၉၉၄–ခုမှာ ရခိုင်သားကြီးစာပီရေ
ရခိုင်ညွန့်ဖူး(၂)ကို ဆက်ထုတ်လာစွာ
အဂု ရခိုင်ညွန့်ဖူး(၅)ကို ရောက်ပါဗျာယ်။
ရှိဆက်ဖို့ခရီးမှာ
စာရီးသူ စာဖတ်သူနန့် ထုတ်ဝီသူဆိုရေ
အနားသုံးနားညီဖို့ လိုအပ်ပါရေ။
တစ်နှစ်မှာ ရခိုင်ညွန့်ဖူးတစ်အုပ်ကျ
ထုတ်ဝီနိုင်အောင် ကြိုးစားခကေလေ့
ဖြစ်သင့်ရေအတိုင်းတော့
အကောင်းဆုံးဖြစ်လာအောင် ကြိုးစားစွာပါဗျာယ်။
အလုပ်တိုင်းမှာ အခက်ခဲဟိစွာ
လောကဓမ္မတာရာမဟုတ်ပါလား။
ယင်းပိုင်ဖြစ်နီစွာ အခက်ခဲကိုရာ
ငို ညည်းပြနီဖို့ဆိုပါကေ
လူသားနန့်အလုပ် ဝီးသထက်ဝီးလီပါဖို့ဗျာယ်။
ယင်းချင့်တိကို အသာထားဗျာယ်
ဒေ ရခိုင်ညွန့်ဖူး(၅)ကို ဖတ်ပနာ
ကျေနပ်အားရနိုင်ပါစီလို့
ဆုတောင်းဆန္ဒပြုယင်း
ရခိုင်ညွန့်ဖူး အမှတ်(၆)ထွက်ဖို့
ကြိုးစားကြည့်လိုက်ပါမေ။

ရခိုင်စာပီထွန်းကားလာစီရမေ

**ရခိုင်လှမြင့်**
၂၄–၄–၉၉

**ရခိုင်သားကြီးစာပေ**

# ရခိုင်သားကြီးစာပေ မှ
# စာပေမိတ်ဆွေနှင့် စာဖတ်သူများကို
# ဖိတ်ခေါ်အပ်ပါသည်

၁။ ရခိုင်သားကြီးစာပေသည် ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှု၊ ရခိုင်သမိုင်းဆိုင်ရာ စာအုပ်စာတမ်းကို "စာဖတ်သူများ လေ့လာမှုလွယ်ကူစေရန် "ရည်ရွယ်ပါသည်။

၂။ ရခိုင်သားကြီးစာပေမှ ထုတ်ဝေသော စာအုပ်များကို စာဖတ်သူများအာ "အမြဲဖတ်ရှုလေ့လာနိုင်ရန်"အတွက် ရည်ရွယ်ပါသည်။

၃။ ရခိုင်သားကြီးစာပေမှ စီစဉ်ထုတ်ဝေသော စာအုပ်များကို စာဖတ်သူ စာပေမိတ်ဆွေများအား "အစဉ်အမြဲပေးပို့နိုင်ရန်" ရည်ရွယ်ပါသည်။

၄။ ရခိုင်သားကြီးစာပေမှ ထုတ်ဝေသော စာအုပ်များအပြင် အခြားသောစာအုပ်များကိုလည်း "မှာယူမှုလွယ်ကူစေရန်" ရည်ရွယ်ပါသည်။

၅။ ထို"ရည်ရွယ်ချက်များ အောင်မြင်စေရန်"အတွက် စာဖတ်သူများ ဝင်ခွင့်ပုံစံတွင် ဖြည့်စွက်ပြီး "ရခိုင်သားကြီး စာဖတ်သူများ" ကတ်ထုတ်ပေးနိုင်ရန် ပတ်စ်ပို့ ဓာတ်ပုံ နှစ်ပုံနှင့်အတူ စာတိုက်မှ မှတ်ပုံတင်ဖြင့် ပေးပို့နိုင်ကြောင်း ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်ပါသည်။

၆။ ကဒ်ရရှိပြီးသော စာဖတ်သူ၊ စာပေမိတ်ဆွေများထံသို့ ပေးပို့သောအခါ "၂၅ရာခိုင်နှုန်း တန်ဖိုးလျှော့၍ ပေးပို့ပါမည်။

၇။ အသင်းဝင်ပုံစံများကို ရခိုင်သားကြီးစာပေမှ ထုတ်ဝေသော မဂ္ဂဇင်းများမှာ ထည့်ပေးထားပါသည်။

**ရခိုင်သားကြီးစာပေ**

# မာတိကာ

| | |
|---|---|
| ၁။ ရခိုင်ရာဇဝင်သစ်ဝါဒ | အသျှင်ကောသလ္လ(ဂဝေသီ) |
| ၂။ ရခိုင့်မဟာရင်ခုန်သံ | မောင်ခိုင်အောင် |
| ၃။ မျက်နှာသစ်ကတ်မယ် | ဂူဖေဆန် |
| ၄။ရခိုင်စာပီ၌ ရခိုင်စကားဆက်စပ်ခြင်းအခြီအနီ | ကရဝီရ(အာရက္ခဒေသ) |
| ၅။ ပန်းတျှင်းသံနတ်သံရို့နန့် ပျော်ကတ်တေ ရခိုင်သကြ်န် | အောင်သူရကျော်(ရက္ခိုင်) |
| ၆။ အောဘူမိနက်သန်မြို့ကြီးကို | ပန်းချီ–မင်းသို |
| ၇။ ရခိုင်ရိုးရာ ကျင်အားကစပ်နည်းပညာ | ခိုင်ကျော်(ဥပဒေ) |
| ၈။ အသွင်ထူးခြားသည့် ရခိုင်သားခြင်းကဗျာ | မောင်ကောက်စံ(ပြည်ရခိုင်) |
| ၉။ ရမ်းဗြဲကျွန်းမှ ရွက်ပုန်းသီးဇမ်းကဗျာများ | မောင်ရွှေလိပ် |
| ၁၀။ လက်ာဖတ်ရှုခံစားမှု | စောတင်မောင်(ပုဏ္ဏားကျွန်း) |
| ၁၁။ သျှစ်သောင်းဘုရားနံရံဟိ ဇာတ်နိပါတ် | ရွှေခိုင်ကျော်(မြောက်ဦး) |
| ၁၂။ မြောက်ဦးခေတ်ပြိုင် အခြေအနေများ | ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ) |
| ၁၃။ အမတ်ကြီးမဟာပညာကျော်၏မှတ်သားဖွယ်ရာ လျှောက်ထုံး | သျှင်သူရိန်(ဥပဒေ) |
| ၁၄။ သုခမိန်အမတ်ကြီးဝိမလ၏စွမ်းဆောင်ချက်များ | မောင်ဒေဝ |
| ၁၅။ မင်းပြားမြို့နယ်ကေသလာကျွန်းသမိုင်းဖြစ်ရပ်ကို လေ့လာခြင်း | မင်းပြားမင်းသိန်းဇံ |
| ၁၆။ အာသောကနှင့် အာနန္ဒစန္ဒြ | ဝတီထွန်း |
| ၁၇။ မြောက်ဦးမြို့အကြောင်း တစေ့တစောင်း | စောမင်းနွယ်(မြောက်ဦး) |
| ၁၈။ ဝေသာလီခေတ် ရမ္မာဝတီတည်ခြင်းနှင့် ရခိုင် ရာဇဝင်အယူအဆ | မောင်လှိုင်(လမု) |

| | |
|---|---|
| ၁၉။ မြောက်ဦးခေတ်နောင်းရခိုင် (အေဒီ ၁၇၄၂–၁၇၈၄) | မြထွန်းအောင် |
| ၂၀။ သံတရာပတ္တမြား(သို့မဟုတ်) ဝါကျွတ္တနိစိသမူဟကျမ်း | မင်းသုမင် |
| ၂၁။ ရခိုင်ညွန့်ဖူး ၅ ဝတ္ထုတိုပြိုင်ပွဲ စာမူတိနန့် ပတ်သက်၍ | ညွန့်ဖူးလူ |
| ၂၂။ တတိယအကြိမ်မြောက် ရခိုင်ညွန့်ဖူး | မှတ်တမ်းတာဝန်ခံ |


**ဝတ္ထုတိုပြိုင်ပွဲ ပြိုင်ပွဲဝင်စာမူတိ**


| | |
|---|---|
| ၂၃။ အပူ | အဉ္ဇနရွှေထွန်း |
| ၂၄။ အလှည့် | အေးသူဇံ |
| ၂၅။ မှိုဟင်းရွက်ပြင်း အဖော်မကင်းစီချင် | မျိုးခိုင် |


**စာဟောင်းပီဟောင်းကဏ္ဍ**


၂၆။ ရခိုင် သစ္စာနိဒါန်းကျမ်း (မူဟောင်း)

# ရခိုင်ရာဇဝင်သစ်ဝါဒ

ယဉ်ကျေးမှုဆိုင်ရာများ လေ့လာလိုက်စားနေသော စာပေပညာရှင်တစ်ဦးမှ စာရေးသူအား ''ရခိုင်အကြောင်း သိကောင်းဘွယ်ရာ''အမည်ဖြင့် စာအုပ်တစ်အုပ် (ကျမ်းတစ်စောင်) ရေးသားပေးပါရန်နှင့် ကုန်ကျစရိတ်များအားလုံးကို တာဝန်ယူပါမည်ဟု ဆိုလာခဲ့သည်။ စာရေးသူမှ ကြိုးစားကာ ရေးသားပေးပါမည်ဖြစ်ကြောင်း ဝန်ခံလိုက်မိပြီးနောက် စာအုပ်တစ်အုပ်ဖြစ်မြောက်ရန် ကြိုးစားမိ၏။

လက်လှမ်းမှီသမျှ မေးမြန်းမှုကတစ်မျိုး၊ စာအုပ်စာပေ ရှာဖွေမှုကတစ်ဖုံ၊ မိမိတွင် စုဆောင်းထားသော စာအုပ်စာတမ်းများမှ အချက်အလက်များကို ရှာဖွေရင်းဖြင့် ရခိုင်တန်ဆောင်မဂ္ဂဇင်း အမှတ်(၁၀) ၁၉၉၅–ခုနှစ်တွင် ဆရာမကြီး မကြန်(ဒေါ်ကြန်)၏ ရခိုင်ရာဇဝင်ဆောင်းပါးကို ပြန်လည်ဖတ်ရှုမိသဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါတော့သည်။

လစ်ဟာနေသောကွက်လပ်

ဆောင်းပါးတွင် ဖော်ပြချက်မှာ သုတေသနစာတမ်းဖတ်ပွဲတစ်ခုတွင် ''ရခိုင်''ဟူသော ဝေါဟာရကို မည်သည့်ခေတ်၊ မည်သည့်အထောက်အထားတွင် အစောဆုံးတွေ့ရပါသလဲဟု တစ်ဦးက မေးသည်။ စာတမ်းရှင်မှ တိတိကျကျမဖြေနိုင်ခဲ့။ အမေးနှင့် အဖြေပြေလည်မှုမရှိခဲ့။ သို့သော် သုတေသီများ၊ သမိုင်းဝါသနာရှင်များအတွက် စဉ်းစားစရာ၊ ရှာဖွေလေ့လာစရာအကွက် ပေါ်လာသည်ဟု ဖော်ပြ၏။ ဆရာမကြီး ဒေါ်ကြန်မှ လစ်ဟာနေသောကွက်လပ်ကို ထောက်ပြသဖြင့် စာရေးသူအား ပြောပြဖူးသဖြင့် သိရှိနေခဲ့ပြီးဖြစ်၏။ စာရေးသူအနေဖြင့် လစ်ဟာနေသော ထိုကွက်လပ်ကို ဖြည့်ဆည်းပေးလိုပါသည်။ စာရေးသူဖြည့်၍ ပြည့်ပြီဟု မဆိုလိုပါ။ လိုအပ်ချက်များ ရှိကောင်းရှိမည်။ သုတေသီများ ထပ်မံဖြည့်စွက်၍ ပြည့်စေလိုသည်။

**ရခိုင်သားကြီးစာပေ**

## ရခိုင်ဝေါဟာရ

ရက္ခပူရ ပဝေသနကုလဝင်ကျမ်း ပေစာမူ(ရှေးပဝေသဏီမော်ကွန်း)တွင် ကုသမင်း သက္ကရာဇ်(၄၉၀၀)ကျော် ပထမဓညဝတီခေတ်နှင့် အနှစ်တစ်ထောင်အကွာ၊ ဒွါရာဝတီသံတွဲမြို့ကို အုပ်ချုပ်ခဲ့သော ဝါသုဒေဝ၊ ဗလဒေဝ မင်းညီနောင်တစ်ကျိပ်တို့၏ လက်ထက်ကပင်လျှင် အမျိုး အနွယ်ကို ''ရခိုင်''ခေါ်၍ ပြည်ကို ''ရက္ခိတပူရ''ဟုခေါ်ဆိုကြောင်း တွေ့ရှိရပါသည်။ယင်းပေမူတွင် ''ကုလပူရံရက္ခိတတိရက္ခိုင်'' ဟု ဝိဂြိုဟ်ပြုဖော်ပြ၏။ ''ကုလ''ဟူသည်မှာ အမျိုးအနွယ်ဖြစ်၍ ''ပူရံ''ဆိုသည်မှာ မြို့ အိမ်ဟူ၍ ဖြစ်ပြီး ''ရက္ခိတ''ပုဒ်မှာမူ စောင့်ရှောက်ခြင်း၊ လုံခြုံစေခြင်းပင် ဖြစ်သည်။ ဤကား ''အဘိဓာနပ္ပ ဒီပိကာကျမ်း''၏ဖွင့်ဆိုချက်တည်း။ အဓိပ္ပာယ်မှာ ''မိမိတို့ ၏အမျိုးအနွယ်နှင့် မြို့ရွာအိမ်ခြေတို့ကို လုံခြုံအောင်ပြုခြင်း၊ စောင့်ရှောက်ထိန်းသိမ်းခြင်းပင် ဖြစ်၏။

ရခိုင်ရာဇဝင်လင်္ကာတွင် အသမ္ဘိန္န၊ ခတ္တိယဟု ဝါသုဒေဝမင်းမှ စ၍ ကစ ္ဆပနဒီ၊ မြစ်ကိုမှီ လျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ'' ဟု မှတ်တမ်းပြုထားချက်လည်း ရှိပေ သည်။ ဓညဝတီရာဇဝင်မှာလည်း ယင်းအတိုင်းပင် မှတ်တမ်းတင်ထားပြန်၏။

သို့ဖြစ်၍ ''ရခိုင်ဟူသောဝေါဟာရ''သည် ''ရက္ခိတ''ဟူသော မာဂဓဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး၊ ''ရခိုင်'' ဟူသော ဝေါဟာရကို ဝါသုဒေဝ၊ ဗလဒေဝမင်းညီနောင်တို့ လက်ထက်ကပင်ခေါ်တွင်နေပြီး ဖြစ်ကြောင်း တွေ့ရှိရ၏။

အချို့ဆရာများမှ ဝါသုဒေဝ၊ ဗလဒေဝနှင့် သံတွဲမြို့ ဒွါရာဝတီအကြောင်းအရာများကို မယုံ ကြည်လိုကြ၊ လက်မခံလိုကြဘဲ ဝိုးတဝါး အဖြစ်သာ ထားလိုကြသည်။ ရခိုင်ရာဇဝင်ဆရာများမှ မိမိတို့တိုင်းပြည်နှင့် သင့်မြတ်အောင် ပုံကြီးချဲ့ထား၍ ပြောကြဟန်၊ ရေးကြဟန်ဖော်ပြပြီး ဖယ်ရှား လိုကြပြန်သည်။ ရခိုင်ရာဇဝင်ဆရာများသာမက ရခိုင်၊ ဗမာရှေးပညာရှင်များအားလုံး အညီအညွတ် လက်ခံအတည်ပြုထားကြပုံများကို တင်ပြပါမည်။ အင်းဝနရပတိမင်းကြီး (၈၀၄–၈၃၀)နှင့် မင်းပြိုင် အုပ်ချုပ်သော မြောက်ဦးမြို့ အလီခင်မင်း(၇၉၅–၈၂၀)သိမ်းယူသော သံတွဲမိဖုရား စောယဉ်မိ၏ ရတုတွင် ''မင်းစောဒသ၊ ဘာကီတတို့၊ ဒီပဇမျှူ လုံးလုံးချူ၍၊ ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံ့ဝယ်''ဟူ၍လည်ကောင်း၊ မော်ကွန်းစာဆို နဝဒေး၏ ရခိုင်နိုင်မော်ကွန်းတွင် ''ဝါသုဒေဝ၊ ဒသညီနောင်၊ မင်းကုန်အောင်တို့ ၊ ပြောင်ပြောင်ဇမ္ဗူ လှည့်သိမ်းယူသော်၊ ရှုရှုပင်လယ်၊ ငှက်နှယ်ပျံ့ဝဲ၊ မြို့သံတွဲဝယ်'' ဟူ၍လည်းကောင်း၊ မြောင်လှမြို့ စားမင်းကြီး သီရိမဟာဇေယျသူ၏ ကဝိလက္ခဏာဒီပနီကျမ်းတွင် ဃဋပဏ္ဍိတဇာတ်တော်လာ ဝါသုဒေဝတို့ကိုပင် ရည်ရွယ်၍ သံတွဲမြို့ ဒွါရာဝတီကို ဖော်ညွှန်းဖြေဆိုရေးသားထားပြန်သည်။

ထို့အပြင် စွယ်စုံကျော်ထင်ကျမ်း၊ ဂဇပကာသနီကျမ်း၊ ရတုနဝဒေး၏ အံတော်ဘုရား တိုင်ရတု၊ ဦးတိုး၏ ရခိုင်စစ်ချီရတု၊ လက်ဝဲသုန္ဒရ၏ မြတ်ပန်းဝေဆာချီ ကျေးစေရတုတို့တွင် ဝါသုဒေဝတို့ကိုပင် ရည်ညွှန်း၍ ဒွါရာဝတီ သံတွဲမြို့အကြောင်းကို ရေးဖွဲ့ကြကုန်၏။

ရခိုင်သားကြီးစာပေ

ဆိုလိုရင်းမှာ ရှေးစာဆိုများ၊ ပညာရှင်များ၊ အဆိုအမိန့်များ ရှိနေပြီးသားဖြစ်၍ စာရေးသူတို့ အနေဖြင့် ပိုးတဝါးဇတ္တာရီဟု မျက်ကွယ်ပြုထားရန် မဖြစ်နိုင်ပေ။ ရခိုင်၊ ဗမာ ရှေးစာဆိုတော်များ၊ ပညာရှင်များက အသိအမှတ်ပြုထားပြီးသား ဖြစ်နေလေသည်။

ဒွါရာဝတီ မဂ္ဂဇင်းအမှတ်(၁)တွင် သုတဗောဓိ(မဟာဗောဓိ စာသင်တိုက်၊ နိုင်ငံတော်သံဃဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ်၊ သာသနဓဇ ဓမ္မာစရိယဆရာတော်)၏ တံခါးမြို့တော်ဆောင်းပါးတွင် ဘုရားဟော ပါဠိကျမ်းဂန်လာရှိပုံနှင့် ယခုမျက်မှောက်ခေတ်ကာလအခြေအနေများကိုသုံးသပ်၍ တင်ပြထား၏။ အကျဉ်းချုပ်တစ်ချက်ကို တင်ပြပါမည်။

“ဃဋပဏ္ဍိတဇာတ်တော်၌ တစ်ဖက်မှ ပင်လယ်ကမ်းခြေ၊ တစ်ဖက်တောင်တန်းတွေတည်ရှိကြောင်း တွေ့ရသဖြင့် သံတွဲမြို့ ဒွါရာဝတီကို မီးမောင်းထိုးပြထားသကဲ့သို့ ဟုတ်မှန်နေကြောင်းကို တွေ့မြင်ရပြန်သည်။ ဘုရားဟော ကျမ်းဂန်လာ ဒွါရာဝတီမြို့သည် သံတွဲမြို့အမှန်ပင်ဖြစ်သည်ကို ယုံမှားသံသယဖြစ်စရာမလိုပေ”ဟု အကိုးအကားအထောက်အထားနှင့် ပြတ်ပြတ်သားသားတင်ပြထားသည်ကို လေ့လာကြပါဘိ။ ထို့အပြင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မသေချာသောမြို့တစ်မြို့သာရှိကြောင်း၊ သံတွဲမြို့ပါဝင်ကြောင်း ပညာရှင်များ အသိအမှတ်ပြုထားချက်လည်းရှိနေသေး၏။

## အချို့ဆရာအမြင်

အချို့ဆရာများမှာ ဝါသုဒေဝတို့သည် သံတွဲမြို့ထက် မြေသြဇာကောင်းမွန်သော စစ်တွေဒီစတြိတ်၊ ကစ္ဆပနဒီမြစ်ဝှမ်းကို မရွေးချယ်ဘဲ ဒွါရာဝတီသံတွဲမြို့ကိုသာ မင်းနေပြည်တော်အဖြစ် ရွေးချယ်တော်မူခြင်းကို အဘယ်ကြောင့်မသိရချေဟု ဆို၏။

ဝါသုဒေဝတို့မှာ မြို့နေရာတည်ရန် ရှာဖွေသူများ မဟုတ်ပေ။ လက်ရုံးအားကိုး စစ်တိုက်လိုသူများသာဖြစ်၏။ သူတို့၏မူဝါဒမှာ ဇမ္ဗူဒိပ်ကျွန်းလုံးအရှင်သခင်အဖြစ် သိမ်းယူလိုသူများသာဖြစ်သည်။ ရခိုင်ပြည်အဝှမ်းတွင် သံတွဲဒွါရာဝတီသာ မြို့တော်အဖြစ် တစ်ခုတည်းသာ ရှိနေသေးရာမြို့တော်ကိုသာ တိုက်ခိုက်သိမ်းယူမှ နည်းလမ်းကျပေမည်။ မြို့တော်ကို တိုက်ခိုက်သိမ်းယူပြီးမှ မြေသြဇာကောင်းမွန်သည့် ကစ္ဆပနဒီမြစ်ဝှမ်းအရှေ့ဘက် အနောက်ဘက် မြို့ရွာတည်ဆောက်၍ အမျိုးအနွယ်အစဉ်အဆက်နေထိုင်ကြကြောင်း ရာဇဝင်၊ သမိုင်း၊ မှတ်တမ်းတို့တွင်တွေ့ရှိနိုင်ပါသည်။

## အင်္ဂါနှစ်ရပ်

သမိုင်းဆရာများ၊ စာရေးသူများအနေဖြင့် အင်္ဂါနှစ်ရပ်ပြည့်ဝရန်လိုသည်။ “ဗဟုသုတပြည့်ဝခြင်းနှင့် ရိုးသားမှုရှိခြင်း” တို့ပင် ဖြစ်၏။ ဗဟုသုတလွန်စွာပြည့်ဝ၍ ရိုးသားမှုမရှိသော် တစ်ဖက်စောင်းနင်း ဖြစ်တတ်၍ မှားယွင်းတတ်သည်။ ရိုးသားမှုရှိသည်ကား မှန်၏။ သို့သော် ဗဟုသုတ

နည်းနေသေးသော် လစ်ဟာမှု မပြည့်စုံမှု ဖြစ်တတ်၏။

မပြည့်စုံလျှင်ကား ရိုးသား၍ ဗဟုသုတပြည့်ဝသူများမှ ဖြည့်ပေးရန်လို၏။ အင်္ဂါနှစ်ရပ်ပြည့်စုံသော် လွန်စွာကောင်းပေစွ။

## ရခိုင်တစ်မျိုး

ရခိုင်ဇာတိဝံသမော်ကွန်းစာ ပေစာမူတွင် မာရယုမင်း ပထမ ဓညဝတီခေတ်၌ .......

(၁) ကစ္ဆပနဒီမြစ်ညာ၌ နေထိုင်သူများကို အညာသားခေါ်၍ ကာလကြာသော် အညာသားမှ "ကျောက်တော်သား" ဖြစ်လာကြောင်း၊

(၂) ကစ္ဆပနဒီမြစ်၏ လက်ဝဲလက်ယာ ချောင်းဖျားအရပ်ကို အမှီပြု၍ နေထိုင်သူများကို "ချောင်းသား" ခေါ်ဆိုကြောင်း၊

(၃) ကစ္ဆပနဒီ(ကုလတန်) မြစ်မတစ်ရိုးတွင် နေထိုင်သူများကိုမူ "မ,ရိုးသား" ဟုခေါ်ဆိုကြကြောင်း၊

(၄) ကစ္ဆပနဒီ(ကုလတန်) မြစ်ဝတွင် ရဂိုင်ပင်တို့ကို ခုတ်ထွင်ရှင်းလင်း၍ နေထိုင်သဖြင့် "ရဂိုင်သား" တွင်၏။ ထိုမှ "ရခိုင်သား" ဖြစ်လာကြောင်း ဆိုထားလေသည်။

## သုံးသပ်တင်ပြမှု

ကစ္ဆပနဒီ(ကုလတန်)မြစ်ဝတွင်ရဂိုင်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ နေထိုင်ကြသဖြင့် ရဂိုင်မှ ရခိုင်ဖြစ်လာခြင်းမှာ နေရာဒေသကျဉ်းမြောင်းလှသည်ထင်မိ၏။ အဘယ်ကြောင့်ဆိုသော် မြစ်ဝသားများသာ ရခိုင်ဖြစ်၍ ကျောက်တော်သား၊ ချောင်းသား၊ မရိုးသားနှင့် အခြားဒေသများမှ လူများမှာ ရခိုင်မဟုတ်၊ ရခိုင်ဟုခေါ်ဆို၍ မဖြစ်နိုင်လောက်သော အခြေအနေသို့ ရောက်သွားစေတော့၏။ မြစ်ဝသားများသာ ရခိုင်ဖြစ်ရတော့မလို ဖြစ်နေတော့သဖြင့် ပညာပြည့်ဝ၊ နှလုံးလှကြသည့် ပညာရှင်သုတေသီများ စဉ်းစားဝေဖန်ကြပါဘိ။

## ကုလတန်(ကူးလတန်း)မြစ်

ကစ္ဆပနဒီမြစ်ကို ကုလတန်မြစ်ဟု ရှေးအခါကခေါ်ဆို၏။ကုလတန်ဟူသည် "ကုလတန္တိ" ဟူသော မာဂဓဘာသာစကားမှ ဆင်းသက်လာ၏။ အမျိုးအနွယ် အစဉ်အဆက်ဟု အဓိပ္ပာယ်ရရှိသည်။

ဝါသုဒေဝ၊ ဗလဒေဝတို့၏ အမျိုးအနွယ်အစဉ်အဆက်မှာ ဒွါရာဝတီမှစ၍ ကစ္ဆပနဒီမြစ်၏ လက်ဝဲ၊ လက်ယာ၊ အရှေ့ဘက်၊ အနောက်ဘက်တိုင်အောင် နေထိုင်လျက် ဤမြစ်ကိုအမှီပြု၍ နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြကြောင်း ဓညဝတီရာဇဝင်၊ ရခိုင်ရာဇဝင်လင်္ကာတို့ဖြင့် ဖော်ပြပြီး

ဖြစ်၏။ ယင်းအမျိုးအနွယ် အစဉ်အဆက် (ရခိုင် အမျိုးအနွယ်အစဉ်အဆက်)တို့၏ အမှီပြုရာမြစ်ဖြစ်၍ ရှေးက ''ကုလတန္တိ''မြစ်ဟု တွင်၏။ ထိုမှ မြန်မာမှုပြုကာ''ကုလတန်''ဟု ခေါ်လေသည်။

ဓညဝတီရာဇဝင်၌ ဣန္ဒမာယု ရေမျောလတ်သော် ကူးအံ့ဟု ဆန့်တန်းသောအရပ်ဖြစ်၍ ''ကူးလတန်း''မြစ်ဟု ခေါ်ကြောင်းတွေ့ရသေးသည်။ ရခိုင်များမှ ''ကလတန်''ဟုခေါ်၏။သို့သော် ရေးလျှင်အမှန်ဟု ဆိုရိုးပြုကာ ''ကုလားတန်း''ဟုရေးသားကြရာ၌ လွန်စွာမှားယွင်းနေကြောင်း သိမြင်နိုင်သည်။ သို့ဖြစ်၍ ကုလတန်''ကူးလတန်း''ဟူသော အမှန်ကို ပြန်လည်ရေးသားရန် သင့်လှပါကြောင်း တင်ပြလိုပါသည်။

## ယက္ခ၊ ရက္ခသမှ ရခိုင်တစ်မျိုး

အဘိဓာနပ္ပဒီကာ ပါဠိအဘိဓာန်ကျမ်းတွင် နတ်(၈)မျိုးပြဆိုရာ၌ ''ယက္ခ'' ယက္ခနတ်တစ်မျိုး၊ ''ရက္ခသ'' ရက္ခိုသ်(ရက္ခိုက်)နတ်မျိုးဟု တွေ့ရှိရ၏။ သို့ရာတွင် ယက္ခနတ်တစ်မျိုးမှာ နတ်ဘီလူးပင်ဖြစ်၍ ရက္ခသဟုခေါ်သောရက္ခိုသ်(ရက္ခိုက်)နတ်မျိုးမှာလည်းနတ်ဘီလူးပင်ဖြစ်သည်။

သို့ဖြစ်၍ ယက္ခနှင့် ရက္ခိုသ်(ရက္ခိုက်)မှာ ဘီလူးပင်ဖြစ်တော့သည်။ ဓညဝတီရာဇဝင်တွင် ရေက္ခိုက်ဘီလူးအကြောင်းပါရှိရာ ရက္ခသပုဒ်ကို မြန်မာမှုပြုမှသာလျှင် ရက္ခုသ်(ရက္ခိုက်)ဖြစ်၏။ ရေက္ခုက်ဆိုသည်မှာ ဘီလူးပင်ဖြစ်၍ ဤနေရာ၌ ယ–ပက်လက်နှင့် ရ–ကောက် ခွဲခြားသုံးသော်လည်း ဘီလူးပင်ဖြစ်နေလေရာ မည်သို့မျှ ထူးခြားမလာပေ။

ယင်းကျမ်းစာကို ဖတ်ရှု၍ ''ရေက္ခုက်''မှ ''ရခိုင်''ဖြစ်လာသည်ဟု ကြံဆနေခြင်းမှာ မည်သို့သော အတိုင်းအတာအထိ မှန်ကန်နိုင်မည်ကို စဉ်းစားဝေဖန်သင့်ပေ၏။

## ယက္ခပူရ၊ ရက္ခပူရ

ယက္ခပူရ ဟုဆိုဆို၊ ရက္ခပူရ ဟုပဲရေးရေး ယက္ခနှင့် ရက္ခသပုဒ်မှ ဆင်းသက်လာသော စာလုံးများဖြစ်ပါမူ ဘီလူးပင်ဖြစ်၍ မည်သို့မျှ ထူးခြားလာစရာမရှိပေ။ ကျောက်ရိုးရာဇဝင်၊ ဓညဝတီရာဇဝင်၊ ရခိုင်ရာဇဝင် မည်သည့်ကျမ်းအားကြည့်ကြည့် ဘီလူးနှင့် ကင်းသည်ဟူ၍မရှိ။

ဘုရားဟော ဇာတ်နိပါတ်တော်များတွင်လည်း ဘီလူးများနှင့် မကင်း။ မဇ္ဈိမဒေသာလီပြည်တွင် ဘီလူးများဝင်ရောက်နှိပ်စက်၍ ရတနာသုတ်ပရိတ်ဟောကြားရခြင်း၊ ဓမ္မပဒတွင် ကာဠီဘီလူးမဝတ္ထု၊ ကင်းလှည်းသမားသား ဝတ္ထုစသည်ဖြင့် ဘီလူးများပါဝင်သော နေရာ၊ ဘီလူးများအကြောင်းကား အဆန်းတကြယ်မဟုတ်ပေ။ သီရိလင်္ကာ သာသနာပြုအရှင်မဟိန္ဒမထေရ်တို့ပင်လျှင် ဘီလူးများကို နှိမ်နင်း၍ သာသနာပြုရချေသေးသည်။ မွန်ပြည်နယ်တွင် ဘီလူးကျွန်းရှိသေး၏။ သို့သော် ရခိုင်လူမျိုးများသည် ဘီလူးမှ ဆင်းသက်လာသော လူမျိုးများမဟုတ်ကြောင်း ရာဇဝင်သမိုင်းမှတ်တမ်းအရတော့ သိသာနိုင်သည်။

**ရက္ခိတ၊ ရက္ခသ**

ဤ၌ စဉ်းစားတွေးတောဖွယ်ရာရှိနေ၏။ ရက္ခိတဟူသော စောင့်ရှောက်ခြင်း၊ လုံခြုံခြင်း၊ မာဂဓစကားမှ ဆင်းသက်လာသော ''ရက္ခ''စာလုံးနှင့် ရက္ခသရက္ခိုသ်(ရက္ခိုလ်) ဘီလူးမှ ဆင်းသက်လာသော ''ရက္ခစာလုံးနှစ်လုံးတွင် အဘယ်''ရက္ခ''စာလုံးကို ယူမည်နည်းဟု မေးမြန်းဖွယ်ရာရှိသည်။

ရက္ခသ၊ ရက္ခသ်ဘီလူးမှ ရက္ခကိုယူပါမူ ဘီလူးမျိုးသာဖြစ်သင့်တော့၏။ ရက္ခိတ(စောင့်ရှောက်ခြင်း၊ လုံခြုံခြင်း)မှ''ရက္ခ''ကို ယူပါက''ကုလပုရံရက္ခတိတိ့ ရခိုင်''ဟူသော ရက္ခပူရပဝေသန ကုလဝင် ကျမ်းအရ အမျိုးအနွယ်နှင့် မြို့ရွာတို့ကို စောင့်ရှောက်ခြင်း၊ လုံခြုံစေခြင်းကြောင့် ရခိုင်ခေါ် ကြောင်း ပီပြင်ပေတော့မည်။

**အာရက္ခ**

အာနန္ဒစန္ဒြကျောက်စာတိုင်၏ မြောက်ဘက်မျက်နှာရှိ စာကြောင်းရေ (၄၂)တွင် ''အာရက္ခဒေသျ'' ဟု ပါရှိ၏။ ယင်းကျောက်စာအရ ရခိုင်ပြည်ကို ''အာရက္ခဒေသ''ခေါ်ဆိုကြောင်း၊ အာရက္ခမှ ရခိုင်ဖြစ်လာကြောင်း သုတေသီအချို့မှ ဆိုကြ၏။ ''အာရက္ခ''အဓိပ္ပာယ်မှာ အစောင့်အရှောက်ပြုခြင်း၊ စောင့်ရှောက်ခြင်းဟု အဓိပ္ပာယ်ရရှိ၏။

ယင်းအာရက္ခမှ ရခိုင်ဟု ခေါ်ဝေါ်ကြောင်း အဆိုကို လက်ခံပါလျှင် ဝေသာလီခေတ် အေဒီ (၈)ရာစုရောက်မှ ရခိုင်ဟု အမည်တွင်ကြောင်း မှတ်ယူရန်ရှိသည်။ သို့တည်းမဟုတ် ဓညဝတီ၊ ဓညဝတီမှ အစဉ်အဆက် သုံးစွဲလာမှုကို ဝေသာလီခေတ်တွင် ဆက်လက်သုံးစွဲကြကာ အာရက္ခဒေသျှဟု ကျောက်စာတွင် ရေးထိုးမော်ကွန်းတင်ခြင်းလည်း ဖြစ်တန်ရာ၏။

ရက္ခိတ မာဂဓဘာသာနှင့် ''အာရက္ခဒေသျှ''အနောက်ပိုင်း တိဘက်မြန်မာ ဘာသာစကားမှာ အဓိပ္ပာယ်ညီမျှမှုရှိ၏။ ပင်မလာဂတ်မင်းမှ ဝေသာလီခေတ်မင်းနှင့် ပြည်သူတို့သည် အနောက်ပိုင်း တိဘက်မြန်မာစကားမှတစ်ဆင့် ဆင်းသက်လာကြောင်း ဆို၏။ အချို့ဆရာများမှ ဝေသာလီခေတ် ဒုတိယပိုင်းလောက်ရောက်သောအခါ အေဒီ (၉)ရာစု အရိယနိအမည်မှ ရခိုင်ဟု အမည်တွင်ကြောင်း ဆိုပြန်၏။ ဓညဝတီခေတ်မှာ မပီပြင်မှုန်ဝါးဝါးဟု ယူဆခဲ့သော်လည်းကောင်း၊ အရိယန်မှ ရက္ခိုင်ဖြစ်လာသည်ဆိုခြင်းမှာလည်း မရေရာဟု သုံးသပ်မိသော် အာနန္ဒစန္ဒြားကျောက်စာကိုသာ အခိုင်အမာ အထောက်အထားအဖြစ် ယူရန်သင့်တော့သည်။

အာရက္ခမှ အာရကန်ဖြစ်လာသည် ဆိုခြင်းမှာ ခိုင်မာ၏။ အလွန်နီးစပ်၍ သဘာဝလည်းကျပေသည်။ အချို့နိုင်ငံခြားသားများမှ အဲလ်ရီကွန်ဟူသော အာရေဗျာဘာသာစကားမှ ဆင်းသက်လာကြောင်း ဆို၏။ နိုင်ငံခြားမှတ်တမ်းကိုသာ အဓိကအားကိုးတစ်ခုမပြုသင့်၊ ဒေသမှတ်တမ်း ရာဇဝင်တို့နှင့်လည်း ညှိနှိုင်းကာ အဖြေရှာရမည်သာဖြစ်၏။

## ရခိုင်ပြည်နယ်အဝမ်း

ဓညဝတီရာဇဝင်စာ(၃၀)တွင် ''အသမ္ဘိန္နခတ္တိယအနွယ်ဖြစ်သော ဝါသုဒေဝမင်းတို့၏ အစဉ်အဆက်ဆက်တို့သည် ကစ္ဆပနဒီ(ကုလတန်)မြစ်၏ အရှေ့ဘက်၊ အနောက်ဘက်မြို့ရွာသို့ တည်ထောင်၍ အုပ်စိုးကြကုန်၏'' ဟု ပြဆို၏။

ရခိုင်ရာဇဝင်လင်္ကာတွင်''အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းကစ၍၊ ကစ္ဆပနဒီမြစ်ကို မှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့သည်မှာ'' ဟု ဆိုထားသည်။ သို့ဖြစ်၍ ဒွါရာဝတီမှစ၍ ကစ္ဆပနဒီ(ကုလတန်)မြစ်၏ အရှေ့ဘက်၊ အနောက်ဘက်တိုင်အောင် ဝါသုဒေဝ၊ ဗလဒေဝ အမျိုးအနွယ်တို့သည် အစဉ်အဆက် နေထိုင်ခဲ့ကြကြောင်း ပေါ်လွင်၏။ ဝါသုဒေဝတို့အကြောင်း သံသယဖြစ်စရာမလိုကြောင်း သာဓကများစွာရှိ၏။

## ရခိုင်အစ

ရခိုင်ရာဇဝင်၊ သမိုင်းမှတ်တမ်းများတွင် အိန္ဒိယပြည် မဇ္ဈိမဒေသမှ ဝါသုဒေဝ၊ ဗလဒေဝ မင်းညီနောင်တစ်ကျိပ်တို့မှ စတင်ခဲ့ကြောင်း ရေးသားဖော်ပြကြ၏။ နိုင်ငံခြားသားများမှ ရခိုင်ပြည်နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိန္ဒိယပြည် အရှေ့မြောက်ပိုင်းဒေသမှ ဝင်ရောက်လာသူများဖြစ်ကြောင်း ရေးသားကြပြန်၏။

''ရခိုင်အစ မာရယုမှ၊ ရခိုင်အစ ရေကြည်(ရီကြိုင်)က''စသည့်ဆိုရိုးစကားလည်း ရှိပြန်၏။ ယင်းအဆိုကို လက်ခံလျှင် သံတွဲခရိုင်မှာ သီးခြားဖြစ်ပေတော့မည်။

ရခိုင်ကမ်းမြောင်ဒေသတွင် သမိုင်းမတင်မီခေတ်က ဩစတြေလွိုက်နွယ်ဝင်များ နေထိုင်ခဲ့ဟန်ရှိ၏ဟု သမိုင်းသုတေသီတို့မှ ခန့်မှန်းကြကြောင်းနှင့် ထိုလူမျိုးနွယ်ဝင်များသည် ရုပ်ရည်ရုန့်ရင်းကြမ်းတမ်းသော ခေတ်ဦးလူများဖြစ်ကြသဖြင့် ဘီလူးဟု သတ်မှတ်ခံရကြောင်း၊ ထိုသို့ သမိုင်းခေတ်ဦးတွင် ဘီလူးဟုသတ်မှတ်ခံရသော ဘီလူးဇာတ်လမ်းများ ရှိခဲ့ကြောင်း ဆရာမကြီး ဒေါ်ကြန်မှ ဖော်ပြရေးသားထား၏။

## ရခိုင်

ဝါသုဒေဝ၊ ဗလဒေဝ မင်းတို့လက်ထက်မှစ၍ ဒွါရာဝတီမှ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်၊ အနောက်ဘက်တိုင်အောင် နေထိုင်သူများအားလုံးတို့သည် မိမိအမျိုးအနွယ်နှင့် မြို့ရွာတို့ကို စောင့်ရှောက်ခြင်း၊ လုံခြုံအောင်ပြုခြင်း အမှုတို့ကို ဆောင်ရွက်ပြုမူကြသဖြင့် အမျိုးကို ''ရခိုင်''ဟု ခေါ်၍ ပြည်ကို ''ရက္ခပူရ''ခေါ်ဆိုကြောင်း ရခိုင်ရာဇဝင်သစ်၊ ဓညဝတီရာဇဝင်သစ်၊ ရက္ခပူရပဝေသနကုလဝင်ကျမ်း၊ ရခိုင်ရာဇဝင်လင်္ကာတို့ကို ညှိနှိုင်း၍ အဖြေထုတ်နိုင်လေသည်။ ရက္ခိတနှင့် အာရက္ခတို့မှာ အဓိပ္ပာယ်တူညီမှုရှိ၍ အာနန္ဒစန္ဒြားကျောက်စာနှင့် ရက္ခပူရဝေသန၊ ကုလဝင်ကျမ်းတို့

ကိုက်ညီ၏။

**ဝေဖန်ညှိနှိုင်း**

ဆရာမကြီး ဒေါ်ကြန်ထောက်ပြသော လစ်ဟာနေသည့် ကွက်လပ်ကို စာရေးသူမှ ဖြည့်စွက်တင်ပြခြင်းသာဖြစ်ပါသည်။ စာပေဝါသနာရှင် ရဟန်းရှင်လူများအနေဖြင့် .....

(က) ရက္ခပူရပဝေသနကုလဝင်ကျမ်းအရ ဝါသုဒေဝလက်ထက်မှ စ၍ ''ရက္ခိတ'' မှ ဆင်းသက်လေသော ရခိုင် ........

(ခ) ရခိုင်ဇာတိဝံသမော်ကွန်းပေစာမူမှ မာရယုလက်ထက် ပထမဓညဝတီခေတ် ရဂိုင်ပင်မှ ဆင်းသက်လာသော ရခိုင် .......

(ဂ) ဓညဝတီရာဇဝင် ဧရက္ခိုက်ဘီလူးကို အစွဲပြု၍ ရခိုင်ဖြစ်လာကြောင်း ကြံဆသည့် ဧရက္ခိုက်မှ ဆင်းသက်လာသည့်ရခိုင် .......

(ဃ) အာနန္ဒစန္ဒြား ကျောက်စာတိုင်တွင် ရေးထိုးထားသော အာရက္ခမှ ဆင်းသက်လာသော ရခိုင် .......

(င) ဝေသာလီခေတ် အေဒီ (၉)ရာစု အရိယန်မှ ဆင်းသက်လာသည်ဆိုသော အရိယန်ရခိုင် ........

ယင်းဖော်ပြထားသော ရခိုင်များတွင် မည်သည့်ကို အခိုင်အမာဆုံးဟု ယူဆပါမည်နည်း။ သို့တည်းမဟုတ် မည်သို့ ကျမ်းညှိကြမည်နည်း။ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ရန်တော့လိုနေပြီဟု ယူဆရင်းတင်ပြရပါသတည်း။

အရှင်ကောသလ္လ(ဂဝေသီ)

**ရည်ညွှန်း**

| | |
|---|---|
| ၁။ ဓညဝတီရာဇဝင်သစ် | ပဲခူးမင်းကျောင်းဆရာတော် |
| ၂။ ရခိုင်ရာဇဝင် | ရမ်းဗြဲတောင်ကျောင်း။ |
| ၃။ ရက္ခပူရပဝေသနကုလဝင်ကျမ်း | ပေစာမူ။ |
| ၄။ ရခိုင်ယဉ်ကျေးမှု အမှတ်(၃) | အသျှင်စက္ကိန္ဒ |
| ၅။ အဘိဓာနပ္ပဒီပိကာကျမ်း | အသျှင်မောဂ္ဂလန်၊ သီဟိုဠ် |
| ၆။ ရခိုင်တန်ဆောင်(၁၉၉၅–၁၉၈၈) | |
| ၇။ ရခိုင်မဂ္ဂဇင်းအမှတ်(၃)၊ အမှတ်(၁၁) | |
| ၈။ သျှစ်သောင်းဘုရားပုထိုးသမိုင်း | ဦးကျော်ကျော်လှ |
| ၉။ တိုင်းရင်းသားယဉ်ကျေးမှု | လမ်းစဉ်ပါတီ |

# ရခိုင့်မဟာရင်ခုန်သံ

*"Poetry is the inteleet coloured by feeling"*

ကဗျာသည် ခံစားမှုဖြင့် ဆေးရောင်ခြယ်ထားသော အသိတရားဖြစ်သည်ဟု ပညာရှင်တစ်ဦး၏ အဆိုအမိန့်ရှိသည်။

ကဗျာသည် စိတ်လှုပ်ရှားခံစားမှုကိုးမျိုးကို ဖွဲ့ဆိုသော အနုပညာ ပုံသဏ္ဍာန်တစ်ခုဖြစ်သည်။

'ကဗျာဆိုတာ ရင်ခုန်သံပါပဲ' ဟု စာပေသစ်ခေါင်းဆောင်ကဗျာ ဆရာဒဂုန်တာရာကဆိုသည်။ စိတ်လှုပ်ရှားခံစားရမှုရသကို ကဗျာဆန်ဆန်ဝင်စားခြင်းဖြစ်သည်။ ကဗျာသည် ချစ်ခြင်းမေတ္တာနှင့်တူသည်။ သိမ်မွေ့သည်။ လှပသည်။ နှစ်လိုမွေ့လျော်ဖွယ် ကောင်းသည်။ သို့သော် အတိအကျဖွင့်ဆိုရန် မလွယ်ကူပေ။

ကဗျာဆရာသည် မိမိ၏ခံစားမှုကို ကဗျာအဖြစ်ဖန်ဆင်းရန် နိမိတ်ပုံများဖြင့် တွေးတောမှုပြုရသည်။ နရီသည်လည်း ကဗျာ၏အရေးကြီးသော အခန်းသို့ပါဝင်သည်။

'ကဗျာဟာ နိမိတ်ပုံရဲ့အနုပညာဖြစ်တယ်၊ နိမိတ်ပုံပါမှသာ ကဗျာဟာ လူတွေကို ထိခိုက်စေနိုင်မယ်''

'နိမိတ်ပုံတွေနဲ့ တွေးတာဟာ ကဗျာအနုပညာရဲ့ ဝိညာဉ်ဖြစ်တယ်'

'ကဗျာဆရာဟာ နိမိတ်ပုံတွေနဲ့ တွေးတာကို စွန့်လွှတ်ရင် မိမိပညာအလုပ်ကို မလုပ်တာဖြစ်တယ်'

အထက်ပါစကားများသည် ၁၉၈၇–ခုနှစ်တွင် ပြန်ရေးသော တရုတ်ကဗျာဆရာကြီး အိုက်ချင့်၏ 'ကဗျာအကြောင်း' စာတမ်းမှ မည်သည့်ကဗျာဆရာမှ ငြင်းမရသည့်အချက်များဖြစ်

သည်။

ကဗျာသည် တိုက်ရိုက်အဆိုအမိန့်မဟုတ်၊ ဒြဝ်ဒမဟုတ်သည့်အတွက် ကဗျာ၏ အားကောင်းမှုသည် နိမိတ်ပုံ၌ တည်သည်။ သင်္ကေတဝါဒီခေတ်ပေါ် ကဗျာဆရာကြီး အီဇရာပေါင်းက နိမိတ်ပုံသည် လျှပ်တစ်ပြက်အတွေးနှင့် ခံစားမှုတို့ စုစည်းချက်ဖြစ်သည်ဟု ပြောဖူးသည်။ ကဗျာသည် နိမိတ်ပုံနှင့် ခွဲ၍မရ၊ နိမိတ်ပုံမပါလျှင် ကဗျာဟု ခေါ်ရန်မလွယ်ပါ။

၁၈-ရာစုနှောင်းပိုင်း ဂျာမန်တွေးခေါ်ပညာရှင် 'ကန့်' က ကဗျာသည် လူသားတို့၏ စိတရားများကို ဖော်ကျူးနိုင်စွမ်းရှိသည့်အနုပညာ၏ အမြင့်ဆုံးပုံသဏ္ဌာန်ဟု ပြောသည်။ ကဗျာကြောင့်ဖြစ်သော အကျိုးတရားတွင် နှစ်သက်ခြင်းသက်သက်လည်းရှိ၍ ဘဝင်အသိ အာနိသင်နှစ်သက်ခြင်းလည်းရှိသည်။ နှစ်သက်ခြင်းသက်သက်ကို သဒ္ဒါလင်္ကာရ၊ အတ္တာလင်္ကာရ အစိတ်အပိုင်းမှ ရတတ်၍ ဘဝင်အသိ အာနိသင်နှစ်သက်ခြင်းကို စာရေးသူ၏ စေတနာအခြေခံနှင့် လေးနက်သောအကြောင်းအရာ အခြေခံမှ ရတတ်သည်ဟု ဆရာဇော်ဂျီက 'ရသစာပေ အဖွင့်နိဒါန်းကျမ်း'တွင် ရေးသည်။

ကဗျာသည် လူသားတို့၏ အသိတရားဖြစ်သည်။ ခံစားမှုဖြစ်သည်။ လူမျိုးဆက်တစ်ခုမှ တစ်ခုသို့ အမွေပေးခဲ့သည့် ယဉ်ကျေးမှု ရတနာဖြစ်သည်။ ကဝိတို့၏ ရတနာမဟုတ်၊ လူထုနှလုံးအိမ်ထဲမှ ရင်ခုန်သံဖြစ်လာချေပြီ။ မွေးခန်းဝမှ အလောင်းစင်အထိ၊ ပြည့်တန်ဆာအစ ပါမောက္ခ အလယ် နိုင်ငံတော်အဆုံး ကဗျာရှိနေသည်။ ကဗျာရှုတ်သောလူမျိုးသည် လူ့ယဉ်ကျေးမှု ဂုဏ်သိက္ခာတစ်ရပ်ကို ပိုမိုပိုင်ဆိုင်ခြင်းဖြစ်လာချေပြီ။

မျက်မှောက်ခေတ် ရခိုင်ကဗျာအဘယ်နည်း။

''လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်မှ စစ်တွေစောနောင်နှင့် ရေးဖော်ရေးဖက်များ၏ ကဗျာအဆင့်ကို လိုက်မီရေးနိုင်စွမ်းမရှိတော့သည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရသည်။''ခံစားမှု မထက်မြက်၊ အတတ်ပညာပါးလှချေသည်။ ရာသီကြမ်း၊ မြေဆီခန်း၍ ပိန်လှီခြောက်သွေ့လာသော သစ်တစ်ပင်နှင့် တူပါသည်။

ရခိုင်ကဗျာ ထွန်းလင့်လာရေး စေတနာနှင့် သည်ဆောင်းပါးကို ရေးပါသည်။

''ရခိုင်ကဗျာသည် ရခိုင်တို့၏ အနုပညာ ရတနာအမွေဖြစ်သည်'' သိဂ်စန္ဒြမှောက်သားတော်၏ ''သိန်ကန်မိန်တွင် ...''မှ စခဲ့သော ဝေသာလီဘုရင် ရင်ခုန်သံသည် ယနေ့ထိ ငြိမ့်ညောင်းစွာ ပဲ့တင်ခတ်တုန်းဖြစ်သည်။ ရခိုင်ကဗျာသည် ရတု၊ လင်္ကာ၊ ချေင်း၊ သာခြင်း၊ နတ်ခြင်း၊ လူးတား၊ မော်ကွန်း စသည်တို့နှင့် ထုထည်ကြီးမားသည်။ ရခိုင်မြေအလှ၊ ရခိုင်တို့၏ အတွေးအခေါ်၊ ရခိုင်တို့၏ ဘဝအမြင်ကို ဖော်ကျူးထားသည်။ အာရုံခံစားမှု ကောင်းကောင်း၊ အတွေးကောင်းကောင်း၊ အရေးကောင်းကောင်းနှင့် ကဗျာသည် စကြာဝဠာထဲမှ ထာဝစဉ် တောက်ပအနုပညာကြယ်ပွင့်များဖြစ်သည်။ သမိုင်းဝင် ကျန်ခဲ့သော ရင်ခုန်သံများ ဖြစ်ပါသည်။

''ရခိုင်စာပေတွင် သမိုင်းတန်ဖိုး၊ ရသဗေဒ တန်ခိုးကြီးမားသော မဟာကဗျာများရှိသည်။ ရခိုင်ဘုရင် ဘစောဖြူ၏ သမီးတော် စောရွှေကြာအတွက် ဖဒူမင်းညို ဖွဲ့ဆိုသော ရခိုင်မင်းသမီးချောင်းသည် သမိုင်းတန်ဖိုး အလွန်ကြီးမားသည်။ တွေ့ရှိသမျှ ချောင်းများတွင် အတောင့်ဆုံး၊ အကောင်းဆုံးဖြစ်သည်။

စကားအသွားအလာ ဖွဲ့နွဲ့ပုံသည် တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် ချောင်းများလောက် ရာဇဝင်ကြောင်း မပြည့်စုံလှ။ ချောင်းမျိုးစေ့ချရုံသာရှိသည်။ သို့သော် ဖွဲ့ဆိုလိုသမျှကို မကွယ်မထောင့် ရှင်းလင်းပြတ်သားစွာ ဖွဲ့ဆိုနိုင်သည်။ သုံးစွဲသော စကားလုံးများသည် သုတိသာယာ၍ ပေါ်လွင်လှသည့်အပြင် စပ်ပုံစပ်နည်းမှာ ကေရဗ္ဗနှင့် အစချီ၍၊ ကေရဗ္ဗနှင့် အဆုံးသတ်ထားသည်။ အတိဝုတ္တဒေါသမှ ကင်းလွတ်အောင် သွယ်ဝိုက်၍ရေးသားဖွဲ့နွဲ့ထားပေသည်ဟု ဦးဖေမောင်တင်က ဝေဖန်ရေးသားထားသည်။

ရခိုင်မင်းသမီးချောင်းသည် ရခိုင်ဆွေတော်မျိုးတော်တို့၏ အတ္ထုပတ္တိဖြစ်သည်။ ''သုတိသာယာ၊ နရီလှသည်၊ နိမိတ်ပုံများလှသည်၊ ဘာသာစကား လိမ္မာတိကျသည်။''

'အာကာမှိုခိုင်း
တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်
ရခိုင်ညွန့်ဖူး၊ မွန်ကြည်မြူးသို့
မြောက်ဦးရှိနန်း၊ တည်လတ်ထွန်းသည်
ဤကျွန်းဇမ္ဗူထူးတည့်လေး။'

'ရခိုင်ညွန့်ဖူး၊ မွန်ကြည်မြူး' နိမိတ်ပုံကို 'အာကာမှိုခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်' ဆိုသော အမြင်အာရုံဖြင့် ချီးသည်။ ထို့နောက် 'ထွန်း' ကြိယာစကားလုံးဖြင့် အင်အားကြီးမားစွာ ထိန်းလိုက်သည်။ 'မဏ္ဍိုင်'သည် ဤကဗျာအင်အား စုပြုံတည်နေသည်။ ဖဒူမင်းညို၏ ရင်ခုန်သံကား ချိုမြိန်လှပပါသည်။''

သို့သော် ချိုမြိန်လှပမြင့်မြတ် ထုန်ဟီးနေသော ရင်ခုန်သံကား ဥက္ကာပျံ၏ 'ဆယ့်နှစ်လရာသီရတု'ပင်ဖြစ်ချေသည်။

ဥက္ကာပျံနှင့် နတ်သျှင်နောင်။

ဥက္ကာပျံကို ၁၅၅၈–ခုနှစ်တွင် ဖွားသည်။ ရခိုင်ဘုရင် မင်းရာဇာကြီးလက်ထက် စိုင်းတင်ရွာကို စားရသော စာဆိုဖြစ်သည်။ ၁၅၉၇–တွင် တောင်ငူမင်းက ရခိုင်ဘုရင်ကို စစ်ကူခေါ်၍ ဟံသာဝတီသို့ ချီရာတွင် ပါခဲ့သည်။ ဟံသာဝတီကို အောင်ပြီး ၎င်းဒေသ၌ လေးနှစ်ခန့် နေခဲ့စဉ်အတွင်း ဤဆယ့်နှစ်လရာသီရတုကို ရေးသည်။ ၁၆၀၀–ပြည့်နှစ်၏ အထက်အောက်နှစ်စွန်းများတွင် ဖြစ်ပေမည်။

ဟံသာဝတီကို သိမ်းစဉ် ရခိုင်တပ်မတော်က တောင်နှင့်အနောက်စစ်ကြောင်း၊ တောင်ငူ

ဘုရင်က အရှေ့မင်းသားနတ်သျှင်နောင်က မြောက်စစ်ကြောင်းကို တာဝန်ယူကြသည်။ ဥက္ကာပျံသည် ၁၅၈၈–ခုနှစ်တစ်ဝိုက် အသက်၃၀ ဝန်းကျင်ကပင် ရခိုင်မြန်မာ ဒေသနှစ်ခုစလုံး၌ အလွန်ထင်ရှားကျော်ကြားသည်ဟု စာပေပညာရှင် ကဗျာဆရာကြီး မင်းသုဝဏ်က ဆိုသည်။ နတ်သျှင်နောင်သည် ၁၅၇၁–ခုနှစ် ဖွားမြင်ရာ ထိုအချိန်က အသက် ၁၇–အရွယ်သာရှိသေးသည်။ ကဗျာလက်သင်တစ်ဦးဖြစ်ပေသည်။

၁၅၉၂–ခုနှစ်တွင် ယိုးဒယားစစ်မြေပြင်၌ အိမ်ရှေ့ဥပရာဇာ ကျဆုံးပြီး အလောင်းတော်ကို သယ်လာသည်။ မျှင်ပျသော မျက်နှာနှင့် မရဏနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းလျက် ရောက်ရှိလာသော မုဆိုးမလေးကို စတင်မြင်တွေ့ရသည်။

''ပန်းမာန်ရေးချေ၊ ထုံးနေမကြော၊ ပတ်လျောဆံကြာ၊ ကျထိုင်းသာလျှင်၊ ရွှေဝါပတ်ရှင်း၊ ထည်ချင်းစံပယ်''

မိမိက ချစ်ခင်ကြင်နာခြင်းမရှိပါဘဲနှင့် အဓမ္မပေါင်းသင်းခံခဲ့ရသော မင်းသမီး ရာဇဓာတုကလျာကား သီလမယ်ကလေးဖြစ်နေပြီ။ နတ်သျှင်နောင် ရင်ခုန်လွင့်မျောနေမိသည်။

''တင့်လှပေဟန်၊ ဘက်မရန်တည်း၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့ ....'' ရတုသည် ၁၅၉၂–ခုနှစ်တွင် သူ့နှလုံးအိမ်မှ စီးကျလာသည်။ ရတုတံခွန်ကို နတ်သျှင်နောင်မြင့်မားစွာ လွှင့်ထူခဲ့သည်။

၁၅၉၇–ခုနှစ် ဟံသာဝတီသည် အောင်ပွဲစစ်မြေပြင်ဖြစ်သည်။ နတ်သျှင်နောင်နှင့် ဥက္ကာပျံသည် ဆုံမတွေ့နိုင်စရာ အကြောင်းအချက်မရှိပါချေ။ သူတို့သည် အောင်ပွဲရ တပ်တော်သားများ၊ တပ်မှူးများ မဟုတ်ပါလော။ ရင်ခုန်ခံစားတတ်သော ကဗျာဆရာများ မဟုတ်ပါလော။

'ချိန်ခါအညီ ညှိသို့ကြည့်သရွှ လွမ်းအောင်ဖွဲ့' (ဥက္ကာပျံ)

'ခါရောက်ညီညှိ၊ သိသည့်အလား၊ နွေသို့ပါးက' (နတ်သျှင်နောင်)

လှပတိကျသော ကြိယာတွဲကဗျာစကားလုံး 'ညီညှိ'ကို အတူသုံးကြသည်။

ထို့အတူ..

'လွမ်း–ဝှန်သံကေ' (ဥက္ကာပျံ)

'ဆင့်လောင်းလွမ်းဝှန်' (နတ်သျှင်နောင်)

'မြေမြောက်လီချို့ နှင်းစိုစို' (ဥက္ကာပျံ)

'မင်းလွင်မှိုင်းဝေ၊ မြောက်လေချိုပျ' (နတ်သျှင်နောင်)

အေးစိမ့်သော ဆောင်းလေကို 'ချို'ဆိုသော အာရုံနှစ်သက်ဖွယ်စကားနှင့် တွဲပေးလိုက်သောအခါ အလွမ်းအချစ်ခံစားမှုကို ပို့ပေးသော နိမိတ်ပုံပမာဖြစ်လာပါသည်။

'လျှပ်ဝါပြေးသန်း၊ ရှစ်ရပ်ထွန်းသည်၊ မိုးပန်းစိမ်းစိမ်းညို' (ဥက္ကာပျံ)

'ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း' (နတ်သျှင်နောင်)

လျှပ်၊ ဝါ၊ စိမ်း၊ မိုး၊ ပန်း ဆိုသော စကားလုံးများ ထပ်သလို နိမိတ်ပုံလာထပ်သည်။

ရတုဘုရင်နှစ်ပါး၏ ရင်ခုန်သံခြေရာထပ်ခြင်းကား သူတို့နှစ်ဦး၏ ပုဂ္ဂလိက ခင်မင်ရင်းနှီးမှု၊ အနုပညာသည်ချင်း အပြန်အလှန် လေးစားမှုမှ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။

ဥက္ကာပျံ၏ ဆယ့်နှစ်ရာသီရတုသည် အိမ်ရှေ့စံမင်းခမောင်းကို ရခိုင်သို့ပြန်လာမည့်အကြောင်း ချစ်သူမင်းသမီးက တင်လျှောက်ဟန်ပုံစံဖြစ်သည်။ ရခိုင်တို့၏ ကဗျာပရိယာယ်ဖြစ်သည်။ နန်းတက်ဓလေ့ မဟုတ်၊ ကျေးလက်ဓလေ့ဖြစ်သည်။

ဤရတုသည် မယ်ဘွဲ့၊ မောင်ဘွဲ့၊ မယ်လွမ်း၊ မောင်လွမ်း ရတုလော လုံးဝမဟုတ်ပါ။ စာဆိုက မိခင်မြေကို လွမ်းသော အလွမ်းဖြစ်သည်။

“ဤရတုကား ၁၇–ရာစုအဖွင့် ရခိုင်မဟာကျမ်းဖြစ်သည်။”

ပဒေသရာဇ်နန်းတွင်း စာပေများထံတွင် ခေတ်ပြိုင်ပြည်သူ့ဘဝကို တစ်စွန်းတစ်စယ်တောင်မှ တွေ့ရခဲပါသည်။ ပြည်သူ့ဘဝဆိုသည် ကုန်ထုတ်လုပ်ရေး၊ ဘာသာရေး၊ လူမှုရေး၊ လူထုပွဲတော်များ စသည်စသည်တို့အပြင် လူထုမှီခိုနေထိုင်သော ရေမြေတောတောင် သဘာဝအလှပါ ပါဝင်သည်။ လူထုဘဝကို ကြည့်မြင်ရာတွင်လည်း အာဏာစင်မြင့်ပေါ်မှ နန်းတွင်းခံစားမှုမျိုးမဟုတ်ဘဲ ရိုးသားသန့်စင်သော စေတနာဖြင့် ဖွဲ့ဆိုမှုအရေးကြီးသည်မဟုတ်ပါလော။

ဤနေရာတွင်း“အင်းဝစာဆို မင်းကြီးပဒေသရာဇာနှင့် ဥက္ကာပျံသည် စာပေသမိုင်းဖြစ်ပေါ်မှုအဆင့်နေရာတစ်ခုတည်းတွင် ရှိနေကြသည်ဟု ကျွန်တော် ပြောရဲပါသည်။”

ဤရတုသည် မိခင်မြေသို့အလွမ်း၊ ရခိုင်မဟာကဗျာဟု ကျွန်တော်ဆိုခဲ့သည်။ ကြည့်ကြပါစို့။

ထိုခေတ် ရခိုင်လူ့အဖွဲ့အစည်း၏ အခြေခံစီးပွားရေးသည့် လယ်ယာကုန်ထုတ်လုပ်ငန်း၊ အခြေခံလူတန်းစားသည် လယ်သမား၊ သူတို့ကို ဥက္ကာပျံမေ့နေခဲ့သလော၊ ဟံသာဝတီနန်းတွင်းမှနေ၍ ရခိုင်လယ်သမားတို့ကို သူတရေးရေးမြင်သည်။

‘သမုဒ်ရီရှင်၊ တောင်လီတင်၍၊ ကောင်းကင်မှိုင်းဝိမျှတည်း’

‘ထွန်သွားရှာ၊ ကျွဲနွားတပ်၊ လယ်ချောင်း တောတောင်၊ လုပ်ဆောင်မျိုးချလတ်က’ (နံ့ယုန်)

တော်သလင်း၌ သီးနှံများဝင်းမှည့်ပြီ၊ မိုးကြွင်းများလည်း ကျန်သေးသည်။ ဘဝသည် ကြည်နူးစရာ၊ လွမ်းစရာ။

‘တောင်မြင့်ခေါင်ခေါင်၊ ခဖောင်ဖောင်သည်၊ ယာတောင်လုပ်သူတို့၊ ကြည့်ချေပျော်ဘွယ်တိ’

‘ကျေးငှက်နှင်သည်၊ ယာတောင်စဉ်တိုင်းရှိခဲ့’ (တော်သလင်း)

နန်းတွင်းစာဆိုသည် တောထဲမှ တောင်ပေါ်ယာစင်လေးကို လွမ်းသည်၊ ရိုးသားလှပ၍ ကျေးလက်ဆန်ပေသည်။

'အသီးကောက်ပင်၊ မွှမ်းဖျင်သားမယားနန့်' စာဆို၏ စေတနာအလှသည် ဤနိမိတ်ပုံအလှတွင် ထင်းခနဲပေါ်လာခဲ့ပါသည်။ ကောက်ပင်များ အသီးဖြင့် ပြည့်စုံဝင်းမှည့်နေပြီ၊ လယ်သမားမိသားစုတို့ ကြည့်နူးပျော်ရွှင်ပြည့်စုံနေပြီ စာဆိုရင်ထဲမှာလည်း ကြည်နူးမှုအသီးများ ဝင်းမှည့်နေပြီ၊ လယ်သမားဘဝကို ထပ်တူခံစားကြည်နူးသော စာဆိုပါတကား။

စာဆိုများသည် ပန်းချစ်သူများဖြစ်သည်။ အမိမြေကို လွမ်းသောအခါ အမိမြေ၏ ပန်းရနံ့များသည် သင်းမြလာပါသည်။

'ညှာစိမ်းရှိတူ၊ ငွိတူပန်းကြွက်နားတည်း'

'ဒေါ်နားချပ်တရာ၊ ဝေယာကြက်ရုံး၊ ဂမုန်းစံကား၊ ဆပ်သွားဇီဇဝါ'

(တပေါင်း)

'နော်ဇာသည် ဇော်ဂျီပန်း

ပုန်းညွှက်ကြန့်ဇာ၊ စလတ္တာကေ

ခတ္တာပန်း ခေါက်ရမ်းနန့်

ပြိုင်းပန်းပွင့်ဝီလူ'

'ညှာစိမ်းဆပ်သွား၊ ပန်းစံကားသည်၊ ကြွက်နားဒွန်းသလွန်တည်း၊ ကြိုင်အေးပျံပင်တကား'

'ရဂုံတောခွင်၊ မွှန်းဖျင်ပွင့်မုန်လာသည်'

(တပို့တွဲ)

ပန်းပေါင်းတစ်ရာ ဝေဆာသင်း အမိမြေကား လှလွန်းနေပါသည်။

'ဥဒေါင်းတွန်ကျော်၊ မြူးပျော်သာလိကာ၊ လင်းပြာဆွတ်မြဲ'

(တော်သလင်း)

စာဆို၏ အာရုံတွင် ရိုးမတောအုပ်ထဲမှ ကျေးငှက်များကို မြင်ယောင်ကြားယောင်လာသည်။ အတွေးအစစသည် လွမ်းစရာမဟုတ်လော။

ရေခြား၊ မြေခြားရောက်နေသူသည် အမိမြေမှ ပွဲတော်များကို လွမ်းတတ်သည်။ ဥက္ကာပျံကဲ့သို့ အာရုံခံစားမှုပြင်းထန်သော စာဆိုအတွက် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ရွှေနန်းတော်၏ တောင်ဘက် ဥယျာဉ်သာအောက်နားတွင် သိဃ်နဒီမြစ်ငယ်သည် ငြိမ့်ညောင်းစွာ စီးဆင်းလျက်ရှိသည်။ တန်ခူးလတွင် နန်းမြို့သူ နန်းမြို့သားများသည် ထိုမြစ်ငယ်၌ ရေကစားပျော်မြူးရင်း ရိုးရာလှေပြိုင်ပွဲကို ကြည့်တတ်သည်။ တန်ခူးလသည် ဟံသာဝတီနေသူအတွက် အလွမ်းလဖြစ်ရချေပြီ။

'သိဃ်နဒီ၊ နန်းတောင်ဆီဝယ်၊ ရွှီလှိုမင်းဆိပ်ချောင်း၌၊

တသောင်းသောင်းပျော်ချိန်တွင်၊ တူစုံရှုကြည့်ချင်သည်'

(တန်ခူး)

ဘာသာရေးပွဲတော်လများဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အမိမြေကို အထူးသတိရတတ်သည်။

'ဆီမီးတန်ဆောင်၊ ပန်းထောင်ထီးကြီးပျင်၍'

'တသောသော ထမင်းထောင်

လှိုင်ဂူထွင့်ထား၊ ဘုရားပါးရောက်အောင်တည်း'

ရှစ်သောင်းပုထိုးတော်ကြီး၌ အလွန်စည်ကားလှသော ထမင်းထောင်၊ ပန်းထောင်ပူဇော်ပွဲကို မြောက်ဦးသားစာဆို အဘယ်မေ့နိုင်ပါအံ့နည်း။

'တန်ဆောင်ပွဲတိုင်ဆောက်၍၊ အောက်က တက်ကြိုးငင်

ထွန်းပြောင်ညီးညီး၊ ဆီမီးပွဲသဘင်ကို

တူစုံပင့်နှဲလိုကြောင်း'

တိုင်ထိပ်မှ မြေပြင်သို့သွယ်တန်း၍ မီးစေတီထွန်းညှိကာ စူဠာမဏိအသျှင်ကို ပူဇော်ပွဲ၌ ချစ်သူနှင့် ပျော်ရွှင်သွားလာခွင့်မရသော ဝေဒနာကားကြီးမားလှပါသည်။

ပန်းကိုလွမ်း၊ ငှက်ကိုတမ်း၊ ချစ်သူကိုလွမ်း၊ အမိမြေကို တမ်းသော ဝေဒနာ မဟာကဗျာ ဖြစ်လာခဲ့ပြီ မဟုတ်ပါလော။

ကဗျာဆရာသည် အရောင်တက်မက်သူဖြစ်ပါသည်။

'တိမ်သိုမိုလ္လာ၊ တိမ်စုကာနှင့်

တိမ်ပြာရောယှက်၊ မရမ်းဖက်၍

တိမ်သက်တန့်ရောင်၊ အာကာဘောင်ဝယ်

မှောင်ခဲ့တစ်ပါး၊ ပြာခဲ့တချို့ ညိုခဲ့တစ်လီ'

(ရှင်ဥတ္တမကျော်)

အရောင်ဂွင်တို့ဖြင့် ဖော်ပြသော မြင်ကွင်းနိမိတ်ပုံသည် လှပပြီး ကဗျာခွန်အား ကြီးမားတတ်သည်။

မိုးကုပ်အုပ်ဝယ်၊ အို ရတ်တရက်

မျဉ်းဖြူစက်၍၊ ကွဲအက်ကြောင်းရာ

ဟဟလာပြီး၊ မိုးပြာကိုဖြတ်

ပတ္တမြားရည်၊ စီးလည်အဟုန်

နီခြင်းကုန်ပြီ၊ အာရဏ်ပေါ်စ ဝိုးတဝါး'

(ဒဂုန်တာရာ၏ မတ်လတော်လှန်ရေး)

ဖြူ၊ ပြာ၊ နီရောင်တို့ ဝေ့ဝဲနေသော မြန်မာစာပေလောက၏ အံ့ဘနန်းနိမိတ်ပုံ ဖြစ်ချေသည်။

'လျှပ်ဝါပြေးသန်း၊ ရှစ်ရပ်ထွန်းသည်၊

မိုးပန်းစိမ်စိမ်းညို့'

(ဝါခေါင်)

ဝါ၊ စိမ်း၊ ညို့အရောင်တို့ ဝေ့ဝဲနေသော အလွမ်းနိမိတ်ပုံသည် မင်းသမီးလေး၏ အလွမ်းခံစားမှုကို ပံ့ပိုးပေသည်။ ရခိုင်ဒေသ၏ အရောင်၊ ရနံ့တို့ဖြင့် လှပသင်းမြနေပါသည်။

'လွမ်းစပျိုးထောင်၊ မြူခိုးမှောင်သော်'

(တန်ဆောင်မုန်း)

မင်းသမီးလေး၏ဝေဒနာကို တမြည့်မြည့်တင်ပြသော ဤနိမိတ်ပုံ၏ အင်အားသည် 'မှောင်' ဆိုသော အရောင်စကားလုံး၌ တည်ပေသည်။

'အလိုလိုပင်၊ မြပန်းဆင်သို့ ကောင်းကင်တစ်ရစ်ကြဲ'

(ဝါဆို)

'မြပန်းမြပင်၊ မြကုံးဆင်ကေ'

(ကဆုန်)

မိုးကိုမြနှင့် ခံစားသော ဥက္ကာပျံ၏ 'မြလ' 'လစိမ်း'ဟု ခံစားဖွဲ့ဆိုကာ ယနေ့ကဗျာဆရာကြီး ဒဂုန်တာရာ၏ ရင်ခုန်သံကို ကျတော်တို့ ဝေမျှခံစားနားလည်နိုင်ပါသည်။

ဥက္ကာပျံက ချစ်သူကို 'မြစင်'ဟု ခေါ်သည်။ ရိုးသားလှပပြီး ခေတ်မီနေပါသည်။ ယနေ့ခေတ်ပြိုင်၊ ရခိုင်ကဗျာများ၊ မြန်မာ ကဗျာများ၌ 'မြ' တွေ့ရတတ်သည်။

'မုန်တိုင်းခွတ်၍၊ စုတ်ပြတ်နာကျင်

တောတစ်ခွင်မှာ၊ လန်းရွှင်ထွက်စ

ရွက်မြမြတို့ ကြွေလေပြီ'

(စစ်တွေစောနောင်)

'ကောင်းကင်သစ်၏ ချိုမြငြိမ်းမြ

သင်းမြရေ အရုဏ်ဦးဂီတ

ငြိမ်ညောင်းရဲရင့် စီးနီယင့်'

(မောင်ခိုင်အောင်)

ရှေးကဗျာဟောင်းတို့မှ အားကောင်းချက်တို့ကို ဖော်ထုတ်လေ့လာ အမွေခံယူကာ ယနေ့ခေတ်ပြိုင်ခံစားမှုနှင့် ပေါင်းစပ်ပြီး ရခိုင်ကဗျာဆန်းသစ်ရပေမည်။

အိပ်မက်တောင်မထင်

ဥက္ကာပျံ၏ ဆယ့်နှစ်လရာသီရတုတွင် မင်းသမီးငယ်၏ စိတ်လှုပ်ရှားမှုမှာ ကဗျာအနေဖြင့် အလွန်အောင်မြင်လှပသော အဖွဲ့ဖြစ်သည်။ လူ့သဘာဝအဖွဲ့ဟု ဆိုနိုင်ပါသည်။

'သည်းရင်းချာ၊ ပြန်လာဘိသွင်

တစ်ညတွင်၊ ဘုံခွင်သလွန်သာ၌
တူစုံနွဲပျော်မြူးရှင်'
(နယုန်)

မင်းသမီးငယ်သည် ချစ်သူမောင်တော်ပြန်ရောက်သည်ဟု စိတ်ထဲတွင် ထင်သည်။

'ညည့်အိပ်စက်ကေ၊ အိပ်မက်တောင်မထင်'

ပူပင်ကင်းမဲ့စွာ အိပ်စက်ရသည့်အတွက် အိပ်မက်တောင်မရှိဘူးဟု ဆိုပါသည်။ စိတ်ချမ်းမြေ့ကြည်နူးစွာ အိပ်ပျော်တတ်သောမင်းသမီးငယ်၏ အပြစ်ကင်းစင် ကလေးဆန်သော နှလုံးသားအလှနှင့် မေတ္တာတရားကို ခံစားမိသည်။ ဤအလှနှင့် မေတ္တာ၏ထုထည်ကြီးမားမှုကို ဖော်ပြသော အရာသည်စာဆို၏ 'အိပ်မက်တောင်မထင်'ဆိုသော စကားစုဖြစ်သည်။ အတွေးများဖြင့် သိပ်သည်းနေသော တွေးလေ လှလေဖြစ်သော ကဗျာစကားဖြစ်သည်။ ကဗျာတစ်ပိုဒ်လုံး၏ အာရုံခံစားမှုကို ထိန်းချုပ်ထားသော နိမိတ်ပုံဖြစ်ပါသည်။

မင်းသမီးငယ် ဖျတ်ခနဲနိုးထလာသောအခါကား' ပတ်လည်မှုတ်ကြိုးတံပိုးသံသာယာ၍ ကြက်များလည်း သော့တွန်၊ မောင်လဲမလာ၊ လိပ်ပြာပူးလာဟန်သို့'။

မောင်တော်သည် တကယ်လာခြင်းမဟုတ်ပါတကား။ ခံစားမှုအင်အားကြီးမား၍ အာရုံလွဲ သွေမှုဖြစ်ရချေပြီ။ မောင်တော်ကို ပို၍ပို၍ တမ်းတရသည်။

'မောင်လဲမလာ၊ လိပ်ပြာပူးလာဟန်သို့
ကြိမ်ဖန်များစွာ တစ်ချိန်မှာ
နယုန်စမိုး ဖြိုးဖြိုးသွန်ချလာသည်'

မိုးတကယ်ရွာပါသလော၊ 'လိပ်ပြာပူးလာဟန်' နှင့် 'မိုးဖြိုင်ဖြိုင်သွန်' နိမိတ်ပုံနှစ်ခုကြားမှာ အတွေးဝေဒနာနှင့် မင်းသမီးငယ်၏ လူ့သဘာဝသည် ပေါ်ထွက်လာခဲ့ပါသည်။ ကဗျာကောင်းများ၌တွေ့ရတတ်သော 'နိမိတ်ပုံတို့၏ အပြန်အလှန် ဆက်စပ်ခြင်းသဘော' (နိမိတ်တို့၏ အညမည) ဖြင့် လူ့သဘာဝခံစားမှုကို ဖော်ကျူးမှုဖြစ်ပါသည်။

'ဒါ ရခိုင်ကဗျာဘဲ' လို့ ဝင့်ကြွားဂုဏ်ယူပြောလောက်သည့် စံအဖွဲ့မျိုးဖြစ်ပါသည်။

'တစ်ယောက်မောင်ကြောင့်၊ သန်ကောင်လုံးလုံးလွဲခဲ့၊
ကြက်များလဲ သောသောတွန်'
(ဝါဆို)

'မောင်ကိုတရူ၊ မွေးသူမအိပ်ဘူးတည့်
လွမ်းမှုံအခါခါ၊ သံဝါဆန်းထူး
ခေါ်ပျံထူး၍၊ ကျီးငှက်တွန်မြူးလာ'

မိမိကိုယ်ကို 'မွေးသူ'ဟု လှပသိမ်မွေ့စွာ ခေါ်သော မင်းသမီးလေးသည် မောင့်ကို တမ်းတ

၍ တစ်ညလုံးအိပ်မရ၊ ရင်ထဲ၌ လွမ်းဆွေ့လွမ်းမှုများ ဝေ့ဝဲလျက် စိတ်လှုပ်ရှားမှုကြောင့်၊ ထူးဆန်းသော အသံများကြားယောင်သည်။ သို့နှင့် မိုးစင်စင်လင်းခဲ့ချေပြီ။

နိမိတ်ပုံဖြင့် အာရုံခံစားမှုကို ဖော်ကျူးပြီး ကဗျာရေးသောနေရာတွင် ယနေ့ခေတ်ပေါ် ရခိုင်ကဗျာသမားများသည် ဥက္ကာပျံကို မှီပါ၏လော။

မင်းသမီးငယ်၏ စိတ်လှုပ်ရှားမှုအဖွဲ့ကို ဖတ်မိတိုင်း ကဗျာအာရုံခံစားမှု ထက်မြက်သော ဆရာမကြီးကြည်အေး၏ 'ညကြီးမင်းကြီး။ ထပြီးထိုင်နေ၊ အိပ်ရာတွေလဲ၊ တွန့်ကြေမွလိပ်၊ သိပ်စိတ်ညစ်တယ်'(တစ္ဆေ)ကဗျာ အစပိုဒ်ကို သတိရမိသည်။ မိန်းမပျိုလေး၏ယောက်ယက်ခတ်နေသော စိတ်လှုပ်ရှားမှုကို အမိအရ ဖွဲ့ထားသော အတွေးဆန်း အရေးဆန်းကဗျာဖြစ်သည်။ ဥက္ကာပျံ ဤသို့ ရေးဖွဲ့နိုင်စွမ်းရှိပါသည်။

ဥက္ကာပျံသည် လူထုပွဲတော်များကို တန်ဖိုးထားသလို ၎င်းပွဲတော်ထဲမှ လူထုခံစားမှုကို အလေးထားသည်။

တပို့တွဲလသည် ရခိုင်တို့၏ ရထားပွဲတော်လဖြစ်သည်။

'မင်းနေပြည်နန်း၊ သွယ်သွယ်မြို့ကျေးရွာ၌
ကျူးသံရိုက်ရိုက် သိမ့်သိမ့်ညံ
သမုဒ္ဒရာ ယမုံနာသည်၊ သီဒါဂယက်ညံသို့'

မြောက်ဦးမြို့တော်၌သာမက မြို့နယ်ကျေးလက် တနံတလျားခြိမ့်ခြိမ့်သဲကျင်းပသော လူထုပွဲတော်လကို လှိုင်းဂယက် ညံနေသော ရေပြင်နှင့် ယှဉ်၍ သူခံစားမိသည်။ ရခိုင်တို့သည် မြစ်ချောင်း၊ ပင်လယ်ကို ချစ်တတ်ကြသည်မဟုတ်ပါလော။

'အားငင်ကုန်ဆွဲရာဆွဲ
လက်လှအညီ၊ ကိုယ်စီရွှန်းကိုတွဲ၍
တချို့လဲရထားဘောင်
ညလဲ ဝင်းပြောင် သန်းခေါင်ယံမိုး
ရင်ဘတ်တီး၍၊ ကြက်ကြီးတွန်လတ်ယောင်'

သာမန်ရခိုင်ပြည်သူတို့၏ လှုပ်ရှားမှုရုပ်ပုံနှင့် အားမာန်ကို ဖွဲ့ပြသွားသည်။ သူ့အလွမ်းရင်ခုန်သံ၌ သူ့မြေနှင့် သူ့ပြည်သူအပေါ် ချစ်မြတ်နိုးအားကြီးမှုကို တွေ့ရပါသည်။( ဤခံစားချက်များသည်ပင် မင်းဒင်္ဂါသင့်၍ ဘုရားကျွန် ဖြစ်သွားခဲ့ရသော သူ့ဘဝကြမ္မာဆိုးကို ရစ်ငင်ပေးခဲ့လေသလောဟု ဝိုးတဝါးတွေးမိသည်။)

အမျိုးစရိုက်ကိုနားလည်

ဥက္ကာပျံသည် မိမိပြည်သူကို ချစ်ရုံမျှသာမဟုတ်၊ သူတို့၏ အမျိုးစရိုက်ကို နားလည်သည်။ ထို့အတူ လူမျိုးတစ်မျိုးတွင် ရှိသည်။

မြောက်ဦးခေတ် ရခိုင်လူ့အဖွဲ့အစည်း၏ သီတင်းကျွတ်ရုပ်ပုံကို ကြည့်ကြပါစို့။

'အငှက်သီနန့် ပဥ္စသီကို
အညီစောင့်သုံးကတ်လို့
ဒါနဝတ် စွန့်ကြဲလူ'

တရားသီလစောင့်ထိန်းသော၊ အလှူဒါနပြု ကုသိုလ်ပွားသော ရခိုင်အမျိုးသားရုပ်ပုံလွှာကို မြင်ရသည်။

'အံ့ဘွယ်မှုကျေးသံချို
လက်ခုပ်သံဖြောက်ဖြောက်
ခြင်းကောက် သံပြိုင်ဆို၍'

ရခိုင်တို့သည် လက်ခုပ်သံပြိုင်တီး၍ စုပေါင်းတေးဆို ပျော်ရွှင်ကြည်နူးတတ်သော လူမျိုးဟု ပြောသည်။

'ကခြိမ့် ပတ္တလား
စောင်းညှင်းပတ်သာ၊ ဒူရိယာသည်
လူ့ရွာသဘင်များနန့်'

မိမိလူမျိုးသည် အနုဂီတပွဲလမ်းသဘင်ကို ခုံမင်မြတ်နိုးသော လူမျိုးဟု ဥက္ကာပျံသည် ပြောင်းဖွဲ့ရင်းနှင့် လွမ်းခဲ့သည်မဟုတ်ပါလော။

'ယစ်ဝမှုအော့အန်ကာ
တချို့ကလဲ၊ တချို့ဆဲသည်
တချို့ခိုက်ရန်ရှာ၍
တချို့ပြစ်တင်ကုန်'

အပျော်လွန်၍ သောက်စားမူးယစ်တတ်သော၊ ဆဲဆိုပြစ်တင်တတ်သော၊ လဲတတ်ကွဲတတ်သော၊ မူးယစ်လျှင် ရန်လိုတတ်သော မိမိလူမျိုးတို့၏ စရိုက်ဆိုးကိုလည်း ဖုံးကွယ်မထားခဲ့ပါ။ မှန်သည်ဟု မပြော၊ မှားသည်ဟု မဆို၊ ကဗျာဆိုသည် သြဝါဒပေးခြင်းမဟုတ်ဟု သူ သိနားလည်သည်။ ကျွန်တော်တို့ကို သိမ်မွေ့ယဉ်ကျေးစွာ ပညာပေးခဲ့သည်။

'ကဗျာသည် ခံစားမှုဖြင့် ဆေးရောင်ခြယ်ထားသော အသိတရား' အဆိုအမိန့်ကို ရခိုင်စာဆို ဥက္ကာပျံသည် သိနားလည်စွာဖြင့် သူ၏ လေးဝတီအလွမ်း မဟာကဗျာကို ရေးဖွဲ့သည်ဟု ကျွန်တော်ပြောချင်သည်။

## လူထုသုံး ဘာသာစကားနန့် ပြော

'လူထုသုံး ဘာသာစကားနဲ့ပြောပါ၊ ကဗျာရဲ့ ဘာသာစကားကို လူထုက နားလည်ရမည်'

ဟု အိုက်ချင့်က 'ကဗျာအကြောင်း စာတမ်း(၁၉၈၇)'၌ ရေးသည်။

ဥက္ကာပျံသည် ပဒေသရာဇ်နန်းတွင်းစာဆိုဖြစ်သည်။ သို့သော် လူထုနှင့် ခံစားမှုနီးစပ်သည်။ သူ့ရတုထဲတွင် အရပ်သုံးစကား၊ အပြောစကားများကို လှိုင်လှိုင်ကြီးသုံးစွဲသည်။ သို့အတွက် နရိလှပသည်။ ကဗျာသည် လန်းဆန်းဖျတ်လတ်နေသည်။

'မောင်ပင်လျှောက်ပါလီ'

'မယ်လွမ်းစွာကို မောင်မသိ'

'စက်မွေ့ရာမှာ ဘဇောင်နီထိုင်မယ်လဲ'

'ဘုန်းရှင်ဆယ်ပါခလိုက်'

'ဇာနန့်ဖန်လို့ ပြန်ဆုံရဖို့လဲ'

'အေနှစ် ပြာသို အေဆောင်းကိုလဲ မလိုချင်'

'ကြင်ပါခလိုက်လေ'

'အားငင်ကုန်ဆွဲရာဆွဲ'

'နှင်းလဲတဝီဝီနန့်'

အပြောစကားများသည် စိတ်ခံစားမှုများကို တိုက်ရိုက်ပို့ပေးနိုင်စွမ်းရှိပါသည်။

## လုံးထပ်နှင့် စကားလုံးကြွယ်ဝ

'သိမ့်သိမ့်ညံ၊ တရောင်းရောင်း၊ တသောင်းသောင်း၊ တလဲ့ဝင်းပြောင်၊ ပြောင်ပြောင်ထွန်း၊ လက်ခုပ်ဖြောက်ဖြောက်၊ တသောသော၊ သောသောရှူ၊ ဝိဝိလူ၊ ဖြူးဖြူးစွင့်၊ ဖြိုးဖြိုးသွန်၊ သောတွန်၊ တဖြာဖြာ၊ လုံးလုံးလွဲ၊ တရုံးရုံး'

အထက်ပါ လုံးထပ်စကားစုများသည် ရခိုင်များ ယနေ့ထိ ပြောဆိုသုံးစွဲလျက်ရှိသော နေ့စဉ်အရပ်စကားများဖြစ်ပါသည်။၎င်းတို့ကို ဥက္ကာပျံသည် ထိရောက်စွာ အသုံးချသွားခဲ့ပါသည်။ လူထုထဲရှိ ကဗျာဆရာတစ်ဦး၏ ဘာသာစကားနိုင်နင်းမှုဖြစ်ပါသည်။

မင်းသမီးငယ်က ချစ်သူမင်းသားကို ......

ဘုန်းလျှံဖြိုး၊ ဘုန်းလက်သန်၊ မယ်သျှင်၊ မယ့်သည်းခင်၊ ဘုန်းရှင်၊ မောင်လွမ်းကြင်၊ ရာသက်နှံ၊ မယ်သက်ရှင်၊ ကြင်ဝှန်ဟုခေါ်သည်။

မိမိကိုယ်ကို ....

မြစင်၊ မွှီးသူ၊ လှမြတ်ရှင်၊ ခြောက်ပြစ်လွတ်စင်၊ မိုးနတ်မယ်၊ လှဆင်း၀ါ၊ နတ်ရုပ်ရည်၊ ချစ်ဘွယ်အတိ၊ လှကေခိုင်၊ လည်ဆွဲဒါလီ၊ လှမျိုးရာသက်ပန် ဟု အမျိုးမျိုး လွဲပြောသည်။

ဥက္ကာပျံ၏ စကားလုံးကြွယ်ဝမှုကို တွေ့နိုင်ပါသည်။ ဥက္ကာပျံသည် စကားလုံးကြွယ်ဝနိုင်နင်းမှုဖြင့် နိမိတ်ပုံများကို ဖော်ကျူးခဲ့သည်။

လွမ်းပွေလီ၊ လွမ်းသစ်၊ လွမ်းဟောင်း၊ လွမ်းပေါင်း အစီအရီ(တော်သလင်း)

ချမ်းထက်ချမ်းမျိုး အချစ်ဆိုးသည်၊ ချမ်းရိုးအလွန်ပိုခဲ့ (နတ်တော်) နရီမှာလည်း လှပပါသည်။

'မြပန်းမြပင်၊ မြကုံး ဆင်ကေ'(ကဆုန်)

'တောင်လီတင်၍၊ ကောင်းကင်မှိုင်းဝီ ' (နယုန်)

'လွှမ်းမှုံခါခါ၊ သံဝါဆန်းထူး၊ ခေါ်ပျံ့ပျူး၍ ' (ဝါဆို)

'လျှပ်ဝါပြေးသန်း၊ ရှစ်ရပ်ထွန်းသည်၊ မိုးပန်းစိမ်းစိမ်းညို' (ဝါခေါင်)

'လွမ်းစပျိုးထောင်၊ မြူခိုးမှောင်သော်'(တန်ဆောင်မုန်း)

ရခိုင်ရနံ့သင်းမြလှသော နိမိတ်ပုံများကို ကျွန်တော်တို့ ပိုင်နိုင်သုံးစွဲနိုင်ပါ၏လော။

ရခိုင်ကဗျာသည် အမျိုးသားရတနာအမွေဖြစ်သည်။ ခွန်အားရှိသည်။ သမိုင်းအစဉ်အလာရှိသည်။ သမိုင်းခေတ်များကို ဖြတ်သန်းခဲ့သည်။ ရှေ့ကြုံလာမည့် သမိုင်းခေတ်များကိုလည်း ဖြတ်သန်းရဦးမည်။

ရခိုင်ကဗျာ ဖွံ့ဖြိုးခြင်း၊ ဆန်းသစ်ခြင်းကို တွေ့လိုပါသည်။ ဖွံ့ဖြိုးဆန်းသစ်ရန် ကျွန်တော်တို့ ဘာလုပ်ကြရမည်နည်း။

ရခိုင်ကဗျာ ထွန်းသစ်နိုင်ပါစေ။

မောင်ခိုင်အောင်

**ကိုးကားစာအုပ်များ**


(၁) မြန်မာစာပေသမိုင်း (ဦးဖေမောင်တင်)

(၂) ရသစာပေ အဖွင့်နိဒါန်း (ဇော်ဂျီ)

(၃) စာပေလောက (ဇော်ဂျီ၊ မင်းသုဝဏ်)

(၄) နတ်သျှင်နောင်ဘဝနှင့် ပတ်ဝန်းကျင် (ဦးချမ်းမြ)

(၅) စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု (ဒဂုန်တာရာ)

(၆) ကဗျာနရီနှင့် နိမိတ်ပုံ (မြဇင်)

# မျက်နှာသစ်ကတ်မယ်

**(က)**

အရိုးထက်ကအရိုတင်နီရေ့ နာကြီးကျလူနာ။ အိပ်ရာမှ ဗုန်းဗုန်းလဲလို့ နီလာစွာ၊ မလှုပ်မယှက် စန့်နီစွာကိုကြည့်။ ရာစုနှစ် နှစ်စု။ ရောဂါပျောက်စွာတော့မဟုတ်၊ ယေဒါလဲ အခုကတော့ မြန်းမြန်းဆန်းဆန်းသျှေတွိရလို့ အနာဂတ်အတွက် မျှော်လင့်အားတက်မိ။

လူနာက ဓာတ်စာတောင်းနီရေ။

ပီးစွာက အချိုအဆိမ့်။

လူနာသွိုး တောင်းနီစွာက ချဉ်ချဉ်စပ်စပ် ရှောက်သီးလက်သုပ်၊ ငရုတ်ကောင်းပေါက်ပေါက်နန့်အစာ။

လူနာဆွိမျိုးတိက အချဉ်အစပ်နန့် တည့်ဖို့မဟုတ်ဆိုပြီးကေ မပီး။ ကြောက်တေ၊ လူနာရေ ပီးစွာကို အတင်းအဓမ္မရာမျိုချနီရေ။ ခြိုခြိုင်ငံမတွိ၊ သူ့သွိုး တောင်နီစွာက .........

**(ခ)**

ရခိုင်ဒေသမှာ စာပီမြန်းဆန်းစပြုလာရေလို့ ဆိုချင်ရေ။ မြို့နယ်အသီးသီးက မဂ္ဂဇင်းတိထုတ်ဝီလာကတ်တေ မဟုတ်လားလေ။ ရခိုင်ဒေသ ၁၇ မြို့နယ်အနက်က ၉–မြို့နယ်ရေ မဂ္ဂဇင်းထုတ်ဝီပါယာ။ ကျန်မြို့နယ်ရို့လဲ ထုတ်ဝီဖို့ ကြိုးပမ်းနီစွာကို ဝါဝါသျှေကြားမိရေ။

၉၀–ခုနှစ်လွန်ရေ ရခိုင်ဒေသမှာ စာပီနံလံထလာချိန်လို့ ဆိုချင်ရေ။ အလျှင့်အလျင်က အထူးသဖြင့် လွတ်လပ်ရီးရပြီး အေမှာဖက်ပိုင်း ၁၉၆၂–ခုနှစ်၏နောက်ပိုင်းမှာ ရခိုင်ဒေသ စာပီထုတ်ဝီမှုရေ တန့်ရပ်လုလုဖြစ်ခလီရေ။ ထုတ်ဝီမှုဟိကေလဲခ မဆိုစလောက်ရာ ဟိခလီရေ။

၁၉၆၂–ခု ရှိကတော့ သတင်းစာ၊ ဂျာနယ်၊ စာစောင်တိ ပုံမှန်ထုတ်ဝီခလီစွာကို တွိခရရေ။

**ရခိုင်သားကြီးစာပေ**

၁၉၆၂–ခုကနီပနာ ၁၉၉၀–လောက်ထိ ရခိုင်ဒေသထုတ်စာအုပ်စာတန်းရေအလွန်နည်းပါး ခလီရေ။ ၁၉၉၀–ခုနောက်ပိုင်းမှာတော့ အထွက်များလာရေ။

မဂ္ဂဇင်းတိတောင်မက အခြားစာအုပ်စာတမ်းတိလဲ ထွက်ဖြစ်ပါရေ။ ရခိုင်သားကြီးပေါ်ထွက် လာမှုကြောင့် ရခိုင်ဒေသဆိုင်ရာ စာပီထုတ်ဝီမှုရေ တိုးတက်ဖြစ်ထွန်းလာကြောင်းကို သတိချပ်မိ ပါရေ၊ အထူးသဖြင့် အသျှင်စက္ကိန္ဒ၏ စာစုတိကို စုထုတ်လာရေ။ ယဉ်ကျေးမှု ၂၊ ၃၊ ၄၊ ၅ အပြင် အခြားအခြား စာအုပ်တိပါဝင်ပါရေ။ အခြား စာရီးဆရာရို့၏ စာအုပ်တိလေ့ ထုတ်ဝီဖြစ်စွာ ကို သတိပြုမိပါရေ။

ယေနန့် စာရီးသူရို့ရေ အားရဝမ်းသာစွာ လက်ကမ်းမှုကိုမပြုလို့ မဖြစ်၊ ပြကတ်ရပါရေ။ ကြိုဆိုပါရေ ရခိုင်သားကြီးစာပေ(စာပီ)။

စာရီးသူရို့ရေ စာအုပ်ထုတ်ဝီမှုကို မြင်ရရေအတွက်ကြောင့် အားရကျီနပ်စွာ အမှန်ပါယာ။

ယေကေလဲ ယင်းလောက်နန့် မရောင့်ရဲချင်ပိုင်ဖြစ်နီရေ။ လောဘဇောတက်နီရေ။

စာအုပ်ထုတ်ဝီရာမှာ မဂ္ဂဇင်းထုတ်ဝီမှုရေ ရခိုင်ဒေသဟိစာပီဝါသနာသျှင် စာရီးနီရေလူ(စာရီး ဆရာ ဆိုပါဖို) ယေပြီးကေ မျိုးဆက်သစ်ကလောင်ရို့အတွက်လဲ အများကြီးအထောက်အကူ ဖြစ်စီပါရေ။

နောက်ရခိုင်ဒေသအတွက် စာပီအဆင့် မြှင့်တင်ရီးအတွက်လဲ အဓိကအပိုင်းက ပါဝင်နီရေ။

**(ဂ)**

ရခိုင်ဒေသဟိ စာပီအဆင့်မြှင့်တင်ရီးမှာ မဟိမဖြစ် လိုအပ်နီစွာက ဇာပါလဲ။ သတိထားမိ ပါယင့်လား။

စာရီးသူကတော့ ရခိုင်ဒေသဟိ စာပီမြင့်တက်ဖို့အတွက် ဝေဖန်ရီးလိုအပ်တေလို့ အရိုးသား ဆုံးမြင်မိပါရေ။ ဒေအချက်ကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ပါရေ။ စာရေးသူမြင်စွာအမြင်ဖြစ်ပါရေ။

စာရီးသူရို့ ရခိုင်ဒေသစာပီကို ကဏ္ဍနှစ်မျိုးခွဲမြင်သင့်ပါရေ။

၁။ မြန်မာစာပီကဏ္ဍ

၂။ ရခိုင်စာပီကဏ္ဍဖြစ်ပါရေ။ မြန်မာစာပီကဏ္ဍရေ ရခိုင်ဒေသအတွင်းမှာ နီရာအပြည့်ယူ ထားစွာကို ငြင်းမရရေအချက်ပါယာ။

ရခိုင်ဒေသဟိ မြန်မာစာပီကဏ္ဍရေ ရိုးမအရှိဘက်နန့် တစ်ပြိုင်တည်း မဟိကတ်စွာကို တွိရပါရေ။ ရိုးအရှိဘက်က စာပီရေဇက်ကုန်ပြီးနီရေ 'မြင်းရိုင်းကြီး တစ်ကောင်ပိုင် ဖြစ်နီပါရေ။ ရိုးအနောက်ခြမ်းမှာက 'ပက်ကျိ' တစ်ကောင်ပိုင်လားနီစွာကို တွိရပါရေ။

မြန်မာစာပီထဲမှာ ကဗျာ႗ရှိခေတ်၊ ဝတ္ထု႗ရှိခေတ် ဆိုပြီးကေရင်ကော့ပြနီရေ အချိန်မှာ ရခိုင် ဒေသဟိ မြန်မာစာပီကတော့ 'ကျုတ်ခေတ်'လို့ ဆိုချင်ပါရေ။

အထူးသဖြင့် ဝတ္ထုတိုတိကိုကြည့်။ တစ်ခုပိုင်လဲ အားရစရာမဟိသီး။ ဝတ္ထုတိုရီးသမားလဲ မဆိုစလောက်ရာဟိရေ။ ရိုးအရှိဘက်မှာ ဝင်ရီးနီရေလက်လဲ ရိုးမအနောက်ဘက်မှာ ဝင်ရီးနီခါ ပုံမလာချင်စွာကို ရိုးသားစွာ ခံစားရပါရေ။

ကဗျာကိုကြည့်၊ ကဗျာတိကတော့ ရိုးအရှိကို မမိဆိုကေလဲ ဖြေဆည်နိုင်ပါသီးရေ။ ရိုးအရှိဘက်၏ ၇၀ လွန်နှစ်အဆင့်နန့် ၈၁ လွန်နှစ်အဆင့် အချို့ကို တွိရပါရေ။ ၉၀ လွန်နှစ်များမှာတော့ ရိုးအရှိမှာ ကဗျာဆိုရေ ဗီဇရုပ်တောင် ရှာမရလောက်အောင်ထိ ပြောင်းလားခပါယာ။ မော်ဒန်ခေတ်လွန် (Post modern) အနုပညာကို ဖန်တီးနီကတ်ပါယာ။ စာရီးသူရို့ တိုင်သားတိမှာတော့ မော်ဒန်နားကို ကပ်လို့ကပ်လို့ လာနီကတ်ပါရေ။ အေအချက်ကို ကြည့်ကေ၊ စကေလောက်တော့ ကျီနပ်မိပါရေ။ အစွာဖြစ်ရောင်ဆိုကေ ရိုးအရှိဘက် စာပီထုတ်ဝီမှုနန့် ရိုးအနောက်ဘက် စာပီထုတ်ဝီမှုစံကိုက မတူလို့ဖြစ်ပါရေ။ စာရီးသူရို့မှာက တစ်နှစ်မှာမှ တစ်အုပ် မထွက်ချင်ထွက်ချင် မဟုတ်လားယေ၊ ထိုမှာက တံရှင်ကရီသွန်ကျရေပိုင်။ မတူ၊ ကွာရေ။

ဝတ္ထုတိုသမားတိရေ။ ကိုယ်ရို့ဒေသမဂ္ဂဇင်းမှာ ရီးကေအစွာဖြစ်လို့ ညှံ့ရစွာလဲ၊ မိးကြည့်ချင်ပါရေ။ ဒေသမဂ္ဂဇင်းဆိုစွာ အဆင့်နိမ့်လို့၊ ရီးစွာလဲ နိမ့်ရေလို့ ဆိုရဖို့လားမသိ၊ ဒေသထုတ်ဝတ္ထုတိုတိရေ အဖြစ်လောက်ရာဟိပါရေ။ ကြိုးစားထားမှု၊ လက်ကြောတင်းမှု မပါလို့ အားမရ။

သုတပိုင်းကို ကြည့်ကေ၊ သမိုင်းဆောင်းပါးတိချည်း ဖြစ်နီရေ သမိုင်းဆောင်းပါးလဲ ဖြတ်ညှပ်ကပ် အဆင့်ကများရေ။ အမြင်သစ်ကို မတွိရ။

ရမ်းဗြဲတောင်ကျောင်း၊ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ အေဒီ ခြောက်ရာစု ။ အာနန္ဒစန္ဒြကျောက်စာ ဒေစာအုပ်တိလောက်ကို အားပြုပနာသမိုင်းလုပ်နီကတ်စွာကို အားမရချင်၊ အပင်ပန်းခံဖို့လိုရေ။ အကြောင်းအရာသစ်၊ အမြင်သစ်၊ ရှုထောင့်သစ်ရှာသင့်ရေ။

အေစွာတိကိုထောက်ပြဖို့ လူမလိုလား၊ အကဲခတ်ဖို့ လူမလိုလား၊ အကဲဖြတ်ဖို့ လူမလိုလား၊ ဝေဖန်သုံးသပ်ဖို့ လူမလိုလား။

လိုအပ်တေ၊ ကိုင်းဇာမှာ .....

**(ဃ)**

ရခိုင်စာပီကဏ္ဍ။

ရခိုင်ဒေသမဂ္ဂဇင်းတိ ထုတ်ဝီပါယင့်၊ ရခိုင်စာပီဖြစ်ပေါ်မှုကို မကြည့်တတ်။ မြန်မာစာပီကဏ္ဍအတွက်ရာ ကြိုးပမ်းကတ်တေ။ ရခိုင်စာပီကဏ္ဍအတွက် လှည့်ဖော်တောင် မရစွာကို တွိနီရရေ။ သင်/ကျွန်တော်အပါအဝင်

ရခိုင်စာပီ မျက်နှာမွဲသားသမီးဘဝ၊ ချောင်ထိုးခံဘဝ၊ လူရာမသွင်းချင်ဘဝ။

စာရီးသူအထက်က ပြောခစွာမှာ ၉၀–လွန်နှစ်မှာ ရခိုင်ဒေသမဂ္ဂဇင်းတိ ပရွက်ဆိတ်တွင်းက ထွက်တေပိုင် ထွက်ကေလဲ ရခိုင်စာပီဖော်ထုတ်ရီးအတွက် ဝါယမစိုက်။ ပြန့်နှံ့ရီးအတွက်

လို့လမပြူ။ မြှင့်တင်ရီးအတွက် အားမထုတ်။ အေစွာကိုကြည့်ကေ ရခိုင်ဒေသ မဂ္ဂဇင်းထုတ်ဝီမှု တာဝန်ကျိုပြွန်ရေဆိုရပါဖို့လား။ ပြော၊ မဟုတ်ကေ သမိုင်းကစာရီးသူရို့ကို တာဝန်မဲ့မှုနန့် စွဲချက်တင်ကေ ဇာပိုင်ခုခံချေပဖို့ရောင်။

ရခိုင်စာပီဆိုလို့ ပြောစရာဟိရေ၊ ရခိုင်စာပီဆိုစွာ ဇာကိုခေါ်လဲလို့။ ရခိုင်ဘာသာစကားကို အသုံးပြုရီးထားရေ စာအရီးအသား၊ ယင်းနန့်ရီးထားရေ ရသပိုင်းကို ဆိုလိုရေ။

ရခိုင်ဘာသာစကားနန့် ရီးရေ ရခိုင်စာအရီးအသား ရှင်သန်မှုဟိပါယင့်လား၊ ရခိုင်အရီးအသားနန့်ရီးရေ စာမဟိကေ၊ ရခိုင်အရီးအသားနန့် ရခိုင်စာပီဆိုစွာ ဖြစ်ပေါ်တိုးတက်ဖို့ဆိုစွာ မဖြစ်နိုင်။

စာရီးသူရို့ရေ ရခိုင်စာပီတိုးတက်လာရီးအတွက် ဒေတိုင်းထိုင်နီလို့ကတော့ .......

ရခိုင်စာပီတိုးတက်ရီးအတွက် ရီးကတ်သားကတ်ဖို့မပျက်ကွက်သင့်လို့ ဆိုချင်ပါရေ။ ယင်းပိုင် မြှင့်တင်ရီးကိစ္စမှာ အကဲခတ်၊ ဝေဖန်၊ အကဲဖြတ်မှု မဟိလို့မဖြစ်။ ငါ လုပ်ချင်ပိုင်လုပ်၊ ငါ ရီးချင်ပိုင်ရီးလို့လဲ မတိုးတက်နိုင်။ ဝေဖန်သုံးသပ်မှုဟိရာ တိုးတက်လာဖို့စွာဖြစ်တေ။ တိုင်းရင်းသား စကားပုံတစ်ခုဟိရေမဟုတ်ပါလား။ ‘အနင်းခံရေ စပါးအားသန်ရေ’ လတ်လေ။ ယင်းပိုင်ယာ ‘အထုအထောင်းညက်တေ အိုးမာရေ’ မဟုတ်လား။

ယေနန့် စာရီးသူရို့ ရခိုင်စာပီတိုးတက်မြင့်မားလာရီးအတွက် အဓိကလိုအပ်နီစွာက ဇာရောင်။

ဝေဖန်ရီး။

ကိုင်း၊ ဇာမှာ .....

**(င)**

ရခိုင်ဒေသမှာ စာပီ(ရခိုင်၊ မြန်မာ)တိုးတက်မြင့်တက်လာစီဖို့ ဝေဖန်ရီးရေ လိုအပ်ကြောင်းကို စာရီးသူ ရိုးသားစွာ မြင်ရပါရေလို့ ထပ်ပြီးပြောပါရစီလား။

ယေကေလဲ ‘ဝေဖန်ရီး’ကို ရခိုင်ဒေသဟိ စာပီသမားရို့က မကောင်းဆိုးဝါးထက်တောင်ကြောက်ကတ်စွာကို တွိရပါရေ။ ဝေဖန်ရီးလုပ်စွာကို ရန်ဖြစ်တေလို့ မြင်ရေ၊ ဒေမျှထိ ကုန်းရိုးမမာစွာကို ဝမ်းနည်းဖွယ်တွိရပါရေ။

နန်းရာကုန်းထက်ကနီပနာ ဝေဖန်ရီးစာတမ်းတစ်စောင်ထွက်ပေါ် လာရေ။ ကဗျာဝေဖန်ရီးစာတမ်း။ လက်နှိပ်စက်မှု၊ ယင်းစာတမ်းမှာ အဝေဖန်ခံရရေ လူတိရေ နန်းရာကုန်းထက်ကလူကို လက်ခဲပစ်တေ။ ခြုံထဲက။ ကိုယ်ရို့လဲ ယင်းစာတမ်းကို မချေပနိုင်ကတ်။ အချို့ကတော့ တုလို့မပြောချင်လို့ ဆိုကတ်တေ။ မနိုင်၍ သည်းခံရခြင်းသည်လည်းကောင်း .......

ကိုယ့်စာကို ဝေဖန်ကာ၊ ကိုယ့်စာ၏အားနည်းချက်ကို ကိုယ်ကသိကေပြုပျင်လာမေ။ ယေကေ ပိုကောင်းလာမယ်လို့ မယူဆ။ ကုန်းရိုးက ပိုလီယိုစွဲလို့ သူရို့မှာ ဝေဖန်ရီးလီ အတိုက်

မခံနိုင်။ သနားစရာဆိုချင်ယင့်။

ရခိုင်ဒေသစာပိနယ်မှာ ဝေဖန်ရီးကို မလိုလက်။ ဒေနိရေ ဝေဖန်ရီး လုပ်သင့်ချိန် မဟုတ်လို့ ဆိုရေ။ အချင်းချင်းသင့်သင့်မြတ်မြတ်နီရဖို့ အချိန်လို့လဲ ဆိုကတ်ယင့်၊ ကောင်းလိုက်တေ ဆင်ခြီဆင်လက်။

ဝေဖန်ရီးကို ဇာခါလုပ်ရဖို့လဲ။

သူရို့လဲ မပြောတတ်။

စာရီးသူရို့က ရခိုင်ဒေသစာပိနယ်(ရခိုင်၊မြန်မာ)နှစ်မျိုးစလုံးအတွက် ဝေဖန်ရီးကို ညစကပင် လိုအပ်တယ်လို့မြင်ပါရေ။ ဝေဖန်ရီး ကဏ္ဍတစ်ရပ်ကို လိုလိုလားလား လက်သင့်မခံဘဲနန့်တော့ ရခိုင်ဒေသစာပိဖြစ်ပေါ်တိုးတက်မှု၏ ကျန်းမာရီးမှာ ကောင်းမွန်နိုင်စရာမဟိလို့ ဆိုချင်ပါရေ။

**(စ)**

ဝေဖန်ရီးဆိုစွာ အပြောလွယ်ရေ အလုပ်ခက်တေ။ အချို့ကတော့ ဝေဖန်ရီးကို ဖြန်းစိကာရ ပြောစွာနန့် လွဲမှားတတ်တေ။ ငါးစိမ်းသယ်မပါးစနန့် လွဲမှားတတ်တေ။

ဝေဖန်သူမှာ အခြီခံပြည့်စုံဖို့ လိုပါရေ။ ယင်းယှင့်မှာ .....

၁။ မာနဒေါသရှိထားလို့ မပြောဆို၊ မဝေဖန်ခြင်း၊

၂။ အနက်အဓိပ္ပာယ်ရေလည်စွာ သိလို့ ပြောဆိုဝေဖန်ခြင်း၊

၃။ စကားကောင်းကို ဝမ်းမြောက်စွာလက်ခံခြင်း၊

၄။ တစ်ဖက်က အပြောရိုင်းကေလဲ မခြိမ်းခြောက်၊ မမောင်းမဲခြင်း။

၅။ အကြောင်းမဲ့ကဲ့ရဲ့သမှုမပြုခြင်း၊

၆။ သတိလွတ်လို့ အဆိုအပြော ချွတ်ယွင်းရေစကားကို အရီးမယူခြင်း။

၇။ တစ်ဖက်သားကို ဖိနှိပ်လို့ မပြောဆို၊ မဝေဖန်ခြင်း၊

၈။ မခံချင်အောင် ထိကပါး ရိကပါး မပြောဆို၊ မဝေဖန်ခြင်း၊

၉။ သဘောမှန်ကို နားလည်အောင်ပြောပြဝေဖန်ခြင်း၊

၁၀။ ကြည်လင်ရွှင်လန်းအောင် ပြောဆိုခြင်း၊

(အင်္ဂုတ္တိုရ် တိသနိပါတ်၊ မဟာဝဂ်၊ ကထာဝတ္ထုသုတ်)

အခုပြောရေ အချက်ဆယ်ချက်ရေ အလျင်ကပင် ဟိခရေ။ ဝေဖန်သူမှာ ဟိအပ်တေ အရည်အချင်းတိဖြစ်တေ။

အခုခေတ်မှာ ဝေဖန်ရေးဆရာ တစ်ယောက်မှာ လိုအပ်ချက်လေးချက်ဟိရေလို့ ဆိုပါရေ။ ယင်းလေးချက်မှာ .......

၁။ အနုပညာသမား၏ ဆိုလိုချက်၊ ရည်ရွယ်ချက်ကိုလည်းကောင်း၊ အနုပညာပစ္စည်း၏ ဂုဏ်

အင်္ဂါရပ်များကိုလည်းကောင်း ကောင်းစွာ (အာရုံခံစားမှု ထက်မြက်စွာ) ခံစားသိဟိနိုင်ခြင်း၊
၂။ အနုပညာရပ်များတွင် ကျယ်ပြန့်သော အတွေ့အကြုံဟိခြင်း၊
၃။ အနုပညာရပ်၏ သမိုင်းကြောင်း အစဟိသော အသိအမြင်များ ကျယ်ပြန့်စွာဟိခြင်း၊
၄။ တန်ဖိုးဖြတ်ရာမှာ ကျိုးနပ်လောက်သော သီဝရီ အခြေခံအဖြစ် ထားဟိနိုင်မယ့် ဝေဖန်ရီးစနစ် တစ်ခုဟိခြင်း၊

(ဇော်ဇော်အောင်၊ အနုပညာစံ၊ စာ ၁၄၅)

အထက်က တင်ပြစွာရေ ဝေဖန်သူရို့မှာ ဟိအပ်တဲ့ အရည်အချင်း၊ အချက်အလက်တိ ဖြစ်ပါရေ၊

ပထမတင်ပြစွာမှာ စိတ်ပိုင်းနန့်ဆိုင်ပါရေ။ ဒုတိယတင်ပြစွာမှာတော့ အတတ်ပညာနန့် လိလာဆည်းပူးမှု ဗဟုသုတနန့်ဆိုင်ပါရေ။

အဓိကပြောရဖို့ဆိုကေ စေတနာမှန်ရေ ဝေဖန်ရီးသမားဖြစ်ဖို့လိုပါရေ။ စာပီတိုးတက်ရီးကို အလီးအနက်ထားတတ်သူ၊ အလီးအနက်ပြုသူရာ ဝေဖန်ရီးအတွက် ပိုပြီး ခရီးရောက်နိုင်ပါရေ။ ပြောလိုစွာကတော့ စေတနာ အမျိုးသားစာပီတိုးတက်ဖြစ်ထွန်းရီး၊ မြှင့်တင်ရီးအတွက် ဖြစ်ဖို့က အဓိကလိုအပ်တေလို့ ဆိုချင်ပါရေ။

**(ဆ)**

စာရီးသူရို့ ပတ်ဝန်းကျင်ကို အိမ်လှည်းလှည်းကတ်ရရေ၊ ဖုံမတက်ရအောင်။ မျက်နှာသစ်ရရေ၊ မျက်ချီးမချေအောင်၊ အိုင်တင်နီရေ မြောင်းကို ဖောက်ပီးရရေ၊ ရီမပုပ်အောင်၊ ခြင်မလာအောင်။

ယင်းပိုင်ယာ စာရီးသူရို့၏ စာပီကို မဝေဖန်ကေ ဖုံတက်လာပါလိမ့်မေ။ မျက်ချီးချေလာပါလိမ့်မေ။ ရီပုပ်လာလိမ့်မေ။ ရီပုပ်ကေခြင်လာလိမ့်မေ။ ခြင်ကြောင့် ခြင်မှတစ်ဆင့် ကူးစက်နိုင်ရေ ရောဂါဘယ၊

ယေနန့်ဝေဖန်ရီးကို လက်ဆန့်တန်းကြံဆိုကတ်မေ။ ဝေဖန်ရီးဆိုစွာ သရဲသဘက်မဟုတ်၊ မိတ်ဆွေပါရာ။ သို့သော် ဒေမိတ်ဆွေ ကတော့အမှန်ကို အမှန်အတိုင်း ပြောတတ်တေ။ ဇီတည့်ပြောတတ်တေ၊ မကွယ်မဝှက်တတ်၊ ယေနန့်သူနန့် ပေါင်းသင်းဆက်ဆံဖို့ ကြောက်နီကတ်ခြင်းဖြစ်ပါရေ။ ဝေဖန်ရီးစွာ မိတ်ဆွေပါရာ။ ပေါင်းကြည့်ကေ သူ၏ရိုးစင်းဖြောင့်မှန်မှုကို တွိရပါလိမ့်မေ။

**(ဇ)**

ရခိုင်ဒေသစာပီရေ အခုတစ်လိုင်းမှာ မြန်းမြန်းဆန်းဆန်းဟိနီရေ။ သူချင်ခြင်းတပ်နီစွာကတော့ ဇရော်သီး၊ ဇရော်ကောင်း ပေါက်ပေါက်နန့် ရှောက်သီးသုပ်ဖြစ်ပါရေ။ သို့သော် သူ့ခမျာ

ကတော့ လျှာရည်တန်းလန်းကျလို့။ မဆိုစကောင်း သူချင်ခြင်းတပ်နီရေ ရှောက်သီးသုပ်ကိုမစား ရကေ၊ နောက်တစ်ခေါက် ထလာဖို့ဆိုစွာ ....

ယေနန့် ချဉ်ချဉ်စပ်စပ် ရှောက်သီးလက်သုပ် ဝေဖန်ရီးကို မကျွေးကြည့်သင့်လား လူရို့ လေ။

သာစွလေ –

ဝူဖေဆန်

# ရခိုင်စာပီဠ်
# ရခိုင်စကားဆက်စပ်ခြင်း အခြီအနီ

လူမျိုးတစ်မျိုး၏ စာပီသည် ဘာသာစကားမှ ဆင့်ပွားဖြစ်တည်လာခြင်းဖြစ်ပါ၏။ လက်ဟိ ရခိုင်စကားမှ စာပီဖြစ်လာခြင်းကို ဇာအချိန်က စတင်ခဲ့ကြပါသနည်း။ သုံးသပ်စီးစစ်ရန် လိုလာပါ၏။ ဇစ်မြစ်အရင်းကိုလိုက်ရန် လိုအပ်လာပါ၏။ လူမျိုးတစ်မျိုး၏ ရပ်တည်မှု အသက်သွီးကြောသည် ထိုလူမျိုး၏ဘာသာစာပီဠ်လည်း ဟိရကား အကျွန်ရို့ ရခိုင်လူမျိုး၏ ဘာသာစကားစာပီကို သုံးသပ်ကြည့်ရခြင်းဖြစ်မိ၏။ ဘာသာစကား စာပီပျောက်က လူမျိုးပါပျောက်ကွယ်နိုင်ရကား၊ ဘာသာစကားစာပီအရှည်ခန့်၍ တည်တံ့ရန်မှာ အကျွန်ရို့ ရခိုင်တစ်မျိုးသားလုံး၏ တာဝန်ဖြစ်ကြောင်း နှလုံးအသည်းတွင် စွဲမြဲမှတ်ကြဖို့ လိုနီပါ၏။ ယင်းသည်နှင့် ပတ်သက်၍ ဘာသာစကားနှင့် စာပီ ဆက်စပ်ခြင်းအခြီအနီကို အကျွန်လို့လာသုံးသပ်မိသလောက် တင်ပြအပ်ပါ၏။

ရှိုဦးရခိုင်လူမျိုးများသည် လွန်ခသော နှစ်ပေါင်း၎းထောင်ကျော်မတိုင်ခင်ကပင် ရခိုင်ဒေသဠ် အခြီချတည်ဟိနီထိုင်ပြီးဟု သမိုင်းပညာရှင်သုတေသီရို့က ဆိုကြလီ၏။ ရခိုင်ဒေသ ရှိုဦးလူမျိုးသည် ဇာဘာသာစကားကို အသုံးပြုပြောဆိုနီကြသည်ပါနည်း။ ရခိုင်ဒေသ ကုလားတန်မြစ်ဝှမ်း အထက်အောက်ဒေသ တောင်ပိုင်းဒွါရာဝတီအပါအဝင် အရပ်ဒေသ ဤနေရာဠ် မာဂဓစကားပြော သကျသာကီဝင် မာဂဓလူမျိုး(ဝါ) ခေတ်အခေါ် အာရိယန်လူမျိုးတိဟိလီ၏။ ယင်းသူရို့ကား ဇာအချိန်လောက်ကပင် စတင်အခြီချနီထိုင်လီဖို့ ခန့်မှန်းမကျပင်။ နှစ်အရီအတွက် မဆိုနိုင်လီ။ ယင်းသည်ကြောင့် ဤနီရာဒေသနှင့်ပတ်သက်၍ ရခိုင်သမိုင်းရာဇဝင် ပညာသျှင်ဆရာတိက ဒဏ္ဍာရီသဖွယ် ပြောဆိုရီးသားကြလီ၏။

**ရခိုင်သားကြီးစာပေ**

မာဂဓဘာသာစကားကို ကမ္ဘာဦးလူ၊ တောတွင်းသား၊ နတ်ဗြဟ္မာ၊ မြတ်စွာဘုရား၊ မာဂဓတိုင်းသားတို ပြောဆိုကြလီ၏ဟု သဒ္ဒါကျမ်းတစ်စောင်က ပြဆိုထား၏။ ရှိဦးရခိုင်ဒေသ၌ မာဂဓဘာသာစကားပြော မာဂဓသကျသာကီဝင်လူမျိုးများ အတည်တကျ နီထိုင်လျက်ဟိကြောင်း လက်ခံနိုင်လောက်ပါ၏။ ရခိုင်ရာဇဝင် သမိုင်းကြောင်းအရ ဒွါရာဝတီအရပ် ဒသဘာတိက ညီနောင်ဇာတ်လမ်းနှင့် ရှိဦးဝေသာလီခေတ်ကို ရခိုင်ရာဇဝင်အစအဖြစ် ပြထား၏။ 'ရခိုင်အစ မာရယုက' ဟူသောစကားအရ အသျှင်အဇ္ဈနရသိ(သကျသာကီဝင်မာဂဓလူမျိုး) ကုလားတန်မြစ်ဖျားမှ ရခိုင်ပြည်ဒေသသို့ ရောက်ဟိလာခြင်း၊ သက်လူမျိုး (သကျသာကီဝင်မာဂဓလူမျိုး) မင်းသမီးက္ကန္ဒမာရနှင့် သင့်မြတ်၍ သားတော်မာရယု ဖွားမြင်လာခြင်း စသည်ဖြင့် ထိုခေတ်ထိုအခါကပင် မာဂဓတိုင်းသား သကျသာကီဝင်များဖြစ်ကြောင်းကို ဖော်ပြထား၏။ ဓညဝတီခေတ်အခါက ရခိုင်အမည်ကို ရဟိပြီး သကျသာကီဝင် မာဂဓလူမျိုးစင်စစ် အိန္ဒိယအနွယ်ဖြစ်ခြင်းကြောင့် မာဂဓဘာသာစကားပြောလီဖို့ ဆိုသည်မှာ မချပင်။

ထိုသို့ကြောင့်ပင် ရခိုင်လူမျိုးတိက ကိုယ့်ကို ကိုယ်တင်စား၍ မာဂ်(မြို)ဟု ခေါ်ဝေါ်သုံးစွဲ ရီးဟိလီ၏။ အခုခေတ် ယင်းအသုံးအနှုန်းကို က္ကန္ဒယနိုင်ငံ တြိပူရနယ်၊ ရခိုင်အခေါ် အနောက်ပြည် (ဘင်္ဂလားဒေ့ရှ်)ရခိုင်ဒေသအချို့၌ သုံးစွဲလျက်ဟိပါ၏။ မာဂဓလူမျိုး၊ သကျသာကီဝင်မင်းမျိုးမင်းနွယ် ဟု သုံးနှုန်းသည်ပင်။

ရခိုင်ရှိခေတ် သကျသာကီဝင် မာဂဓလူမျိုး(ဝါ) အာရီယန်လူမျိုးများသည် အာရင်းသံ၊ လျှာရင်းသံ၊ လျှာလိပ်သံရှိဖြင့် လီယူလီသိမ်းကို ပြောဆိုအသံထုတ်ကြလီ၏။ မဇ္ဈိမဒေသ က္ကန္ဒိယနိုင်ငံအပါအဝင် သီရိလင်္ကာစသောနိုင်ငံများ လီယူလီသိမ်းနှင့် အသံထုတ်ကို နားထောင်က သိသာနိုင်ပါ၏။ ယင်းတို့နှင့် နှုတ်ထွက်အသံတူ ရခိုင်လူမျိုးများသည်လည်း ရှိကပင် ဟိပြီးသားအတိုင်း အသံရို့ကို အာရင်းသံ၊ လျှာရင်းသံ၊ လျှာလိပ်သံရှိဖြင့် ဌာန်ကရိုဏ်း ပီသစွာထုတ်လျက်ဟိ၏။ ဓညဝတီခေတ်အခါကပင် စတင်၍ ပြောဆိုရင်းစွဲ ဌာန်ကရိုဏ်းကျနစွာ ဒေသိယဘာသာစကားကို ပြောကြလီ၏။ အက္ခရာတလုံးတလုံး၏ဖြစ်တည်ရာကို သဒ္ဒါကျမ်းရို၌ တင်ပြထားရကား ရင်းမြစ်လီသံ ဌာန်ကရိုဏ်းမှန်မှန်ဖြင့် ပြောဆိုဟိလီမည်မှာ ငြင်းနိုင်စရာအကြောင်းမဟိဟု မှတ်သားမိပါ၏။

မာဂဓဘာသာစကားသည် ပါဠိဘာသာပင်ဖြစ်ရကား မြတ်စွာဘုရားအပါအဝင် ရှိဦးလူရို့ သုံးနှုန်းသော စကားဖြစ်သော ပါဠိဘာသာ၌ အက္ခရာ(၄၁)လုံးဟိ၏။ ယင်းအက္ခရာရို့ဖြင့် ရခိုင်ပြည်သို့ မြတ်စွာဘုရားကြွရောက်တော်မူခဲ့ကြောင်း ရီးထိုးထားသော က္ကန္ဒိယမြောက်ပိုင်း ဗြဟ္မီအက္ခရာ မာဂဓပါဠိကျောက်စာ (တောင်ပေါက်ကြီးကျောက်စာ)အရ၊ ယင်းခေတ်အခါကပင် အက္ခရာ(ဝါ) မာဂဓပါဠိဘာသာသုံးစွဲကြောင်း သိသာနိုင်ပါ၏။

အရာဝတ္ထုအပါအဝင် လူသားတို့ ရပ်တည်ခြင်းသည် တသမတ်တည်းမဟိနိုင်၊ ပြောင်းလဲ

တတ်သော သဘောတရားဟိ၏။ ရခိုင်ဒေသ၌ ဓညဝတီခေတ်မှ ဝေသာလီခေတ်အထိ ဗြဟ္မီး အက္ခရာသုံးစွဲလာရာမှ ကြာလတ်သော် သက္ကဋ္ဌစာပီသို့ ကူးပြောင်းလာ၏။ သက္ကဋ္ဌစာပီ ရောထွီးလာ၏။ သက္ကဋ္ဌစာပီကျယ်ပြန့်လာခြင်းကြောင့်ဟု ယူဆနိုင်၏။ ကျောက်စာအထောက်အထားများအရ အာနန္ဒစန္ဒြကျောက်စာ၊ ယေဓမ္မာကျောက်စာများကို လိလာကသိနိုင်၏။ ခေတ်ကာလအားဖြင့် တတိယဓညဝတီ ဘီစီ ၆ ရာစုမှ အေဒီ ၄–ရာစုအစပိုင်းအထိ (ဝေသာလီခေတ်ဦးအထိ) ထိုမှ နောက်ပိုင်း ဝေသာလီခေတ်ထိ၊ မာဂဓသက္ကဋ္ဌစာပီ ရောထွီးသုံးစွဲလာ၏။သက္ကဋ္ဌစာပိ၌ ဗျဉ်း(၃၅) လုံး၊ (သသုံးလုံးအပါအဝင်) သရ(၁၈)လုံးဟိပါ၏။ ယင်းဗျဉ်းသရရို့ကို ဌာန်ကရိုဏ်းကျနစွာ ယင်းသက္ကဋ္ဌလီသံထွက်ဟိလီ၏။ ယင်းသို့နှင့် မာဂဓပါဠိသံ၊ သက္ကဋ္ဌသံအတိ ထွက်လျက်တည်၏။ မာဂဓပါဠိ၊ သက္ကဋ္ဌသံ၌ (သ)သံကို အခုခေတ် ဣန္ဒိယသံမှန်အတိုင်း စ၊ ဆ၊ သျှထွက်၏။ ယင်း (စ၊ ဆ၊ သျှ)သံ ရခိုင်ဒေသိယစကား၌ သုံးစွဲလျက်တည်၏။

အေဒီ ၄ ရာစု စောစောပိုင်းကပင် ရခိုင်ဘာသာစကား၏ အစဝေါဟာရများဖြစ်တည်လာမည်ဟု ခန့်မှန်းရပါ၏။ သက္ကဋ္ဌဝေါဟာရမှ ပြောင်းလွဲဖြစ်တည်၍ ရခိုင်ဝေါဟာရတစိတ်တဖွေ့ အနည်းအကျဉ်းဖြစ်တည်လာကြောင်း မှန်းဆမိပါ၏။

ရခိုင်ဘာသာစကားဖြစ်တည်လာခြင်း၌ သက္ကဋ္ဌစာပီပျက်စကားလုံး တီထွင်ပြော ဝေါဟာရ အသုံးအနှုန်းပြောဆိုလာနိုင်ခြင်းကြောင့် ရက္ခဝဏ္ဏအက္ခရာ၊ ရခိုင်ဝေါဟာရအသုံးအနှုန်းဘာသာစာပီပြင်လာရ၏။

သက္ကဋ္ဌဘာသာပြန် ရခိုင်စာပီ ကျယ်ပြန့်လာ၏။ ဟိရင်း မာဂဓပါဠိ ကျမ်းဂန်တတ်ရဟန်း ပညာဟိ၊ လူပညာဟိ၊ ရခိုင်စာပီ ပညာသျှင်ရို့လည်း ထွန်းကားလာ၏။ ယင်းခေတ် ရက္ခဝဏ္ဏ အက္ခရာ ရခိုင်ဘာသာစကား၌ သက္ကဋ္ဌသံရင်း ဗျဉ်းသရသံရို့ကို ဌာန်ကရိုဏ်းကျ၊ အာရင်းသံ၊ လျှာရင်းသံ၊ လျှာလိပ်သံဖြင့် ပြောဆိုရင်းဖြစ်လီ၏။ ယင်းသည့်ရို့အပြင် အသတ်သံမှန်(ဝါ) ရခိုင် အသတ်သံမှန် ကယ သတ်ကို တယ သတ်သံ၊ ငယ သတ်ကို နယ သတ်သံ၊ ညယ သတ်ကို အိုင်သံ သေံ၊ ယယ သတ်ကို သေံကဲ့သို့ အာရင်းသံထွက်လီ၏။ ဝယ သတ်ရို့ဟိ၏။ နောက်ပစ် ဗျဉ်းသံမှန်တိဟိ၏။ ယင်းစကြာလီသံ စာသဏ္ဍာန်ရို့ကား လေးမြို့ခေတ်ထိပါလတ်၏။ လေးမြို့ခေတ်အခါတွင်လည်း ဘာသာစာပီနှင့်ယဉ်ကျေးမှုတိ ထွန်းကားလာလီ၏။

မြောက်ဦးခေတ်သို့ ရောက်သောအခါ ဘာသာစာပီအထူးထွန်းကားတိုးတက်လာ၏။ ယဉ်ကျေးမှုတိလည်း အတည်ဟိ ထွန်းကားနီ၏။ မြောက်ဦးခေတ်ကာလတွင် အရှိနှင့် ကူးလူးဆက်ဆံမှုများပြားလာခြင်း၊ နိုင်ငံမငြိမ်မသက်ဟိလာခြင်း စသည့် အဖြစ်အပျက်ရို့ကြားတွင် စကားလီသံ၊ စာသဏ္ဍာန်ရို့လည်း လျော့ရဲလာ၏။

“ရခိုင်စာပီ သက္ကဋ္ဌသံရင်း စ၊ ဆ၊ သျှ အသံလည်းနောက်ပိုင်းယိုင်နဲ့လာ၏။”

ပုံစံပြယုဂ်အားဖြင့် .......

**ရခိုင်သားကြီးစာပေ**

| ယခင်ရခိုင်အသံထွက် | ယခုရခိုင်အသံထွက် |
|---|---|
| ဆတ်လူမျိုး | သက်လူမျိုး |
| ဇီစဝါ | ဇီသဝါ |
| ဆပုန် | သပုန် |
| ဖွေ့သျှာ၊ ဖွေ့ဆာ | ဖွေ့သာ၊ ပေသာ |
| စက်တန့်နာ | သက်တန့်နာ |
| စက်ကျမာန်အောင် | သကျမာန်အောင် |
| အသျှင် | အသင် |

ဆရာမောင်ဗသိန်းက ရသံအခြီယိုင်လာသည်ကို ဖော်ပြထားဖူး၏။ ‘‘ယင်းရသံအခြီယိုင်လာခြင်းအပြင် အာရင်းသံ၊ လျှာရင်းသံရို့လည်း အသံယိုင်လာ၏။ ‘‘ရခိုင်မြောက်ပိုင်း သုံးဗျာယ်ကားနှာ သံဗျဉ်းပြီ မှ အသံထွက်–အိန်သရသံဖက်မှ ယိုင်နဲ့လားသော် ဖြစ်နိုင်သည်။

‘‘ရခိုင်တောင်ပိုင်း(ယာ) ကား ယခင်(ရာ)သုံးစွဲရာမှ ယိုင်နဲ့လားသည် ဖြစ်နိုင်၏။’’ ရခိုင်ရို့သည် ဘာသာစကား အထူးလျော့နည်းလာနီသည်ကို တွိရ၏။ ဝေါဟာရအသုံးအနှုန်းရို့လည်း ပျက်စီးလာ၏။ အရှိဘက်သို့ အရောက်အပေါက်များသူ ပုဂ္ဂိုလ်တိနှင့် အတည်တကျ နီထိုင်သူများပြားလာ၏။ ယင်းသံကြောင့် ရခိုင်ဘာသာစကား၌ ဘူး၊ ပေ့၊ တော့၊ ယယ သတ်လျှာဖျားသံရို့ ရောထွီးလာ၏။ ရခိုင်အသုံးအနှုန်းများ ပျက်စီးလာပုံအချို့မှာ .........

| <u>ယခင်အသုံးများ</u> | <u>ယခုအသုံးများ</u> |
|---|---|
| အခုအခါမှာ | |
| အခုအခါဆိုကေ | အခုတော့ခါ |
| သပုန် | ဆပ်ပြာ |
| အန်ဒမာရီ | ကြောင်အိမ် |

အခုကာလတွင် မူလသရ(ဩ) အိုးသည် အသံပျော့ အသံယိုင်ဖြစ်လာလီ၏။ ဩသရကဏ္ဍ ဩငှနဇဌာန်၊ လည်ချောင်းနှုတ်ခမ်း အရပ်မှ ဒွန္တဩဉဇဌာန် သွားနှုတ်ခမ်းအရပ်၌ တည်လာ၏။ ဝေသာလီခေတ်အခါကပင် စတင်ပေါ်ပေါက်ခသော ရခိုင်ဘာသာစကားသည် ဌာန်မှန်၊ ကရိုဏ်းမှန်ဖြစ်တည်ရာမှ ပြောင်းလဲလာခြင်းကိုကား ဓမ္မတာသဘောတရား တစ်ခုပင်လော၊ စစ်ဆီးသင့်၏။ ထိန်းသိမ်းစောင့်ရှောက်သင့်၏။ ‘‘ရခိုင်စာပီကို ရခိုင်သားအများ လက်ခံရီးသားနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် အမြန်လုပ်ဖို့ လိုအပ်နီ၏။’’

ရခိုင်ဝေါဟာရ အသုံးအနှုန်းစာပိတ်ထုတ်လုပ်ဖို့ လိုအပ်လာ၏။ ရခိုင်ဝေါဟာရ သံမှန်ကျမ်း၊ အသုံးအနှုန်းကျမ်းများ အများရီးထုတ်ဖို့ လိုလာ၏။ ယင်းသို့ဖြစ်လာလတ်မှ ရခိုင်အများလည်း ကိုယ့်အသတ်သံမှန်၊ သရသံမှန်၊ ဗျည်းသံမှန်ရို့ကို မပျောက်လီအောင် ထိန်းသိမ်းစောင့်ရှောက်နီနိုင်မည်ဖြစ်၏။ ဝေါဟာရအသုံးအနှုန်း ဘာသာစကားကို လက်ခံသိမ်းပိုက်ထားနိုင်၏။

''ကျောက်စာ၊ ပီစာ ပုရပိုဒ်စာတိ၌ အခုခတ် သေရသံအသုံးထက် အိ၊ အီ သရသံ အလီးထားရီးကြောင်း တွိနိုင်၏။ စ–သတ်၊ ယ–သတ်ရို့ တွိနိုင်၏။'' ရှိခေတ်အတိုင်း၊ အခုခေတ် ရီးသော် လူရို့နှင့် အံဝင်ဂွင်ကျဖြစ်ချင်မှဖြစ်မည်။ ယင်းသို့သော်လည်း ယင်းသည်ကို သိထားသင့်၏။ မာဂဓပါဠိစာပီ၊ သက္ကဋ္ဌစာပီသည် ရခိုင်စာပီ၏ အမိအဖဖြစ်လီရကား ယားစာရို့ကိုလည်း ရခိုင်ရို့ အထူးတလည်သင်ကြားတတ်မြောက်သင့်၏။ ယင်းမှရာ ယဉ်ကျေးလိမ္မာ ပညာသိ၊ ပညာသျှင်၊ လူတတ်၊ လူတော်၊ လူကောင်းများ ထွန်းကားလာမည်ဖြစ်၏။

အကျွန်ရို့လက်ဟိ ရခိုင်စာပီ၌ ညွှန်းပြပုဒ် (နိဒဿပုဒ်)(ထို၊ ဤ)နှင့် ဝိဘတ်(သည်) ရို့၏ ဇာစ်မြစ်ကို သိခြင်းဗှာလို၏။

နိဒဿန (ညွှန်ပြပုဒ်)ဤဖြစ်တည်မှုတွင် (အည်)ရီးသားလာရာမှ ကြာလတ်သော် (အ) အက္ခရာ ခေါင်းအောက်သို့ ငိုက်ဆင်း၍ (ည–သတ်)၏ ဗြီအတွင်းသို့ ခေါက်ဝင်၍ တန်းခွန့်လွှားကာ အခုခေတ် ရခိုင်လူမျိုးများ၏ အသံထွက် (အေ)ဖြစ်လာရသော အက္ခရာဖြစ်လာသည်။

(သ)(စ)သျှ ကတ္တားဝိဘတ်၊ ကြိယာပုဒ်အဆုံး ဝိဘတ်(သည်) သရသံထုတ်၌ ရခိုင်ရို့အသံ (စွာ–စော်)အသံယိုင်ဖြစ်၏။

မူလ ရခိုင်အသတ်သံမှန်(ည–သတ်)သံမှန် အို–အေ ထွက်သည်ဖြစ်သော် ရခိုင်သံမှန် အသံ(စိုင်–စေ)သံဖြစ်လီ၏။

ယင်းသည်ရို့နှင့် ပတ်သက်၍ အောက်ပါပုံစံရို့ကို ယခုအသံ(သ)ဖျောက်၍ (စဆသျှ)သံနှင့် မူလသရသံ ဩ)သံထုတ်ကြည့်ပါ။ နိဒဿပုဒ်များ သံမှန်ကျထွက်ကြည့်ပါ။

- ဤသည်ရို့၊ ဤသည်တိ၊ ဤသည်ကား၊ ဤသို့ကား၊ ဤသို့သော်ကျင်၊
- ထိုသည်ရို့၊ ထိုသည်တိ၊ ထိုသည်ကား၊ ထိုသို့ကား၊ ထိုသို့သော်ကျင်၊
- ယင်းသည်ရို့၊ ယင်းသည်တိ၊ ယင်းသည်ကား၊ ယင်းသို့၊ ယင်းသို့သော်ကျင်၊
- အကြင်သည်ရို့၊ အကြင်သည်တိ၊ အကြင်သည်ကား၊ အကြင်သို့ကား၊ အကြင်သို့သော်ကျင်၊
- အခုသည်ရို့၊ အခုသည်တိ၊ အခုသည်ကား၊ အခုသို့ကား၊ အခုသို့သော်ကျင်၊

အထက်ပါပုံစံရို့ကို ဝိဘတ်နှင့် တွဲစပ်၍လည်း အသံထုတ်ကြည့်ပါ။(၏)ဖြစ်တည်မှု၊ (ယေ့၊ ညေ့၊အယ်)မှ ကြာလတ်အော် အောက်မြစ်မဟိ ဖြစ်လာ၏။ ယင်းသည်တိ၌ '၏'သံမှန် (အေ)၍ ပြောင်းလွဲလာပုံရယ်မှ ဤသို့ပြောင်း၏။

အောက်မြစ်ရှိ 'ရှိကပေါက်' သုံးစွဲမှု၊ ဥပမာ–ကဲး–လဲး–ပဲး–(အသံထုတ် အေးသရသံ)ရှိ ကျောက်စာ၊ ပီစာ၊ ပုရပိုဒ်များနှင့် စာအုပ်ပေါင်းများ၌ ရခိုင်ဘာသာစကား စာပီ၏အရင်းအမြစ်များ ဟိလီရကား ယင်းသုံးစွဲရိုးကို တွိနိုင်ပါ၏။

''ယင်းသည်ကြောင့် ရခိုင်ဘာသာစကားမှ စာပီဖြစ်တည်မှုကို ပြန်လည်၍ ရခိုင်ကိုယ်ပိုင် ဝေါဟာရ အသုံးအနှုန်းများနှင့် ဆက်စပ်နွယ်သော စာပီတည်လီ၍ ပြန်လည်သုံးစွဲးက အလွန် လျော်ကန် သင့်မြတ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါ၏။ အခုခေတ်စာပီအရေးအသားကို ရခိုင် သက်ကြီး၊ ဝါကြီး၊ ပေါရာဏရို့က စာပေါင်ကျိုးဟု ခေါ်ကြလီ၏။ သတိထားသင့်ပါ၏။''

ငုပ်လျှိုးဝပ်စင်းနီသော ရခိုင်စာပီပြန်လည် လန်းဆန်းစိုပြည်အောင်အညွန့်တက်အောင်၊ ပေါင်းသင်မြို့ဖို့ ရီလောင်းပီးဖို့လိုအပ်နီ၏။ ရခိုင်စာပီ၊ သုတေသနပညာသျှင်အပေါင်းအနီနှင့် မီးကျည့် ပြာဖုံးသို့ဖြစ်နီသော ရခိုင်စာပီပြန်လည်ထွန်းတောက်အောင်လုပ်ဆောင်ရာ၌ အထောက်အကူဖြစ် ရန် အကျွန်လိုအပ်မိသလောက် တင်ပြအပ်ပါသတည်း။

ကရဝိရ (အာရက္ခဒေသ)

**ကျမ်းကိုးစာရင်း**

| | | |
|---|---|---|
| (၁) | အေဒီ (၆)ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ၊ | ဦးစံသာအောင် |
| (၂) | ရခိုင်သင်ပုန်းကြီး၊ ရခိုင်ညွှန့်ဖူး(၁) | မောင်ဗသိန်း |
| (၃) | ရခိုင်ရသံစီးစစ်ချက်၊ ရခိုင်မဂ္ဂဇင်း။ | |
| (၄) | မာရယုနှင့် ဗေဒါရာဇဝင်ရှင်းတမ်း | မင်္ဂလာသုခသီဟိုဠ်ပြန်ဆရာတော်ကြီး။ |
| (၅) | ရက္ခိုင်အက္ခရာ အသွင်ပြောင်းလွဲးလာပုံ | ဦးအောင်သာဦး |
| (၆) | ပဒရူပသိဒ္ဓိ။ | |
| (၇) | ပြည်နယ်ဖြစ်စဉ်သမိုင်း | |
| (၈) | ရခိုင်စာအရီးအသားပြဿနာ၊ | တက္ကသိုလ်မောင်ယဉ်သူ၊ (ရခိုင်ရိုးမမဂ္ဂဇင်း) |
| (၉) | ရခိုင်စာအရီးအသားနှင့် ရခိုင်ရိုးမတာဝန် | မောင်ဗသိန်း ရခိုင်ရိုးမ။ |

# ပန်းတျာင်းသံ၊ နှတ်သံရှိနှန့် ပျော်ကတ်တေ ရခိုင်သကြံန်

(၁)

ကျွန်တော်ရို့ အသျှေခါအိပ်ဖို့ဗျာ ဆိုကေ အမိက ယိုင်လွှဲဗျာ သားခြင်းဆိုလို့ သိပ်လေ့ဟိရေ။ ယိုင်းမှာလဲလို့ အမိဆိုရေ သာခြင်းသံစဉ်ကို နားထောင်ပနာ မျက်တောင်သျှေတိ စင်းလာရေ။ မကြာခင်မှာ အိပ်ပါလားရေ။ အမိဆိုရေ သာခြင်းတိထဲက–

''ဖလေးယင်ယင် ယေင်ယင်
လွှဲင်ကြိတ်ကြိတ်၊ ညဉ့်ဗဟိုရ်မှာ
သားကိုသိပ်တေ၊ အိပ်ပါဝ့်သား
ခဲဝါမြည်သံ၊ ကြောင်မြည်သံကို
မကြားလားလေ .........''

အစချီရေ သာခြင်းရို့ကို အေဂုထက်ထိ နားမှာ ကြားနီတုန်း။

အေပိုင်သာခြင်းရို့ကို အမိရာ ဆိုစွာမဟုတ်။ အသျှေဟိရေ အမိတိုင်းဆိုကတ်စွာပါ။ အမိရို့ အသျှေခါလေ့သွင့် အဘောင်သျှင်ရို့ဆိုခရေလတ်။ ယင်းပိုင်ဗျာ အဖီးသျှင်မရို့။ အဇူသျှင်မရို့၊ အဇာသျှင်မရို့လည်း ဆိုလာကတ်တေ အမျိုးသား အမွိအနှစ်တိပါ။

(၂)

စိကေသျှေကြီးလာရေခါ အမိမှာ နောက်ထပ်အသျှေရလို့ အမိနန့်ခွဲဗျာ အဘောင်သျှင်ရို့နန့် အိပ်ရရေ။ ခွဲအိပ်ခါစမှာ အမိကိုအောက်မိလို့ ငိုချင်ရေ။ ယင်းခါ အဘောင်ရှင်က ''မငိုကေ့၊ မငိုကေ့– အဘောင်သျှင် ဝတ္ထုပြောပြမေ''ဆိုဗျာ ဝတ္ထုပြောပြရေ။ အဘောင်သျှင် ပြောပြရေ ဝတ္ထုတိထဲက ဖားပြုတ်ကေ၊ လိပ်ကန်ဖာမ၊ ဝါကြီးလင်မယား၊ ငန်းတော်ရှည်နန့် အခြား...ရို့ ဖြစ်ပါရေ၊ ယင်းဝတ္ထု

တိကို မှတ်မိနိုင်တန်းပါ။

ဝတ္ထုပြောရေခါ ဆိုင်ရာဆိုင်ရာအကြောင်းအရာတိနန့်အတူ အရှေ့သားခြင်းတိကိုလည်း ဆိုပြတတ်တေ။

လိပ်ကန်ဖာမ ဝတ္ထုထဲက ဒါထွီးယေအမိနန့်အဖရို့ ငါးယိုးဖို့လားရေခါ အမိသည်က ''တစ်ကောင်ရကေလေ့ ဒါထွီးစားမေ၊ ချောင်းဖိလားမှာ ငါးယိုးရေ၊ နှစ်ကောင်ရကေလေ့ ဒါထွီး စားမေ– ချောင်းဖိလာမှာ ငါးယိုးရေ''ရို့၊ ကြက်ချီးမေ အမိနန့် ဒါထွီးမေ အဖရို့ ရကတ်တေခါ ကြက်ချီးမေ့က ''ငါရို့အိမ်မှာ လူမများဘဲ နတ်များရေဟန်စိလေ–ဟန်စွလေ''ရို့ကို နားမှာ ကြားတန်းပါ။

ဝတ္ထုတိမှာပါရေ လူသားတိမှာ ချစ်ဖို့ကောင်းရေလူ၊ မုန်းဖို့ကောင်းရေလူရို့ကို သိရှိမှတ်သား လာကတ်ရေ။

## (၃)

ကျွန်တော်ရို့ ရွာအနောက်ဘက်မှာ ရှေးဟောင်းဘုရားတစ်ဆူဟိရေ။ နှစ်တိုင်းကဆုန် လပြည့်ရောက်ကေ ညောင်ရီလောင်းပွဲနန့်အတူ ပြိုင်လောင်းပွဲပါကျင်းပရေ။ အနီးပတ်ဝန်းကျင်မှာ ဟိရေ ရွာတိက ပြိုင်လောင်းတိ ရောက်ကတ်တေ။ လောင်းမပြိုင်ခင် ပြိုင်လောင်းတိမှာ အလံထောင်လို့ နောက်ကလောင်းအတွဲတိမှာ ဗုံရို့ ဆိုင်းရို့ တီးမှုတ်ကတ်တေ။ သံချပ် ထိုးကတ်တေ။ ပြိုင်လောင်းသားအချင်းချင်း မနာကေ နာအောင် တစ်နပ္ပတ္တိဉာဏ်ကွန့်ဗျာ သံချပ် ထိုးကတ်တေ။ ယေကေလေ့သွင့် ရန်ခဲပဆာဖြစ်လေ့မဟိတတ်ပါ။

ပြိုင်လောင်းတိလည်း ရောက်လိုက်ကတ်တေပင်။ တစ်ရွာကို တစ်စီးကျစီ။ (၃)ရက်ပြိုင်မှ ပွဲကျိရေ။ (၁၂)လံပြိုင်လောင်းကြီးတိတောင် ပါရေ။ ပျော်ကောင်းထမန်းပါ။

## (၄)

တစ်နှစ်တစ်ခါ မိုးဦးကျမှာ အိမ်သျှင်မ၊ ရွာသျှင်မ၊ ချောင်းသျှင်မ၊ ပြည်သျှင်မရို့ကို ပူဇော်ပသရေ အနီနန့် နတ်ပွဲလုပ်ကတ်တေ။ ကျန်းမာဖို့၊ ချမ်းသာဖို့၊ ရာသီဥတုကောင်းမွန်ဖို့၊ အစားရိက္ခာ ကောင်းမွန်ဖို့၊ ပြည်ရွာအီးချမ်းသာယာအောင်စောင်မဖို့ပါ။

ပတ်ဆရာရို့က ပန်းတျင်းကို လည်ပင်းမှာ လွယ်ဗျာတီးကတ်တေ။ နတ်ကောင်းမရို့က နတ်ခြင်းကိုဆို၊ ကရေလူကနန့်။ ပြည်သျှင်မရို့ကိုပင့်ရေခါ ပတ်ဆရာက ရခိုင်နတ်စဉ်ကို အချီ (အခေါ်) ဆိုရေခါ နတ်ကောင်းမရို့က အချနန့်ဆိုကတ်ရေ။ ပတ်ဆရာရို့က နတ်စဉ်ကိုဆိုရေခါ ''ရက္ခ မဏ္ဍလာလေ–ရက္ခိုင်မှန်ဖူး၊ မင်းဘာတည်ရေ ရွှီမြောက်ဦးမှာ၊ နန်းရာကုန်းသူက ဂမုန်းဖြူလေ....''အစချီနတ်ခြင်းကိုဆိုရေခါ နတ်ကောင်းမရို့က နတ်တစ်ပါးစီ၏ တန်ခိုးအာနဘော်၊ အပိုင်စားရရေ ပိုင်နက်ရို့ကို ဖော်ကျူးကတ်ရေ။

**ရခိုင်သားကြီးစာပေ**

ရခိုင်လူမျိုးရို့မှာ ထိုးနန့်နန်းနန့် အုပ်စိုးခရေ အချိန်ကပင် သျှင်ဘုရင်ကိုယ်တိုင် အားပီး အားမြှောက်ပီးခရေ ရိုးရာအမွိအနှစ်တိပါ။

(၅)

လူပျိုပေါက်သျှေဖြစ်လို့ စာဖတ်တတ်တေခါ ဆရာတော် အသျှင်စက္ကိန္ဒစုဆောင်းတင်ပြရေ "ရခိုင် သဘာဝတေးကဗျာများ၊ ရခိုင်ရိုးရာ ပုံပြင်များ" စာအုပ်တိကို ဖတ်လာရရေ။ ယော်–ငါရို့အသျှေခါ အမိရို့ဆိုပြရေ သာခြင်းတိနန့်၊ အဘောင်သျှင်ရို့ ပြောခရေ ဝတ္ထုတိရာကာလို့ ခံစားရမိရေ။

(၆)

ကျွန်တော်ရို့ အမိအဖဖြစ်လို့ သားသမီးတိ မွီးစပ်တေခါ အချေတိကို သာခြင်းဆိုလို့ သိပ်တေ အလေ့အထမဟိကတ်ပါဗျာ။ ခေတ်မီတိုးတက်လာရေ ခေတ်ကြီးမှာ ကက်ဆက်၊ ဗီဒီယို၊ တီဗွီပေါ်လာစွာနန့် အသျှေရို့ကို အဆင်သင့်ဖွင့်ပြလိုက်ကေ ပြီးနီကတ်ဗျာ။

ခေတ်ကာလကလည်း အစစအရာရာ သျှားပါးလာစွာနန့် အယင်ကခါ အိမ်ထောင်စုတစ်စုမှာ အဖလုပ်စာတစ်ခုတည်းနန့် လုံလောက်ခစွာက အေဂုအခါ တစ်အိမ်သားလုံး ထလုပ်ကေတောင်မှ မလုံလောက်နိုင်ကတ်ဗျာ။ အမိ၊ အဖ နှစ်ယောက်စလုံး အလုပ်လုပ်ရကတ်ရလို့ သားသမီးရို့နန့် နန္ဒိးထထွီး မနီနိုင်ကတ်ဗျာ။

သာခြင်းလေ့မဆို၊ ဝတ္ထုလည်းမပြောကတ်ဗျာ။ စရိုတ်ကြီးမားလို့ ပြိုင်လောင်းပွဲလည်း မချနိုင်ကတ်ဗျာ။ သျှစ်သောင်းဘုရားပွဲနန့် ဦးရာဇ်တောင်ဘုရားပွဲလောက်မှာရာ ရှားရှားပါးပါး တွိရရေဗျာ။

အေအတိုင်းဆိုကေ ရိုးရာအမွိအနှစ်တိကျန်ကတ်ဖို့သိလား။ ရိုးရားပျောက်ကေ လူမျိုး ပျောက်တေလတ်။

(၇)

ဆက်သွယ်ရေး(Media)အား ကောင်းလာစွာနန့် ပြည်တွင်းပြည်ပရို့က ယိုင်ကျေးမှုတိ ရခိုင်လူ့ အဖွဲ့အစည်းကို စိမ့်ဝင်ပျံ့နှံ့လာကတ်တေ။ ရခိုင်လူငယ်တိမှာ ခေတ်ပေါ်နောက်သို့လိုက်တေ လူစုနန့် ခေတ်ဟောင်းအမွိအနှစ်ကို မြတ်နိုးရေ လူစုရို့ဖြစ်လားရေ။

ခေတ်ပေါ်သမားရို့က တစ်ခါလာကေလေ့ ရိုးရာအမွိအနှစ် ကျောက်စာပီစာနန့် ကောင်းကောင်းစိတ်ပျက်ဖို့ ကောင်းရေ။ ကမ္ဘာနန့်ရင်ဘောင်တန်းနိရေ ခေတ်ကြီးမှာ ရခိုင်ဆိုရေ အစွဲအလမ်းကို ဖျောက်ပစ်ရဖို့၊ ခေတ်နန့်အညီတိုးတက်ဖို့အတွက် ရခိုင်ခြင်းကို မိပစ်ရဖို့လတ်။

ရခိုင်မှာမွီးလို့ ရခိုင်စကားပြောနီရစွာ ပြည်မကိုရောက်တေခါ ရခိုင်သံဝဲဝဲဖြစ်နီလို့ ရှက်

ကောင်းထမန်းလတ်။ ရခိုင်အားလုံးအများသုံးဘာသာစကားကိုပြောင်းဗျာပြောကတ်ရဖို့လတ်။

ယင်းအတွက်နန့်ဟိဖို့။ အယင်က ရမ်းဗြဲဒေသိယစကားပြောရေ တောင်ကုတ်မြို့မှာ အေဂု ဘာသာစကားပြောင်းလားခဗျာ။ကျောက်ဖြူ ရမ်းဗြဲရို့မှာလည်း တစ်ဝက်လောက် ပြောင်းလာ ကတ်ဗျာ။

ဝမ်းသာရဖို့လား၊ ဝမ်းနည်းရဖို့လား–ဂု။

ယင်းလူတိက တေးခြင်းမှာလည်း ပေ့ါ(ပ်)ရဖို့ ဟော့(ထ်)ရဖို့လတ်။ ကိုးကွယ်ယုံကြည်မှုမှာ လည်း ခေတ်မီရဖို့လတ်။ ရခိုင်ရိုးရာနတ်အစား ဘိုးဘိုးကြီး၊ ကိုကြီးကျော်၊ သူရဿတီရို့ကို ပြောင်းဗျာကိုးကွယ်ရဖို့လတ်။

မြို့ထက်က ခေတ်မီချင်ရေ ရခိုင်အိမ်တိနန့် အရပ်တကာကို လားဖူးရေ လူတိ အိမ်ရို့မှာ သူရဿတီမယ်တော်ပုံ၊ အုန်သီးတစ်လုံးကို အဝတ်နီပေါင်းရေ အလေ့အထတိ ဟိနီကတ်ဗျာ။

ခေတ်ဟောင်းကို မြတ်နိုးရေလူတိက လူမျိုးဆိုစွာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ် ကျေးမှု အမွှိအနှစ်ဟိမှ လူမျိုးပီသဖို့လို့ ယူဆကတ်တေ။ လူမျိုးတည်တံ့ဖို့အတွက် ရိုးရာအမွှိအနှစ် ရို့ကို ထိန်းသိမ်းဖော်ထုတ်စောင့်ရှောက်ရဖို့လို့ ယူဆကတ်တေ။

ယေကေလေ့–အေပိုင်စိတ်ဓာတ်ဟိရေ လူတိက ငွေကြေး၊ ရပ်ဝတ္ထုဆင်းရဲကတ်လို့ စိတ် မကောင်းဖြစ်မိပါရေ။

**(၈)**

မြန်မာနိုင်ငံထုတ် သတင်းစာတိကို ကြည့်ပါ။ ''အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး''ဆိုစွာကို တွိကတ်ပါလိမေ။

ကျွန်တော်ရို့ ရခိုင်လူမျိုးရို့မှာ ထိန်းသိမ်းဖော်ထုတ်စရာအများကြီးပါ။ အချို့ကိုတစ်သီး ပုဂ္ဂလလုပ်လို့ရကေလေ့ အားလုံးကဝိုင်းလုပ်ရဖို့ အလုပ်တိလည်း ဟိနီပါရေ။

**(၉)**

အမျိုးသားယိုင်ကျေးမှု အမွှိအနှစ်ကို ထိန်းသိမ်းဖော်ထုတ်ချင်ရေ လူတစ်စုက မိမိရို့ အင်အားနန့် ရခိုင်ရိုးရာသာခြင်း၊ နတ်သာခြင်း၊ ဝတ္ထုရို့ဆိုတတ်တေ ပြောတတ်တေ လူတိဇားမှာ အသံသွင်းမှတ်တမ်းတင်နီကတ်တေ။

မိမိရို့ စုဆောင်းမိသမျှကို ရခိုင်ယဉ်ကျေးမှုပြတိုက်၊ ရှီးဟောင်းသုတေသနဌာနနန့် ဝါသနာပါရေ၊ ထိန်းသိမ်းလိုရေ လူတိအတွက် ပွားပီးကတ်တေ။

ယင်းရို့အနက် ရခိုင်ရိုးရာ နတ်သာခြင်း တိပ်ခွီအသံဖမ်းချိန်မှာ သကြံန်ကျခါနီးနန့်

တိုက်ဆိုင်လားရေ။ မူပွားရရေ လူတိက ဖွင့်ကတ်တေခါ၊ ကြိုက်တေလူတိ အများကြီးဟိလာရေ။

ခေတ်ပေါ်ပေါ့(ပ်)၊ ဟော့(ထ်)ကိုရာ ကြိုက်တေ အသျှေတိတောင်မှ ပန်းကျင်းသံရေ အနောက်တိုင်းတီးလုံးနန့်တူရေဆိုဗျာ ကြိုက်ကတ်တေ။ တိပ်ခွိဖွင့်လို့ ကကတ်တေ။ နတ်သာခြင်းတိပ်ခွိရေ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောအထိပြန့်လားရေ။ တေးသံသွင်းဆိုင်တိ ခိုးကူးကတ်စွာ ကောင်းကောင်းအလုပ်ဖြစ်တေလို့ ကြားမိယင့်။ မုဒိတာ ပွားစရာပါ။

သကြ်န်မဏ္ဍပ်တိမှာ၊ ကားတိမှာ ရီခဲမုန့်ရောင်းရေလူ၊ ဆိုက္ကားမှာ သိန်းထိလောင်ပေါ်ရောင်းရေလူ စက်သီးမှာ နတ်သာခြင်း တိပ်ခွိကြားကတ်ရရေ။

နတ်ခွိဖွင့်လို့ ပျော်ကတ်တေ။ ကကတ်တေ။

ယင်းအတွက်နန့် ၁၉၉၇ (၁၃၅၈)ခုနှစ် ရခိုင်သကြ်န်ကို ပန်းတျင်းသံ၊ နတ်သံရို့နန့် ပျော်ကတ်တေ သကြ်န်လို့ ဆိုနိုင်ပါရေ။

ရခိုင်ရိုးရာအမွီအနှစ်တိကို ပစ္စည်းအင်အား၊ လူအင်အား၊ ငွေအင်အားရို့နန့် ထိန်းသိမ်းဖော်ထုတ်ကတ်ပါလို့ တိုက်တွန်းအပ်ပါရေ။

အောင်သူရကျော်(ရက္ခိုင်)

# အောဘုမိနက်သန်မြို့ကြီးကို

'ဝါ့သားလကို မသာလည်းတ၊ သာလည်းတ' ဆိုရိုးဟိရေ စန္ဒာလမင်းကြီးရေ ကမ္ဘာတစ်ခုလုံးကို အလှည့်ကျ အီးမြရေ အလင်းရောင်နန့်အတူ သဘာဝရာသီဥတုတိကို ပီးကမ်းစွန့်ကြဲနီရေပိုင် အကျွန်ရို့လခြမ်းမြို့သည်လည်း ရက္ခိုင်ပြည်သူပြည်သားတိကို ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နီရေး။ နိုင်ငံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်အောင် သယံဇာတနန့်အတူ ညီမျှရေ ရာသီဥတုရို့ကို ပီးကမ်းစွန့်ကြဲ ကျေးဇူးပြုလာစွာရေ နှစ်ပေါင်း ထောင်သောင်းချီခပါဖျာယ်။ နောက်လည်း မည်မျှကျေးဇူးပြုမည်ကို မှန်းဆလို့မရပါ။

ကျေးဇူးကြီးမားလှရေ ကျေးဇူးသျှင်ကြီး၊ ရက္ခိုင်မြို့၊ တနည်းတံတိုင်းကြီး ကာဆီးလို့ ဘင်္ဂလားပင်လယ်အော် ကမ်းခြေတစ်လျှောက် ဟိုင်းကြီးကျွန်းမှသည် နေဂရေအငူအထိ သန္တာမြို့ကမ်းခြီနန့် ဘောင်ခတ်ထားရေ လခြမ်းမြို့လို့ သိနီခပါရေ။ ယင်း၏ သက်တမ်းအား နှစ်ပေါင်းသန်းချီခပါဖျာယ်။

သမိုင်းတင်ရေ ပထမခညဝတီ ဘီစီ ၃၀၀၀ အဇ္ဇုနမာရယုကို မရှိတွက်ကေလေ့ အလွယ်နန့် မှတ်နိုင်ရေ ဘုရားသျှင်ကြွရောက်လာရေနှစ်ကို ရှိတွက်လိုက်ကေလေ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လာပါဖျာယ်။ ယင်းကာလတစ်လျှောက်မှာ စန္ဒာသူရိယမင်းကစလို့ မင်းဆက်တိကို ရှိတွက်လာကေ မင်းဆက်အများကြီးကို တွိလာဖို့ဖြစ်ပါရေ။ မြောက်ဦးခေတ် သမတရာဇာက အစနှစ်ပေါင်းနှစ်ရာလောက် ရာမင်းဆက် ပြတ်လားပါရေ။

မင်းဆက်ပြတ်လားကေလေ့ ရခိုင်လူမျိုးရို့ ယဉ်ကျေးမှုနန့် ရက္ခိုင်လခြမ်းမြို့ကား တည်တံ့ခိုင်မြဲလျက်ပင်။ သမိုင်းအစဉ်အလာ ကြီးမားခရေ ရက္ခိုင်မြို့ကား ထင်ပေါ်ကျော်ဇောလျက်ပင်။ မတိမ်ကော မပပျောက်နိုင်ရေ ဘာသာရေးမဟာတံတိုင်းကြီးနန့် ရက္ခိုင်ရို့စောင့်ရှောက်လာရေ ရခိုင်ရိုးရာယဉ်ကျေးမှုရေ အဓိကမဟာဗျူဟာတစ်ခုဖြစ်တေလို့ ထင်ပါရေ။

**ရခိုင်သားကြီးစာပေ**

ဘာသာရေးတံတိုင်းကြီးနန့်တူရေ ကျေးဇူးကြီးမား လောကသုံးပါးမှာ အတုမဟိရေ မြတ်စွာဘုရားပင် ဖြစ်ပါရေ။ မဟာသက္ကရာဇ် (၁၂၃)၊ ဘီစီ(၅၅၄)မှာ ရာဇဂြိုဟ်ပြည် ဝေဠုန်ဝန် ကျောင်းတော်က ဝါတော်(၂၀)၊ သက်တော်(၅၅)နှစ်မှာ ရခိုင်ပြည် ဓညဝတီကစ္ဆပနဒီမြစ်အရှိဘက် ကမ်း မောရပဗ္ဗတနာမယ်ဟိရေ သေလာဂီရိကျောက်တော် တောင်ထိပ်မှာ တပည့်သံဃာ ငါးရာ နန့် ဝိသုကြုံဖန်ဆင်းရေ ပြာသာဒ်တိနန့် သက်ဆင်းလာရေ အထောက်အထားတိကို ကျမ်းစာ အစောင်စောင်မှာ တွိရပါရေ။

တဆက်တည်းမှာ ပြုံးတော်မူပနာ ရောင်ခြည်တော်လွှတ်လို့ ဗျာဒိတ်တော်မိန့်မြွက်တော် မူပါရေ။ အတိတ်ဘဝဖြစ်ရပ်နန့်အတူ ရက္ခိုင်လခြမ်းမြို့ ဓာတ်တော်တည်ရာ အမည်နာမတိကို သမုတ်တော်မူခပါရေး အသျှင်ဘုရား၏ ဗျာဒိတ်တော်မူရာ ရက္ခိုင်မြို့အနံ့ရေ ဘူမိနက်သန်မြို့များပင် ဖြစ်ပါရေ။ ရက္ခိုင်လခြမ်းမြို့ တစ်ခုလုံးလည်း ဘူမိနက်သန်မြို့ဆိုပါက မှားနိုင်စရာအကြောင်းမဟိပါ။

ရက္ခိုင်မြို့မြောက်စူးစူးကျရာ ဘုရားသျှင်၏ကိုယ်စားတော် ကိန်းဝပ်စံပယ်ရာ မဟာမြတ် မုနိစက်ကို ဘုရားသျှင်ကိုယ်စား ရုပ်ရှင်တော်ကို အစားထိုးထားခရေ။ ပရဝုဏ်ဧရိယာတစ်လျှောက် လုံးကား ပို၍ပို၍ ဘူမိနက်သန်မြို့ကျရေ ဆိုကမှားဖို့ မထင်ပါ။ ယင်းမြို့မှာ တည်ဆောက်ထားခ ရေ ရုပ်ဝတ္ထုအဆောက်အအုံတိက ဘလောက်တန်ဖိုးကြီးမြတ်ဖို့လဲ အဆုံးအဖြတ်မပီးနိုင်ပါ။

တိုင်းပြည်နန့် လူမျိုးတစ်ခုလုံးတန်ဖိုးရေ ယင်းရင်ပြင်တော်မှာ တည်ဆောက်ထားရေ ဘုရားသျှင်၏ကိုယ်စားတော် ရုပ်ရှင်တော်နန့် စံပယ်ရာ ဂန္ဓာကုဋီတိုက်၊ မဟာသိမ်တော်ကြီးနန့် မဏ္ဍိုင်ငါးရပ်ဖြစ်ပါရေ။ (၁)ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်ကို ရဟိလို့ အရှိလောကဓာတ်ကို ရှုရှု ထက်ဝယ် ဖွဲ့ခွေထိုင်နီပုံ။(၂) သုဒ္ဓါဝါသဘုံ၌ ဖြစ်ကတ်တေ အရိယာဗြဟ္မာကြီးရို ပုံတော်နန့် မဏ္ဍိုင်စိုက်ထူထားပုံ။ (၃) သိကြားမင်းရုပ်ပုံတော်သွင်းလို့ တည်ထားပုံ။ (၄) စတုလောကပါလ နတ်မင်းကြီးရို့ကို တည်ထားပုံ။ (၅)ဘုရင်မင်းမြတ်ရုပ်ပုံနန့် တည်ထားပုံရို့အပြင် လက်ဟိမဟာ မြတ်မုနိ ပရဝုဏ်အဆင့်ဆင့် ပစ္စာယာတိနန့် မျက်နှာအရပ်ရပ်မှာ ယက္ခဂုမ္ဘဏ်၊ နဂါး၊ ဂဠုန်ရုပ်တု တိကို အစီအမံပြုလို့ တည်ထားခပါရေ။

မဟာမြတ်မုနိစက်ရေ စတုဂံမြို့ပြင်က အဆင့်သုံးဆင့် ညှိလို့ဆောက်ထားပါရေ။ ပေ (၅၀၀)စတုဂံဟိရေ လေးဘက်လေးတန်ကျောက်တံတိုင်းနန့် ကာရံထားပါရေ။ သုံးဆင့်လုံး ကျောက်တံတိုင်းကြီးတိနန့် ဘုံသုံးဆင့်ဖြစ်ပါရေ။ တံတိုင်းတစ်ဘက်စီမှာ မုခ်သုံးခုစီထားလို့ စေတီချေ သုံးဆူကို မုခ်ခုံးထိပ်မှာ တစ်ဆူ၊ ဘေးနားတစ်ဘက်တစ်ချက်မှာ တစ်ဆူစီ စုစုပေါင်း တံတိုင်းလေးဘက်မှာ မုခ်(၁၂)ခု စေတီပေါင်း (၃၆)ဆူဟိပါရေ။

ဘုရားရင်ပြင်တော် ဒုတိယပစ္စယာမှာ ပေ(၃၀)မြင့်ပါရေ၊ အနောက်ပေ (၂၄၀)၊ တောင်မြောက် ပေ(၂၂၀) ကျယ်ဝန်းပါရေ။ အေအထပ်အရပ်မျက်နှာတိုင်းမှာ နတ်ရုပ်ကြီးတိကို စိုက်ထူထားပါရေ။ အထက်ဆုံးတတိယအဆင့်ပေ(၃၀)မြင့်ပါရေ။ အကျယ်အလျား(၁၅၅)ပေ၊

အနံ (၁၅၅)ပေဖြစ်ပါရေ။

တန်ဆောင်းပြသာဒ်တိက မြောက်ဦးရှိနန်းတမျှ မြင့်မားလှပတင့်တယ်နီပါရေ။ မြောက်ဦးဘက်က တောင်ဘက်စောင်းတန်းမှာ မင်းတက်လမ်းဖြစ်ဟန်တူပါရေ။ မြောက်ဘက်စောင်းတန်းက သျှင်ဘုရင်မ တက်လမ်းလို့ခေါ်ပါရေ။ မင်းအဆောင်အယောင်နန့် တက်တေအတွက် ကျောက်ညို ကျောက်တုံးကြီးတိနန့် ပြုပြင်ထားပါရေ။ ခံတပ်အတိုင်း ခိုင်မာတောင့်တင်းလို့ ဟိပါသိရေ။

ယင်းစောင်းတန်းနန့် သိရိမာနဒိ လက်တက်ချောင်းချေထိပ်တိုက်ဖြစ်ရရေ အကြောင်းက ယင်းချောင်းမှာ ဖောင်တော်ဆိုက်လို့ မင်းခမ်းမင်းနားနန့် မင်းများ ဘုရားကို တက်ရောက်လို့ ပူဇော်ပါစေ။

အလယ်ပစ္စယံမှာ အရှေ့မှာ ခြင်္သေ့ကြီးနှစ်ကောင်၊ အနောက်မှာ ခြင်္သေ့ကြီးနှစ်ကောင် အားမာန် အပြည့်နန့် ဘုရားကို စောင့်ရှောက်နီကတ်ပါရေ။ ယင်းခြင်္သေ့တိ ထူးဆန်းပုံက ရှိဟောင်းလက်ရာဒီဇိုင်းတိနန့် ဖန်တီးထားပါရေ။

ဖိုမတစ်စုံစီကို ကြာငုံဒီဇိုင်းဖော်လို့ ဖိုမအင်္ဂါဇာတ်ခွဲခြားပနာ ယဉ်ကျေးမှုကို သဘာဝကျစွာ ဖော်ပြထားပါရေ။ အကျွန်မြင်ဖူးရေ ခြင်္သေ့အများစုမှာ ဖိုမခွဲခြားထားရေ သင်္ကေတကို မတွိဖူးပါ။ ဘုရားအလယ်စစ္စယံမှာ ဗောဓိပင်နှစ်ပင် ဘုရားရှင်၏ ဂန္ဓကုဋိတိုက်ကို အလီးချိန်ညီမျှအောင် ချိန်ခွင်လျှာ ယူထားပါရေ။

မြောက်ဘက်အပင်ကို သိကြားဗောဓိညောင်လို့ ခေါ်ပါရေ။ တောင်ဘက်အပင်ကို သားဆုပန်ရေညောင်ပင်လို့ ခေါ်ပါရေ။

အရှေ့ဘက်မှာ ဦးတော်ဆီးကန်နန့် လက်တော်ဆီးကန် နှစ်ကန်ကလည်း ရှုမျှော်ခင်းအလီးချိန်ကို ဖြည့်စွက်ထားပါရေ။ မြောက်ဘက်မှာ မကြာခင်က ဖန်တီးထားရေ ပြတိုက်တစ်ခုကို ရှိဟောင်းကျောက်ဆစ်ရုပ်၊ ကြွီလောင်ပွန်း၊ ကျောက်လောင်ပွန်းတိနန့် ဓညဝတီခေတ်ခန့်မှန်းလက်ရာမြောက် ကျောက်ဆစ်ရုပ်နန့် ဘုရားသျှင်ကိုယ်တော်တိုင် ရခိုင်ပြည်ဓညဝတီသို့ ကြွရောက်လာပုံဇာတ်တော်ကို ရခိုင်ဆင်ယင်ထုံးဖွဲ့မှုနန့် ရုပ်ကြွတိနန့် ပြထားစွာကို တွိရလို့ ကြည်နူးဝမ်း မြောက်လို့မဆုံးပါ။

အနောက်တောင်ထောင့်မှာ ရှိဟောင်းပိဋကတ် မင်းခရီဆောက်လုပ် လှူဒါန်းခရေ တိုက်ဖြစ်ပါရေ ရှိဟောင်းခေါင်းလောင်းတစ်လုံးက ပျောက်နီပါရေ။ ဦးရဲကျော်သူ သွန်းခေါင်းလောင်းက နီရာသစ်ကို ရောက်လားပါဗျာယ်။ ဘက်စုံမွမ်းမံပြုပျင်ရာက ဂန္ဓကုဋိတိုက်က ထွက်လာရေပြိုင်းတိုင်ကြီးတိနန့် ခေါင်းလောင်းတိုင်တိကို တောင်ဘက်စောင်းတန်းဘက်မှာ ပုံထားစွာကို မြင်ခပါရေ။

ယင်းတိုင်တိရေ အုံ့ညြစရာကောင်းရေ တိုင်တိဖြစ်ပါရေ။ ယင်းတိုင်တိကို ရှိဟောင်းပြတိုက်

အနားမှာ အမိုးအကာမိုးလို့ ပြထားဖို့ဆိုကေ သုတေသီတိအတွက် အကျိုးထူးစရာတစ်ခုမြင်ပါရေ။

အနောက်ဘက်စောင်းတန်းတစ်ခုမှာ အဟောင်းအတိုင်းဟိနီပါရေ။ယင်းစောင်းတန်းမုခ်မှာ ရိုးထားရေစာတန်းရေ မဟာမြတ်မုနိ ဘုရားကို ကိုယ်စားပြုပါရေ။ မုခ်အထက်မှာ ကြွိသားတော်မှာ စာဖော်ထားပါရေ။ ယင်းစာသားက ရခိုင်ပြည် မဟာမြတ်မုနိစက်ဘုရား သိမ်တော်ကြီးလို့ ရိုးထားပါရေ။

ယင်းမုခ်အနား လက်ယာဘက်က ဘုရင်ခြိဆီးကန်မှာ တင့်တင့်တယ်တယ် ကြာနီပွင့်အစုံနန့် တွိခရပါရေ။ ကန်နားမှာ မဟာမြတ်မုနိ ဘုန်းတော်ကြီးကျောင်းတစ်ဆောင် ဟိပါရေ။ မဟာမြတ်မုနိဘုရားရှင် ကိုယ်စားတော် စံပယ်ရာ မဟာမြတ်မုနိ စက်သိမ်တော်ကြီးကား ရှုလို့မငြိမ်း၊ အာရုံခံလို့မဝ၊ အလွန်တရာ သပ္ပါယ်တော်မူရေ သိမ်တော်ကြီး ဖြစ်ပါရေ။

အေလောက်ကြီးကျယ်ထင်ပေါ်ကျော်ဇောရေ ဘူမိနက်သန်မြို့မှာ ဘဝပီးကုသိုလ်အရ ထွန်းကားလာရေ သားချေသုံးယောက်ကို သျှင်ပြုဖို့ စိတ်ကူးထားစွာ သုံးနှစ်လောက်အချိန်ယူခရပါရေ။ ကံအားလျော်စွာ အေနှစ်(၁၃၅၈)ခု၊ တာကူးလဆန်း (၄)ရက်နိန့်မှာ စစ်တွေက ပရိတ်သတ်နန့်၊ မော်တော်ဘုတ်နန့်၊ ကျောက်တော်က တဆင့်လားလို့၊ ဘုရားသျှင်ရင်ပြင်မှာ သားတိကို သျှင်ပြုခွင့်ရခလို့ ဘဝအတွက် မဟာကုသိုလ်အမြတ်တစ်ခုရစွာကို ဝမ်းမြောက်မဆုံးပါ။ အကူအညီပီးရေ ဂေါပကဥက္ကဋ္ဌနန့်အဖွဲ့ မဟာမြတ်မုနိ လူကြီးများ၊ သရက်တပင်က လူကြီးများကို ကျေးဇူးတင်လို့ မကုန်ပါ။

အခါကြီးရက်ကြီးမှာ မဟာမြတ်မုနိကျောင်းမှာ မိသားစု ဆွမ်းလုပ်ကျွေးဖို့ တည်းခိုခွင့်ရခရေ ဆရာတော်ကြီးကိုလည်း အထူးကျေးဇူးတင်ပါရေ။ ဘုရာသျှင်ရှိမှာ အာရုံဆွမ်း၊ မွန်းတည့်ဆွမ်းကို အထူးသပိတ်နန့် ရက်သတ္တတပတ် ဆွမ်းဦးတင်ခွင့်ရခပါရေ။

တဆက်တည်းမှာ သင်္ကြန်ရက်အတွင်း ယင်းဒေသဆိုင်ရာ ယဉ်ကျေးမှုတိကိုလိ့ ,လာခွင့်ရခ ,လို့ အေပိုင် တစိတစောင်း တင်ပြရနိုင်ခ ,ပါရေ။ အကျွန်ပြုခရေ ကုသိုလ်ကိုလည်းဝီမျှပါရေ။

မဟာမြတ်မုနိစက်ဘုရား ရင်ပြင်တစ်ခုလုံးမှာ သင်္ကြန်ရက်အတွင်းမှာ ဥပုသ်သည်ရို့ ဖွဲ့ဖြူလို့ ဝတ်ပြုသူပြု၊ အာရုံခံသူခံ၊ ပုတီးစိပ်သူစိပ်နန့် ကုသိုလ်ယူနီကတ်စွာကို တွိရလို့ ကြည်နူးစရာ၊ ဝမ်းမြောက်စရာကို တိုင်းတာလို့ မရခယ ပါ။

ဘုရားမှာ ကုသိုလ်လာယူရေ ရွာတိက မဟာမြတ်မုနိရွာ၊ သရက်တပင်ရွာ၊ ရွာမပြင်၊ ကျားနင်းကန်၊ လိပ်မ၊ သိမ်ခြုံ၊ ကြခတ်ပြင်ရွာသစ်၊ ကြခတ်ပြင်ရွာဟောင်း၊ စဖိုသား၊ အထက်ယွန်းချောင်း၊ အောက်ယွန်းချောင်း၊ ညောင်ချောင်း၊ သာယာကုန်း၊ စပါးဆိပ်၊ သစ်တပုံ၊ ကျောက်တလုံး၊ မြင်လှ၊ အထက်ပေါက်တော၊ အောက်ပေါက်တော၊ မင်းသားတောင်၊ ခေါင်းတုတ်၊ ကျောက်ကျတ်၊ ကျီရာပြင်၊ ကျောက်တော်မြို့နန့် လမ်းမတော်ရို့က သက်ကြီးသက်ငယ် လူရွယ်လူအိုရို့မှာ ရိုးရာအစဉ် အလာမပျက် သင်္ကြန်အတက်နိကပင် နှစ်ဆန်းတစ်ရက်နိအထိ ဘုရားရင်ပြင်နန့် ဇရပ်၊

ဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ဘုရားကို အာရုံပြုလို့ နီကပ်ပါရေ။

ဥပုသ်သည်တိ နီရာထိုင်ခင်းနန့် ဆွမ်းကွမ်းအဆင်သင့်ဖြစ်ဖို့ ဂေါပကနန့် အထက်ဖော်ပြပါ (၂၄)ရွာက စီစဉ်ထားပါရေ။ အေနှစ်သင်္ကြန်တာဝန်ကျရေ ဆွမ်းကျွေးရွာတိက(၁၄-၄-၉၇) နိလမုသား၊ အထက်ယွန်းချောင်း၊ အောက်ယွန်းချောင်း (၁၅-၄-၉၇)နိန့် စဖိုသား ကျေးရွာအုပ်စု၊ (၁၆-၄-၉၇) နိ လိပ်မရွာ၊ (၁၇-၄-၉၇)နိ ကြခတ်ပင်၊ ရွာသစ်၊ ရွာဟောင်းနန့် သိမ်မြို့ရိုကစီစဉ်လို့ ဆွမ်းကျွေးကတ်ပါရေ။

ကဆုန်လပြည့်နိခါတော့ခါ ရွာမပြင်က ဦးစံရွှေဦးတစ်ဦးတည်းဆွမ်းကျွေးဖို့လို့သိရပါရေ။ တစ်နှစ်တစ်နှစ်အတွက်စီကို ဝါဆိုလပြည့်နိခါ ယင်းရွာတိ ဘုရားရင်ပြင်မှာ စည်းဝေးတိုင်ပင်လို့ ဆုံးဖြတ်ကတ်ပါရေ။

ဆွမ်းကျွေးရွာမှာ ဆန်နှစ်တောင်းဝင် ဒိုင်ဆယ်ဒိုင်လောက်ထိုးရရေလို့ သိရပါရေ။

လွန်ခယရေ နှစ်နှစ်လောက်က သတင်းမကောင်းထွက်ခယလို့ မဟာမြတ်မုနိဘုရားကို အထက်ပါ ရွာတိအပြင် ရခိုင်ပြည်နယ် တစ်ခုလုံးက ဘုရားလာဖူးရေ ပရိတ်သတ်များပြားစွာတိကို နှစ်(၅၀)အတွင်း မကြုံဖူး လာရောက်ကတ်စွာကို ဘုရားဖူးသားတိပြောပြလို့ သိရပါရေ။ အေနှစ်တော့ခါ လူအရောက်အပေါက် နှစ်တိုင်းနန့်ဆာကေ နည်းရေလို့ ပြောကတ်ပါရေ။

ယေဒါလည်း မဟာမြတ်မုနိစက် အုံ့ဖွယ်သျှစ်ပါးထဲက တစ်ပါးဖြစ်တေ တစ်ဆယ့်နှစ်လပတ်လုံး ညဥ့်ပါနိပါ လူရှင်အများ စည်ကားစွာရောက်တေ လက္ခဏာက ပေါ်လွင်ထင်ရှားလို့ပင် ဟိနိ သိပါရေ။ ဘုရားသျှင်၏ တန်ခိုးတော်ပိုလို့ ပိုလို့ ထွန်းတောက်လာပါရေ။

ရခိုင်ပြည်သူပြည်သားများလည်း ပိုလို့ ပိုလို့ ဘုရားသျှင်၏ ကိုယ်စားတော်ကို စိတ်ဝင်စားလာကတ်ပါရေ။

တဘက်မှာ လမ်းပန်းဆက်သွယ်မှု တစ်သျှေ ကောင်းလာစွာနန့် ကျောက်တော်-မြောက်ဦး-မင်းပြားသုံးမြို့နယ်က ဂါရီကြီးယယ်နန့် ဘုရားဖူးမစဲ စည်ကားနီကတ်ပါရေ။

သင်္ကြန်ဘုရားရီသပ္ပါယ်အဖွဲ့တိက ရခိုင်စည် တညံညံတီးခတ်လို့ ဘုရားသျှင်ကို ရွာအလိုက် လာလို့ ရီသပ္ပါယ်ကတ်ပါရေ။ အေနှစ်ခါတော့ခါ အကြောင်းကြောင်းကြောင့် ဘုရားရီသပ္ပါယ် နှစ်တိုင်သုံးတိုင်လောက်ရာ ရောက်ပါရေ။

နောက်လမ်းပန်းဆက်သွယ်ရေးကောင်းလို့ အခြေအနေသျှေတိရာ ကောင်းလာကေ ဘုရားရင်ပြင်တော်မှာ ၄က်ပျံလို့ကျဖို့ မထင်ပါ။

အဖိုးမဖြတ်နိုင်ရေ ဘူမိနက်သန်မြီကား တိုင်းပြည်တိုင်းမှာလည်း မဟိပါ။ အကျွန်ရို့ပြည်မှာ ဟိစွာရေ ကုသိုလ်ထူးမြတ်တေပြည်ဖြစ်ပါရေ။

သို့သော် ဘုရားသျှင်ပွင့်တော်မူရာ မဟာဗောဓိမှာတော့ခါ အပြည်ပြည်က ဘုရားဖူးပရိတ်သတ်တိက စည်ကားလျက်ပင် ဟိနီပါသိရေ။ ဘူမိနက်သန်မြီမှန်ရာကား အောင်မြီဖြစ်နီရေ

အတွက် လူသူမစဲ စည်ကားသိုက်မြိုက်စမြဲပင်။

ယင်းပိုင် တန်ဖိုးမဖြတ်နိုင်ရေ ဘူမိနက်သန်မြို့မှာ အစီအမံအစောင့်အရှောက်တိလည်း ဟိရေဆိုစွာကို ယုံကြည်ဖို့လိုပါလိမ့်မယ်။ ဘုရားသျှင်၏ ကိုယ်စားတော်မှာ ဝေနေယျသတ္တဝါ ဟူသမျှကို တရားရိအီးကို ထာဝစဥ် တိုက်ကျွေးနီမည်ကား ယုံမှားစရာမဟိပါ။

ယေဒါလေ့ ဘုရားသျှင်ကို မလီးမခန့် လုပ်သူကိုတော့ခါ အစီအမံအစောင့်အရှောက်တိက လက်ပိုက်လို့ ကြည့်နီကတ်ဖို့ မထင်ပါ။ လက်တွိလည်း ပုံစံမျိုးစုံပြသခယပါဗျာယ်။ မယုံတော့ မဟိကတ်ပါကေ့။

အေလောက်နှစ်ပေါင်း မရီမတွက်နိုင် ထိန်းသိမ်းလာခကတ်စွာကို အကျွန်ရို့လက်ထက် ကျမှ ပြိုလားရေ ပျက်လားရေဆိုကေ ရာဇဝင်ရိုင်းလားဖို့ ဖြစ်ပါရေ။ ဘူမိနက်သန်မြို့ဆိုစွာရေ လူရို့၏အထွဋ်အထိပ်အောင်မြို့ဖြစ်ပါရေ။

တနည်း အီးမြကြည်လင်ရေမြို့ တနည်း အန္တရာယ်ကင်းယှင်းရေမြို့ စပါးဆန်ရိပါးများရေမြို့ အဖိုးအနဂထိုက်တေမြို့ မြိခံရိခံကောင်းခြင်းအဖြာဖြာနန့် ပြည့်စုံရေ ရခိုင်တစ်မျိုးသားလုံးဂုဏ်ယူ ထိုက်တေမြို့ တစ်မျိုးသားလုံး စံစားနီရရေမြို့ ‘‘အသက်သခင် ကျေးဇူးရှင်တမျှ တန်ဖိုးကြီးလှ ရေ မြို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရေ ရခိုင်သားအားလုံး၏ တာဝန်ပင်ဖြစ်ပါရေ။’’

မိမိရို့ဘုရားကို မိမိရို့ ရိုသေမြတ်နိုးပါမှ တပါးသူရို့က ရိုသေလေးစားကတ်ဖို့ ဖြစ်ပါရေ။ အချုပ်ပြောရကေ ရခိုင်သားတိုင်း ပိုင်ဆိုင်ရေ အေဘူမိနက်သန်မြို့ကြီးကို အမှုမဲ့ အမှတ်မဲ့မထားဘဲ ငါးပါးရန်က လွတ်ငြိမ်းချမ်းသာဖို့ အသက်ကို ပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်လားဖို့ ဇာသူရို့မှာ တာဝန်အဟိဆုံးလဲ မီးမောင်းထိုးပြလိုက်ပါသတည်း။

ပန်းချီ –မင်းဝိ

**ကိုးကားသည့် စာအုပ်စာရင်း**

(၁) ရခိုင်မဟာမြတ်မုနိ ဘုရားသမိုင်း (ထွန်းရွှေခိုင်)

(၂) ဗုဒ္ဓဂေါ်တမနှင့် စန္ဒသူရိယဘုရင် (ဦးလှထွန်းဖြူ)

# ရခိုင်ရိုးရာ ကျင်အားကစပ်နည်းပညာ

အကျွန်ရို့လူမျိုးမာ ရိုးရာအားကစပ်နည်းတိ အမျိုးမျိုးဟိကတ်တေမဟုတ်ပါလား။ အောင်လူဆီးတမ်း၊ တီထိုးတမ်း၊ ဒိုးထိုးတမ်း၊ လွန်ဆွဲတမ်း၊ ပြိုင်လောင်းပြိုင်တမ်း၊ ကျင်ကိုင်တမ်း ... ယင်းပိုင် ရိုးရာအားကစပ်နည်းတိ ချကြည့်ကေ အများကြီး ဟိပါသီးရေ။

ယင်းအားကစပ်နည်းတိက ဇာအကျိုးသက်ရောက်မှု ရရေလေ။

ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်သန်မာစီရေအပြင် တစ်ဦးချင်းစွမ်းရည်သတ္တိ၊ အဖွဲ့လိုက်စုပေါင်းစွမ်းရည်သတ္တိ၊ ညီညွတ်မှု အားမာန်၊ ဇွဲလုံ့လတိကို ရဟိစီပါရေ။

ဥပမာ–ကြည့်ပါ၊ ပြိုင်လောင်းပွဲရို့၊ လွန်ဆွဲပွဲ၊ ရထားဆွဲပွဲရို့မာ ဆိုကေ တစ်ဦးကောင်းတစ်ယောက်ကောင်းနန့် မရပါ။ သူတစ်မျိုး ငါတစ်ဖုံ လှော်လို့၊ ဆွဲလို့ မရနိုင်ပါ။ အားလိုရေ။ မှန်ပါရေ။ အားလိုရေ။ ယင်းလိုရေအားက ဇာပိုင်အားလေး။

ညီညွတ်တေအား။ ပြိုင်တူအား။ အားပြုလို့ လှော်ပါယင့်။ တစ်ယောက်တစ်မျိုး လှော်နီလို့ ရပါဖို့လား။ တက်ချမညီလို့ ရပါဖို့လား။ အားစိုက်လို့ ဆွဲပါယင့်။ အဆွဲမညီကေဝါ ဖြစ်ပါဖို့လား။ အောင်ပါဖို့လား။

အလှော်ညီ၊ အဆွဲညီမှရာ။ ပြိုင်တူအားနန့် ၊ ညီညွတ်တေအားနန့်လှော်မှ၊ ဆွဲမှ နိုင်မေမဟုတ်ပါလား။ လူအများပါဝင်ရေ အေပိုင်အားကစပ်ပြိုင်ပွဲတိက ခွန်အားသန်မာမှုကျန်းမာကြံ့ခိုင်မှုအပြင် စည်းလုံးညီညွတ်တေ စုပေါင်းစွမ်းရည်ကို လေ့ရဟိစီပါရေ။

ယကေ"ကျင်" ဝါ...။ "ကျင်" ကဝါ ဇာအကျိုးကို ရပါလေ။

ကျင်အားကစပ်ပွဲက ခန္ဓာကိုယ် ကြံ့ခိုင်သန်မာမှုအပြင် တစ်ဦးချင်းစွမ်းရည်၊ ဇွဲ၊ သတ္တိရို့ကို ရဟိစီပါရေ။ လုံးချင်းဖြစ်ပတ်စီ။ ဇာအခက်အခဲမဆို ကြံ့ကြံ့ခံဖြတ်ကျော်နိုင်ရေ။ အရာရာကို ပြတ်ပြတ်သားသားရင်ဆိုင်ဖြီယှင်းရဲရေ။

**ရခိုင်သားကြီးစာပေ**

အားနန့်ခွန်နန့် လုပ်ကိုင်ဆောင်ရွက်ရဖို့ အခင်းကိစ္စတိမာ ယုံကြည်ချက်အပြည့်နန့် ဝံ့ဝံ့စားစား တက်တက်ကြွကြွလုပ်ဆောင်နိုင်ရေ။ တွေဝေအားငယ်စိတ်။ တွံ့တိုသိမ်ငယ်စိတ်တိကို ပျောက်ပျက်စီရေ။ သူများကို အားကိုးစိတ်ကင်းစီရေ။

အမှီအခိုမလိုဘဲ လုံးချင်းတည်းလေ့သော့ ဇာပြဿနာ၊ ဇာအခက်အခဲတွိ့တွိ့၊ မတွန့်မကြောက်၊ မတွေမဝေဆုံးဖြတ်ချက်မှန်မှန်၊ ခိုင်ခိုင်မာမာနန့်လုပ်နိုင်၊ ဖြီယှင်းနိုင်စွမ်း ဟိစီရေ။ ကျင်အားကစပ်နည်းပညာစွာ ယပိုင် အကျိုးသက်ရောက်မှုတိကို ရစီနိုင်ပါရေ။

ယေနန့်ကား'' ကျင်အားကစပ်နည်း'' ရေ မပျောက်မပျက်ကောင်းရေ ရိုးရာအမျိုးသား အမွီအနှစ် တစ်ရပ်မလားဂူးလို့ သဘောပေါက်လာမိပါရေ။ ယင်းပိုင်ယှောင် ကျင်ပညာ၏ အကျိုးသက်ရောက်မှု အတိမ်အနက်ကို တိုင်းတာအကဲခတ်ကြည့်မိလိုက်တေခါ''ကျင်''ဆိုစွာကိုပိုလို့ စိတ်ဝင်စားလာပါရေ။

''ကျင်''

''ကျင်''ဆိုစွာ ဇာလေး။ ဇာအဓိပ္ပာယ်လေးယှင့်။

## ကျင်ဝေါဟာရအဓိပ္ပာယ် လေ့လာစီစစ်ချက်

သုတေသီရို့''ကျင်''ရင်းမြစ်ကို အဓိပ္ပာယ်ဖွင့်ကတ်စွာမှာ စိကေသျှကွဲလွဲချက်တိ တွိရပါရေ။

တချို့က ....

'ကျား'နန့်'ယင်' က ကျင်ဖြစ်လာရေ။ ကျင်ကိုင်စွာမာ ကျား(ယင်ကျား)နန့် ယင်လားတမ်း ကခပ်တေယှောင် ဉာဏ်စမ်းကစပ်ရရေ။ ကျင်ဖမ်းရေလူက ပျောဖမ်းလိုက်၊ ငုံ့ဖမ်းလိုက်၊ ဘယ်ပြန်၊ ညာပြန်လှည့်ပတ်ဖမ်းလိုက်နန့်။

ကျင်ခံပီးသူမာလေ့သော့ မွှိ့ပတ်ယှောင်ထွက်ပြီးလိုက်နန့်။ ယင်ကျားလားတမ်းကစပ်တေပိုင်ဖြစ်လို့ ယင်းကို အခြီခံဗျာ''ကျား၊ ယင်'' က ''ကျင်'' ဖြစ်လာစွာလှတ်။

အရာတစ်မျိုးက...

ကျင်ဆိုစွာ ''ကျားလျင်''က ပြောင်းလဲလာစွာ ဆိုပါယင့်။ ကျားက သားကောင်ကို ဖမ်းဖို့ခါ လျင်မြန်ရေ အဟုန်နန့် တူရူတိုက်အောင် ဖမ်းရေယှောင် ကျင်ကိုင်ရာမာလေ့ ကျားလျင်ရေပိုင် လျင်ရေအတွက် ''ကျားလျင်'' က ကျင်ဖြစ်လာစွာ ဆိုပါကာ။ အေဖွင့်ဆိုချက်နှစ်ရပ်ကို စပ်ကြည့်ကေ။

ကျား + ယင်=ကျားယင် ကျင်

ကျား+ လျင်= ကျားလျတင် = ကျင်

အကျွန်ရို့မာ လျင်မြန်စွာကို အသံထွက်ပြောဆိုရေခါ (ယင်)လို့ ထွက်ကတ်ပါရေ။

ယေဖူးနန့် ယင်နန့်လျင်ရို အဓိပ္ပာယ်အတူတူဖြစ်ချင်လေ့ ဖြစ်နိုင်ပါယင့်၊ နောက်တစ်ခုက ကျင်ပွဲမှာ နာမည်ကြီး ကျင်သန်တစ်ဦးဦး ကျင်ကိုင်ဖို့၊ ကျင်ကွင်းဖို့ ထွက်လာဗျာဆိုကေ......

"ကျားသျှေလာရေ၊ ကျားလာရေ ...ကျား..ကျား" လို့ ရောင်းရောင်းသတ်ဗျာ ကြော်ပိုး အားပီးကတ်တေ မဟုတ်လား။ ကျင်သန်ကို ကျားနန့် တင်စားစွာ တွိရပါရေ။

တကယ်လို့ ကျားနန့်ယင် လားတမ်းကစပ်နည်းကို အခြီပြုလို့ ကျင်ဖြစ်ပေါ်လာရေ ဆိုကေ၊ အေယင်လားတမ်းကစပ်နည်းစွာ ဇာခါ စလို့ပေါ်လာစွာရောင်။ ရခိုင်ရိုးရာ ဥာဏ်ကစပ်နည်းကား ဟုတ်ယင့်လား။ ဟုတ်ခကေ ကျင်ကိုင်နည်းထက် ရှီးကျဗျာ ဟိနီပြီးဖြစ်ရပါဖို့။

ကျင်နန့်ပတ်သက်လို့ လမုချောင်း ဆရာကျော်မည်း၏ ဝိဟိက ရာဇဝင်လင်္ကာကို ဆက်ဖွိ့ ဆိုရေ ရာဇဝင်လင်္ကာ (ဆရာတော် အသျှင်စက္ကန္ဒပါးက ရစွာပါ။) အပိုဒ် ၁၁၃ မာ "...ကခြေများဖြင့် တီးကာရစ်မြည်၊ စည်ငါးမည်တည်။ သံရှည်ဟစ်ကြွေး၊ စုရုံးဝေးလျက်၊ လက်ပွေ့ကျယင်၊ လုံးထွေ ကျင်၍၊ ရေလျှင်ကြိုင်ပန်း၊ အစုံမွမ်းသား၊ ဟင်းရန်မရှား၊ စားဘွယ်များဖြင့်၊ ထူးပြားမှန်းဆ...." လို့ တွိရပါရေ။

လက်ပွေ့ကျယင်၊ လုံးထွေးကျင်၍...

ယေကေ ၁၉၇၉ ခုနှစ်၊ ၃၂-နှစ်မြောက် ပြည်ထောင်စုနိမာ တင်ဆက်ကပြခရေ ကျင်ယိမ်းနန့် ပတ်သက်ပြီးကေ ကျင်ရိုးရာ သမိုင်းကြောင်းကို ဖွင့်ဆိုပြရာမာတော့ကေ "ကျင် ဟူသော ဝေါဟာရကို (က)ကျား(ယင်ကျား)နန့် ယင်ခုန်ပျံရှောင်တိမ်းဖမ်းယူပုံနန့်တူသော ကစား နည်းမှ ကျားယင်၊ ကျယင်၊ ကျင်ဟူ၍လည်းကောင်း၊ (ခ) ကစားသမားနှစ်ဦးသည် တစ်ဦးချင်း၊ ကာယစွမ်းရည်ပြရန် တစ်ဦးကိုတစ်ဦးက ဖမ်းပုံ၊ ရှောင်ပုံပြန်လုံးပုံ၊ တစ်ဦးက အကွက်ဝင်၍ တစ်ဦးမှာ အကျလျှင်သည်ကို လျှင်၊ ကျလျှင်၊ ကျင်ဖြစ်လာသည်ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့် ဆိုထားကြပေသည်" ဆိုဗနာရီးထားစွာ တွိရပါရေထော။ အေတင်ပြချက်အရဆိုကေ.......

(က) ကျား ယင် =ကျယင် =ကျင်

(ခ) အကျလျှင် =ကျလျှင် =ကျင် လို့ဖြစ်ပါဖို့။

၁၉၉၇-မာ ထွက်လာရေ သုတေသီ ဦးအောင်လှသိန်း "ရခိုင်သုတအဘိဓာန်" စာအုပ်မာ ကျင်အဓိပ္ပာယ်ကို အဂုပိုင် ဖွင့်ဆိုထားပါရေ။

ကျင်။ တစ်ဦးကိုတစ်ဦး မြေသို့ အလျှင်ဆုံးကျစီအောင် ချရသဖြင့် ကျယင်မှ ကျင်ဖြစ်လာ သည်။ တစ်ယောက်တစ်လှည့်စီ စိတ်ကြိုက်ဖမ်းရပြီး ဖမ်းသူက အချက်ပေးမှသာ သူနိုင်ငါနိုင် ပြိုင်ကြရသည်။ ကျော(သို့) လက်သည် မြေကြီးနှင့် ထိမိလျှင် ရှုံးသည်ဟူ၏။

တစ်ဦးကို တစ်ဦး မြီကြီးသို့ အလျှင်ဆုံးကျစီအောင် ချရလို့ ကျယင်က ကျင်ဖြစ်လာရေ ဆိုစွာကိုတော့ အပြည့်အဝလက်မခံချင်ပါ။ ဇာတွက်ဆိုကေ ကျင်ဆိုစွာရေ နပြင်မာအလျှင်ကျရ ယောင် ချရရေ။ အလျှင်ချနိုင်ကေပင် နိုင်ရေလို့ မဆိုနိုင်ပါ။ မြီကြီးသို့ အလျှင်ကျလားတိုင်း

ယင်းလူရှုံးစွာမျိုးလေ့သော့ မဟုတ်ပါသီး။ ကျင်ပညာမာ မြိုပြင်သို့ လှဲအိပ်လို့ပစ်ရစွာမျိုး၊ အခံကျင်သန်က အဖမ်းသားခြီးမတင်ဘဲ အပြန်ပစ်လိုက်စွာမျိုးတိ ဟိပါရေ။

အဖမ်းကျင်သန်ကို အခံကျင်သန်က အပြန်ပစ်လိုက်လို့ ဘိုင်းခနဲ စင်းနီဗျာ။ အဖမ်းသားရှုံးရေလို့ ဆိုပါဖို့လား။ နပြင်မာ အဖမ်းသားအလျင်ကျကေလေ့သော့ အခံသားက အပြန်ပစ်လိုက်စွာဖြစ်လို့ အပြန်ထင်ရှားကေ အဖမ်းသားနိုင်ပါရေလေ။

နောက်တစ်ခါ အဖမ်းသားက အခံသားကို အိပ်ပစ်ပစ်လိုက်တေ။ ဂျမ်းနန့်ပစ်လိုက်တေ။ အဖမ်းသား မြိုကြီးမာ အလျင်ကျယင့်၊ နောက်မှ အခံသားက ကျယင့်။ ယေလေ့ အဖမ်းသား ပစ်ခွင့်ဟိလို့ ပစ်လိုက်စွာ။ ပြန်လားရေ။ ယေကေ အဖမ်းသား နိုင်ပါရေယှင့်။

ကြောသား၊ လက်မြိုကြီးနန့်တိုက်(ထိ)မိကေပင် ရှုံးစွာမျိုးလေ့မဟုတ်ပါယှင့်။ လက်ထောက်လို့လဲလို့ ပစ်ရစွာနည်းတိ အများကြီးဟိပါရေ။

လမ်းစဉ်ပါတီခေတ်၊ရခိုင်ပြည်နယ်ပြည့်သူ့ကောင်စီကထုတ်တေ‘‘ပြည်နယ်ဖြစ်စဉ်သမိုင်း’’ (ပဥ္စမတွဲ)‘‘ယဉ်ကျေးမှုကဏ္ဍမာ’’...

‘‘....ဖမ်းသူချိတ်၍ ခံသူက ခြေထိုးရသည်။ တစ်ယောက်နှင့် တစ်ယောက်လုံးကြ၍ လဲသွားသောအခါ အပေါ်လူနိုင်၍ အောက်လူရှုံးသည်။ တူနေပါက ခံသူဖမ်း၍ ဖမ်းသူခံရသည်။ ..’’ဆိုပနာ ရီးထားပါရေ။

ယင်းယှင့်မာလေ့‘‘အပေါ်လူနိုင်၍ အောက်လူရှုံးသည်’’ ဆိုစွာ ခိုင်လုံပြည့်စုံမှု မဟိထင်ပါရေ။ အပေါ်လူဖြစ်တိုင်း နိုင်ပါဖို့လား။ အောက်ကလူ ဆိုကေပင ရှုံးပါယာလား။

အဖမ်းသား၊ အခံသားရို့ လုပ်ပိုင်ခွင့်စည်းကမ်းနန့် မတိုင်းတာရဗျာယ်လား။ ယေပြီးကေ‘‘ခံသူက ခြေထိုးရသည်’’ ဆိုစွာလေ့အဆန်း။ ဇာဆိုလို့မှန်းမသိ။‘‘တူနေပါက’’ဆိုစွာလေ့ ဇာကို ပြောမှန်းမယှင်းပါ။

အမှန်ပြောရကေတော့ခါ‘‘အကျယင်’’ဆိုစွာ ‘‘ကျင်’’ဖြစ်လာရေ ဆိုစကားကို လက်ကိုင်ပြုဗျာ ဆွဲယူအဓိပ္ပာယ်ဖွင့်ကတ်စွာလို့ ထင်မြင်နားလည်မိပါရေ။

ရမ္မာဝတီတေးကဗျာများ(ရမ္မာဝတီပညာစာရ၊ လှအောင်ရွှေ) စာအုပ်က ‘‘အားကစပ်တမ်း အခြင်းတိ’’ ကဏ္ဍမာ ကျင်နန့်ပတ်သက်တေ ကဗျာတိကို တွိရပါသီးရေ။

‘‘တပေါင်းတန်ခူး၊ မိုးသံယေကျူး
ဥတုတဖန်၊ ရာသီပြန်ကေ
သင်္ကြန်လမှာ၊ မေချစ်ကေ မောင်လိုက်
ထိုပွဲတွင်းမှာ၊ ကျအယင်(ကျယင်–ကျင်) တိုက်မေ........’’

**(ကျအယင်သန် မေကြင်တန်–မှ)**

‘‘ဝါကျွတ်ကေပွဲမှာ၊ လှူဘုံကေသောင်းသဲ

များဆုံဆင်ကေ၊ ကျယင်ကွင်းမေ.......''

**(ကျယင် ကွင်းမေ ကျင်ထုတ်တေ မှ)**

''နက်ဖြန်ခါလေ၊ များစွာသဲသဲ
ကျောင်းတိုင်ခွင်၊ မြီမလပ်ကေ
ဝါကျွတ်ပွဲသို့၊ မရွေးကေဖူးရောင်
ယေဘုံခွင်မာ၊ ကျီးယင်တိုက်မေ........''

**(ကျီးယင်တိုက်မေ–မှ)**

''ရွာတုံကေရာ သောင်းသဲ၊ များဆုံဆင်ကေ
ရွာတွင်လူများ၊ ကျအားယင်လေ
ကျအင်တိုက်တေ၊ ထိုပွဲလယ်ကေ
ခါးသျှေနွဲ့နွဲ့၊ မောင်လုံးရာမာ
မျှော်ကာကြည့်ကေ၊ ဝမ်းနည်းနည်းနှင့်......''

**(ကျအားယင် ကျအင်တိုက်ပွဲ–မှ)**

အေရမ်းမြဲသေ သဘာဝပန်းကဗျာတိထဲမှာ ကျင်နန့်ပတ်သက်လို့ ''ကျအယင်၊ ကျယင်၊ ကျီးယင်၊ ကျအားယင်၊ ကျယင်'' ဆိုဗနာ အမျိုးမျိုး အသံထွက်ထားစွာ တွိရပါရေ။

အေအသုံးအနှုန်းတိရေ ကျင် ဝေါဟာရကို ကိုယ်ရှိသေပြောသံနန့် ဖွဲ့ဆိုထားစွာမျိုး ဖြစ်ကြောင်း ထင်ရှားနိန်ပါရေ။ ကျင်အဓိပ္ပာယ်ရေ အေအထက် ဝေါဟာရတိက ဆင်းသက်ပြောင်း လဲလာစွာ မဟုတ်နိုင်။

ကျင်ဝေါဟာရက နိန်ဗျာ အထက်ကဝေါဟာရတိသို့ ပြောင်းလာစွာမျိုးရာ ဖြစ်ပါဖို့။ ယေကေကျယင်က ကျင်ဖြစ်လာရေဆိုစွာကား အခြိနိုင်ပါဖို့လား။

ဆရာတော် အသျှင်စက္ကိန္ဒ၊ ဆရာကြီးမောင်ဗသိန်းရှိဘက်မာလေ့ အချက်ကျလို့ ကျင်ဝေါ ဟာရအဓိပ္ပာယ်နန့် ပတ်သက်ဗျာယ် ထင်မြင်ချက်တောင်းခံကြည့်ဖူးပါရေ။

အသျှင်ဘုရားက ''ကျင်ဆိုစွာ ဖယ်ပစ်တေ၊ ကျင်ပစ်တေ(ရီဖလားကို ရီနန့်ကျင်ပစ်တေ ဥပမာမျိုးနန့်) ပစ်ချလိုက်တေ အဓိပ္ပာယ်မျိုးဖြစ်နိုင်ဖို့လား''လို့ တွက်ဆထင်မြင်ချက်ပီးခပါရေ။

ဆရာကြီးကတော့ခါ ''ကျင် ဆိုစွာ ကျင်ဗျာဟိဖို့ ထင်ရေ'' လှတ်။

ဆရာကြီးယှင်းပြစွာက ''ကျင်ဆိုစွာ ကျင်လည်ရေ၊ ကျွမ်းကျင်ရေ သဘော။ ရခိုင်မာ လည်လည်ပတ်ပတ်လူကို ကျင်သျှေ(ဂျင်သျှေ)လို့ တင်စားခေါ်ဝေါ်ကတ်တေမလှား။ ''အေသူကားဝေ ကျင်သျှေ(ဂျင်သျှေ) မလားယှင့်'' ယင်းပိုင်ပြောကတ်တေမလှား''

အဂုပိုင် ဝေဖန်တင်မြင်ချက် ပီးခဖူးပါရေ။

ကျင်သန်သျှေ၊ ကျင်သန်ကြီး၊ ပြည်ကျင်သန်

ကျင်ကိုအကြောင်းပြုလို့ ကျင်သန်တိ ပေါ်လာရေ။

ကျင်ကိုင်ဖို့အတွက် ခန္ဓာကိုယ် သန်မာဖို့လိုရေ။ အတတ်ပညာ၊ ဉာဏ်ဟိရုံသက်သက်နန့် လေ့ မရနိုင်။ အားနန့် ဉာဏ်ပညာကို ဒွန်တွဲလို့ ကိုင်ရရေ အားကစပ်နည်းတစ်ရပ်ဖြစ်တေ။

ယင်းအတွက်ကြောင့် ကျင်ကိုင်ရေ လူစွာ ကျင်ကိုင်နည်းပညာ၊ ကျပ်ခြင်းတိကို တတ်ကျွမ်းဖို့လိုရေပိုင်၊ ကိုယ်ကာယလေ့ အထိုက်အလျောက် သန်မာဝဖြိုးဖို့လိုပါရေ။ ယေနန့်ဖြစ်လို့ ကျင်ကိုင်ရေ လူတိစွာ အားလုံးနီးပါး သန်မာကတ်တေ။

ယေဖူးနန့်သူရို့ကို ''ကျင်သန်''လို့ ခေါ်ကတ်စွာ ဖြစ်ပါရေ။ ကျင်ပွဲတိမာ ကျင်ထွက်ကိုင်ရေ လူ ဇာလူကို မဆို အားလုံးသိမ်းကျုံးလို့ ''ကျင်သန်''လို့ ခေါ်ပါရေ။

ကျင်ပညာကောင်းထိ မကြွယ်ဝသီး၊ အသက်အရွယ်ကလေ့ငယ်နသီးရေ။ ငွီမောင်းတန်း (အငယ်တန်) မာ ဝင်ကိုင်ခရေ အသျှေတိဆိုတေ ''ကျင်သန်သျှေ''လို့ ခေါ်ပါရေ။ ''မင်္ဂလာကျင်'' မာ ဝင်ကိုင်ရေ အလေသျှေတိလေ့''ကျင်သန်သျှေ''တိပါဗျာယ်ယေ။

ပွဲအတွိအကြိုလေ့များ၊ ပညာရည်လေ့ဝ၊ အားခွန်ဗလလေ့ ထောင်ထောင်မောင်းမောင်း ဟိန်းလို့ ထိီးလို့ဆိုကေ ''ကျင်သန်ကြီး''လို့ ဆိုနိုင်ပါရေ။ အထူးသဖြင့် ရှီမောင်တန်း(ပထမတန်း) ကျင်သန်တိဆိုကေ''ကျင်သန်ကြီး'' တိပင် ခေါ်ကတ်ပါရေ။ (ဒေဂုကား ရှီမောင်းတန်းကျင်သန် တိလေ့ အလျင်ကပိုင် ကြီးကြီးမားမား နည်းလာပါဗျာ။)

''ကျင်သန်ကြီး'' လို့ အခေါ်ခံရရေ ကျင်သန်ရေ ကျင်ပွဲပေါင်းများစွာ ကိုင်ဗျာ ရှီမောင်း၊ ငွီမောင်းတိ အသင့်အတင့်ရဖူးရပါဖို့။

''ပြည်ကျင်သန်'' ဆိုစွာကတော့ အထွဋ်အထိတ်ပါဗျာယ်။ ကျင်သန်ကြီးတိုင်းကို ပြည်ကျင်သန်လို့ မဆိုနိုင်ပါ။ အတတ်ပညာ ပါရမီထူးခြားပြည့်စုံသူ၊ ခွန်အားဗလထူးခြားဖွံ့ဖြိုးသူ၊ သတ္တိဇွဲတွိထူးခြားပြောင်မြောက်သူ၊ စိတ်ဓာတ်မြင့်မြတ်ရိုးသားခိုင်မာသူမျိုးကိုရာ''ပြည်ကျင်သန်'' လို့ ခေါ်နိုင်ဖို့ထင်ပါရေ။

''ပြည်ကျင်သန်''ဆိုစွာ ရခိုင်ပြည်အနှံ့ကို ပတ်လို့ ကျင်ကိုင်ဗနာရှီမောင်းတိ အများကြီး ရရေ ကျင်သန်မျိုး။ ပွဲမရှုံး၊ တာမရှုံးလားကိုင်ဝံ့ရဲရေ ကျင်သန်မျိုး။ ရှုံးပွဲနည်းပြီးကေ နိုင်ပွဲများရဖို့။ ပရိတ်သတ်အားပီးမှု အပြည့်အဝဟိရဖို့။

ပွဲတိုင်းမာ နာမည်ကြီး လူသိများရေ ကျင်သန်မျိုးဖြစ်ရဖို့။ ခွန်အားနန့် ပညာအရာမာ ပြည်သူတစ်ရပ်လုံးက ချီးမွမ်းလေးစားလောက်တေ၊ အံ့ဩလောက်တေ ကျင်သန်ကြီးမျိုးကိုရာ ''ပြည်ကျင်သန်'' ခေါ်စွာဖြစ်ပါရေ။

ပြည်သူရှိနှုတ်ဖျားက ချမထားလောက်ယောင် နာမည်ကြီးရေ၊ အားနန့်ပညာအရာမာ ထင်ရှားရေ ပုဂ္ဂိုလ်မျိုးပါလေ။

''ပြည်ကျင်သန်'' ဆိုစွာ ပြည်သူ့ကျင်သန်ပါဗျာယ်။ တစ်ပြည်လုံးမှာ ထင်ရှားရေကျင်သန်

ပါဗျာယ်။ ဇာအဖွဲ့အစည်းကမှ သတ်မှတ်ပီးရေ ဘွဲ့မဟုတ်ပါ။ ပြည်သူပရိတ်သတ်ရို့က အလို အလျောက် ကင်ပွန်းတပ်ပီးလိုက်တေ ဘွဲ့နာမည် တစ်လုံးရာဖြစ်ပါရေ။ ကျင်ပရိတ်သတ်ပြည်သူရို့ တပ်ဆင်ပီးရေ ဘွဲ့တံဆိပ်တစ်စုံရာ ဖြစ်ပါရေ။

ဟုတ်ပါဗျာယ်...။

ကျင်သန်တိ ကျင်ကိုင်ကတ်တေ။ အားကိုသုံးလို့ လုံးကိုင်ကတ်ရရေ ပညာမပါကေဝါ။ အထက်က ပြောခပြီးပါယာ။ မရပါ။ အားလိုရေပိုင် ပညာလေ့ ဟိဖို့လိုပါရေ။ ကျင်ပညာဆိုစွာ ဇာပိုင်ပညာလေ။

နည်းစနစ်ဟိလို့လား။ မီးစရာ ဟိပါလိမေ။

ကျင်ပညာရေ နည်းစနစ်တကျနန့် နက်နဲသိမ်မွေ့ရေ အမျိုးသားအားကစပ်နည်း တစ်ရပ် ပါလို့ အခိုင်အမာပညာရပ်လို့ ပြောနိုင်ပါရေ။ ပြောဝံ့ပါရေ။

ဇာပိုင်ယှောင် နက်နဲသိမ်မွေ့ရေ အားကစပ်နည်းရောင်.......။

## ကျင်ပညာ၏ နက်နဲသိမ်မွေ့မှု

ကျင်ပညာ အတိမ်အနက် စိကေသျှေ အရိပ်မပြခကေ တချို့ကအကောင်းမြင်ကတ်ဖို့ မဟုတ်ပါ။ ''ကြမ်းပိုးကို လိပ်ဖြစ်ယှောင်လုပ်ပြနီရေ''လို့ မသိရေလူတိက ထင်ချင်ထင်ကတ်ဖို့။

ဂနိခါ အားကစပ်နည်းပညာတိအဖြစ် ကမ္ဘာမှာ ရီပန်းစားနိန်ရေ လက်ဝှေ့ ကရားတေးဒို သိုင်း၊ ကစ်ဘောက်(စ်)ဆိန် .....အစဟိရေ အတတ်ပညာတိစွာ အပြင်းစားနည်းတိလို့ ဆိုနိုင်ပါရေ။

ကျင်ပညာစွာ ယင်းပိုင်ယှောင် မပြင်းပါ၊ မကြမ်းပါ၊ ယင်းအားကစပ်နည်းတိထက် နူးညံ့ ပျော့ပျောင်းညင်သာရေ၊ သိမ်မွေ့ရေ အနုစားပညာရပ်လို့ ပြောနိုင်ပါရေ။

ဇာကြောင့်လေး ....

ဇာကြောင့်ဆိုကေ ကျင်ပညာမှာ အတိုက်အခိုက်၊ အထိုးအခတ် အသတ်အပုတ်ပုံစံမျိုး၊ ခြီနန့်ကျောက်ပစ်၊ တိုက်ပစ်တေပုံစံမျိုးတိ လုံးဝမပါဝင်ပါ။ ယင်းပိုင်သျှောင် မသုံးရ မလုပ်ရပါ။ ဂျူဒို၊ နပန်းပညာတိထက်တောင်မှ ကျင်ပညာက အန္တရာယ်ကင်းရေ၊ နက်နဲရေ ပညာတစ်ရပ် လို့ ဆိုချင်ပါသီးရေ။

ဥပမာ– ဂျူဒိုမှာ အင်္ကျီကို ဖမ်းဆွဲချုပ်ကိုင်လို့ ပစ်ချ၊ ချုပ်မိထားခွင့်ရစွာမျိုးတိ တွိရပါရေ။ ကျင်မှာ အင်္ကျီမပါ။ ဒယောကိုလေးသော့ ဖမ်းမဆွဲရ၊ ခါးအောက်ပိုင်းကို ဆွဲကိုင်ခွင့်မဟိ၊ ကျင်ပညာရေ တိုက်ခိုက်ရေးပညာမဟုတ်ဘဲ အားကစပ်ပညာရပ်သတ်သတ်ရာဖြစ်တေ၊ ချုံသုံးသပ်ကြည့်ကေ....

(၁) ကျင်ပညာရေ ပြင်းပြင်းထန်ထန် ထိုးကြိတ်၊ သတ်ပုတ်၊ ကျောက်ကတ်ဖနာ တစ်ဖက် လူအနာတရဖြစ်အောင် ကြံဆတိုက်ခိုက်တေနည်း ပညာရပ်မဟုတ်။ ဂေါင်း၊ဒူး၊

တန်းတောင် ရှိနန့်လေ့ ထိုး၊ တိုက်စွာမျိုး လုံးဝမပါဝင်။

(၂) ကျင်ပညာမာ အဖမ်းသားအနီနန့် လက်နန့်ခြီကို ထိုး၊ သတ်၊ ကျောက်၊ ပုတ်ဖို့အတွက် မသုံးရ။ ဆွဲဖမ်း၊ ယူငင်၊ ပေါက်၊ ချိတ်၊ ပင့်ကော်၊ လိမ်ကျစ် ပစ်ကျဖို့အတွက်ရာ အသုံးပြု ရရေ။ နာကြင်ကျိုးပဲ့ယောင် တမင်လုပ်ပိုင်ခွင့် လုံးဝမဟိ။

(၃) အခံကျင်သန်မာလေး အဖမ်းသားက ဆွဲငင်လိမ်ကျစ်၊ ပေါက်ချိတ်လာကေ နည်းလမ်း တကျ ယှောင်ထွက်ဖို့၊ တန်ပြန်ပစ်ခါချဖို့၊ ချွတ်ထုတ်ပစ်ဖို့ အတွက်ရာ ခြီလက်ကို အသုံး ချရစွာ ဖြစ်တေ၊ နာကြင်ကျိုးပဲ့ယောင် ကြံစည်တုံ့ပြန်ခွင့် လုံးဝမဟိ။

(၄) ကျင်ပညာရပ်မာ အဖမ်းကျင်သန်က ဇာလက်ကို ဖမ်းလိမ်ကေ၊ အခံကျင်သန်အနီနန့် ဇာပိုင်ဇာပိုင် ဆီးတားဖမ်းကိုင်ရဖို့၊ အဖမ်းသားက ပစ်ချဖို့အတွက် လက်ကို ဆွဲယူဗျာ၊ မောင်း။ လှန်၊ မောင်းလိမ်၊ မောင်းသတ်လာကေ အခံသားက ဇာပိုင်ချွတ်ထုတ်ရဖို့၊ ကာကွယ်ရဖို့၊ လည်ကုပ်ကို ဖမ်းဖိဆွဲလာကေကား၊ ဖိဆွဲထားရေ အဖမ်းသားလက်ကို အခံသားက ဇာပိုင်ပုံစံ ပြန်ကိုင်ထားရဖို့ဆိုရေ အပြန်အလှန် ကိုင်ပုံကိုင်နည်းတိ စနစ်တကျ ဟိပါရေ။

(၅) အဖမ်းသားဘက်က ဆွဲနည်း၊ ဖမ်းကိုင်နည်း၊ ပေါက်၊ ချိတ်၊ လိမ်ကျစ်နည်းတိ၊ ပစ်နည်းတိ အမျိုးမျိုးဟိရေပိုင်၊ အခံသားဘက်ကလေ့သော့ ချွတ်နည်း၊ ပစ်နည်း၊ ခါနည်း၊ ပြန်ကိုင် နည်း၊ အပြန်ပစ်နည်းတိ ဟိပါရေ။

(၆) ကျင်ခြင်း၊ ကျင်ကွက်(ကျင်ကိုင်နည်း)တိ စနစ်တကျ ဟိပါရေ။

ယေနန့် ကျင်ပညာစွာ နက်နဲသိမ်မွေ့ပြီးကေ စနစ်တကျ ဖွဲ့စည်းဆင်းသက်လာရေ အားက စပ်နည်းပညာရပ်ပင် ဖြစ်ပါရေ။ အခြင်းအကွက်တိနန့် တည်ဆောက်ထားစွာပါ။ ဇာပိုင် အခြင်း၊ အကွက် တိလေး။

## ကျင်ခြင်းများ(ကျင်ကိုင်နည်းများ)

ကျင်စည်းကမ်း(၂) နန့် ကျင်ခြင်းပေါင်း(၃၀)ဟိရေလို့ စာထဲမာ တွေ့ရပါရေ(*)။ ကျွမ်းပစ်၊ ဝုပ်ချိုး၊ ကြောင်လိမ်၊ ဘယ်တင်ပစ်၊ ညာတင်ပစ်၊ ခြီချင်းရိုက်၊ ပေါက်စက်ကွင်း၊ တစ်ပင်သန်း၊ မောင်းပစ်၊ ခါးပုတ်သတ်၊ လက်ဖျားဆွဲ၊ ခွာတင်စည်း၊ မောင်းထောင်နင်း(+)…ယင်းပိုင်ယှောင် ကျင်ခြင်းတိ ဖော်ပြထားစွာ လေ့တွေ့ရပါရေ။

---

(*) ၁။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ယဉ်ကျေးမှုကဏ္ဍ)
၂။ ပြည်ထောင်စုပွဲဝင် ရိုးရာရခိုင်သီချင်းများ
၃။ ရခိုင်သုတအဘိဓာန်

(+) ပြည်နယ်ဖြစ်စဉ်သမိုင်း(ပဥ္စမတွဲ) စာ–၃၃။

ကျောင်ခြင်း၊ ကျောင်ကိုင်နည်းတိကို ကွင်းဆင်းလေ့လာမှတ်သားစုဆောင်း သုတေသနပြုနိုင်မှရာ ကျောင်ခြင်းတိ အများကြီး စုမိနိုင်ပါဖို့။ ကျောင်စည်းကမ်းတိလေ့ တပြည်းညီ စုဆောင်းသတ်မှတ်နိုင်ပါဖို့။ ပြည့်ပြည့်စုံစုံလေ့ဖြစ်လာပါဖို့လေ။

အဂုအေစာရီးသူမှာ ကျောင်ခြင်း၊ ကျောင်ကွက်၊ ကျောင်ကိုင်နည်းတိ စုစည်းရီးထားစွာ သင့်ရုံဟိနီပါဗျာယ်။ ကျောင်ခြင်း သုံးဆယ်မကပါ။ ယေဒါလေ့သော့ အထက်ဖော်ပြထားရေ ကျောင်ခြင်းထဲက''ပေါင်စက်ကွင်း''ဆိုရေ ကျောင်ခြင်းကို အကျွန်မကြားဖူးသိ၊ မသိသီးပါထော၊ ဒေသတစ်ခုနန့် တစ်ခု အခေါ်ကွဲလို့လား။

''ဘယ်တင်ပစ်၊ ညာတင်ပစ်'' ဆိုစွာလေ့ဇာလေး။ ဘယ်ခါးစောင်း၊ ညာခါးစောင်းမာ တင်ထိုးလို့ ပစ်တေနည်းကို ခေါ်စွာလား။ ''မောင်းပစ်'' ဆိုစွာက ဝါ....။ မောင်းကိုဆွဲလို့ ပစ်တေနည်းလား။ စိစစ်စရာတိပါ။

မောင်းကိုဆွဲစွာ၊ လိမ်စွာ၊ ပြန်စွာ၊ လှန်စွာ၊ သတ်ထားစွာ အမျိုးမျိုးဟိပါသိရေလေ။''ခါးပုတ်သတ်''ဆိုစွာလေ့ အသံကိုလိုက်ပြီးထားစွာရာဖြစ်ပါဖို့။ ခါးကို ပုတ်သတ်ခွင့်ကား မဟိပါ။ ''ခြီပေါက်သတ်'' ရာ ဖြစ်ပါရေ။ ''ခြီချင်းရိုက်'' ဆိုစွာလေသော့ ''ခြီပြားသတ်''နည်းရာဖြစ်ရပါဖို့။

ယေနန့်ကျောင်ခြင်း အခေါ်အဝေါ်တိ ဒေသနစ်ခုနန့်တစ်ခု ဇာပိုင်ခြားနားနိန်လေ။ အခေါ်အဝေါ်၊ အသုံးအနှုန်း၊ ကိုင်ပုံကိုင်နည်း၊ စည်းမျဉ်းစည်းကမ်းတိကို တိတိကျကျ ဖြစ်ယောင် ကွင်းဆင်းလေ့လာခွင့်ရဖို့ လိုပါရေ။

မှတ်တမ်းတင် ဓာတ်ပုံတိနန့် အားဖြည့်နိုင်မှလေး ပိုပြည့်စုံပြီးကေ သိလွယ်နိုင်ပါဖို့။ အေအလုပ်က ကြီးမားရေ အလုပ်ကြီးတစ်လုပ် ဆိုစွာသဘောပေါက်ကတ်ပါသိလိမ့်မေ။ ပေါ့ပေါ့သျှေမဟုတ်ပါ။

နိဂုံးပိုင်းအနီးနန့် ကျောင်ကိုင်နည်းတိ၏ အခြီခံသဘောလျောက်ကို စိကေတင်ပြပါမေ။

ကျောင်ကိုင်စွာမာ အဖမ်းသား(အဖမ်းကျောင်သန်)၊ အခံသား(အခံကျောင်သန်)လို့ ဟိစွာကိုအားလုံးသိပြီးသားပါ။ အဖမ်းသားက လက်ကာပြီးကေ ဖမ်းရေ။ အခံသားက လက်ကိုကုတ်၊ ကပ်၊ တောင့်ပြီးကေ ခံပီးရေ။

အဖမ်းသားက စပြီးကေ လုံးဖမ်းခြီတင်ပေါက်၊ ချိတ်၊ ပစ်ချရရေ။ ကျောင်ခြင်း ကျောင်ကွက်တိနန့် ပစ်ချနိုင်ရေ။ အခံသားက စလို့ခြီမသုံးရ၊ ပစ်မချရ။ အဖမ်းသားက ခြီတင်လာဗျာ ဆိုကေတော့ခါ အခံသားမာ ယှောင်ထွက်ခွင့်၊ ချွတ်ထွက်ခွင့်၊ ခါခွင့်၊ တန်ပြန်ပစ်ချခွင့် အခွင့်အရေးတိရလာပါရေ။

ယေဇူနန့် ကျောင်မာ အဖမ်းသား၏ ကျောင်ကိုင်နည်းတိနန့် အခံသား၏ ကျောင်ကိုင်နည်းတိ သီးခြားစီဟိပါရေ။ အဖမ်းသား၏ အခွင့်အရေးက အခံသား၏အခွင့်အရေးထက် ပိုများစွာကိုတွိရပါရေ။ အဖမ်းသား၏ ကျောင်ကိုင်နည်းတိက အခံသားတိ၏ ကျောင်ကိုင်နည်းတိထက်ပိုများစွာကို

လေ့တွိရပါရေ။

အခံသားတိ၏ ခုခံကာကွယ်နည်းတိက အဖမ်းသား၏ ကိုင်နည်းတိထက် ပျောက်လွယ်နိုင်ပါရေ။ နိုင်ဖို့အရေးကိုရာ အဓိကအာရုံစိုက်ကတတ်စွာပါကိုး။

အဖမ်းသား၏ ကိုင်နည်းတိကိုရာ ကျင်သန်တိက အဓိကလေ့ကျင့်တတ်ပြီးကေ အခံသား၏ ခုခံပုံ၊ ကာကွယ်နည်း၊ ပြန်ပစ်နည်းတိကို လေ့ကျင့်အာရုံစိုက်မှုက အားနည်းတတ်ပါရေ။ ယေဖူးနန့် အခံနည်းတိကို စနစ်တကျ ဖော်ထုတ်စုစည်းသင့်ပါရေ။

အဖမ်းသား၏ ကျပ်ခြင်း၊ ကျင်ကိုင်နည်းတိမာ လက်ချည်းသက်သက် သုံးလို့ပစ်ချရေနည်းတိ၊ ခြီချည်းသက်သက်သုံးလို့ ပစ်ချရေနည်းတိ၊ လက်နန့်ခြီကို တွဲသုံးပစ်ချရေနည်းတိ ဆိုပြီးကေ အပိုင်းသုံးပိုင်းခွဲခြားပါရေ။

အေအပိုင်းသုံးပိုင်းမာ လက်ပါခြီပါတွဲလို့ပစ်တေကျင်ကိုင်နည်းတိကအများဆုံးပင်ဖြစ်ပါရေ။

လက်သတ်သတ်နန့် ဆွဲဖမ်းကိုင်တွယ်နည်းတိမာလေ့ နည်းစနစ်ဟိပါရေ။

မောင်းဆွဲ၊ မောင်းလိမ်၊ မောင်းသတ်။ မောင်းလှဲ၊ မောင်းပြန်၊ မောင်းဖွင့်၊ မောင်းထမ်း၊ ဂုပ်ဆွဲ၊ ဂုပ်သတ်၊ ဂုပ်ချိုး၊ ခွာတင်စည်း၊ ငုံ့ခါးဖမ်း(ငုပ်ဖမ်း)၊ မောင်းသတ်ခါးဖမ်း၊ မောင်းဆွဲခါးဖမ်း ...ယင်းပိုင်နည်းမျိုးစုံ ဟိပါရေ။

ခြီကိုသုံးလို့ ပစ်ချရေ နည်းစနစ်တိမာလေ့သော့ ခြီထိုး၊ ခြီနင်း၊ ခြီပေါက်၊ ခြီချိတ်၊ ခြီပြားသတ်၊ ခြီလိမ်၊ ခြီကျစ်၊ ပေါင်မြှင့်(ပေါင်ထမ်း)၊ ခြီကော်၊ ဒူးကန်...နည်းမျိုးစုံဟိပါရေ။

လက်သတ်သတ်၊ ခြီသတ်သတ်ကိုသုံးလို့ ပစ်ချရေနည်းတိ။ အခံသား အရိပ်မကျ၊ သတိမထားမိခင်မာ ဖြုန်းခနဲ ဖြတ်ခနဲ လျှပ်တပြက်ပစ်ချနိုင်ရေ နည်းတိဖြစ်ပါရေ။ များသောအားဖြင့် လက်ပါခြီပါ အသုံးပြုကိုင်စွာက များပါရေ။

လက်ကိုင်တွယ်ပုံနည်းစနစ်တိနန့် ခြီပေါက်၊ ချိတ်၊ လိမ်ကျစ်ပုံ နည်းစနစ်တိကို ပေါင်းစပ်ပနာ ကျပ်ခြင်း ကျင်ကွက်တိ ပြောင်းလဲပေါ်လာပါရေ။ ခြားနားရေ ကျင်ကွက်တိကို ရလာပါရေ။ အေယှင့်ကဲ အဖမ်းသားကျင်သန်၏ကျင်ကိုင်နည်း အခြင်း၊ အကွက်သဘောတရားအခြီခံပါဗျာယ်။

အခံသားမာကတော့ ထိန်းကိုင်နည်း၊ ခုခံကာကွယ်နည်း၊ ယှောင်ထွက် ချွတ်ထွက်နည်း၊ ပြန်ခါနည်း၊ ပြန်ပစ်နည်းနန့် အပြန်ပစ်နည်းတိ ဟိကတတ်ပါရေ။ အပြန်ပစ်နည်းဆိုကေ အခံကျင်သန်ရို့အတွက် လျှို့ဝှက်ခက်ခဲနက်နဲရေ ပညာတစ်ရပ်ပင်ဖြစ်ပါရေ။

အေလျောက်ဆိုကေ ကျင်ကိုင်နည်း၏ အခြီခံသဘောကို ရိပ်မိလောက်ပါယင့်။

အခွင့်အခါသင့်ကေ ကျင်ကိုင်နည်းတိအကြောင်းကို အကျယ်တဝင့် ယှင်းပြနိုင်ယောင် ကြိုးစားကြည့်ပါမေလို့ .....။

ခိုင်ကျော်(ဥပဒေ)
၂၀–၁၀–၉၇

# အသွင်ထူးခြားသည့် ရခိုင်သာခြင်း ကဗျာ

ရခိုင်စာပေလောကတွင် ထင်ရှားသည့် 'အခြင်း' တစ်မျိုးမှာ 'သာခြင်း'ကဗျာဖြစ်သည်။ သာခြင်းကဗျာများသည် ရခိုင်တို့၏ 'အသွင်ထူးလက္ခဏာ'ကို ဆောင်လျက်ရှိသည်ဟုလည်း ဆိုကြသည်။

'ရခိုင်သာခြင်းကဗျာ'များသည် ပဒေသရာဇ်နားတော်သွင်း ဖျော်ဖြေစာများအဖြစ် နန်းတွင်း၌ ဝင်ဆံ့သကဲ့သို့ တောင်သူလယ်လုပ်၊ ဓားမခုတ်၊ လက်လုပ်လက်စား တောနေလူတန်းစားတို့ အကြား၌လည်း ပျံ့နှံ့စိမ့်ဝင်ခဲ့သည်။

တစ်ချိန်သောအခါက သာခြင်းတတ်များက အခကြေးငွေရယူ၍ အရပ်တကာ လှည့်လည်ကာ သာခြင်းသီဆိုခြင်း၊ သာခြင်းဟောခြင်းများ ပြုလုပ်လေ့ရှိခဲ့ကြသည်။

''အသက်မွှေးရန်၊ ဥာဏ်နန့်ကြံကေ၊ အသံနန့်ရင်း၊ အများတကာ၊ နားသောတမှာ၊ နာပျော်ညင်းအောင်၊ သာခြင်းကိုသင်၊ ဆရာသျှင်မှာ ၊ စုံလင်ပြည့်ဝ၊ သစ်ပြလီပြန်၊ စ မကျန်ကေ၊ အကုန်ရက၊ ခနကြေးငွေ၊ ရချင်ပေ၍၊ ပြည်ကိုလှည့်ပတ်၊ ညှိုးမသုန်ကေ၊ ဂုဏ်သတင်းနန့်၊ သာခြင်းဟု ၊ ရပ်အဖြာဖြာ အရွာရွာမှာ၊ ပျော်ပါတုံလျက် .....''

ဤကဲ့သို့ အခကြေးငွေယူ၍ သာခြင်းဆိုခြင်း၊ သာခြင်းဟောခြင်းဖြင့် အသက်မွေးဝမ်းကျောင်းခြင်းကို အမျိုးသားများသာမက အမျိုးသမီးများကပါ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

''အသက်မွှေးရန်လေ၊ ဥာဏ်နန့်ရင်းလို့ ၊ သာခြင်းကိုသင်၊ ပြည်ကိုလှည့်ပတ်၊ သူမြတ်ရို့ထံ၊ အသုံးခံကေ၊ အကျွန်မေမှာ၊ အတန်ကြာလို့.....''

သာခြင်းတတ်များ၏ လှည့်လည်သီဆိုဖျော်ဖြေမှု၊ သာခြင်းဟောမှုများကြောင့် သာခြင်းကဗျာများသည် ပြည်သူတို့၏ အကြားသို့ စိမ့်ဝင်ပျံ့နှံ့မှု ရှိခဲ့ပေသည်။

''မေရို့မှာလေ၊ ပျော်ပါကတ်တေ၊ ပျိုလုံမေလေ၊ အရွယ်ချင်းချင်း၊ ရွဲ့သားခြင်းနန့်၊ လမင်း

စန္ဒာလောင်းရိပ်သာတွင်ပျော်ရာတစ်ကြောင်း၊ မေရှိမှာလေ၊ဖော်အပေါင်းနန့်ဆန်မောင်ထောင်းရေ”

သာခြင်းကဗျာများသည် ထီးသုံးနန်းသုံး တော်ဝင်အဆင့်မှသည် ကျေးလက်ကဗျာများအဖြစ် တွင်ကျယ်စွာ နေရာယူလာခဲ့သည်။

ရခိုင်ပြည်သူတို့နှင့် ပြည်သူတို့၏ မိခင်များ၊ နှုတ်တက်ရွရွအားရပါးရ သီဆိုကြ၊ ကလေးချော့ကြသည့် တေးကဗျာများမှာ သာခြင်းသံ၊ သာခြင်းကဗျာများကသာ လွှမ်းမိုးနေခဲ့သည်။

ကလေးသူငယ်များ၏ ပါးစပ်ဖျားတွင်လည်း သာခြင်းသံ၊ လူငယ်လူရွယ်တို့ ပါးစပ်ဖျားတွင်လည်း သာခြင်းသံ၊ လူကြီးပိုင်း၊ အရွယ်တွင်လည်း သာခြင်းသံ စသည် စသည်ဖြင့် သာခြင်းသံများ ရခိုင်ပြည်နေရာအနှံ့အပြား၌ နေရာယူခဲ့ကြသည်။

ကလေးသူငယ်များ၊ ကလေးမိခင်များ၊ သာချော့ရင်း ရွတ်ဆိုကြသည်ကို ယာဉ်းသာခြင်း၊ လူငယ်လူရွယ်တို့ ပါးစပ်ဖျားတွင်မူ (အထူးသဖြင့်) မိန်းကလေးငယ်များ၏ ပါးစပ်ဖျားတွင်မူ ကျေးလက်တေးသာခြင်း၊ လူကြီးများအဖို့တွင်မူ ဗုဒ္ဓဝင်ဖြစ်စဉ်တော် သာခြင်း ဟောစာများ လွှမ်းမိုးခဲ့သည်။

ညအခါ လသာသာတွင် လူများစုဝေး၍ သာခြင်းဟောသည်ကို ကျေးလက်တောရွာများတွင် စုဝေးနားထောင်လေ့ရှိခဲ့ကြသည်။

ရခိုင်တို့တွင် ‘ချေခြင်း၊ တမ်းခြင်း၊ အန်ခြင်း၊ သာခြင်း၊ တေးခြင်း၊ တုံးခြင်း၊ ဟန်ခြင်း၊ သိုင်းခြင်း၊ လွမ်းခြင်း၊ နတ်ခြင်း၊ ပန်းတျာခြင်း၊ ဧည်ခြင်း၊ ပင့်ကူခြင်း’...စသည့်ကဗျာအဖွဲ့အနွဲ့ဆိုင်ရာ ‘အခြင်း’အမျိုးမျိုးရှိသည့်အနက် ‘သာခြင်း’ ကဗျာအဖွဲ့အနွဲ့မှာ ပြည်သူနှင့် အနီးစပ်ဆုံး အဖွဲ့အနွဲ့ပင်ဖြစ်နေပေသည်။

ထို့ကြောင့်ပင် သာခြင်းကဗျာများသည် ရခိုင်တို့၏ ထူးခြားသော လက္ခဏာဆောင်သော (ဃ့မေခေအနမဂ္ဂအငခ)အဖွဲ့တစ်ခုဖြစ်ကြောင်း ပညာရှင်တို့ ဆိုခဲ့ခြင်းဖြစ်ဟန်တူပေသည်။

ရခိုင်တို့၌ အစောဆုံးတွေ့ခဲ့ရသော သာခြင်းကဗျာမှာ မြောက်ဦးခေတ်၊ မင်းဗာဘုရင် (ကောစာ ၈၉၃–၉၁၅)လက်ထက်က ပညာရှိအမတ် ဝိမလ ဖွဲ့ဆိုခဲ့သော သတ္တာထာနု၊ ကော်ကာနု စသည့်အနဇာတ်ဖွဲ့ သာခြင်းများဖြစ်သည်။

ပညာရှိဝိမလအပြင် နောက်ထပ်တွေ့ရသော သာခြင်းစာဆိုများမှာ စာဖတ်တတ် ဦးဒိုးဝေ၊ လောကမာန်အောင် ဆရာတော်၊ ကင်းဆရာ၊ ဝါးကျောင်းဆရာ၊ ဆရာမောင်သာအောင်၊ ဆရာမောင်ယောက်ကေ၊ သစ်ကတိုးဆရာ၊ ဆရာနန္ဒ၊ ဆရာထွန်းလှ၊ တန်ခိုးဆရာထွန်း၊ ရွာချောင်းကြီးဆရာဦးအောင်ထွန်း၊ သာချမ်းဦးဇ စသူတို့ဖြစ်ကြသည်။

စစ်ကြိုခေတ် ထင်ပေါ်ခဲ့သည့် စာဆိုများမှာ တန်ခိုးဆရာထွန်းနှင့် ဆရာဦးအောင်ထွန်းတို့ဖြစ်ကြသည်။

ယင်းဆရာများ၏ သာခြင်းစာများကား ရခိုင်တို့နှင့် သာခြင်းဟောစာများ ကွင်းဆက်မပြတ်

အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါစာဆိုများသည် ဇာတ်ဝတ္ထုများကို သာချင်းဟောစာများအဖြစ် ရေးဖွဲ့ခဲ့ကြသည်။ တစ်ဦးမှတစ်ဦးသို့ ပို့သောမေတ္တာစာများကို သာချင်းကဗျာများဖြင့် ရေးပို့ခဲ့ကြသည်။

သို့သော် အမည်မသိ စာဆိုများ၏ ယဉ်းသာချင်းခေါ် ကျေးလက်တေးကဗျာများကိုလည်း ကျေးလက်များတွင် ရွတ်ဆိုကြသည်ကို ကြားခဲ့ကြရသည်။ ကျေးလက်တေးကဗျာများမှာသာချင်းတိုကလေးများ ဖြစ်လေသည်။

သာချင်းကဗျာများ၌ ပါဒခြား၍ လေးလုံးသီ ကာရန်ယူရသည်။ ကာရန်ကို ပါဒခြားကောက်ယူရသည်။ လေ့လာကြည့်ရာ တစ်ပါဒခြား၊ နှစ်ပါဒခြား၊ သုံးပါဒခြား၊ လေးပါဒခြား ကာရန်ယူထားသည်ကို တွေ့ရလေသည်။

**ပုံစံ(၁)တစ်ပါဒခြား**

လက်ကောက်'ကြပ်'၊ ကိုယ်သဇင်မှာ)
ဆင်ကာ'ဝတ်' ကေ...၊
(တစ်ပါဒခြား၍ ကြပ်နှင့်ဝတ် ကာရန်ယူထား)

**ပုံစံ(၂) နှစ်ပါဒခြား**

ရန်စစ်အောင်'မြင်' (မြို့ဇေယျုံလေ၊ မြို့ဘုမ္မိ၌)
ဇောဓိ'ပင်'ဝယ်....
(နှစ်ပါဒခြား၍ မြင်နှင့်ပင် ကာရန်ယူထား)

**ပုံစံ(၃) သုံးပါဒခြား**

အရိယာ'စစ်'၊ (သုဒ္ဓိဖြူစင်၊
မြူမတင်လေ၊ မှုင်မသန်းကေ)
စွမ်းမ'ညစ်'ဘဲ.....
(သုံးပါဒခြား၍ စစ်နှင့် ညစ်ကာရန်ယူထား)

**ပုံစံ(၄) လေးပါဒခြား**

မယ်ထွီးမ'ရှင်' (စက်ဘုံသာကေ၊
အိပ်ရာတွင်းမှာ၊ ညှင်းညှင်းသိမ့်သိမ့်
တစိမ့်စိမ့်ကေ) ချမ်းစိမ့် 'ဝင်'ရေ....
(လေးပါဒခြား၍ ရှင်နှင့်ဝင် ကာရန်ယူထား)

**ရခိုင်သားကြီးစာပေ**

ဤနေရာ၌ ပါဒခြား ကာရန်ယူထားသော်လည်း ကာရန်များကိုမူ ချိတ်ဆက်ထားသည်ကို တွေ့ရသည်။ ပုံစံ(၁)တွင် ကြားပါဒ ကိုယ်သဇင်မှာ၊ ဆင်ကာဝတ်ကေ ဆိုသည့်အပိုဒ်တွင် 'ဇင်'နှင့် 'ဆင်' ကာရန်ကို ချိတ်ဆက်ထားရှိသည်။

ထို့အတူ ပုံစံ(၄)၌ စက်ဘုံသာကော၊ အိပ်ရာတွင်းမှာ၊ ညှင်းညှင်းသိမ့်သိမ့်၊တစိမ့်စိမ့်ကော၊ချမ်း စိမ့်ဝင်ရေ ဆိုသည့်အပိုဒ်၌ ကာရန်များ လွှတ်မထားဘဲ ချိတ်ဆက်ယူလာကြောင်း တွေ့ရ သည်။

ဤသည်မှာ အစဉ်အလာကြီးသော ဟောစာ၊ စာပြောစာ၊ သာခြင်းကဗျာများ၌ ရေးသားစပ် ဆိုကြခြင်းဖြစ်သည်။ သို့ရာတွင် အမည်မသိ စာဆိုများ၏ ကျေးလက် တေးကဗျာများအား လေ့လာကြည့်ရာ ကာရန်ကို အလေးမထား။

အသံ၏သာယာမှု၊ ရွတ်ဆို၍ ကောင်းမှုတို့ကိုသာ အလေးထားစပ်ဆိုခဲ့ကြကြောင်း တွေ့ရှိရ လေသည်။

'နပျိုးသီးတျာတျာ၊ မှည့်လတ်ဗျာ၊
ကြာဇံလင်လျာ၊ ဆိုလတ်ဗျာ။
ထီးနှင့်ထမ်းစင်၊ အယင်ယူ'ခ'
(စံရဖွေ)အိမ်ဒေါက်'က'။
အိမ်ဒေါက်က အိမ်သျှင်၊ မှင်းကျိုးပင်
ပင်လယ်ပင်'စွပ်' (ကပိုင်ရွာမှာ)
လီသ'သွပ်'နန့် ......။

အထက်ပါ ကျေးလက်ကဗျာတွင် ပါဒခြားစာပိုဒ်များမှ ကာရန်များလွတ်နေသည်ကို တွေ့ရပေသည်။ သို့သော် ရွတ်ဆို၍ကောင်းသည်။ အသံသာသည်။

သာခြင်းကဲ့သို့ ယင့်၍ ယင့်၍ဆိုနိုင်သည်။ ထို့အတူ ရခိုင်သာခြင်းကဗျာများတွင် အသံထွက် အတိုင်း ကာရန်ယူထားသည်များကိုလည်း လေ့လာတွေ့ရှိရပြန်လေသည်။

* ဒုက္ခပင်'လယ်'၊ တောမြိုင်'ခြေ'မှာ
  တ'ဆွေ'မင်စာ....(လယ်၊ခြေ၊ ဆွေ)
* ဟင်းရွက်ဟင်း'ရည်'၊ သေလု'ဘွယ်'လျှင်
  ဖြစ်'လေ'သလား....(ရည်၊ ဘွယ်၊ လေ)
* လေးမျိုးမဟာ'ရာဇ်'၊ အချာ'စိုက်'၍
  'ရှစ်' ရဟန္တာ....(ရာဇ်၊ စိုက်၊ ရှစ်)
* ရောင်းချဝယ်ယူ၊ မြို့တော်'ဈေး'ရွာ
  သဲ'သဲ' ဆူကေ...(ဈေး၊ သဲ)
* သူဌေးတွင်ပေ၊ လင်မ'ယား'တို့

ပြော'ဟော'ခြင်းရာ....(ယား၊ ဟော)

* အမူအ'ရာ'၊ မိမာ'သာ'ကို

မြင်'ခေါ်'ကာလ....(ရာ၊သာ၊ခေါ်)

* မျက်နှာတွေ'သိန်'၊ ပုဏ္ဏ'မိန်'သို့

စုံ'ညီ'လှပ...(သိန်၊ မိန်၊ ညီ)

ကာရန်၏လွတ်လပ်မှုကို ရယူပြီး အသံကာရန်ဖြင့် ထိန်းကာရေးဖွဲ့ကြခြင်းပင် ဖြစ်လေသည်။ ၎င်းပြင် သာခြင်းကဗျာရှည်များ စပ်ဆိုရာ၌ တစ်ဆက်တစ်စပ်တည်း စပ်ဆိုခြင်းမပြုဘဲ အပိုင်းခွဲကာ စပ်ဆိုကြရလေ့ရှိသည်။

ထိုအခါမျိုးတွင် အချီပိုဒ်၊ အချပိုဒ်များ ရှိတတ်သည်။ အချီပိုဒ်များတွင် (၆)လုံး၊ (၅)လုံး၊ (၄)လုံး ချိထားသည်များကို တွေ့ရပြီး အချပိုဒ်များတွင်မူ လင်္ကာချိနည်း၊ ရတုချနည်းများဖြင့် ခလေ့၊ အဆုံးသတ်လေ့ရှိသည်။

ထို့အတူ အချနှင့် အချီကူးရာ၌ အကြောင်းအရာစကားလုံးကို ဆက်စပ်ကူးယူ ချိတ်ဆက်ထားကြောင်း တွေ့ရပြန်လေသည်။

(အချ) လင်သခင်နှင့်၊ တိုင်ပင်ပြောကေ
သဘောကြည်ဖြူ ကြည်ဖြူသောဝ်လေ။

(၆–လုံးချီ) သဘောမယေကြည်ဖြူ စိတ်ချင်းတူကေ
အလှူမဏ္ဍာပ်.....၊

(အချ) မိန့်ဘော်ထွေပြား၊ မိန်းလီငြားကေ
ပလ္လားဂုဏ်မာန်၊ တင်းတင်းတည်းလေ။

(၅–လုံးချီ) ပလ္လားယေဂုဏ်သံ၊ မိန်းလီပြန်ကေ
ကိုယ်ရံတော်တပ်.....၊

(အချ) မတ်တော်ဝန်တို့၊ စောင့်ဖန်သားနှင့်
ထားကြသည်လေ....၊

(၄–လုံးချီ) ထားကြလီလေ၊ ထိုသည်အခါ
သမီးတော်လျှင်......၊

ရခိုင်သာခြင်းကဗျာများကို လေ့လာသောအခါ စာဟောဆရာများ စာဟောနိုင်ရန် ဇာတ်၊ နိပါတ်တော်ဖွဲ့ သာခြင်းကဗျာရှည်များ၊ ဒန်းစီးပုခက်လွှဲသည့်အခါ သီဆိုကြသည့် ယာဉ်း(ယိုင်း) သာခြင်းတိုများ၊ ထင်းခွတ်၊ ဟင်းရှာ၊ ငါးဖမ်း၊ ဆန်မောင်းနင်းသည့်အခါ ဆိုသည့် ကျေးလက်တေးသာခြင်းများကို တွေ့ရသည်။

အဆိုပါ သာခြင်းကဗျာများသည် ရခိုင်ပြည်သူတို့အကြား ဖောက်စိမ့်ဝင်ရှိခဲ့ဖူးသည့် ကဗျာများဖြစ်ခဲ့သည်ကိုကား မှတ်တမ်းတင်ရပေလိမ့်မည်။

မောင်ကောက်စံ(ပြည်ရခိုင်)

# ရမ်းဗြဲကျွန်းမှ ရှက်ပုန်းသီး ဇမ်းကဗျာများ

စာရေးသူဇမ်းကဗျာများအကြောင်းကို ငယ်စဉ်က ကြားခဲ့ဖူးပေ၏။ ဆိုလည်း အနည်းအကျဉ်းဆိုခဲ့ဖူးပေ၏။ သို့သော် သဘောထားနှင့် အဓိပ္ပာယ်ကို လေးနက်စွာ မသိရခဲ့ပါ။ ဤဇမ်းကဗျာများသည် စာရေးသူတို့ ရမ်းဗြဲကျွန်းတွင် ယနေ့ထက်တိုင် တောရွာအနှံ့အပြားခေတ်စားနေတုန်းပါ။

များသောအားဖြင့် ဤကဗျာများသည် တောရွာတွေမှာသာ ခေတ်စားနေတာကို တွေ့ရ၏။ မြို့များမှာတော့ မတွေ့ရပါ။

အဓိကစာရေးသူအနေဖြင့် ဤကဗျာများသည် ဘယ်ခေတ်၊ ဘယ်ခုနှစ်က စတင်ပေါ်ပေါက်လာသည်ဆိုတာကို မသိရသေးပါ။ ဤကဗျာများသည် ရမ်းဗြဲကျွန်းသားတို့၏ တစ်ယောက်နှင့် တစ်ယောက် တီထွင်ဆိုထားကြသော ကဗျာများဖြစ်ကြသည်။ စာပေသုတေသီတို့ လေ့လာဖို့ကောင်း၏။

လူမျိုးတစ်မျိုး၏ သမိုင်းတစ်ကွေ့မှာ ဆန်းသစ်တီထွင်လာသော အရာများသည် နောင်အနာဂတ်တစ်လျှောက်တွင် သမိုင်းမှတ်တိုင်အဖြစ်နှင့် ပုံရိပ်ထင်ဟပ်လာနိုင်သလို ဤကဗျာများသည်လည်း မျိုးရခိုင်တို့၏ စာပေသမိုင်းတွင် တန်ဖိုးရှိလာမည်မှာ ဧကန်ပင်ဟု သတိပြုမိ၏။

အဘယ်သို့ပင်ဆိုစေ ဤဇမ်းကဗျာကိုတော့ စာရေးသူမိတ်ဆွေများထံ စေတနာကို ရှေ့တန်းတင် ဝါသနာကို အဓိကထား၍ အောက်ပါအတိုင်း ရေးဖွဲ့ပေးလိုက်ပါသည်။

မြင်လတ်တေမှာ၊ သန္ဓေတစ၊နတ်မျိုးနွယ်မှာ၊တည်နေရလို့၊အလှကုမ္ပဏီ၊ကုမ္မာရီလေ၊စုံညီလက္ခဏာ၊ လှချောရာမှာ၊ ပြောစရာမဟိ၊ ခြောက်ပြစ်သန့်စင်၊ မြူမတင်လေ၊ မြင်မဝနှင့် ပဥ္စကလျာ။

အသားမှာလေ၊ စကားဝါအဆင်း၊ မုက္ခဗိဝ္ဂါ၊ ကြာညိုပန်းသို့၊ ရန့်ဖြာလေ၊ အာခံတွင်းမှာ၊ ဝင်းဝင်းတောက်လို့၊ ကေသာညိုရောင်၊ ပိတုံးတောင်မှာ၊ သုံးတောင်ကကျူး၊ ခုနှစ်ထွာလေ၊

**ရခိုင်သားကြီးစာပေ**

ကျော်ကာကူးနှင့် နဖူးပါးပြင်၊ ကျောနှင့်ရင်မှာ၊ သဇင်ညွန့်ပွင့်၊ မျက်မှောင်တန်မှာ၊ ကိုယ်ဟန်လျကော၊ မိန်းမကျက်သရေ။

ကညာမေမှာ၊ စနေမြင်းဖြူ လုလောကီမှာ၊ ဂေါ်ရီကျူးနှင့် ငုံဖူးလည်းဆင်၊ နုရွှေရင်မှာ၊ ရှုမြင်မခမ်း၊ လှမျိုးစုံလေ၊ ယဉ်ပုံဖမ်းလို့ မြနန်းတောသူ၊ မောင့်ချစ်သူမှာ၊ မထူမပါး၊ သေးသွယ်သွယ်နှင့်၊ နွဲ့သည်ခါးမှာ၊ အသားအရေ၊ လှသက်ဝေမှာ၊ လက်ခြေဖြိုးသစ်၊ ဣန္ဒြေနှင့်၊ လွန်ပြေပြစ်လို့ ရိုးဆစ်မတင်၊ ပြစ်မမြင်အောင်၊ ကြံအင်ညီညွတ်၊ ငွေတောင်ပြိုလေ၊ မနော်နတ်သို့ သျှုတ္တာရအလို။

စာပြည့်ညွန်းနှင့်၊ ကျမ်းအလိုလေ၊ မပိုမလျော့၊ လှပမျက်နှာ၊ လစကြာလေ၊ ထွန်းပသော အလား၊ မျက်စပြုံးချို အမူပိုမှာ၊ လူပျိုအများ၊ ရူပါရုံကို၊ မြင်တုန်ငြားလို့ ဇောဘဝင်ခုံ၊ စိတ်အာရုံမှာ၊ တူစုံရောလို့ တစ်ဆောင်းခြုံဖျာ၊ ပေါင်းလုံချင်စိတ်၊ ကာမဂုဏ်လေ၊ အာရုံဟိတ်လို့ ယိုဘိမတတ်၊ ရသေ့ပျံလေ၊ ဈာန်ကြိုးပြတ်အောင်၊ နတ်မိမနေ၊ မောင့်ချစ်သူလေ၊ လူမကအောင်၊ လှတော့သည် လေ....လှတော့သည်။

အထက်ပါ ကဗျာများသည် မိန်းမသားတစ်ယောက်အား ဘယ်လောက်ထိ လှပသည်။ ဘယ်လောက်ထိ မက်မောစရာကောင်း၏ ဆိုတာကို စကားဝါပန်း၊ ငုံးပန်း၊ သဇင်ပန်း၊ ကြာပန်း၊ စန္ဒာလမင်း၊ နတ်သမီးအလား စသည်များဖြင့် တင်စားဆိုထားကာ အလှတရား၏ ရမ္မက်ပုံမှာ ဈာန်ရသည့် ရသေ့၊ ရဟန်းများပင် ဈာန်တန်ခိုးလျော့ကျတတ်ကြောင်း သင်္ဂါရ,ရသမြောက်အောင် ဖွဲ့ဆိုထားသည်။

## မ ဆို

မေလွမ်းရေကာ၊ ပျိုချေမောင်လေ၊ စကားတစ်ခွန်း၊ ရှေးကသန်းဗျာ၊ မေးစမ်းလတ်မယ်၊ ဇာရပ်ရွာကော၊ ဇာရွာကရောင်၊ ယင်းလူချေမှာ၊ ရွာဌာနကို။ ပြောပေလတ်၊ ချစ်တေမောင်၊ နာမည် လှကိုလည်း၊ ပြောပေလတ်။

*ဤကဗျာများသည် မိန်းကလေးက ယောကျ်ားပျို၏ ရွာနှင့် ယောကျ်ားပျို၏ အမည်ကို မေးကား သီကုံးဖွဲ့ထားသော ကဗျာဖြစ်သည်။*

## ကျား ဆို

ရွှေနားတော်လေ၊ ဇီဝှါလှည့်ဗျာ၊ တည့်တည့်နားထောင်၊ မေချစ်မောင် ရွာဌာနေကို ၊ ပြောပြခ,မယ်၊ ဖောမိလေးပင်၊ ကန်လေးထောင့်မှာ၊ စေ့တိုင်းကြဲလို့ ၊ ပေါက်တိုင်းရှင်ကော၊ လိပ်တင်ရပ်က၊ အလှသူ၊ ဟန်ယူနမ်းကော၊ သိန်းဝင်းမောင်ရာ။

## မ ဆို

အမိရင်န၊ အဘရင်မှာ၊ တင်ကာမနမ်း၊ ပျိုချေရင်မှာ ၊ တင်ကာနမ်းကော၊ သိန်းဝင်းမောင်

လေ၊ ကိုယ့်ရုပ်ရှာ၊ ကိုယ့်ရှာထက်မှာ၊ မေထက်သာကေ၊ အရာပန်းကို ၊ မလှမ်းလီကေ့၊ သျှပ်တရာကို၊ အိမ်မှာထိုးဗျာ၊ ရိုးရိုးနီလီ။

**ကျား ဆို**

မောင်ချစ်တေ၊ ဖြူပုလဲ၊ သက်ခဲမလေ၊ မေလွှမ်းရေကေ၊ သိန်းဝင်းမောင်မှာ ၊ အရာလူကို ၊ ရွှေရုပ်လုပ်၊ ကျုပ်ရုပ်မြင်ရေ၊ ချစ်တေမေကို၊ ကျုပ်ကိုလုပ်၊ ရွှေရုပ်မြင်ရေ၊ ကဒ္ဒိုစိမ်ဗျာ၊ စိုးရင်နှောင်းလို့၊ မကြောင်းကြကေ့။

**မ ဆို**

နမေအကြား၊ မောင်အကြားမှာ၊ ဖျက်မှားသောသူ၊ ထက်ကောင်းကင်မှာ၊ ဈာန်ရတားနှ၊ စံစားပါလီ၊ လားလီရာမှာ၊ ဆရာဟုလည်း၊ ဟိတ်ရပါလီ၊ လားလီရာမှာ၊ နီရာကျဗျာ၊ နတ်မပါလီ။

**ကျား ဆို**

မောင်လွှမ်းရေကား၊ ပျိုချစ်မေနှ၊ ဆောင်ဘုံလယ်မှာ ချစ်ဖွယ်ပြောလို့၊ ချစ်ဇောအာရုံ၊ မောင်မေစုံကေ၊ ချစ်ဟုန်ကြီးလှ၊ နှစ်တရာလေ၊ သစ္စာလောင်းလို့၊ မပေါင်းရပါ၊ ကြောင်းစကံနည်း၊ မေနှင့်မောင်၊ ကြားလူခွဲလို့၊ ကွဲရရေလား။

မဟုတ်တေကား၊ ဝေဘဝေ၊ ဝေဘဝခါ၊ လူတကာကို၊ လှူဒါပုည၊ နှစ်ဦးစုံလေ၊ ပြုတုံကြလို့၊ ပရစေတနာ၊ ဝန်တိုခလို့၊ ကွဲရရေလား။

တကယ်မုချ၊ မဟုတ်ကလည်း၊ ပီယမေတ္တာ၊ လွန်တရာလေ၊ တဏှာမက်မော၊ အကြင်သူ၊ လူမယားနှ၊ ပြစ်မှားလို့လား။

**မ ဆို**

မေလွှမ်းရေကေ၊ ပျိုချေမောင်လေ၊ စိတ်အလိုနှ၊ ဒေါမလိုကေ၊ မာန်ကိုလျှော့ဗျာ၊ တော့ပြောကမယ်။

**ကျား ဆို**

မောင်လွှမ်းရေကာ၊ ပျိုချောမေကို ၊ စိတ်အလိုနှင့်၊ ဒေါမလိုတေ၊ မာန်ကိုလျှော့ဗျာ၊ တော့တင်မက၊ မဖြစ်ဖို့ရေး၊ ဖြစ်ဖို့ရေးကို၊ ဆွေးနွေးချင်ရာ။

**မ ဆို**

စကားတစ်ခွန်း၊ ရှေ့ကသန်းဗျာ၊ မေးစမ်းလတ်မယ်၊ မဖြစ်ဖို့ရေး၊ ဖြစ်ဖို့ရေးကို၊ ဆွေးနွေးရေခါ၊ ကိုယ့်မှာအကြင်၊ အသျှင်ဟိက၊ ခေါင်းဆံပင်ကို၊ သန့်သန့်ဖြီးဗျာ၊ ခွင့်ပီးရဲလား။

**ကျား ဆို**

ချစ်တေမေမှာ ၊ ကိုယ်မှာဟိလို့ ထင်မိရေလား၊ ခင်ပွန်းလျာန၊ ရေးစားလျာလေ၊ မောင်မှာ မဟိ၊ ကာယဆိုကေ၊ မောင်ကိုယ်လုံးမှာ ၊ ချောတိတိရာ၊ အသျှင့်မေ့လူ၊ ပန်းသကူမှာ၊ လူသူနတ္တိ၊ ပျိုချေမောင်၊ လာရေလမ်းမှာ ၊ ပြစ်မဟိပါ။

**မ ဆို**

အဟုတ်ရာကေ၊ မှန်ပါယင့်လား၊ ပုလင်းဖြူမှာ၊ ရီကိုထည့်ပိုင်၊ ဇီတည့်မြင်ရေ၊ ပွင့်ညိုညိုနှင့် ပျိုချေမောင်ကို ၊ ဟေမဝန်၊ နိုင်ငံတောမှာ၊ နတ်လည်းယူ၊ လူလည်းသုံးကေ၊ မြတ်ပန်းကုံးပိုင်။

**ကျား ဆို**

မောင်လွမ်းရေကေ၊ ပျိုချေမေလေ၊ ယင်းပုချေမှာ၊ အံကိုရွဲ့ဗျာ၊ ကဲ့ရဲ့ရေလား၊ လွမ်းမပြေ ကေ၊ ပျိုချေမေလေ၊ တစ်ရွာသူလေ၊ ဖြူပုလဲ သက်ခဲမေလေ၊ လွမ်းမပြေ၊ ပျိုချေမောင်ကား၊ ဟေမဝန်၊ နိုင်ငံတောမှာ၊ နတ်လည်းမယူ၊ လူလည်းမကောက်တေ၊ ပန်းခြောက်ဘိုးရာ။

**မ ဆို**

မေလွမ်းရေကေ၊ ပျိုချေမောင်လေ၊ အဟုတ်ရာကေ၊ မှန်ပါယင့်လား၊ မေမယုံကေ၊ ဒိတ်ထိုကျမ်းကို၊ ထမ်းဝံ့ဖို့လား။

**ကျား ဆို**

မေမယုံကေ၊ဒိတ်ထိုကျမ်းကို။ မောင်ထမ်းပြမယ်၊ ပွင့်ညိုညိုလေ၊ ပျိုချေမောင်မှာ၊ မဟုတ် ကာမုတ်သား၊ မုတ်သားဆို၊ ထိုစကားကို၊ မောင်ပြောမှားသော်၊ ထက်ကောင်းကင်ကို၊ လက်ညှိုး ထိုးကေ၊ မိုးကြိုးပစ်စီ။

**မ ဆို**

မေလွမ်းရေကာ၊ ပျိုချေမောင်လေ၊ နမေအကြား၊ မောင်အကြားမှာ၊ ဖျက်မှားသောသူ၊ ထက်ကောင်းကင်မှာ၊ မိုးရိပ်ခဲ့ပိုင်၊ မဲမဲဖြစ်လီ၊ ထက်ကောင်းကင်ကို ၊ လက်ညှိုးထိုးကေ၊ မိုးကြိုး ပစ်လီ၊ အပင်မှာပိုင်၊ နီပူသတ်လို့ ရပ်စောက်သီလီ။

မောင်ပြန်ဖို့ရာ၊ ကဒ္ဒိစိမ်၊ စိုးရင်နှောင်းလို့ မကြောင်းကြကေ့၊ မောင်လွမ်းရေကာ၊ ပျိုချေမေ ကို၊ အခါလွန်သကြိန်ကျူးကေ၊ တန်းခူးလမှာ၊ ရွှေနားသျှင်န၊ အဖသျှင်၊ တိုင်ပင်ပြီးကေ၊ ချစ်တေမေ၊ မောင်သက်ထားကို၊ အောင်ဖောက်လာမယ်၊ ခေါင်းဆံပင်၊ သန့်သန့်ဖြီးလို့ ကောင်းကောင်းနီလီ။

အထက်ပါကဗျာများသည် ယောကျ်ားနှင့် မိန်းမသားတို့က ကိုယ်လိုချင်တဲ့အကြောင်း

အရာတစ်ခုကို တင်စားဆိုထားကြသော ကဗျာများဖြစ်ကြသလို ယခုဆိုထားကြသည့် ကဗျာများသည် ဘယ်စာအုပ်ထဲက ဘယ်သူ့ဆီက အတုယူဆိုထားကြသော ကဗျာများ မဟုတ်ပါ။

မိမိကိုယ်ကို စဉ်းစားတွေးခေါ်၍ ဆိုထားကြတာဖြစ်၏။ ဤကဗျာများကို ဇမ်းသီချင်းလို့လည်း တစ်မျိုး၊ ဇမ်းကဗျာများဟုလည်း တစ်မျိုးခေါ်တွင်ကြ၏။ ဤကဗျာများကို တစ်ယောက်တည်း လုံးချင်းသက်သက်ဆိုတာနည်း၏။

များသောအားဖြင့် တစ်ယောက်နှင့်တစ်ယောက် အယှက်အတင်ဆိုကြတာများ၏။ စာရေးသူလည်း ငယ်စဉ်က မိန်းကလေးတွေနှင့် ဆိုဖူးပါ၏။ သိပ်မကျွမ်းကျင်တော့အဆုံးတွင် မိန်းကလေးတွေရဲ့ ဇမ်းကဗျာဖြင့် အမျိုးမျိုးပြောခံရကာ လူအလယ်မှာ အရှက်ကွဲခဲ့ရပါ၏။

ဤကဗျာများဆိုနေစဉ် စိတ်ဆိုးလို့မရပါ။ စိတ်ဆိုးရင် တစ်ဖက်သားက အလွန်အထင်သေးကာ အသုံးမကျသော လူရာစာရင်းဝင်သွားရ၏။

ရမ်းဗြဲကျွန်းတစ်ခွင်မှာ မိုးဦးကျချိန် လယ်ထွန်ချိန်နှင့် ကောက်စိုက်ချိန်များမှာ တောတောင်တစ်ခွင်လုံး ဇမ်းကဗျာသံတွေနှင့် ဆူညံနေသည်မှာ အံ့သြစရာပင်။

နွားကျောင်းသားတွေက တစ်မျိုး၊ ထင်းခွေတဲ့သူတွေကလည်း တစ်မျိုး၊ ပျိုးစိုက်တဲ့ လုံမပျိုတွေက တစ်ဖုံဆိုသလို ပျော်စရာအသံတွေ တကယ့်ကို ဟင်းဟင်းညီးလျက်။

အဘယ်သို့ပင် ဆိုစေကာမူ ဤကဗျာများအကြောင်းကို စာရေးသူလေ့လာမိသမျှ လေ့လာခဲ့ရပေမယ့် စတင်ပေါ်ပေါက်လာသော ခုနှစ်နှင့် အဘယ်ကြောင့် စတင်ဖြစ်ပေါ်လာခဲ့သည်ကိုမူ လေ့လာဖို့ မရခဲ့ပါ။ သို့သော် ဤကဗျာများသည် ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းထဲမှာ ခေတ်လည်ပိုင်းမှာ ဖြစ်ပေါ်ဖို့လည်း မလွယ်ကူ။

ခေတ်နှောင်းပိုင်းမှာ မဟာသမ္မတမင်း လက်ထက် ရာဇဝင်၏ နောက်ဆုံးနိဂုံးချုပ်သော အချိန်မှာ တိုင်းပြည်၏ မငြိမ်မသက်မှုကြောင့် သုတေသီတွေ လေ့လာလို့ မရနိုင်အောင် ရခိုင်ပြည်ကျဆုံးသွားရတာကြောင့် ဖရိုဖရဲအိုးကွဲအိမ်ကွဲပမာ ဖြစ်သွားရတာနှင့် ရခိုင်ရာဇဝင်ကြီးထဲမှာပင် ထည့်ရေး မပိုင်နိုင်ကြတာကြောင့် ဤကဗျာများသည် ခေတ်နှောင်းပိုင်းမှာ ပေါ်ပေါက်ကာ တစ်ယေက်နှင့်တစ်ယောက် ဉာဏ်ရည်ဉာဏ်သွေးကို စမ်းသပ်ပြောဆိုရာကနေ ဇမ်းကဗျာများဖြစ်သွားရတာဟု ယူဆပြောဆိုကြတာကို ထောက်ကြည့်ရင်း ဇမ်းကဗျာ၏အတိတ်ကြောင်းကို နိမိတ်လောင်း ဖော်ပြလိုက်ရခြင်းဖြစ်သည်။

မောင်ရွှေလိပ်(လိတ င်)

# လင်္ကာပတ်ရှု ခံစားမှု

## (က) လွမ်းကိုင်းလွမ်းခက်၊ လွမ်းရွက်ဖူးမုံ

(၁)

လွမ်းသူ့ရင်မှာ ပေါက်ရောက်ရှင်သန်ခရေ အလွမ်းပင်ရို့ ပင်စဉ်ရေမြင့်မားလီစွ၊ မြင့်မားသော အလွမ်းပင်စည်တွင် အလွမ်းကိုင်း၊ အလွမ်းခက်ရို့ရေ လွမ်းကောင်းထမန်း ဟီနီကတ်တေ၊ ထိုအလွမ်းကိုင်း၊ အလွမ်းခက်ရို့မှာ အလွမ်းရွက်အစီအရီ၊ လွမ်းဖူးလွမ်းမုံရို့ စုံညီညီနန့်၊

လွမ်းဖူးမုံမှ လွမ်းပွင့်ဝီလျက်၊ လွမ်းသီးရို့သီးလတ်၍၊ ရင့်လာမှည့်လာကတ်တေအခါ အလွမ်းစုံစွာ၊ အလွမ်းကမ္ဘာရေ၊ တမ်းတစရာပိုကောင်းလာရေ။

လွမ်းသီးမှည့်ကြွီလို့ လွမ်းစိကို ခြွီချလိုက်တေအခါ၊ အလွမ်းပင်သစ်ရို့ရေ၊ အလွမ်းတောကို ဖန်ဆင်းရန်၊ ပေါက်ရောက်ရှင်သန်လာကတ်ပြန်ရေ။ တာကူးအမီ၊ လွမ်းရာသီလေ။

စာဆိုရေ သို့လျှင်ရှုမြင်၊ သို့လျှင်တွေးသိ၊ ခံစားမိခ၊ လွမ်းတသလျက်၊ ရင်မှဝေဒနာ၊ မဖြေသာကို ၊ ပီလွှာထက်မှာ၊ အက္ခရာဖြင့်၊ စာတင်ရီးသားခပါရေ။

''သိန်းကန်မိန်တွင်၊ ဆယ့်နှစ်ခွင်တွင်၊ လွမ်းပင်စည်မြင့်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီမြူးက၊ ပြိုက်သွယ်နူစီးသွယ်ဖြာ၊ မတတ်သာခီ၊ ဤထွိထွိကို၊ ကြည့်လီသမျှသာတည့်''

အေဒီ ၇–ရာစု၊ ပြည်ဝေသာလီ၏ အိမ်ရှိမိဖုရား သုဝဏ္ဏဒေဝီ စောပြည့်သိုရေ အေပိုင်ခံစားမိလို့၊ အေပိုင်ရီးဖွဲ့ပုံဖော်ခရေ။

လွမ်းခြင်းကို သီဖွဲ့၊ အလွမ်းဖွဲ့ရို့သည်၊ လွမ်းဖွယ်အတိပင်တည်း။

## (၂)

‘‘ရင်မှာဝေဒနာ၊ မဖြေသာလျှင်၊ ကဗျာဖခင် ခွင့်လွှတ်ပါ’’ ဆိုခရေ ကဗျာတစ်ခုကို ကျောင်းနီစိုင်က ဖတ်ရှုခဖူးရေ။ ကဗျာလင်္ကာ အနုပညာဟူရေ ဝေဒနာ ရောင်ပြန်ဟပ်ချက် ဖြစ်တေ။ စာဆိုတိုင်းရေ ခံစားမှုကို ကာရန်နန့် ရက်ခြယ်ဗျာယ် လင်္ကာအဖြစ် ဖန်တီးခကတ်တေ။

မြောက်ဦးခေတ် သဘာဝ စာဆိုအကျော်အမော် ဥက္ကာပျံရေ မိမိရို့ပိုင်ဆိုင်ထားသော တောတောင်သဘာဝကို လွမ်းဖွယ်အဖြစ်သီဖွဲ့ခဖူးရေ။

‘‘ဟေမာန်ကုန်ပြောင်း၊ လတပေါင်းသည်၊ ချမ်းဆောင်းနှိုကာလ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီထက၊ ကြို့ကျပင်တကာ၊ ဖူးရစ်နုဆောင်၊ သီကုံးယောင်သို့၊ ခြောက်ယောင်စိမ်းရွှေဖြာလျက်၊ ရှုခီသော် လွမ်းဖွယ်တိ၊ သီးပွင့်တကာ၊ ပင်တိုင်းမှာလျှင်၊ ချိန်ခါအညီညှိသို့၊ ကြည့်သရွှိ လွမ်းအောင်ဖန်၊ ရွတ်ကျင်ဆွတ်ခြီ၊ တပေါင်းလီတိုက်ပြန်က၊ ကုံးသီဟန်ပုံမခြား၊ ညှာစိမ်းရှိတူ၊ ငွိတူပန်းကြွက်နားတည်း....’’

စာဆိုရေ ‘‘ဆယ့်နှစ်ရာသီရတု’’ ကို ဖွဲ့သီရင်းက လွမ်းဆွတ်တသမှုကို ဖုံးဖိမရ၊ ရုပ်လုံးကြွရှ ပုံဖော်ခရေ။ တပေါင်းလအား၊ ခံစားမှုဖြင့်၊ စာနုလင်္ကာ၊ အလွမ်းစာ၊ ဖွဲ့ဆိုကတ်ရာမာ၊ စာဆိုနှစ်ဦးရို့ရေ အမြင်ချင်းမတူ၊ ခံစားမှုချင်းမညီ၊ ကွဲပြားခကတ်လီရေ။ ထို့ကြောင့် ရီးဖွဲ့မှုတိ ကွဲပြားခရေ။

ဝေသာလီ စာဆိုသျှင်က ‘‘ကြာရှည်တာ အကူး၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီမြူးက၊ ...’’ဟု ဖွဲ့ဆိုခရေ။ မြောက်ဦးစာဆိုရှင်ကား ‘‘ချမ်းဆောင်းနှိုကာလ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီထက၊ ဖူးရစ်နုဆောင်း၊ သီကုံးယောင်သို့ ....’’ဟူ၍ သီဖွဲ့ခရေ။ မြောက်ဦးစာဆိုသျှင်ကား ‘‘ချမ်းဆောင်းနှိုကာလ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီထက၊ ဖူးရစ်နုဆောင်၊ သီကုံးဟောင်သို့....’’ ဟူ၍ သီဖွဲ့ခပါရေ။

အလွမ်းလင်္ကာ၊ အလွမ်းစာရေ၊ လွမ်းရာသီကို အမှီပြုကာ မွီးဖွားသန့်စင်လာစမြဲဖြစ်တေ။

သြော် ...အလွမ်းဟူသမျှကား၊ လူသားရို့ ဦးပိုင်ပစ္စည်းပင်တကား။

## (၃)

အလွမ်းစာဆိုရေ အလွမ်းဘွဲ့ကို သီဖွဲ့ရေခါ၊ ပတ်ဝန်းကျင်ကို မျက်ခြည်ဖြတ်မထားခပါ။ ယင်းဝန်းကျင်၊ မျက်ခြည်ဖြတ်မထားခပါ။ ယင်းဝန်းကျင်၊ ယင်းသဘာဝ၊ ယင်းရာသီရို့ကြောင့် အလွမ်းရသရေ ပို၍ပီပြင်လာတတ်တေ။ ရခိုင်စာဆိုရေ ရခိုင်ဝန်းကျင်၌ ကြီးပြင်းလာလတ်တေ။

ရခိုင်ဝန်းကျင်မာ နွယ်ချိုဖိုးခေါင်၊ ရိုးမတောင်တန်းက တစ်ဖက်၊ အခြားတစ်ဖက်မှာကား လှိုင်းဂယက်သံ၊ တညံ့ညံ့ရို့ လွှမ်းမိုးထားရေ ပင်လယ်ပြင်ကြီး။ ယင်းပင်လယ်ပြင်နန့် ယင်းရိုးမ အကြား ချမ်းမြို့ပျော်ပါးစွာ နီထိုင်လာလတ်တေ စာဆိုသျှင်က ဒေပိုင်လွမ်းတခပါရေ။

''သည်းတွင် မယေကြွီလု၊ လေးမျက်နာကို မယ်မျှော်ရှုက၊ ဝမ်းနဝမ်းပါ၊ ဒီလိုင်းသံလေ၊ ညံဂယက်ကော၊ ယက်သောသောနန့်၊ အံ့သြစဖွယ်၊ အပြောကျယ်ကော၊ ပင်လယ်နဒီ၊ လှိုင်းချီချီနန့်၊ မှိုင်းရီပျပျ၊ တမြမြကော၊ ကမ်းစမမြင်။ သျှစ်ခွင်တိုင်းက၊ မှိုင်းမှုံဆင်ပျာ၊ မင်းလွင်ဗိုင်းအုံ၊ မြူခိုးချုံကော၊ အဖွန့်ဆော်နီး၊ ရိလဟာလေ၊ သီဒါရိုးမှာ ၊ မိုးသံလီသံ၊ လှိုင်းဂယက်ကော၊ ယက်တက်သံနန့်၊ တော်သံလည်းကျူး၊ ဝါယောမည်လေ၊ တောင်လီဖြူးလို့၊ မျှော်ရှုတိုင်းပင်၊ ဖော်ကွဲသူရို့လွမ်းမှုဆင်ရေ....''

စာဆို တန်းခိုးဆရာထွန်း၏ 'ဓမ္မဝိဇယ'သာခြင်းက အလွမ်းလင်္ကာဖြစ်ပါရေ။

ဒေ စာဆိုပိုင်၊ စာဆို ကင်းဆရာသည်လည်း မိမိဒေသ ကျွမ်းရမ္မကို တသလွမ်းဆွတ်စွာ လင်္ကာဖွဲ့ဆိုခပါရေ။

ရှည်လျားကာလ၊ ကျွန်းရမ္မကို ၊ တတရှုရှု၊ နှင်းအုအုနှင့်၊ မင်းကူးမညင်း၊ မှန်ကင်းတွဲလွဲ၊ တပို့တွဲတွင်၊ လွန်ပွဲမမှီ၊ ရာသီသာမော၊ ကျီးကြက်တောနှင့်၊ ဥဩသံညှင်း၊ အလွန်ပျင်းခဲ့''

ကင်းဆရာ၏ အလွမ်းစာမှာ တပိုတွဲလရာသီ သဘာဝသီးနှံတိဖြစ်ကတ်တေ မင်းကူးမညင်း၊ အမုံအကင်းရို့ တွဲလွဲကျနီခြင်းကိုလည်း မကျန်လိုက်စီခပါ။

ရခိုင်ရို့ ရာသီပွဲတော်ဖြစ်တေ လွှန်ဆွဲပွဲ (တပို့တွဲလ၊ ရထားပွဲ)ကို မမှီခကြောင်းကိုလည်း ချန်မထားခပါ။ ရာသီငှက်တိဖြစ်ကတ်တေ ကျီး ကြက်တောမြည်သံနန့် လွမ်းငှက်ဥဩရို့ လွမ်းမောသံတိကိုလည်း မိမထားခပါ။

မိမိဝန်းကျင်မှ တွိသမျှ ဟိသမျှရို့ကို မိမိရရ၊ တိတိကျကျ၊ ထိထိလုလု ဖွဲ့ဆိုခရေ ကင်းဆရာ၏ အတတ်ပညာရေ အံ့သြအားကျတုပစရာပင်တည်း။

## (၄)

မိမိသည်လည်း လူသားပီပီ၊ လွမ်းတတ်လီရေ။

မိမိသည်သာ စာနကဗျာ၊ အလင်္ကာသမားတစ်ယောက်ဖြစ်ခပါသျှင်''အလွမ်းရတု၊ လွမ်းစာနုရို့ လွမ်းသူရှိုရင်၊ လွမ်းရိပ်ထင်ခ၊ လွမ်းပင်စည်မြင့် ၊ လွမ်းကိုင်းဆင့်လျက်၊ လွမ်းရွက်ဖူးမုံ၊ လွမ်းပွင့်စုံရေ၊ လွမ်းဘုံဓလိ၊ လွမ်းဝိဝိနန့်....''ဟူ၍လည်းကောင်း။

''လွမ်းကိုင်းလွမ်းခက်၊ လွမ်းရွက်ဖူးမုံ၊ လွမ်းသည်ဘုံမှ၊ တမ်းတယသလျက်၊ လွမ်းစရှည်ပြီး၊ လွမ်းသီးမှည့်ကြွီ၊ လွမ်းစိခြွီ၊ လွမ်းဝိဝိဝိ၊ လွမ်းရာသီ''ဟူ၍ လည်းကောင်း ဖွဲ့ဆိုချင်ပါရေ။

ရှီးအလွမ်းစာဆိုတစ်ဦး၏ အလွမ်းကို ဖွဲ့ဆိုရေ အလွမ်းဘွဲ့တစ်ပိုင်းတစ်စလည်း ဂုထိရင်ထဲ စွဲလမ်းနီတုန်းဖြစ်တော။

ရှီးဖွဲ့ကတ်တေခတ်ကာလနန့် စာဆိုနာမကို မိန့်ပျောက်လားခရေအတွက် အားမလို

အားမရ ဖြစ်လီခရေ။ စိတ်ထဲမှာ မြောက်ဦးခေတ်ဖွဲ့ဟု ထင်မိပါယင့်။

‘‘လွမ်းလုံး အလွမ်းပိုလာပြီ
မိုးပိုလီ တိမ်စွန်ဖျားက
မြူးညိုရှိရောင်နားဇေး၊
တွင်းပကြက်သီးဝှန်...’’

ကိုယ်တွင်းကိုယ်ပ၊ နှစ်ဌာနမှာ ကြက်သီးရို့ဝှန်ထွက်လာအောင်တိ လွမ်းတမိသည်ဟု ဖွဲ့ဆိုခပါရေ။

သြော်...
လူ့ဘုံခန်းဝါ
အလွမ်းရှာပင် ဖြစ်တကား။

## (ခ) ရမနီထမ်းပိုး၊ သျှော်နီကြိုး

(၁)

‘‘ပြည်သူ့ကဗျာဟူရေ ပြည်သူ့အကြောင်းကို သီဖွဲ့ရေကဗျာဖြစ်ပါရေ’’ ဟု ဆရာစံကျော်ထွန်းက ‘ရခိုင်ကဗျာနန့် ရခိုင်အတွေးအခေါ်စာအုပ်တွင် ပြည်သူ့ကဗျာ၏အနက်ကို ပီးဖူးခပါရေ။

ဆက်လက်ပြီး ‘‘ပြည်သူရို့တောင်းဆိုချက် (ဝါ) တိုင်းပြည်၏ရုပ်ဘဝတောင်းဆိုချက်ကို အသံအဆင်တန်ဆာ၊ အနက်အဆင့်တန်ဆာ၊ စာအုပ်တွင် ပြည်သူ့ကဗျာ၏အနက်ကိုပီးဖူးခပါရေ။

ဆက်လက်ပြီး ‘‘ပြည်သူရို့တောင်းဆိုချက် (ဝါ) တိုင်းပြည်၏ရုပ်ဘဝတောင်းဆိုချက်ကို အသံ အဆင်တန်ဆာ၊ အနက် အဆင်တန်ဆာရှိနန့် ဖွဲ့ဆိုသော ကဗျာဖြစ်ပါရေ’’ ဟု ရီးသားဖွင့်ဆိုခပါရေ။

ရခိုင်ပြည်ဖွား၊ ရခိုင်သားကဗျာ စာဆိုရို့ရေ အထက်က အနက်ဖွင့်ဆိုထားရေပိုင် ပြည်သူ့ကဗျာမျိုးရိုးကို ရီးဖွဲ့ခကတ်ပါယင့်လား၊ ရှိနားတော်သွင်း ဇေးခြင်းရှိပိုင်၊ မျက်ဖြေလင်္ကာ၊ အလွမ်းလင်္ကာရှိပိုင် လင်္ကာတိကို ရီးဖွဲ့ရုံနန့် ကျေနပ်တင်းတိမ်နီခကတ်ရေလားလို့ အကျွန့်ကို တဆိတ်ကေ သျှောလောက် ဆန်းစစ်လိလာခွင့်ပြုစီချင်ပါရေ။

အကျွန်ရို့ရခိုင်မှာ ကဗျာလင်္ကာ အခြင်းပုံသဏ္ဍာန်အမျိုးမျိုးရှိ့ကို ဆရာစံကျော်ထွန်းက လိလာ သုတေသနပြုလို့ ရသလောက် ၃၆ မျိုးဟိကြောင်း ယင်းစာအုပ်မှာ ဖော်ပြထားပါရေ။

ဆရာဖော်ပြရေအခါ ‘‘ဤလင်္ကာအခြင်းတွင် ပါဝင်ရေ ကဗျာအမျိုးပေါင်း ၃၆ မျိုးမှာ လင်္ကာနန့်ဆိုင်ရာ ပုံသဏ္ဍာန်များပင် ဖြစ်ပါ့ရေ’’ ဟူ၍ ဖော်ပြထားပါရေ။

ယင်းပိုင်ဆိုပါကေ အကျွန်ရို့ရခိုင်တွင် ကဗျာလင်္ကာအမျိုးပေါင်း ၃၆ မျိုးထက်ပို၍ ဟိနိုင်ပါသိမ့်ရေ။

(၂)

ရခိုင်ရို့ရေ မြို့ပြကိုထက် ကျေးလက်ကို ပို၍ ပိုင်ဆိုင်ခပါရေ။ ကျေးလက်၏ စိမ်းမြတော တောင် ငြိမ်းငြိမ်းချမ်းချမ်း သဘာဝရေ ရခိုင်ရို့၏ နှလုံးသားဖြစ်ပါရေ။

ယင်းရခိုင်သဘာဝနန့် ပတ်သက်၍ ဆရာစံကျော်ထွန်းက ယင်းစာအုပ်၊ စာ(၁၄၉)တွင် ''ရခိုင်သဘာဝ အဖွဲ့အနွဲ့များရေ ရခိုင်အဓိပ္ပာယ်ကို ဆောင်ရေ။ ရခိုင်သဘာဝအလှအပကိုထင်ဟပ် ပြရေ။ ရခိုင်သဘာဝကား ရခိုင်ပီသရေ။ ရခိုင်အမိအဘ ဖြစ်တေ။ ရတနာသုံးပါးဖြစ်တေ။ အနန္တော အနန္တငါးပါးဖြစ်တေ''ဟု ဆိုထားပါရေ။

ဆရာရေ ပကတိအဟိတရားကို ပကတိအမြင်အတိုင်း ရီးသားထားခြင်းဖြစ်ပါရေ။ ယင်း သဘာဝ၏ သွန်သင်မှုကြောင့် ရခိုင်သားရို့ရေ ရိုးမ၏ခိုင်မာရေစိတ်ဓာတ်၊ ပင်လယ်လှိုင်းရို့၏ မဆုတ် မနစ်သော အားမာန်သတ္တိ။ စိမ်းစိမ်းလန်းလန်း၊ စိုစိုပြည်ပြည် တောတောင်ရို့၏ ငြိမ်းချမ်းအီးမြ သော ဗီဇရို့ကို ပိုင်ဆိုင်ကတ်ခြင်းဖြစ်ပါရေ။

ယင်းကြောင့် ''သဘာဝကပီးအပ်သော ရခိုင်စိတ်ဓာတ်၌ တည်ကြည်ရင့်ကျက်ခြင်း၊ ရဲရင့် ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ ရှင်လန်းတက်ကြွခြင်း၊ စောင့်ရှောက်နိုင်စွမ်းခြင်းရို့ ပါဝင်ရေ'' ဟူ၍လည်း ဆရာက ဂုဏ်တင်ဖွင့်ဆိုခပါသိမ့်ရေ။

ရခိုင်ပြည်၏ အဓိကအခြီခံလူတန်းစားမှာ လယ်သမား၊ ယာသမားရို့ဖြစ်ပါရေ။ စာဆိုလင်္ကာ သျှင်ရို့ရေ ယင်းပကတိ၊ ယင်းအဟိတရားကို မျက်ခြည်ပြတ်မထားခကတ်ပါ။ ဥက္ကာအဲတွင်......

''ယာသည်သားကား၊ ယာသားတသွယ်၊ ယာတောင်ထက်မှာ ပျော်ပါးသည်ကား၊ ယာခင်းထက်မှာ၊ အခြီတန်းတင်၊ ဒင်ကိုလည်းဝင်၊ ကျူးရို့ပင်ဟူ။ ကောက်မှည့်ရဲရဲ၊ ကျီးသဲသဲနှင့် ကျီးနီဝါဝါ၊ သံတျာတျာနှင့် ၊ ခြီခေါင်းမြိုင်မြိုင်၊ ယာတောင်ထက်မှာ၊ ကပျာပြိုင်ရို့၊ ကြက်မောက်ပန်း နှင့်၊ ဒန်းပန်းအပြည့်၊ နားဝယ်တွဲရို့၊ တွဲလင်းမာယာ၊ ကပျာသံဆင့်၊ တယင့်ယင့်ကို၊ ဆိုရိုးပင်ဇာ၊ ယာသီလာမှာ ၊ ဖျော်ပါသည်ကို၊ မြင်လတ်မေလေ...'' ဟူ၍ ဖွဲ့ဆိုထားကြောင်း တွိရပါသည်။ ယင်းအပြင် လယ်သမားရို့ကို ဖွဲ့ဆိုထားပုံမှာ.......

''အရာတင့်တယ်၊ လယ်သည်သားသည်၊ လယ်သားတသွယ်၊ လယ်ဇင်းခါမှာ၊ မြင်လတ် တေလေ၊ ရမနီထမ်းပိုး၊ သျှော်နီကြိုးနန့်၊ နွားနှစ်ကောင်ကို၊ ယှဉ်းချင်းတပ်လို့၊ အဆောတလျင်၊ လည်သည်သားမှာ၊ လယ်ကိုထွန်ရို့၊ မြင်လတ်မေလေ...'' ဟူ၍ဖြစ်ပါရေ။

ရခိုင်နန်းတွင်းစာဆိုကြီး ဥက္ကာပျံကလည်း ''ဆယ့်နှစ်ရာသီရတု''တွင် လယ်သမားဘွဲ့ ကို ကောင်းစွာ သီဖွဲ့ခပါသည်။

''ပေါ်ဆန်းပြန် နယုန်လ၊ သမုဒ်ရီပြင်၊ တောင်လီတင်၍၊ ကောင်ကင်မိုင်းစီမျှတည့်၊ သွန်ဆင်းကျပြန်လှာ၊ သောင်းဇမ္ဗူဝယ်၊ သျှင်လူမျိုးလေးဖြာရို့၊ ထွန်သွားရှာ ကျွဲနွားတပ်၊ လယ်ချောင်းတောတောင်၊ လုပ်ဆောင်မျိုးချလတ်က...''ဟူ၍ဖြစ်ပါရေ။

အေ နယုန်လဘွဲ့မှ ''သမုဒ်ရီပြင်၊ တောင်လီတင်၍ ..' ဟူရေ စာကိုကြည့်ပြီး ရှီးရခိုင်သားစာဆိုရို့၏ သိပ္ပံအမြင်ကို အံ့သြမိပါရေ။ ပင်လယ်သမုဒ္ဒရာ မြစ်ချောင်းအင်းအိုင်ရို့မှ ရီခိုးရီငွေ့တိကို ငင်ယူလျက် တောင်လီတင်သောအခါမှ ''ကောင်းကင်မိုင်းဝီမျှတည့်၊ သွန်ဆင်းကျရွာ ပြန်လှာ..'' ရေ မဟုတ်ပါလား။

ယင်းပိုင် မိုးရွာလတ်ပြီးခါမှ ''သျှင်လူမျိုးလေးဖြာ'' ရို့သည် ထွန်သွားကိုရှာ၊ ကျွဲနွားကိုတပ်၊ ထွန်ယက်ကတ်ပနာ၊ ''လယ်ချောင်း တောတောင်''မှာ ''လုပ်ဆောင်မျိုးချ'' ကတ်ရရေ မဟုတ်ပါလား။

ဤသို့လျှင် နန်းတွင်းစာဆိုသျှင်ကြီး ဥက္ကာပျံရေ တိတိကျကျ၊ မိမိရရ ဖွဲ့ဆိုခပါရေ။ မိမိကိုယ်တိုင် လယ်ချောင်းတောတောင်တို့ လားပနာထွန်ယက်စိုက်ပျိုးနီယောင်ပင်တကား။

ပြည်သူ့ကဗျာ ပီသလီစွ။

## (၃)

''အရွှေ့'' ရေ ရခိုင်ရို့၏ ဗီဇ၊ သဘာဝနန့် လျော်ညီစွာ ပေါ်ပေါက်လာရေ လင်္ကာတစ်မျိုးဖြစ်ပါရေ။ အကျွန်ရို့တွင် အရွှေ့များစွာ ဟိပါရေ။

ဆရာစံကျော်ထွန်းက ''ပြည်သူ့အရွှေ့ရေ စိတ်ကူးဆန်းကြယ်မှု၊ ခံစားချက်လှုပ်ယှားမှုရို့ကို အခြီခံ၍ ဖွဲ့နွဲ့ထားအပ်သော အရွှေ့များပင်ဖြစ်ပါရေ''ဟု ဖွဲ့ဆိုရီးသားထားပါရေ။

ယင်းအပြင် ထိန်းကွပ်မှု၊ ဟန်ဆောင်မှု၊ မြှုပ်ထားမှု၊ လှည့်စားမှု မပါသော စိတ်ရိုးရင်းစွဲအခြီခံအလျောက် ဖွဲ့နွဲ့သီဆိုသော အရွှေ့များပင် ဖြစ်ကြောင်း ရီးသားထားပါသိမ့်ရေ။

ပြည်သူ့အရွှေ့မှာ ပါဝင်ရေ လင်္ကာတိကို ဖွင့်ဆိုရာ၌ ယဉ်းသာခြင်းတိ၊ ကျွဲကျောင်းနွားကျောင်းလားကတ်တေအခါ သီဆိုကတ်တေ သာခြင်းတိ၊ လယ်ယာထွန်ယက် စိုက်ပျိုးကတ်စဉ် သီဆိုကတ်တေ သာခြင်းတိ၊ လှီထိုးလှီခတ်လားကတ်တေအခါ သီဆိုရေ သာခြင်းတိ၊ ဇမ်းသာခြင်းတိ စသည်ရို့ အကျုံးဝင်ကြောင်း ဖော်ပြထားပါရေ။

''မက္ကလာယေရိုင်ရိုင်၊ ကြိမ်သားတုတ်ကို နနောင်းကိုင်၊ ကယိုင်ကပါး၊ နှင်းမြိုင်မြိုင်ကေ၊ တောင်ချိုင်ကြားမှာ၊ ကျွဲကျောင်းလားရေ...'' ဆိုရေ ကျွဲကျောင်းသံ။

''မောင်ယေမောင်ယေ၊ လမူးပိတ်ရာ၊ ခြံချရာကို မလိုက်လီဟော့၊ ငါးအချင်းချင်း၊ ငါးချင်းမတူ၊ ငါးဇမ္ဗူ ငါးခူစူးကေ အီးလိမ့်မွေ၊ လက်ကိုခေါင်းတင်၊ ဖွဲမီးကင်၊ ရင်ရှင်လဲကျွီး၊ အဒါအိမ်ကို၊ ဝင်ပျာပြီး...''ဆိုရေ တံငါဘဝသရုပ်ဖော်။

''အမျေလေရောက်မလေ၊ မှိုဟင်းခူးဇောင်လားကတ်မေ၊ မှိုဟင်းလဲခူး၊ စူးလဲစူး၊ အစူးလဲထွင်၊ နီလဲဝင်၊ အိမ်ကိုလဲရောက်၊ မိုးလဲသောက် ဆိုရေ ငါးရှာဟင်းခူး ဘဝသရုပ်ဖော်။

''အသူယာဉ်းစင်၊ ဆွဲကြိုးတင်၊ အပုယေ့ယာဉ်းစင်၊ ဆွဲကြိုးတင် ဆွဲငင်ယိုင်ယိုင်း ကြိုင်း

ကြိုင်း၊ ကြိုင်း ကြိုင်း မြည်ရေ။ ပုခွက်ယေ့၊ ပုခွက်ယေ့....ပုယေ့သိပ်မေ၊ ရွှီနို့သျှင် မိခင်လွဲကေ၊ အိပ်လတ်တေလေ၊ အိပ်လတ်တေ....''ဆိုရေ ယိုင်းသာခြင်းတိ။

ကလေသျှေဆို။ ။အိုလေလေ၊ အိုလေ...နမ၊ တစ်ခွန်းခေါ်ကေ ခေါ်သံမကြား၊ နှစ်ခွန်း ခေါ်ကေ၊ ခေါ်သံမကြား မယ့်နားပြင်မှာ ၊ ရွှေခင်လီးလို့ မကြားလားလေ''

ကလေ့မေ့သျှေဆို။ ။ဇာကလာကေ ဇာရွာသားရောင်၊ စကားချိုမှာ ပျားသကာလို၊ ထင်ပါရေကား၊ အို...မောင်မောင်၊ ဒေအသံကို ကြားရပြန်ကေ၊ ရင်ဝကစုန် ဘဝင်တုန်ကေ၊ စည်ဖုံတီး ယောင်၊ အို မောင်မောင်...'' ဆိုရေ ဇမ်းသာခြင်းတိ။

''ဘုရားလက်ဆောင်၊ မျှားမြောင်ဆီမီး၊ မုလေးပွားကေ၊ ကုက္ကားထီးနန့်၊ ကြက်သျှာ ဒက်စွန်၊ တံခွန်လိပ်လက်၊ ပြာသဒ်ပျင်ဗျာ၊စန်းတော်ကြက်လို့ သကျမဍ္ဍူ ဆုထူးယူလေ၊ ကောင်းမှု တိုးမေ၊ ဆင်းဗုဒ္ဓေကို အညီမေရို့ ဖူးကတ်တေလေ၊ ပန်းခံယူင်၊ ခေါင်းထက်တင်၊ ဗီသျှင်ခိုးကေ၊ ဝတ်ပြုရေလေ၊ ဝတ်ပြုရေ...''ဆိုသည့် ဘာသာတရားအပေါ် ဝပ်တွားပူဇော် ဓလေ့ ဖော်လက်ာတိ။

''အမျှေလေရောက်မလေ၊ ပန်းနူးဖို့လေ၊ လားကတ်မေ၊ ဝါကျွတ်လတ်ဗျာ၊ ပန်းပွင့်ပျာ၊ ပန်းပွင့်ပွင့်ချိန်၊ ပန်းနူးချိန်၊ လစ္ဆဝီပန်း၊ ဘုရားပန်း'' အစဟိရေ ပန်းတင်သာခြင်းတိ။

ယင်းအပြင် လယ်ထွန်ရေခါ၊ လောင်းနန့်ခရီးလားကတ်တေခါ ဖွဲ့ဆိုသည့် လက်ာအရွေ့ သာခြင်းရို့မှာလည်း ပြည်သူ့ကဗျာတိပင်တည်း။

(၄)

အကျွန်ဖော်ပြချက်ရို့ရေ 'ဖျာတစ်ထည်မှ၊ နီးတစ်စ'သဘောလောက်ရာ ဖြစ်ပါသည်။ ရှီးရခိုင်ပြည်သူ့ကဗျာရို့သည် ဖျာထည်ပေါင်းများစွာပိုင် ဟိနီကတ်ပါသိမ့်ရေ။

စုပေါင်းရှာဖွိဖော်ထုတ်တင်ပြ ထိန်းသိမ်းထားကတ်စီချင်ပါရေ။

စောတင်မောင်(ပုဏ္ဏားကျွန်း)

**ဝန်ခံချက်** –

*ဆောင်းပါးပါ လက်ာ၊ အရွေ့ သာခြင်းများကို ဆရာစံကျော်ထွန်း၏ ''ရခိုင်ကဗျာနန့် ရခိုင်အတွေးအခေါ်''စာအုပ်မှ ယူပါသည်။*

# သျှစ်သောင်းဘုရားနံ့ရုပ်ဟိ ဇာတ်နိပါတ်

သျှစ်သောင်းဘုရားပုထိုးတော်ကြီးကို သိရိသုဓမ္မရာဇာဘွဲ့ခံ ဘုရင်မင်းဘာ ဘုရင်ရေသက္ကရာဇ် (၈၉၇)ခုနှစ်တွင် တည်ထားခပါရေ။

ယင်းပုထိုးတော်ကြီးနံရံတိမှာ နှောင်းခေတ်လူရို့ ဗဟုသုတတိုးပွားဖို့နန့် သင်ခန်းစာရဟိ စီဖို့အတွက် (၅၅၀) ဇာတ်တော်တိက သင့်တင့်ရေ ဇာတ်တော်တိကို ကျောက်ဆစ်လက်ရာအဖြစ် ထွင်းထုထားဟိပါရေ။

ယင်းဇာတ်တော်တိအထဲက တောင်ဘက်နံရံ တတိယအဆင့်မှာ ပထမဆုံးတွိရရေ ဇာတ်တော်ကတော့ခါ ဧကနိပါတ်လာ ဣတ္တိဝတ်မှ အသာတမန္တဇာတ်ဖြစ်ပါရေ။

အေဇာတ်တော်ကို မြတ်စွာဘုရားသျှင်ရေ ကာမဂုဏ် နှိပ်စက်လို့ သာသနာတော်မှာ ညီးငွိနီရေ ရဟန်းတော်တစ်ပါးကို အကြောင်းပြုလို့ ဟောကြားခပါရေ။

အယင်ခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးအုပ်စိုးနီရေခါ ဘုရားအလောင်းတော်ရေ တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခဆရာကြီးအဖြစ်နန့် တပည့်များစွာတိကို ပညာသင်ပီးနီပါရေ။

တစ်ခါတစ်ခါ ဗာရာဏသီပြည်သား ပုဏ္ဏားပျို့သျှေတစ်ယောက်ရေ ဆရာကြီးဘက်ကို ပညာသင်ဖို့ ရောက်လာပါရေ။ ဆရာကြီးကလည်း သုံးနှစ်သုံးမိုးကုန်အောင် ပညာရပ်တိကို သင်ကြားပီးခပါရေ။

ပညာတတ်တေခါ ပုဏ္ဏားပျို့သျှေရေ မိမိနီရပ်ကို ပြန်လာခပါရေ။

ယင်းပုဏ္ဏားပျို့သျှေရေ အိမ်ကိုပြန်ရောက်တေခါ အမိအဖရို့က အိမ်ရာထောင်လို့ လူ့ဘောင်မှာ မနီစီချင်ပါ။ ယင်းအတွက်နန့် မိမိကို အလုပ်အကျွေးပြုလို့ ဗြဟ္မာပြည်ကို ရောက်စီနိုင်ရေ အကျင့်မျိုးကို တောထွက်လို့ ကျင့်စီချင်ပါရေ။

**ရခိုင်သားကြီးစာပေ**

ယင်းအတွက်တာနန့် လူ့ရွာမှာဟိရေ မိန်းမရို့၏အပြစ်ကို သားဖြစ်သူ ပုဏ္ဏားပျို့သျှေကို မြင်စီချင်ပါရေ။ ယေမှရာ မိန်းမတိကို မုန်းပြီးကေ တောကိုထွက်လို့ တရားကျင့်ဖို့လို့ယုံကြည်ပါရေ။

ယေဇူနန့် ပုဏ္ဏားပျို့သျှေက“ အမင်၊ အကျွန်ရေ ဆရာသင်ပီးရေအတွက် ပညာအားလုံးကို စုံမိအောင်တတ်ခပါဗျာယ်”လို့ ပြန်ပြောလီပါရေ။

ယေအခါ် အမိက “ယင်းပိုင်ဆိုကေ အသာတမန္တန်(အသာတမန္တအတတ်)ကို တတ်ခဗျာယ်လား”လို့ ထပ်ပြီးမိန်းပါရေ။

ယေအခါ် ပုဏ္ဏားပျို့သျှေက “မတတ်ခပါ” လို့ အမိကို ပြန်ပြောရေ။

ယာက“ငါ့သားရေ ပညာမစုံသိ၊ ဆရာကြီးထံပြန်ပြီးကေ အသာတမန္တအတတ်ကို သင်ခီအုံး”လို့ ပြောပြီးကေ လွှတ်လိုက်ပါရေ။

ပုဏ္ဏားပျို့သျှေလည်း အမိစကားအတိုင်း ဆရာကြီးထံပြန်လာပြီးကေ အသာတမန္တအတတ်ကို သင်ပီးဖို့ ပြောကြားပါရေ။ ဆရာကြီးမှာလေ့ အသက်(၁၂၀)ဟိရေ။

အမိအိုတစ်ယောက်ကို တောထဲတစ်နီရာမှာ အိမ်ဆောက်ထားပြီးကေ မိမိကိုယ်တိုင်လုပ်ကျွေးပြုစုနီပါရေ။ ပုဏ္ဏားပျို့သျှေက ပညာသင်ဖို့ ပြောရေခါ် ဆရာကြီးရေ ယင်းသူကို ဝါကြီးမဟိရာကို ခေါ်ယူလားခပါရေ။

ယေပြီးကေ ဆရာကြီးက “မင်းကို အသာတမန္တအတတ်ကို သင်ပီးမေ၊ ဂုနိကစပြီးကေ ငါ့မိခင်ကို မင်းကိုယ်တိုင် ရီချိုးပြီး ထမင်းခွံ့၊ ညဉ့်အခါ် ခြီဆုပ်လက်နယ်ပြုလီ”လို့ ဆိုပြီးကေ ဝါကြီးမကို လုပ်ကျွေးဖို့ ပုဏ္ဏားပျို့သျှေကို တာဝန်ပီးပါရေ။

ပုဏ္ဏားပျို့သျှေလည်း ဆရာမှာရေအတိုင်း ဝတ္တရားမပျက်နိုစိုင်ဆောင်ရွက်ပါရေ။ ယင်းပိုင်နန့် တစ်ပတ်လောက်ကြာရေအခါ် ဆရာကြီးရေ ပုဏ္ဏားပျို့သျှေကို ခေါ်ပြီးကေ ဝါကြီးမကို ချော့မြူပြောရဖို့ စကားတိကို သင်ထားပါရေ။

တစ်ရက်နိခါက ဝါကြီးမကို ရီချိုးပီးနီစိုင် ဆရာကြီးသင်ထားရေအတိုင်း ဝါကြီးမကို စကားစပါရေ။

“အဘောင်သျှင် အသက်ဇာလောက်ဟိပါဗျာယ်လေ”

“ငါ့အသက်(၁၂၀)ဟိဗျာယ်”လို့ ဝါကြီးမက ပြန်ပြောပါရေ။

ပုဏ္ဏားပျို့သျှေကလေ့ ထပ်ပြီးကေ“အသက်(၁၂၀)ဟိကေလေ့ အဘောင်သျှင် အသားအရီတိက ဝင်းနီသိရေ။ အပျို့သျှေခါ်ဆိုကေ ကောင်းကောင်းလှဖို့ရာမနား”

ယင်းစကားကို ဝါကြီးမကို ပြောရေအခါ် ငယ်မူပြန်လာပြီးကေ ပုဏ္ဏားသျှေကို နစပ်ဖို့အထိ ဖြစ်လာပါရေ။

ပုဏ္ဏားသျှေကလေ့“အဘောင်သျှင်ကို နစပ်ချင်ကေလေ့ ဆရာကြီးကို ကြောက်ပါရေ၊ ဆရာကြီးမဟိမှရာ နစပ်နိုင်ဖို့”လို့ ပြောပါရေ။

ယင်းအခါ တဏှာရမ္မက်တက်နီရေ ဝါကြီးမက ''နင့်ဆရာကို သတ်ပစ်''လို့ ပြောပါရေ။

ပုဏ္ဏားပျိုသျှေက ''အကျွန်၏ကျေးဇူးသျှင်ဖြစ်လို့ မသတ်ဝံ့ပါ''လို့ ပြောပါရေ။

ဝါကြီးမက ''နင်မသတ်ဝံ့က ငါ့သားကို ငါသတ်မေ၊ ငါ့ကိုရာ နင်ထားမပစ်ခကေ့''လို့ ပြောပါရေ။

အေအကြောင်းတိကို ပုဏ္ဏားပျိုသျှေရေ ဆရာကြီးကို အားလုံးပြန်ပြောပါရေ။

ယင်းအခါ ဆရာကြီးရေ အမိ၏သက်တမ်းကို တွက်စစ်ကြည့်ရေအခါ ယင်းနိပင် သက်တမ်းစိလို့ သိဖို့စွာကို မြင်ပါရေလပ်။ ယေဇူနန့် အပူတပြင်း ရီသဖန်းသားတုံးကို အရုပ်တစ်ခု လုပ်ပြီးကေ ဆရာကြီးအိပ်နီကျ ကုတင်ထက်မှာ ပဆိုးကို ခေါင်းဆုံးခြီဆုံး ချုံပြီးထားပါရေ။ ယေပြီးကေ ကြိုးအရှည်တစ်ပင်ကိုယူလို့ ကြိုးတစကို ကုတင်ပေါ်မှာ ချိင်ပြီးကေ နောက်တစကို ဝါကြီးမအခန်းထဲထိ ရောက်အောင်တင်းလို့ ချိင်ထားပါရေ။

အားလုံးကိစ္စပြီးရေအခါ ပုဏ္ဏားပျိုသျှေရေ ဝါကြီးမဘက်ကို လာပြီးကေ''အေလား အဘောင်သျှင်၊ အဂုဆရာကြီးရေ ကုတင်ထက်မှာ အိပ်နီရေ၊ အေပေါက်ဆိန်ကို ယူလို့ ကြိုးတန်း အတိုင်း လျှောက်လားပြီးကေ ဆရာကြီးကို ခွတ်သတ်ခီ''

ဝါကြီးမက''နင် ငါ့ကို ပစ်လားဖို့လား''လို့ မိးပါရေ။

ပုဏ္ဏားပျိုသျှေက ''မပစ်ပါ''လို့ ကတိပီးပါရေ။ ယေအခါ ဝါကြီးမရေ ပေါက်ဆိန်ကို လက်တစ်ဖက်နန့် ကိုင်ပြီးကေ အခြားလက်တစ်ဖက်က တတုံတတုံနန့် ကြိုးကို ကိုင်ပနာ ဆရာကြီးအိပ်နီရေ ကုတင်ဟိရာကို လျှောက်လာပါရေ။

ကုတင်ကိုရောက်တေခါ တစ်ချိန်တည်း နန့်သိအောင်လို့ လိုင်ဖင်းနီရာကို မှန်းပြီးကေ ပေါက်ဆိန်နန့် ပေါက်ချလိုက်ပါရေ။ ပေါက်ဆိန်ရေ သစ်တုံးမှာကျခါ 'ဒုန်း'လို့အသံထွက်လာပါရေ။ ယေအခါ ဝါကြီးမက သစ်သားဖြစ်စွာကို သိလားခပါရေ။

ယင်းအချိန်မှာပင် ကုတင်ခြီရင်းဘက်က ပုန်းနီကတ်တေ ဆရာကြီးနန့် ပုဏ္ဏားပျိုသျှေရို့ ထွက်လာကတ်ပြီးကေ ဆရာကြီးက ''အမင်၊ ဇာပိုင်လုပ်လေချင့်''လို့ ပြောလိုက်တေအခါ ဝါကြီးမ ရေ ငါတော့ခါ လိမ်စွာကိုကျဖျာယ်လို့သိလီပါရေ။ ယင်းအချိန်မှာပင်လဲကျပြီးကေသီဆုံးလားခပါရေ။

ဆရာကြီးရေ အမိ၏အလောင်းကို သင်္ဂြိုဟ်ပြီးရေအခါ ပုဏ္ဏားပျိုသျှေကို ခေါ်ပြီးကေ''ငါ့ တပည့်၊ မင်းရှိမှာ ငါ့အမိဝါကြီးမ၏အဖြစ်ကို မင်းမြင်ဖျာယ် မဟုတ်လား၊ အသာတမန္တအတတ် ဆိုစွာ မိန်းမရို့အကြောင်းကို လေ့လာရေပညာရပ်ဖြစ်တေ၊ မင်းအဂု မိန်းမအကြောင်းကို သိမြင် ဖျာယ်မဟုတ်လား၊ မင်း ပညာတတ်ဖျာယ်၊ မင်းမိဘအရပ်ကို ပြန်နိုင်ဖျာယ်'' လို့ ဆရာကြီးက ပြောလိုက်ပါရေ။

ပုဏ္ဏားပျိုသျှေလည်း မိဘရပ်ထံပြန်ရောက်တေအခါ ဂရာဝါသ အိမ်ထောင်မှုကိစ္စတိကို မပြုလုပ်ဘဲ မိန်းမတိနန့်ဝီးရာ တောကိုလားပြီးကေ ရဟန်းပြုလီပါရေလပ်။

**ရခိုင်သားကြီးစာပေ**

ဤဇာတ်လမ်း၏ ပညာပီး သင်ခန်းစာမှာ မိန်းမရို့ရေ အသက်အရွယ်အိုမင်းလာကေလေ့ ကာမရာဂ စိတ်ပြင်းထန်လာလျှင် မိမိ၏ လင်ကိုသော်လည်းကောင်း၊ သားသမီးကိုသော်လည်း ကောင်း၊ သတ်ရန်ဝန်မလေးချေ။

အေဇာတ်လမ်းကို နံရံမှာ ထုလုပ်ထားစွာက ကုတင်တစ်ခုအထက်မှာ သစ်သားတစ်တုံး စင်းလို့ ချပြီးကေ ခေါင်းရင်းဘက်ကကြိုးကို ကိုင်ပနာလျှောက်လာနီရေ ဝါကြီးမပုံနန့် ကုတင်ခြီ ရင်းဘက်က ဝှက်ကြည့်နီကတ်တေ့ လူသုံးယောက်ပုံရို့ ဖြစ်ပါရေ။

စာဖတ်သူ သျှစ်သောင်းပုထိုးတော်ကြီးသို့ ဘုရားဖူးရောက်ခဲ့လျှင် အပြင်လိုဏ်ပါတ် တောင်ဘက်ရှိ နံရံတာတိယ အဆင့်မှာ လေ့လာကြည့်ရှုနိုင်ပါရေ။

ဇာတ်ပေါင်းသော် ဒိသာပါမောက္ခ ဆရာကြီးမှာ ဘုရားဖြစ်လာသည်။

ပုဏ္ဏားပျိုသျှေ၏ဖခင်မှာ အသျှင်မဟာကဿပဖြစ်လာသည်။

အမိမှာ ဘဒ္ဒကာပိလာနီထေရီမ ဖြစ်လာသည်။

ပုဏ္ဏားပျိုသျှေမှာ အသျှင်အာနန္ဒာ ဖြစ်လာသည်။

ရွှေခိုင်ကျော်(မြောက်ဦး)

# မြောက်ဦးခေတ်ပြိုင် အခြေအနေများ

မင်းစောမွန်သည် ဘင်္ဂလားမဟာရာဇာ နဇာဥဒင်ရှာထံတွင် အခိုက်အတန့် စစ်ဘေးစစ်ဒဏ် ခိုလှုံခဲ့သည်ကို အကြောင်းပြု၍ ဘင်္ဂလား၏ သြဇာခံသဘောမျိုးဖြစ်ခဲ့ရသည်။

မင်းစောမွန်ကို နောက်ဆက်ခံသော မင်းအချို့မှာ မူဆလင်ဘွဲ့အမည်များ ခံယူထားသည်။

အမှန်မှာ ရခိုင်ဘုရင်များသည် ဗုဒ္ဓဘာသာဘုရင်များအဖြစ် မိမိပိုင်နက်အတွင်း အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များကို စည်းရုံးထားနိုင်စေရန် မဂိုစစ်သည်နှင့် တန်းတူရည်တူဘွဲ့အမည်ခံယူနိုင်ကြောင်းကို ပြသရန်ဖြစ်ပေသည်။ (*)မဂိုဘုရင်များ လက်အောက်ခံဘဝမျိုး မနေထိုင်ခဲ့ကြချေ။

မင်းစောမွန်လွန်ပြီး ချက်ချင်းပင် နန်းဆက်ခံသော မင်းခရီ (၁၄၃၄–၁၄၅၆)က ပန်းဝါကို သိမ်းယူသည်။ ထို့နောက် ဘစောဖြူ(အေဒီ ၁၄၅၆–၁၄၈၂)သည်လည်း စစ်တကောင်းကို အေဒီ ၁၄၅၉ ခုနှစ်တွင် သိမ်းသွင်းပြန်သည်။

စစ်တကောင်း(Dianga)ဒေါ် စသည်တို့သည် မန်နရစ်မြောက်ဦး ရောက်သောအချိန်တွင် ရခိုင်ဘုရင်၏ လက်အောက်ခံဖြစ်ကြောင်း ဖော်ပြခဲ့ပေသည်။

စစ်တကောင်းနယ်သည် အေဒီ ၁၆၆၆ ထိ ရခိုင်တို့၏ လက်အောက်ခံဖြစ်ခဲ့သည်။

သို့ဖြစ်ရာ မင်းစောမွန်လွန်သည်နှင့် တပြိုင်နက် ရခိုင်ဘင်္ဂလားဆက်ဆံရေးမှာ လုံးဝပြောင်းလဲသွားသည်ဟု ဆိုနိုင်ပေသည်။

ရခိုင်ပြည်နယ်၏ အရှေ့ဘက်တွင် ရိုးမတောင်တန်းကြီးများခြားနေပေရာ ကာလအပိုင်းအခြားအလိုက် အရှေ့ဘက်ပဒေသရာဇ်နိုင်ငံများနှင့် ကင်းလွတ်ခဲ့သည်က များလေသည်။

---

* လမ်းစဉ်ပါတီ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း စာ–၃၈၇

မြောက်ဦး၏ နိဒါန်းပိုင်း လောင်းကြက်ခေတ် နှောင်းပိုင်းတွင်ကား အင်းဝနှင့် ဟံသာဝတီ ပဒေသရာဇ်တို့ အားပြိုင်မှုတွင် နှစ်(၄၀)မျှ ပါဝင်ပတ်သက်နေခဲ့ပေသည်။

မင်းစောမွန်နောက် ဆက်ခံသော မင်းခရီခေါ် နရနု(အလီခင်) လက်ထက်တွင်ကား အနောက်ဘက်မှ ဆူလတန်ဘုရင်၏ အန္တရာယ်ကြောင့် အင်းဝဘုရင် နရပတိနှင့် ရခိုင်ရိုးမ ဖိုးခေါင်တောင်ထိပ်တွင် တွေ့ဆုံပြီး မဟာမိတ်ပြုခဲ့သည်။(+)

ရေမြေနိုင်ငံ အပိုင်းအခြားကိုလည်း ''ဖိုးခေါင်တောင်ရိုးအရှေ့ကလည်း ရေကျကို ရတနာပူရ အင်းဝနိုင်ငံဖြစ်စေ၊ ဖိုးခေါင်တောင်ရိုး အနောက်ကလည်း ရေကျကို ဓညဝတီ ရခိုင်ပြည်နိုင်ငံဖြစ်စေ''ဟု ပိုင်းခြားသတ်မှတ်သည်။

မင်းနှစ်ပါးတို့သည် ထီးဖြူမှစ၍ အဆောင်အယောင် မင်းခမ်းမင်းနားတို့ပါ တစ်ပါးကို တစ်ပါးလဲလှယ်တော်မူပြီး သက္ကရာဇ် ၈၁၆–ခု၊ တန်ခူးလဆန်း(၆)ရက်၊ တနင်္လာနေ့တွင် တပ်စဉ်အတိုင်း ဆုတ်၍ နေပြည်တော်သို့ ပြန်ကြသည်။(*)

ဤသို့ပြည်ပအန္တရာယ်ရှိချိန်တွင် သွေးရင်းသားရင်း ပဒေသရာဇ်အချင်းချင်းလည်း မဟာမိတ်ပြု သွေးစည်းခဲ့ကြသည်။

အေဒီ ၁၄၄၃–ခုနှစ်တွင် ရေးထိုးသည့် စစ်ကိုင်းထူပါရုံကျောက်စာတွင် အင်းဝဘုရင် နရပတိ၏ ဘိသိက်အခမ်းအနားသို့ သက်၊ မြို့၊ ချင်းလူမျိုးတို့ကို အစိုးရသော ရခိုင်မင်းလည်း တက်ရောက်ပါရှိလေသည်။(a)

မင်းခရီ(နရနု)နောက်ပိုင်းတွင်ကား အရှေ့ဘက် ပဒေသရာဇ်များနှင့် ဆက်ဆံရေးမှာ ပြောပလောက်သည့်အဖြစ်အပျက် မရှိချေ ရာစုနှစ်တစ်ခုနီးပါးကြာထိ တည်ငြိမ်ခဲ့သည်။

၎င်းနောက်တွင်ကား အင်းဝပဒေသရာဇ်များနှင့် ဟံသာဝတီပဒေသရာဇ်များသည် တဖြည်းဖြည်းအင်အားလျော့ပါးစပြုလာသည်နှင့် အမျှ ရခိုင်ပြည်မြောက်ဦးနှင့် တောင်ငူပဒေသရာဇ် မင်းများသည်လည်း တစတစကားကောင်းလာခဲ့သည်။

အထူးသဖြင့် တောင်ငူဘုရင် တပင်ရွှေထီး(၁၅၃၀–၁၅၅၀)နှင့် မြောက်ဦးဘုရင် မင်းဘင်ခေါ် မင်းဘာကြီး (၁၅၃၁–၁၅၅၃)တို့အား ခေတ်ပြိုင် အင်အားအတောင့်တင်းဆုံးသော ဘုရင်များဖြစ်လာကြသည်။

ထိုအချိန်တွင် တပင်ရွှေထီးအဖို့ မြန်မာနိုင်ငံ တဝန်းလုံးအား တိုက်ခိုက်သိမ်းသွင်းပြီးဖြစ်ရာ မိမိသြဇာအာဏာကို မခံဘဲ ပြိုင်ဘက်ဟူ၍ ရခိုင်ပြည်မြောက်ဦးတွင် စိုးစံနေသော မင်းဘင်ခေါ်

---

+ ရမ်းဗြဲတောင်ကျောင်းဆရာတော်၊ ရခိုင်ရာဇဝင်သစ်၊ စာ –၂၄။

* ရခိုင်ရာဇဝင်သစ်၊ စာ– ၂၅။

a စစ်ကိုင်းထူပါရုံကျောက်စာ(က)ကြောင်းရေ–၄

မင်းဘာကြီးတစ်ဦးတည်းသာ ရှိတော့သည်။

သို့နှင့် တပင်ရွှေထီးသည် မြောက်ဦးမြို့တော်ကို ချီတက်တိုက်ခိုက်တော့သည်။ ရခိုင်ရာဇဝင်အလိုအရ မြောက်ဦးသိမ်းပိုက်ရေးအတွက်(၃)ကြိမ်တိုင်ကြိုးစားရသည်ဟု ဆိုသည်။(b)

မြန်မာရာဇဝင်၌မူ ကြည်းအားရေအားတက်စေသည်။ မရချေ။ ရခိုင်မြို့သည် တောင်ထိပ်မှာလည်း ဖြစ်သည်။ မြို့လည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထူထပ်လှသည်။ ယင်းသို့ဖြစ်သောကြောင့် ကြိမ်ဖန်များစွာ လုပ်ကြံသော်လည်း မြို့ကို မရချေ။ (c)ဟု တွေ့ရသည်။

နောက်ဆုံး စစ်သူကြီး ဘုရင့်နောင်ကိုယ်တိုင် လာရောက်စစ်ပြေငြိမ်းရန် ကမ်းလှမ်းလာသည်ကို ပြည်စိုးကြီး ဓမ္မဇေယျက လက်ခံတွေ့ဆုံပြီး စစ်ပြေငြိမ်းရန် သဘောတူကြသည်။

မင်းနှစ်ပါးအပြန်အလှန် လက်ဆောင်များ ပေးကြသည်။ တပင်ရွှေထီးက စောရန်နိုင်ဟူသော ဆင်နှင့် မြင်းနှစ်စီး လက်ဆောင်ပေး၍ မင်းဘာကြီးက စပါးတစ်သိန်းငါးသောင်း လက်ဆောင်အဖြစ် တုံ့ပြန်ခဲ့သည် (d)ဟု ဆိုသည်။

ရခိုင်ရာဇဝင်တွင်ကား ''ဝိုင်းရံပိတ်မိသော တပင်ရွှေထီးသည် မဟာမိတ်အဖြစ် ကတိသစ္စာပြုလျက် ပြန်လိုပါကြောင်းနှင့် တောင်းပန်လာလျှင် မင်းဘာကြီးသည် မင်းတရားရွှေထီးအား ကတိသစ္စာတည်းဟူသောကြိုးဖြင့် ချီဖွဲ့လျက် ခွင့်ပြုတော်မူသည်။ မင်းတရားရွှေထီးလည်း သေဘေးမှလွတ်ကင်းသောကြောင့်အလွန်ဝမ်းမြောက်သည်ဖြစ်၍ တလိုင်းမင်းသုရှင်တကာရွှတ်ပိ၏ မယားဖြစ်သော ပြည်ဘုရင် နရပတိ၏နှမတော်ကို မင်းဆောင်မင်းယောင်နှင့်တကွ ဆက်သတော်မူခဲ့ရာ သက္ကရာဇ် ၉၀၈–ခုတပေါင်းလဆန်း(၆)ရက်နေ့ ပြန်တော်မူလေသည်''ဟု (e)တွေ့ရသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်တွင် ''မင်းတရားရွှေထီးလက်ထက် ရခိုင်သို့ ချီသောအခါ ဘုရင့်နောင် ကျော်ထင်နော်ရထာကို သူက ဝန်းမိလေရာတွင် ရခိုင်ကိုသည်ဖြင့် မချီပြီဟူသော သစ္စာကတိရှိသောကြောင့် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ရခိုင်ကို မလုပ်ကြံနေတော်မူသည်''ဟု တွေ့ရသည်။

---

b ရမ်းဗြဲတောင်ကျောင်းဆရာတော်၊ စာ ၄၉–၅၀
c (က)မှန်နန်းရာဇဝင်တော်ကြီး (ဒု)စာ ၂၃၀ ပိုဒ်(၂)
(ခ)ဦးကုလားရာဇဝင်ကြီး၊ (ဒု) စာ–၂၁၄
d ငမည်ရာဇဝင်၊ ပေမူဘိကြော–၅
ဓညဝတီအရေးတော်ပုံ၊ စာ–၅၀
e ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ–၅၂

သို့ဖြစ်ရာ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့သည် လျှို့ဝှက်ဆန်းကြယ်စွာ ကြိုတင်စီမံထားခဲ့သော မြောက်ဦးရွှေမြို့တော်၏ အရံအတားများတွင် အကျပ်အတည်း တွေ့ခဲ့ရသည်။ နောက်ဆုံး၌ စစ်ပြေငြိမ်းခဲ့သည်။

မင်းဘာကြီး နောက်ဆက်ခံသော မင်းတိက္ခာ၊ မင်းစောလှ၊ စကြာဝဒေး မင်းဖလောင်း လက်ထက် နှစ်(၄၀)ခန့်တွင်ကား ခေတ်ပြိုင် ပဒေသရာဇ်များနှင့် ပြဿနာမရှိခဲ့ချေ။ ဘုရင့်နောင်နှင့် နန္ဒဘုရင်တို့မှာ ယိုးဒယားဘက်သို့ ခြေဦးလှည့်နေရသောကြောင့်ဖြစ်သည်။

အထူးသဖြင့် နန္ဒဘုရင်(၁၅၈၁–၁၅၉၉)လက်ထက်တွင် စစ်မက်ထူပြော၍ စည်းရုံးညီညွတ်မှု ပျက်ယိုင်လာခဲ့သည်။

ထိုအချိန်တွင် ရခိုင်ပြည်မြောက်ဦး(a)တွင် မင်းရာဇာကြီး ခေါ် နရပတိ(၁၅၉၃–၁၆၁၂)သည် ဒက္ကာမြို့ထိ တိုက်ခိုက်သိမ်းယူပြီး ဂင်္ဂါမြစ်ဝရှိ ပေါ်တူဂီတပ်များအား ကြေးစားတပ်များအဖြစ် ခေတ်မီသေနတ်များဖြင့် တပ်ဆင်ဖွဲ့စည်းလျက်ရှိလေသည်။

သက္ကရာဇ် ၉၅၉–ခု၊ အေဒီ (၁၅၉၇) ခုတွင် တောင်ငူဘုရင် မင်းရဲသီဟသူက ကြည်းတောင်းစား၊ ကသာစားနှစ်ယောက်ကို ဟံသာဝတီကို ပူးပေါင်းတိုက်ခိုက်ရန် လက်ဆောင်ပဏ္ဏာများနှင့်အတူ ရွှေပေလွှာပါးလာသည်။

ပဲခူးမြို့ကို ကူညီတိုက်ခိုက်ယူ၍ ပေးတော်မူပါ။ ပဲခူးမြို့ကို ရလျှင် သမီးကညာ ဆင်ဖြူရတနာကို ဆက်ပါမည်ဟု ဆိုသည်(**b**)။

မြန်မာရာဇဝင်အဆိုအရ တောင်ငူဘုရင် ဟံသာဝတီကို ချီလုပ်ကြံပါ။ အရေးပြီးလျှင် ဆင်ကြီး မြင်းကြီး၊ သမီးကညာပေးပါမည်ဟု စေလာသည်ဟု ဆိုသည်။

အေဒီ ၁၅၉၉–ခုတွင် မြောက်ဦးနှင့် တောင်ငူပူးပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်သိမ်းယူလိုက်ကြသည်။

တောင်ငူဘုရင် မင်းရဲသီဟသူလည်း မင်းရာဇာကြီးသို့ အထူးထူးသော ပုဆိုးခါသာ၊ အပြားပြားသော မှိုင်းလုံး၊ ရွှေဖျင်၊ အထွေထွေသောမုန့်၊ ယုသနပ်များစွာနှင့် ဆင်ဖြူတော်တစ်စီး၊ ငါးဆူဒါယကာ နန္ဒဘုရင်၏ သမီးတော် ခင်နှောင်းကို မိဖုရားကြီးအဆောင်အယောင်နှင့်တကွ လည်းကောင်း(**c**)၊ ရွှေငွေရတနာ၊ လက်နက်များ၊ ဘုရင့်နောင်ယိုးဒယားမှ သိမ်းယူလာသော

---

a ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ–၁၄၃

b ဦးကုလား၊ ရာဇဝင်ကြီး၊ စာ–၉၆

c ဦးကုလား၊ မဟာရာဇဝင်ကြီး၊ (က)စာ ၉၈–၁၀၀ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ ၁၄၇– ၁၄၈

ကြေးရုပ်များ **(d)**နှင့် ယိုးဒယားအိမ်ထောင်စု သုံးထောင်၊ အဖိုးမဖြတ်နိုင်သော ပတ္တမြားနဂ္ဂောင်း တစ်ရံ၊ တပင်ရွှေထီး၏ ပိုတူရွှေရုပ်ကို လက်ဆောင်ပေးသည်(န)ဟု ဆိုလေသည်။

ဤတွင် ရခိုင်မင်းရာဇာကြီး၏ သြဇာအာဏာပျံ့နှံ့ရာဒေသသည် ရခိုင်ကမ်းရိုးတန်းအပါ အဝင် သံလွင်၊ မော်လမြိုင်အထိ ကျယ်ပြန့်လာခဲ့သည်။

မြိုကြည့်လျှင် မင်းရာဇာကြီးလက်ထက် ရခိုင်ပြည် ယခုဘင်္ဂလားပြည်တွင် ဒက္ကားနှင့် ဆန်ဒါဘန်စီတို့မှ မော်လမြိုင် ပင်လယ်ကမ်းရိုးတန်းအထိ ဖြစ်လေသည်။ **(f)**

၎င်းနောက် ဆက်ခံသော မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာနှင့် သာလွန်မင်းတြားတို့ ချစ်ခင်ရင်းနှီးစွာ မဟာမိတ်ပြုခဲ့ကြောင်း တွေ့ရသည်။

သာလွန်မင်းနန်းတက်သည့် အေဒီ ၁၆၂၉–ခုနှစ်တွင် ရခိုင်ဘုရင် သီရိသုဓမ္မရာဇာထံမှ သံအဖွဲ့များစေလွှတ်ခဲ့သည်။ နောက်ထပ် ၁၆၃၂–ခုတွင် တစ်ကြိမ်၊ ၁၆၃၄–ခုနှစ်တွင်တစ်ကြိမ် သံအဖွဲ့များစေလွှတ်ခဲ့သည်ကို ကောင်းစွာလက်ခံပြီး အပြန်အလှန် စေလွှတ်ပေးခဲ့သည်။(a)

နိုင်ငံခြားကုန်သွယ်မှုအတွက်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပုံရသည်။ ဒတ်ချ်တို့၏ ကုန်သွယ်မှု အစီရင်ခံစာတွင် နိုင်ငံခြားဈေးတွင် ဆန်ပေါက်ဈေးကို ကြိုတင်သိထားသဖြင့် ဈေးမြှင့်ခြင်း၊ ဈေးချခြင်းကို ပိုင်ပိုင်နိုင်နိုင် ပြုလုပ်နိုင်ကြ၏။

---

(d) ကြေးရုပ်များမှာ မူရင်းခမာကြေးရုပ်များဖြစ်သည်။ အင်ကာဝပ်(Angkor Wat) ကျောင်းရှေ့တွင် အစောင့်သဘောမျိုးထားခဲ့သော ကြေးရုပ်များဖြစ်သည်။ အေဒီ ၁၄၃၁–ခုနှစ်တွင် ထိုင်းကသိမ်းယူသွားခဲ့သည်။ အေဒီ ၁၅၆၄–ခုတွင် ဘုရင့်နောင်သည် အယုဒ္ဓယမြို့မှ ဟံသာဝတီပဲခူးမြို့သို့လည်းကောင်း၊ နောက်ထပ် (၃၆)နှစ်ခန့်ကြာညောင်းပြီးသော် အေဒီ ၁၆၀၀–ခုတွင် ရခိုင်ဘုရင် မင်းရာဇာကြီးသည် ပဲခူးမှ သူစိုးစံရာ မြောက်ဦးမြို့တော်သို့ လည်းကောင်း ပြောင်းရွှေ့ခဲ့ကြသည်။ နောက်ဆုံးအေဒီ ၁၇၈၄–ခုနှစ်သစ်တွင် ဘိုးတော်ဘုရားသည် ရခိုင်မှ ရတနာပုံ နေပြည်တော်သို့ သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၅–ခုတွင် အင်္ဂလိပ်တို့ အချို့အဝက်ကို သိမ်းယူ မယူမသိရချေ။ မူရင်းအရုပ်မှာ (၃၀)ဖြစ်ရာ အချို့မှာ ပျောက်ဆုံးနေသည်။

Wihelm Klein. Insight Guides Burma. P-၁၈၄

(e) ကဝိသာရ၊ ရခိုင်အရေးတော်ပုံ၊ စာ–ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ–၁၄၈

G.E. Harvey: History of Burma. P,–၁၈၃

M.Collis. The land of the great Image. P. ၁၅၄

(f) လမ်းစဉ်ပါတီအခြေပြ မြန်မာနိုင်ငံရေးသမိုင်း၊ စာ–၃၉၁

a မှန်နန်း(တ)၊ စာ–၂၀၃၊ ၂၁၆၊ ၁၉၉ ဦးကုလားရာဇဝင်ကြီး၊ စာ–၂၀၈

သူတို့ထံ ပြည်ပအခြေအနေများ နိုင်ငံခြားဈေးကွက် အခြေအနေများကို အပြည့်အစုံ သတင်းပို့နေသော ထောက်လှမ်းရေးကိုယ်စားလှယ်များရှိသည်။

ရခိုင်ဘုရင် သီရိသုဓမ္မရာဇာနှင့် အင်းဝသာလွန်မင်းတို့သည် အလွန်ပါးနပ်သော ကုန်သည်ကြီးများဖြစ်ကြသည်(၉)ဟု ဖော်ပြထားသည်။

အေဒီ ၁၆၆၆ ခုနှစ်ကား ရခိုင်တို့အဖို့ သမိုင်းအလှည့်အပြောင်း ဖြစ်သောနှစ်ဖြစ်သည်။

ထိုနှစ်တွင် မဂိုကေရာဇ်ဩရန်ဇေဗ်၏ ဦးရီးတော်သူ ဘင်္ဂလားဘုရင်ခံ ရှာရစ္စတာခန် (Shayista Kan)သည် စစ်တကောင်းနှင့် ဂင်္ဂါမှ ပေါ်တူဂီကြေးစားစစ်သားများ အကူအညီနှင့် ရခိုင်ဘုရင်ပိုင် စစ်တကောင်းနှင့် ပန်းဝါကို သိမ်းယူခဲ့သည်။(၅)

သို့ဖြင့် ရခိုင်တို့သည် အရှေ့ဘင်္ဂလားနယ်ကို လုံးဝလက်လွှတ်ရတော့သည်။ နောင်းပိုင်းဆက်ခံသော မင်းများလက်ထက် အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြ။

နန်းတွင်းအရေးလည်း ပိုမိုရှုပ်ထွေးလာခဲ့သည်။ အရည်အချင်းတဖြည်းဖြည်း ညှိုးဖျင်းလာခဲ့သည်မှာ အေဒီ ၁၇၈၄–ခု၊ မြောက်ဦးမြို့တော်ကျဆုံးချိန်ဖြစ်သတည်း။

ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)

---

(၉) ဦးခင်မောင်သန်း၊ ရခိုင်ပြည်ပရောင်းဝယ်ရေး၊ တက္ကသိုလ်ပညာပဒေသာ စာစောင်တွဲ–၉၊ အပိုင်း–၂၊ စာ–၉၄

(၅) D.G.E. Hill . Burma . P. ၆၀–၆၂

# အမတ်ကြီးမဟာပညာကျော်၏
# မှတ်သားဖွယ်ရာလျှောက်ထုံး

## လျှောက်ထုံး(၁)

**မင်းဖလောင်းမင်း။ ။**

အေးလား...ပညာယှိအမတ်ကြီးရို့ ညီလာခံခေါ်ယူရခြင်းတော့ခါ၊ ဗေဒင်ကိန်းခန်းအရ၊ မြောက်ဦးမြို့သစ်တည်ထောင်ဖို့ လိုအပ်နီရေလို့ သိယှိရရေ၊ ယေအတွက်နန့်၊ မြို့သစ်တည်သင့် မတည်သင့်ကို စဥ်းစားဝေဖန် လျှောက်ထားတင်ပြအပ်ပါလို့ ပြောကြားလိုရေ၊ ဟူရားဖြူ ဟူရားညိုအမတ်ရို့နန့်၊ အဘိုးသျှင် ပညာယှိ မဟာပညာကျော်အမတ်ကြီး။

ဟူရားဖြူ ဟူရားညို အမတ်ရို့ တူညီရေ တင်လျှောက်ထားချက်။ ။ပြည်ကြီးမဏ္ဍိုင် အသျှင်မင်းမြတ်...ဗေဒင်အလိုအရ မြောက်ဦးကိန်းခန်းကုန်လို့ မြို့သစ်တည်ရန် လိုအပ်နီပါရေ အသျှင်မင်းမြတ်၊ ယင်းတွက်နန့် မြို့သစ်၊ နန်းသစ်တည်ရန် နေရာကောင်း၊ အခါကောင်းကို ရွီး ချယ်ဖို့လဲ အချိန်လိုအပ်နီပါရေ အသျှင်မင်းမြတ်။

**မဟာပညာကျော်လျှောက်ထားချက်။ ။**

ရိုသေစွာလျှောက်ထားပါရေ၊ ရခိုင်ပြည် သျှင် ဘုရင်မင်းမြတ်။ ရှေးပညာယှိရို့ ဆိုခရေ ထီးနန်းစိုက်ရာ ပဋိရူပ စသည်အားဖြင့် ၊ စက်လေးပါး နန့် ညီညွတ် အောင်မြေ မင်္ဂလာအရပ်၌ ထီးနန်းစိုက်ကေ၊ မြတ်စွာဘုရားသခင်၏ ဓာတ်တော်မွေ တော်၊ ပိဋကတ်တော်၊ သီလဝန်၊ ဂုဏဝန်၊ ဆရာမွန်၊ ဆရာမြတ်၊ မူးမတ်အပေါင်းနန့် ပြည့်စုံပြီး ကေ၊သာသနာတော် ထွန်းလင်းပါရေ

ပြည်သျှင်မင်းလည်း ဘုန်းကျက်သရေတိုးပါရေ၊ အသျှင်မင်းမြတ်။ မြင့်မြတ်သောမြေ ဖြစ်ခြင်းကြောင့် (၄)ပါးသောလာဘ် ပြည့်စုံခြင်း၊ ကြီးကျယ်သော လာဘ်လာဘနန့် ပြည့်စုံပါရေ။

၁။ အလွန်မွန်မြတ်ပြီးဂေ၊ တန်ဖိုးယှိရေ–ဆဒ္ဒန်ဆင်ဖြူတော် ရောက်လာပါရေ။

၂။ အမင်းမင်းရို့ ကြည်ညိုမြတ်နိုးခြင်းခံရပါရေ။

၃။ ကျီကျာဘဏ္ဍာရတနာပေါ်များပါရေ။

၄။ ရန်အပေါင်းကိုလည်း အောင်မြင်ပါရေ။

"ဒေလေးပါးနန့် ပြည့်စုံတတ်ကြောင်း၊ ပထဝီဘုမ္မိမလံ၊ စတုမဟာလာဘံ" ဟူ၍ ကျမ်းဂန် အထွက် ယှိပါရေ။ မြောက်ဦးမြို့တော်ကို တည်ရေခါကပင် ဒေနိတိုင်အောင် ရန်သူဖျက်ဆီးဘူးရေ နိုင်ဘူးရေလို့မယှိပါ။

ဒေအင်္ဂါလေးပါးနန့် ညီစွာအတိုင်း ရခိုင်ပြည်လေ့သာယာပါရေ။ သတ္တဝါရို့လည်း ကိုယ်စိတ် နှလုံးအီးချမ်းသာယာဂတ်ပါရေ။ သာသနာတော်လေ့ နီရောင်လရောင်ပမာ ထွန်းလင်းပါရေ။ မင်းလည်း မသမ္မာ၊ ပြည်သူရို့လေ့ တရားလက်လွတ်ရှိကေ၊ မြို့ရွာပြောင်းကေလေ့သော့ မသာယာပါ။ မြို့ပြောင်း ဖန်များလာကေ၊ ပြည်သားပြည်သူမီးပိုင်ပူဖို့ရာ။ ငြိမ်းချမ်းသာယာ၍ ပြည်သူရို့ကို ရင်ဝယ်သားပိုင် အုပ်ချုပ်တော်မူပါ အသျှင်မင်းမြတ်။

တစ်ကြောင်းမှာလေ့၊ အာကာမိုးလတ် နက္ခတ်နေလ၊ နက္ခတ်တာရာ၊ ရှစ်ဖြာဂြိုဟ်သွား၊ ဂြိုဟ်စား ဂြိုဟ်စု၊ ဥတုသုံးလီသုံးရပ်၊ နေကြပ်လပုပ်၊ မြေလှုပ်၊ တော်လဲ၊ နတ်ပွဲအမြောက်ပစ် ဖောက်အသံ၊ ဥက္ကာပျံနှင့် သည်းထန်မိုးစွေ၊ နေလည်းနှစ်စင်း၊ လတွင်းကြယ်သွား၊ နဂါးစက်နတ် တောင့်ခတ်ဖီလာ၊ ယတြာနှင့်၊ ဇာတာစန်းလဂ်၊ ဂြိုဟ်ပျက်ငှက်ယုတ်၊ စုန်းဖုတ်တစ္ဆေ၊ ဖွတ်မြွေ ပျားစွဲ၊ မြေကွဲတိမ်ခိုး၊ မိုးကြိုးလောင်မီး၊ ရေစီးညာဆန်၊ မြတ်မွန်ပုထိုး၊ အခိုးရောင်ခြည်၊ တွက်သည့် ထုံးဟောင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသာတည့်၊ ပညာဝေဖန်၊ အမြင်သန်မှ၊ သုတံကဝိ အသိ မြောက်မြား၊ တရားကိုသာ၊ လိမ္မာနိစ္စ၊ သာဓိနဇာတ်၊ ထုံးမှတ်သင့်စွ၊ သီလဝမင်း နှလုံးသွင်းသို့၊ ရန်ကင်းပယ်ခြေပျောက်ရလေသည်။ မှန်ယေမုချ၊ ယွင်းမစွ။ ။လို့ ရှေးပညာယှိတိ ရီးသားတော်မူ ခဂတ်တေ။ လောကီဟူသမျှ၊ သူတော်ကောင်းရို့ကို အပြစ်မပီးနိုင်ပါ၊ ပြည်ကြီးသခင် အသျှင်မင်းမြတ်။

**မင်းဖလောင်း အမိန့်တော်။ ။**

ပညာယှိကဝိအမတ်ကြီး မဟာပညာကျော် လျှောက်ထားတင်ပြချက်အရ မြောက်ဦးမြို့ ရေ စက်လေးပါးနှင့် ညီညွတ်တေ အောင်မြေမင်္ဂလာ အရပ်ဖြစ်တေ၊ မြတ်ဘုရားရှင် ဓာတ်တော် မွီတော်ရို့ ကိန်းဝပ်ပြီးဂေ၊ ပညာယှိအမတ်ရို့ နန့်လေ့ ပြည့်စုံရေ၊ အင်္ဂါလေးပါးနန့်လေ့ပြည့်စုံရေ။ ပထဝီဘုမ္မိမလံ၊ စတုမဟာလာဘံ ကျမ်းဂန်အလာယှိ သည်နှင့်အညီ ကျက်သရေယှိပြီး၊

ရန်သူတိဖျက်ဆီးလို့မရရေ မြောက်ဦးမြို့ကို ပြောင်းရွှေ့စရာမလို။ မြို့သစ်တည်ထောင်စရာမလို ကြောင်း အမိန့်တော်ချမှတ်လိုက်တေ။

## <u>လျှောက်ထုံး(၂)</u>

**မင်းဖလောင်း။ ။**

ဒေနိန့်ရာဇဝတ် တရားတဘောင်ကိစ္စတစ်ခု ပေါ်လာရေ။ ငါ့ဘုရင်မင်း မြတ် သားအလတ် သံတောင်စားရေ၊ သံတောင်ရွာသားအသည်သား တစ်ဦးကို အသီသတ်ကြောင်းကို ပြည့်ရှင်မင်းကိုယ်တိုင် သိတော်မူလတ်တေ။ ပြည်သူရို့ကို နှိပ်စက်ကလူပြုဂေ၊ ဇာပိုင်– ဇာပိုင် စီရင်သင့်လေ အမတ်ကြီး မဟာပညာကျော် ပညာယို့ အမတ်ကြီး။

**မဟာပညာကျော် လျှောက်ထားချက်။ ။**

အသျှင်မင်းမြတ် .....

၁။ သားတော် သံတောင်စားရေ၊ ခမည်းတော်ကို အာဏာပြိုင်ပနာ အာဏာပိုင်အစိုးရ ပြုနီ ပါရေ။

၂။ နောင်တော်မင်းတိ မပြုကျင့်ဝံ့သောအမှုကို ပြုကျင့်ပြီးကေ နောင်တော်မင်းတို့ကို စော်ကား သောပြစ်မှု ကျူးလွန်ပါရေ။

၃။ မူးမတ်ပြည်သူရို့ကို မခန့်လေးစားပြုကျင့်နီပါရေ။

၄။ ပြည့်သျှင်မင်းမှတပါး၊ ပြည်သူရို့အသက်ကို ဘဇာသူရို့လေ့ မပိုင်ဆိုင်ကြောင်း ရှေးထုံးယို့ပါလျက် ဖျက်ဆီးနိပါရေ။

ဒေလေးပါးသော အပြစ်ယို့သူဖြစ်ကြောင်း လျှောက်ထားပါရေ အသျှင်မင်းမြတ်။

**မင်းအမိန့်တော်။ ။**

အမတ်ကြီးမဟာပညာကျော်ရေ၊ ဘုရင်မင်းမြတ်သားတော်လို့ အဂတိတရားမလိုက်စားဘဲ မကြောက်မရွံ့ မထောက်မညှာ ဟုတ်တိုင်းမှန်ရာ လျှောက်ထားရေ၊ အယို့ကို အယို့အတိုင်း ပကတိအတိုင်း လျှောက်ထားရေ။ ပြည့်သျှင်မင်းမှတပါး မိဖုရား၊ သားတော်၊ သမီးတော်ရို့မှာ သူတစ်ပါးအသက်ကို သတ်ပိုင်ခွင့်မယို့။ ပြည့်သျှင်မင်းတောင်မှ၊ တိုင်းသူပြည်သားရို့ကို သီစားသီစီပီးဖို့ ခက်ခဲရေ။ ရင်ဝယ်သားပိုင်၊ သနားကြင်နာရဖို့။ သံတောင် စားမှာ၊ ငါ့မင်းမြတ်သားတော်ဖြစ်တေ။

ယေဇုနန့် သားတော်၏ အဆောင်အယောင်ကို ရုပ်သိမ်းစေ။ သားတော်ကို မြို့လူမျိုးရို့ နေရာ မရိပ်ချောင်းညာ ဝေလာတောင်သို့ ပို့ဆောင်စေ။ အမိန့်တော်ချမှတ်လိုက်တေ။

**ရခိုင်သားကြီးစာပေ**

## လျှောက်ထုံး(၃)

**မင်းဖလောင်ကြီး။ ။**

အေးလား အမတ်ကြီး မဟာပညာကျော်.... နိုင်ငံခြား သီဟိုဠ်ကျွန်းက ရှော်ကန်ဒရေဆိုရေ သူဌေးတစ်ဦးမြီး ဒီဘန်ဒရော်တစ်ယောက် မြောက်ဦးမြို့တော်ကို ရောက်လာရေ။ ဒီဘန်ဒရော်အဘိုး ရှော်ဘန်ဒရော်၊ ရခိုင်ပြည်နန့်ရောင်းဝယ်ဖောက်ကားလားခရေ။

ယင်းအခါက မြောက်ဦးမြို့ သင်္ဘောဆိပ်ဖြစ်တေ၊ ဘောင်းဒွတ်မြို့မှာ သူဌေးသထော်ဦးနန့် ရင်းနှီးခင်မင်ခဂတ်တေ။ ဒေပိုင်ရင်းနှီးခဂတ်လို့ ရှော်ဘန်ဒရော်က သူဌေးသထော်ဦးထံပါးမှာ အသပြာဒင်္ဂါးတစ်သိန်း အပ်နှံထားယှိရေ။

ယင်းငွေ အသပြာတစ်သိန်းပြန်ပီးဖို့ ၎င်းမြီးဖြစ်သူ ဒီဘန်ဒရော်က ဘုရင်မင်းမြတ်ထံ အသနားခံလျှောက်ထားလာရေ။ မဟာပညာကျော် အမတ်ကြီးကိုလေ့ စုံစမ်းဖို့ ၊ စစ်ဆေးဖို့ ငါကိုယ်တိုင် စေခိုင်းပြီးဖြစ်တေ။ ဒေကိစ္စမှာ နိုင်ငံခြားသားနန့် ပြည်သူရို့ကိစ္စဖြစ်လို့ ပြဿနာရပ်လေ့ ရှုပ်ထွေးနီရေ။ ဒေကိစ္စကို အစုံအလင် လျှောက်လဲတင်ပြပါ အမတ်ကြီး။

**မဟာပညာကျော် လျှောက်ထားချက်။ ။**

အသျှင်မင်းမြတ်၊ ဘောင်းဒွတ်သဌေး၊ သထော်ဦးမြေး၊ သဌေးပန်းစိန်အောင် စုံစမ်းစစ်ဆေးမီးမြန်းမှုပြုရေခါ။ သဌေးပန်းစိန်အောင်က ဒေကိစ္စမှာ နှစ်တစ်ရာကျော်နီပါကြောင်း၊ ၎င်းအဘိုး သဌေးကြီးသထော်ဦး ကွယ်လွန်အနိစ္စမရောက် ခင်က ပြောခဘူးစွာလေ့ မမှတ်မိကြောင်း၊ သို့သော်လေ့ သက်သီတချို့ကို စုံစမ်းမီးမြန်းကြည့်လိုက် တေခါ၊ ကျောက်ဖျာကြီးတစ်ခုမှာ နှစ်ဦးနှစ်ပါး သဘောတူ လက်မှတ်ရီးထိုးပြီးကေ၊ အမှတ်အသားပြု မြှုပ်ထားစွာကိုတော့ခါ တဆင့်စကားတဆင့်နား ကြားသိပါရေလို့ ထွက်ဆိုချက်ယှိပါရေ။

ကျောက်ဖျာကို ရှာဖွေပြီးတူးဖော်ကြည့်လိုက်တေခါ၊ အသနားခံလျှောက်ထားရေအတိုင်း အသပြာတစ်သိန်းကို တွိရပါရေ အသျှင်မင်းမြတ်။

အသျှင်မင်းမြတ်....အပ်သူလူနန့် ထိမ်းသိမ်းသူရို့ အသက်အထင်အရှားရှိကေမှုကား၊ သဘောတူ အပေးအယူနန့် နီသင့်ပါရေ။

အဂု အမှုကိစ္စမှာ၊ အပ်တေလူနန့် ပေးရင်းလူတိလည်း မဟုတ်ကပ်ပါ၊ သားတဆက်၊ မြီးတတန် ထိန်းသိမ်းလာဂတ်စွာ နှစ်ပေါင်းတရာကျော်လတ်ပါဗျာ။

ယေဇူနိန့် တစ်သောင်းအသပြာကို ထိန်းသိမ်းရေလူ ပန်းစိန်အောင်ကို ပီးစေ။ ကျန်ကိုးသောင်းအသပြာကို သီဟိုဠ်သဌေး ရှောင်ဘန်ဒရော်မြီး၊ ဒီဘဒရော်ကို ပီးစေလို့ စီရင်သင့်ပါကြောင်း လျှောက်ထားပါရေ အသျှင်မင်းမြတ်။

ဘုရင်မင်းမြတ်လေ့ မဟာပညာကျော် လျှောက်ထားရေအတိုင်း စီရင်ဆုံးဖြတ်လိုက်တေ။

## လျှောက်ထုံး(၄)

**မင်းဖလောင်း။ ။**

အေးလား ပညာယို အမတ်ကြီး မဟာပညာကျော်...မီးချောင်းစား အမတ်ကြီး ဇေယျာသင်္ခ မှာ ကွယ်လွန်အနိစ္စရောက်လို့ ဘဝတစ်ပါးကို ပြောင်းလားခစွာကြာဗျာ၊ မီးချောင်းစားရာထူးကို ဆက်ခံဖို့ လူတစ်ဦးတစ်ယောက်လေ့ မယှိသိ။

ပေါင်းတုတ်ကျွန်းမှာနီရေ ကုလား(ဟာဂျီ–ကိုရိန်)ဆိုရေ ကုလားတစ်ယောက်က မိဖုရား ကြီးရှင်လတ်ကို အသပြာဒင်္ဂါးတစ်ထောင်လက်ဆောင်ဆက်သပြီးသကာလ မီးချောင်းစားရာထူး ကို ရအောင်ကြံဆောင်ပီးပါလို့ တောင်းပန်လတ်တေ။ မိဖုရားကြီးရှင်လတ်ကလေ့ ငါ့ဘုရင်ကို လျှောက်ထားလာလို့ မဟာပညာကျော်နှင့် တိုင်ပင်ခြင်းဖြစ်တေ။

**မဟာပညာကျော် လျှောက်ထားချက်။ ။**

ရခိုင်ပြည်ကြီးရေ ဗုဒ္ဓဘာသာ သာသနာ တော် ထွန်းကားရေတိုင်းပြည်ဖြစ်စွာနန့်အညီ အကြီးအကဲလုပ်သူရို့မှာလေ့၊ ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းသူတိဖြစ်ကပ်ပါမှ လက်အောက် ငယ်သားတိနန့် ပြည်သူတိ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကိုးကွယ်ဂတ်ပါမယ်။

ဘာသာခြားကို အကြီးအကဲတင်မြှောက်ကေတော့ခါ ဗုဒ္ဓဘာသာ သာသနာတော်ကို ထိခိုက်နိုင်ပါရေ။ မိဖုရားကြီးရှင်လတ်မှာလေ့ မိမိ၏ ဂုဏ်သိက္ခာတော်ကို ထိန်းသိမ်းစောင့်ရှောက် သင့်ပါရေ။ တိုင်းပြည်နိုင်ငံအုပ်ချုပ်ရာမှာ မိဖုရားတိ ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်းကို လျှောက် ထားပါရေ။

နိုင်ငံခြားသား၊ ဘာသာခြား၊ လူမျိုးတိကို အုပ်ချုပ်ရေး၌ အရေးပါအရာရောက်တေ နေရာ တိမှာ ခန့်ထားခြင်းမယှိပါ။ အုပ်ချုပ်ရေးမှာ မင်းရို့ကျင့်ထုံးဓမ္မသတ်သာမဟုတ်။ ဗုဒ္ဓဘာသာ တရားတော်ကိုလည်း အရိုတ်တံကဲပြုလုပ်ပြီးကေ၊ အုပ်ချုပ်တတ်ကြောင်း လျှောက်ထားအပ်ပါရေ အသျှင်မင်းမြတ်။

ဒေလျှောက်ထားချက်အရ မိဖုရားရှင်လတ်လေ့ အရှက်တရားရကာ၊ ကုလား ဟာဂျီကိုရိန် ကို အသပြာတစ်ထောင်ပြန်ပီးလိုက်ပါရေ။ မိဖုရားက နောင်ကိုမသင့်လျော်စွာတွိသရှိကို သမီး အမှတ်ထားပြီး ဆုံးမဖို့အကြောင်း အမတ်ကြီးကို ပြောကြားခပါရေ။

အမတ်ကြီးမဟာပညာကျော် (ငယ်နာမည် မြတ်သာထွန်း)ပါ။

နန်းတက် ရခိုင်ကောဇာသက္ကရာဇ် ၈၉၃(ခရစ်သက္ကရာဇ် ၁၅၃၁ ခုနှစ်)မှာ နန်းတက်တေ မင်းဗာဘုရင်လက်ထက်မှာ (၂၂)နှစ်ထိ အမတ်ပညာယိုအဖြစ် ထမ်းဆောင်ခပါရေ။

ယပြီးကေ မင်းတိက္ခာ၊ မင်းစောလှ၊ စကြာဝတေး၊ မင်းဖလောင်းနန့် သက္ကရာဇ် ၉၅၅– ခု(ခရစ်သက္ကရာဇ် ၁၅၇၁)မှာ နန်းတက်တေ မင်းရာဇာကြီးထိ မင်းခြောက်ဆက်၊ အမတ်ပညာယို

အဖြစ်တာဝန်ထမ်းဆောင်ခပါရေ။

တာဝန်ထမ်းဆောင်ရာမှာ မင်းအကျိုးနန့် ပြည့်သူ့တရားတိကို ရှေ့ရှုပြီးကေ မကြောက်မရွံ့ မတွန့်မဆုတ်ဟုတ်တိုင်းမှန်ရာ လျှောက်ထားပါရေ။

သူမတူအောင်ထူးခြားပြီး ဇဝနဉာဏ်၊ တိက္ခဉာဏ်နန့် ဂမ္ဘီရဉာဏ်တိပြည့်စုံရေ ပုဂ္ဂိုလ်လေ့ ဖြစ်ပါရေ။ မဟာပညာကျော်မှာ မင်းအလိုလိုက်၊ မင်းအကြိုက်ကိုဆောင်၊ လျှောက်ထားတတ်တေ ပုဂ္ဂိုလ်မဟုတ်ပါ။

နောင်လာနောက်သားရို့သိထား မှတ်သားစီဖို့အတွက် တင်ပြလိုက်ရပါရေ။

သျှင်သူရိန်

**ကိုးကားကျမ်း**

ရခိုင်ရာဇဝင် ဦးအောင်သာဦး(ဘီအေ)။

# သုခမိန်အမတ်ကြီး ဝိမလ၏ စွမ်းဆောင်ချက်များ

ရခိုင်ရာဇဝင်ကျမ်းများတွင် ပညာရှိ၊ သုခမိန်၊ အမတ်ကြီးတို့ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြောင်း သိရှိရ၏။ ရခိုင်ဘုရင်များသည် တိုင်းပြည်နိုင်ငံကို အုပ်ချုပ်အုပ်ထိန်းဖို့အတွက် ပညာရှိ ၊ သုခမိန်၊ အမတ်ကြီးတို့အား ဘွဲ့ထူး၊ ဂုဏ်ထူး အမျိုးမျိုး ချီးမြှင့်ပေးလေ့ ရှိကြသည်။ အထူးသဖြင့် ပြည်ထိန်းသုခမိန်အမတ်ကြီးတို့အား ''ဝိမလ''ဘွဲ့ကို ချီးမြှင့်ပေးလေ့ရှိကြသည်။

ဓညဝတီခေတ် သီရိရာဇာမင်းလက်ထက် ပြည်ထိန်းသုခမိန်အမတ်ကြီး ဝိမလ၊ လေးမြို့ခေတ်မင်းထီးမှ မင်းစောမွန်လက်ထက်အထိ ပြည်ထိန်းအမတ်ကြီး ဝိမလနှင့် မြောက်ဦးခေတ်မင်းစောအို (စလတ္တာစောမွန်)မှ မင်းဖလောင်ကြီးတို့ လက်ထက်တွင် ပေါ်ထွန်းခဲ့သော သုခမိန်အမတ်ကြီး ဝိမလတို့ဖြစ်ပါသည်။

**မြောက်ဦးခေတ်လယ်ပိုင်း ဝိမလ**

ယခုဤဆောင်းပါးတွင် မြောက်ဦးခေတ် အလယ်ပိုင်း၌ မင်း ၃-၄ဆက်တိုင်အောင် ထင်ရှားကျော်ကြားခဲ့သော ဝိမလဘွဲ့ခံပြည်ထိန်းသုခမိန် အမတ်ကြီး၏ဘဝနှင့် သူ၏စွမ်းဆောင်ချက်၊ လုပ်ဆောင်ချက်များကို လက်လှမ်းမီသော စာပေ၊ ကျမ်းဂန်များမှ ထုတ်နုတ်၊ စီစစ်၊ ညှိနှိုင်းကာ တင်ပြလိုပါသည်။

သုခမိန်ကြီး၏ မိဘ၊ သူ၏မွေးသက္ကရာဇ်၊ ငယ်နာမည်များကို မသိရသေး။

သို့သော် ပညာရှိမျိုးရိုးမှ ဆင်းသက်လာခဲ့သူဖြစ် မင်းစောအို (၈၈၇-၈၈၈-၆-လ)လက်ထက်ကပင် ဝိမလဘွဲ့ထူးကို ချီးမြှင့်ခံရပြီး ပင်းဝါမြို့ကိုလည်း အပိုင်စားနေရသည်ဟူ၏။

ထိုမင်းလက်ထက် သူငယ်တို့နှုတ်ဖျား၌ အော်ဟစ်ကြသည်ကား ''ခရမ်းသီးလက်ကောက်၊ ပြောင်ပြောင်တောက်၊ ရှီးမှာဝယ် လောင်ပွန်းပြောက်'' ဟူ၍ တဘောင်ပေါ်ပေါက်လာ

ပေးသည်။

ထိုတဘောင်အရ အိမ်ရှေ့စံ ဘစောသီရိမင်းဘင်(နောင် မင်းဗာဘုရင်)သည် ပညာရှိတို့နှင့် (အထူးသဖြင့် မင်းဂါစား သုခမိန်အမတ်ကြီး ဝိမလနှင့် )တိုင်ပင်ညှိနှိုင်းပြီး ရွှေနန်းတော်၏ မြောက်အရပ် (မြတနန်းဆောင်း ကျောင်းတိုက်အနီး)၌ စေတီတော်တစ်ဆူကို တည်ဆောက်တော်မူသည်။

လွန်စွာလက်ရာမြောက်သော ပန်းပြောက်ပန်းဆန်း စုံလင်စွာနှင့် တည်၍ ပန်းပြောက် စေတီ(ဝါ) လောင်ပွန်းပြောက်စေတီဟု ခေါ်ဝေါ်သမုတ်တော်မူခဲ့ကြသည်။

ထို့နောက်တဖန် ဘစောသီရိမင်းဘင်သည် သက္ကရာဇ် ၈၉၃–ခုတွင် မြောက်ဦး ရွှေနန်းတော်ကို လက်ဝယ်ပိုင်ဆိုင်လာသည်။ ညီလာခံသဘင်ကျင်းပရာတွင် ပညာရှိအမတ်ကြီးတို့ နှင့် ဆွေးနွေးတိုင်ပင်ပြီး ရှေးဘိုးတော်၊ ဘီတော်မင်းတို့ စိုးမိုးပိုင်ဆိုင်ရိုးဖြစ်သော ဘင်္ဂါ(၁၂)မြို့ကို လည်း ပြန်လည်သိမ်းယူရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုနောက် ရွှေမြို့တော်တဝှမ်းတွင် လည်း အတိတ်၊ နိမိတ်၊ တဘောင်တို့ပေါ်ပေါက်လာသည်။ ''ကုလားကိုနိုင်လို စဖိုမှာမီးထဲ့၊ ဝသဲတောင်ကို ထီးတင်၊ ကုလားကို ရှင်ပြု''ဟူ၍ သူငယ်တို့ဆိုကြသည်ကို အဆင့်ဆင့် ဘုရင်မင်း ဆီသို့ရောက်ခဲ့သည်။

ဤအကြောင်းအရာအဖြစ်သနစ်ကို ပင်းဝါစာ သုခမိန်ကြီး ဝိမလ လျှောက်ထားသည်မှာ.....

''အသျှင်မင်းမြတ်....'ကုလားကိုနိုင်လို စဖိုမှာ မီးထဲ့' အလိုသော်ကား သဘော်ဆိပ် ဘောင်းဒွတ်သည် စဖိုဖြစ်ပါသည်။ ကုလားမီးဆင် ဗလီမုတ်ဆိတ်ကို အခြားမရှိစေရ။ ဘောင်းဒွတ် တွင်သာ ထားရပါသည်။'ဝသဲတောင်ကို ထီးတင်' အလိုကား ဝသဲတောင်ထိပ်၌ နံတော်ဘုရား တည်ထားရပါမည်။ ရှေးသိုက်ဟောင်းတွင်လည်း ကုလားပုဇွန်ထုတ်ဆယ်တန်ကို မလွန်ရာ (မူကွဲ–ကုလားပုဇွန် ဆယ့်နှစ်တန်ကို မလွန်ရာ)ဟူ၍ရှိပါသည်။ မင်းဆယ်ဆက် (ဆယ့်နှစ်ဆက်) သည်လည်း အသျှင်မင်းမြတ်တွင် စေ့ပါသည်။ ဘင်္ဂဆယ့်နှစ်မြို့ကိုလည်း အသျှင်မင်းမြတ် လက်ထက်တွင် ရမြဲရပါမည်''ဟု လျှောက်ထားခဲ့သည်။

ယင်းကြောင့် သက္ကရာဇ် ၈၉၄–ခုနှစ်တွင် မင်းဗာဘုရင်သည် စစ်အင်္ဂါ (၄)ပါးကို စနစ်တကျ ဖွဲ့စည်းလျက် ဘင်္ဂါ (၁၂)မြို့ကို သိမ်းယူရန် စစ်ကြောင်း (၃)ကြောင်းခွဲပြီး အောင်စစ်ချီတက်ခဲ့သည်။ ယင်းသောအခါ ဘုရင်မင်းဗာ၏ စီးတော်ဆင် ဇီဝဖိုးသည် မာန်တော်ဝင်၍ ကညင်ပင်ကို အမြစ်က လှဲစေ၏။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် မိုးစည်ကျွန်းသူကြီးကောင်းလှအောင်ကလည်း ငါးကျွဲတစ်ကောင် ဆက်လာစေသည်။ ထိုအတိတ်နိမိတ် နှစ်ခုကို သုခမိန်ကြီး ဝိမလက ဘုရင်မင်းမြတ် ထံ အောက်ပါလင်္ကာဖြင့် လျှောက်ထားခဲ့သည်။

''ကာလာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍရခေါ်၊ ပေါက်ကျော်တမွ၊ ပိင်္ဂလဟု၊ စသည့် ကျော်ဟိုး၊

ဆင်ဆယ်မျိုးထက်၊ တန်ခိုးအလွန်၊ ဆဒ္ဒန်ပြောင်မြတ်၊ ပတ်ရပ်ညီစွာ၊ လက္ခဏာကား၊ သန္တာစွယ်ရောင်၊ အာဘောင်ဖွေးဖွေး၊ ဖွေးဖွေးဖြူစင်၊ ငွေသွင်အလား၊ စွယ်ဖျားအညီ၊ လက်ျာချိ၍။ နငရီနှစ်ဘက်၊ နားရွက်နှာနု၊ မစုမညွတ်၊ သရပတ်သို့ မပြတ်မပေါက်၊ နောက်ရှေ့ဦးကင်၊ မထင်မကုံး၊ ကိုယ်လုံးကြော့ရှင်း၊ ရေဆင်းညာတင်၊ လေးခွင်စက်ပန်း၊ မချွန်းမပု၊ ရှစ်ခုအစွန်း၊ လဝန်းသဏ္ဍာန်၊ မှင်ရေခံသို့ ၊ အသံသွံနည်း၊ ရေကြည်းနှစ်သွယ်၊ ညာဘယ်မရွေး၊ အပြေးအသွား၊ နဂါးဦးချို၊ ရာသီသုံးမည်၊ ငါးတည်သုံးချက်၊ မုန်းသက်မကြူး၊ ထိပ်ဦးလည်တိုင်၊ ကြံ့ခိုင်စွမ်းသန်၊ ရဲမာန်တည်းတည်း၊ ခြေသည်းနေချက်၊ ကျောက်မျက်နီလာ၊ ပမာမခြား၊ နှာမောင်းဖျားတွင်၊ ပတ္တမြားရိပ်၊ အရောင်ဖိတ်သို့၊ အဒိတ်သုံးထွေ၊ အနေလေးပါး၊ အစားသုံးချက်၊ မကွက်မသန်း၊ တောင်ကျွန်းဇမ္ဗူ ဆင်ဟူသမျှ မာနမပြိုင်၊ ဦးဆိုင်မတန်၊ ကြောက်လန့်ရှောင်ပြေး၊ မြသွေးနှာချပ်၊ ပြီးခပ်ရာဟု၊ စက္ခုတောက်မြဲ၊ ပုလဲအာနီ၊ စုံညီမယွင်း၊ ဆင်များမင်းကား၊ နေ့ချင်းမလောက်၊ ခြောက်ဆယ်ခန့်ကွာ၊ ယူဇနာကို ၊ မကြာလျင်မြန်၊ နေ့ချင်းပြန်သည်၊ ဆဒ္ဒန်ပေါက်ပြောင်၊ ဂုဏ်ရောင်ဟိုးကျော်ဆင်တော်မြတ်မျိုး၊ ဇီဝဇိုးလျှင်၊ အောင်မင်္ဂလာ၊ စကြာကွန့်မြူး၊ တပ်တော်ဦးတွင်၊ ကညင်သစ်ကြီး၊ ကျိုင်းထီးတမျှ ပမာဏကို ၊ ဝင်ချတိုးလှဲ၊ မြိမ့်သဲပဲ့တင်၊ ရှစ်ခွင်တုန်ရိုက်၊ တိုက်စက္ကဝါ၊ နှံ့စွာကြောက်မင်း၊ မာန်သွင်းအလို၊ ထိုကုလားပြည်၊ ပျက်မည်မလွဲ၊ ငါးကျွဲဆက်လာ၊ ဘင်္ဂါဆယ့်နှစ်၊ ပဆစ်ညွတ်တုပ်၊ လက်အုပ်ရှစ်မြောက်၊ ရှေ့စက်အောက်သို့ ၊ ပို့ရောက်လာပြီ၊ ဒီလီပဆာ၊ ဇာတာနွမ်းညှိုး၊ ခိုကိုးမည်ချည်း၊ အလံလှည်း၍၊ ကပ်ဆည်းဝင်လာ၊ ရတနာထွေ၊ မိုးသို့စွေမျှ ကျက်သရေစုံ၊ ရွှေဘုံရိပ်ဖွား၊ ကုလားမင်းဆွေ၊ ဆင်းငြိမ့်လေကို၊ အရေးတော်ဖန်၊ ဆက်မည်မှန်သည်၊ လျင်မြန်ပြီးစီး၊ ဘုန်းနေမီး”ဟူ၍လျှောက်ထားလေသော် စစ်ထွက်တပ်တော်ကပင် သုခမိန်ဝိမလတို့ အမျိုး စားရိုးဖြစ်သည့်အတွက်ကြောင့် ၎င်းအား စစ်တကောင်းမြို့ကို စားကျေးပေးတော်မူသည်။

ဘင်္ဂါ(၁၂)မြို့ကို သိမ်းယူခဲ့ပြီးနောက် မင်ဗာဘုရင်နှင့်တကွ သုခမိန်အမတ်ကြီး ဝိမလ မဟာပညာကျော်တို့သည် မဟာဗောဓိသို့ ဘုရားဖူးသွားရောက်ခဲ့သည်။

သုခမိန်ကြီး၏ လျှောက်ထားချက်အရ ဘုရင်မင်းမြတ်သည် မဟာဗောဓိစေတီတော်ကို ပြန်လည်မွမ်းမံလျက် သက်တော်စေ့ (၄၁)ဆူသော ဆင်းတုတော်ကို တည်တော်မူခဲ့သည်။ ကောင်းမှုကုသိုလ် အစုစုကို ရေစက်ချအမျှပေးဝေပြီး မြောက်ဦးနေပြည်တော်သို့ ပြန်လာခဲ့သည်။

ထို့နောက် တဖန် မင်းဗာဘုရင်သည် ညီလာခံသဘင်တွင် ရာဇဘိသေကခံယူရန် အမိန့်တော်ရှိသည်။

သို့နှင့် စစ်တကောင်းစား သုခမိန်အမတ်ကြီးဝိမလ လျှောက်ထားသည်မှာ အသျှင်မင်းမြတ်သည် တရားနှင့်အညီ အောင်မြေနင်းတော်မူမည်ဖြစ်သောကြောင့် အဓိပတိမဏ္ဍိုင်(၅)ချက် စိုက်ထူပြီး တစ်ရာသော မင်းတို့၏ ဦးညွတ်ရာဖြစ်သော မဟာစေတီတော် (သျှစ်သောင်း ခေါ်

ရန်အောင်ဇေယျပုထိုးတော်)ကို တည်ထားကိုးကွယ်တော်မူလျက် ရာဇဘိသိက်ကို ခံယူတော်မူသင့်ပါကြောင်း”လျှောက်ထားလေသည်။

ဤအကြောင်းကို မင်းဗာဘုရင်သည် အလွန်နှစ်သက်သဘောတူပြီး စီမံမှုပြုလုပ်ကြရန်မိန့်ကြားခဲ့သည်။

ယင်းကြောင့် သုခမိန်အမတ်ကြီး ဝိမလ မဟာပညာကျော်နှင့် သျှင်မြဝါတို့သည် စေတီတည်ရန်နှင့် ဘိသိက်ခံယူရန် ရာဇပလ္လင်တော်နှင့် မြေနန်းစမုခ်ဆောင်တော် အသစ်ဆောက်လုပ်ရန်စီမံစရာများကို ပြုလုပ်ကြလေသည်။

မြေနန်းစမုခ်ဆောင်နှင့် ရာဇပလ္လင်တော်၏ ပုံသဏ္ဍာန်ကို သုခမိန်အမတ်ကြီး ဝိမလကလင်္ကာဖြင့် စီကုံးထားသည်မှာ...

“ဒီပအောင်မြေ၊ ကျွန်းသပြေထက်၊ ပရမေထွန်းလင်း၊ တရားမင်းလျှင်၊ မင်းနေတုံသာ၊ လောကနာ၏၊ ရတနာစုံရောင်၊ ဟုံးဟုံးပြောင်သို့ ၊တည်ထောင်ဆောက်လုပ်၊ နန်းစမုခ်တွင်၊ မွန်းထိပ်လက်တံ၊ ငုံဟန်စံကား၊ ဆတ်သွားပိုင်ဆိုင်၊ တုမနိုင်မှု၊ နှစ်ခုထီးဖြူ၊ နှစ်ဆူဖြန့်လျက်၊ ထီးကနက်တွင်၊ ကွမ်းဇက်လူလူ၊ ချူလည်းသွင်သွင်၊ မျက်စုံဆင်လျက်၊ မြင်ဆိုင်ပလ္လင်၊ ဥကာသံလုံး၊ အံ့မဆုံးတည်း၊ မြလျှင်မြနှစ်၊ နရိုက်ခြေသန်း၊ ခါးပန်းသွယ်မျှောင်၊ စိန်ကြောင်မျက်မြတ်၊ နဝရတ်တည်း၊ ရုပ်ဓာတ်ဆင့်ပွား၊ မိုးသားပဇ္ဇုန်၊ စမြုံကြာပြန်၊ ရှိသည်ဟန်နှင့်၊ ဆောင်တွင်ပန်းရုံ၊ ပဒုမ်ကြာလျှောက်၊ ကြက်မောက်ကြက်တိုက်၊ စုံစွာစိုက်၍၊ ယပ်နှိုက်စမြင်၊ ကျန်ယန်လက်မကန်၊ တိမ်ယံမိုးစွန်၊ ဆောင်းသွားဟန်သို့၊ လှန်ချွန်မှန်ဖူး၊ လင်းရောင်မြူးသည်၊ စိုင်းရှူးပမာ၊ သို့ခြင်းရာကြောင့်၊ မြင့်ခေါင်ထိပ်မှာ၊ ဝေယန္တာနှင့်၊ ပမာတမျှတူမောလှသည်၊ သိကြားဗိမာန်အလားတည်း” ဟူ၍ ဖြစ်ပါသည်။

မင်းဗာဘုရင်သည် သက္ကရာဇ် ၈၉၆–ခုနှစ်၊ နှစ်ဦးပေါ်ကဆုန်လဆန်း(၁)ရက်နေ့တွင် ရာဇဘိသေကဘိသိက်ကို ခံယူတော်မူသည်။ ကဆုန်လဆန်း (၁)ရက်နေ့ကို မြေမနာ နေလမပုပ်သော နှစ်ဦးပေါ်နေ့ဟု ရခိုင်လူမျိုးတို့ အယူရှိကြသည်။

“မြေမနာ နက္ခတ်မပုပ်”ဆိုသည်မှာ နှစ်ဆန်း၊ လဆန်းဖြစ်သောကြောင့် မြေလျှင်မလှုပ်သေး၊ နေလနက္ခတ် မကြတ်သေးခြင်းကိုဆို၏။

ဤနေ့ ဤရက်သည် မင်္ဂလာရှိသော ရက်မြတ် နေ့မြတ်ဖြစ်သဖြင့် “ရာဇဘိသေကဘိသိက်ပွဲတော်” ကျင်းပပေသည်။

ယင်းနှစ် တန်ဆောင်မုန်းလပြည့် စနေနေ့ ဘုရင်မင်းမြတ်မွေးနံကို ဆောင်လျက် သျှစ်သောင်းခေါ် ရန်အောင်ဇေယျ ပုထိုးတော်ကို တည်ထားတော်မူခဲ့သည်။

သုခမိန်ကြီး ဝိမလသည် သျှစ်သောင်းခေါ် ရန်အောင်ဇေယျပုထိုးတော်ကို တည်ဆောက်ပြီးနောက် သက္ကရာဇ် ၈၉၈–ခုနှစ်တွင် ရခိုင်ရာဇဝင်တစ်စောင်ကို ရေးသားခဲ့သည်။

ဝိမလရာဇဝင် ဟူ၍လည်းကောင်း၊ ရခိုင်ရာဇဝင်တော်ကြီး ဋီကာဟူ၍လည်းကောင်း ခေါ်တွင် သမုတ်ကြသည်။ ယင်းရာဇဝင်ပေမူမှာ (၇၄)အင်္ဂါရှိသည်ဟု သိရသည်။

သျှစ်သောင်း(ခေါ်) ရန်အောင်ဇေယျပုထိုးတော် တည်ထားခြင်းနှင့် အဓိပတိမဏ္ဍိုင် (၅)ရပ်၏ အကြောင်းကို အသေးစိတ်ရေးသားခဲ့သည်။

ထို့နောက် မင်းဗာဘုရင်သည် မိမိ၏ ငယ်ဆရာဖြစ်သော တောင်ညိုကျောင်းတိုက် ဆရာတော် အသျှင်အဂ္ဂစိန္တေယျ(ဝါ) အသျှင်အဂ္ဂမုနိကို အကြီးအမှူးထားလျက် သုခမိန်အမတ်ကြီး ဝိမလ မဟာပညာကျော်နှင့် သျှင်မြဝါတို့ ညှိနှိုင်းတိုင်ပင်ပြီး ရှေးရှေးသော ဓမ္မသတ်ကျမ်းတို့ကို စိစစ်တည်းဖြတ်ကာ မိမိတို့ခေတ်နှင့် ဆီလျော်အောင် ထပ်မံပြုပြင်စေသည်။ "ရွှေမျဉ်းဓမ္မသတ်ကျမ်း"ဟု ကင်ပွန်းတပ်၊ ကမ္ပည်းတင်ကြ၏။

ထိုကျမ်းကား ရွှေရောင်လွှမ်းသော မြောက်ဦးခေတ်ကို လမ်းဖွင့်ပေးသော ကျမ်းတစ်ဆူ ဖြစ်ကြောင်းသိရ၏။

နိဂုံးချုပ်အားဖြင့် သုခမိန်ကြီး ဝိမလသည် ကျမ်းတတ်ပေတတ်၊ နလုံးရည်၊ ပညာရည်နှင့် ပြည့်စုံသည့်အပြင် ရခိုင်ပြည်တိုးတက်စည်ပင်ဝပြောရေးကို အစဉ်ဂရုစမ္မပြုလုပ်ခဲ့သော တိုင်းပြု ပြည်ပြု ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ပင်တည်း။

*(ဤဆောင်းပါးဖြင့် သုခမိန်ကြီးအား ဦးညွှတ်ပါ၏။ ကျေးဇူးဆပ်ပါ၏။)*

မောင်ဒေဝ

**မှီငြမ်းကိုးကားကျမ်းများ**

(၁) ကဝိသာရဘိဝံသ၊ အသျှင်– ဓညဝတီအရေးတော်ပုံ
(၂) ပဏ္ဍိအသျှင်– ဓညဝတီ ရာဇဝင်သစ်
(၃) စန္ဒမာလာလင်္ကာရ၊ အသျှင်– ရခိုင်ရာဇဝင်သစ်
(၄) သာထွန်းအောင်၊ ဦး– ရခိုင်ရာဇဝင်တော်ကြီး
(၅) ဦးသာထွန်း၊ ဦး– ရခိုင်ရာဇဝင်အကျဉ်း(မူကြမ်း)

# မင်းပြားမြို့နယ်
# ကေသလာကျွန်း သမိုင်းဖြစ်ရပ်ကို လေ့လာခြင်း

ကေသလာကျွန်းမှာ သီးခြားကျွန်းတစ်ခုအဖြစ် တည်ရှိနေခြင်း မဟုတ်ပေ။ ကြပ်စင်ကျွန်းတွင် ပါဝင်ပြီး အရံကျွန်းတစ်ခု အဖြစ်ဖြင့်သာလျှင် တည်ရှိနေခြင်းမျိုး ဖြစ်ပေသည်။

ကေသလာကျွန်းသည် ကြပ်စင်ကျွန်း၏ အရှေ့မြောက်ဘက်အစိတ်အပိုင်းတစ်ခုတွင်သာ တည်ရှိပြီး ယင်းသည် မင်းပြားမြို့မှ အရှေ့တောင်ဘက်အရပ်သို့ ကျရောက်ကာ မိုင်အားဖြင့် (၂)မိုင်ခန့်သာလျှင် ဝေးကွာသည်။

ကေသလာကျွန်း၏ အနောက်ဘက် တစ်ကြောဲမှု ကြပ်စင်တောင်တန်းကြီးက နေရာယူထားပြီး အရှေ့ပိုင်း၌ ပြွန်ရှည်ချောင်းက စီးဆင်းသည်။

မြောက်ဘက်တွင် ရာမောင်မြစ်၏နယ်မြေဖြစ်သော ဇီးပင်ကြီးမြစ်က တည်ရှိပြီး တောင်ဘက်တွင် ပြွန်ရှည်ချောင်းမှတဆင့် စီးဝင်သွားသည့် လက်ဝါးခတ်ချောင်းငယ်တစ်ခုက ပိုင်းခြားတည်ရှိသည်။

တည်ရှိပုံအားဖြင့် ဤကျွန်းမှာ တောင်နှင့်မြောက် အလျားသည် အရှေ့နှင့် အနောက်အနံထက် နှစ်ဆခန့် ရှည်လျားသည်။ကျွန်းတစ်ခုလုံး၏ဧရိယာစတုရန်းမိုင်မှာ(၄)မိုင်ကျော်ရှိလေသည်။

အနောက်ဘက် ကြပ်စင်တောင်တန်းတစ်လျှောက်၌ကား မြောက်ဘက် ကြပ်စင်တောင်မော်မှ အစပြု၍ မြောင်ချောင်း၊ အိုးထိန်းတောင်၊ ရေခပ်မြောင်၊ လှည်းကိုးစီးတောင်၊ ပြန်မြောင်၊ ခင်စိုင်းမြောင်၊ လေးတုတ်မြောင်၊ ဒုံးတောင်မော်၊ ကေသလာရွာမ၊ သံလျင်မြောင်၊ ကျောင်းတောင်၊ ကျောက်အိုးကြီး ကျောက်အိုးချေ အစခပ်သိမ်း အခေါ်အဝေါ်များက အစီအစဉ်အတိုင်း တည်ရှိနေကြသည်။

**အင်္ဂလိပ်ခေတ်ဦး အခြေအနေ**

အထူးသဖြင့် အင်္ဂလိပ်ခေတ်ဦးကာလ အချိန်ကဆိုလျှင်မူ ကြပ်စင်ကျွန်း၏ အရှေ့ပိုင်းကျသော ကေသလာကျွန်း၌ ရွာလေးရွာတို့မှာ လွန်စွာစည်ကားသာယာစွာရှိနေခဲ့ကြောင်းသိရှိရသည်။

ကေသလာပြွန်ဝရွာမှ ချောင်းဖျားအထိ ရွာစဉ်တို့ကလည်း တည်ရှိခဲ့ကြချေသည်။ ဤတွင် ကေသလာ ရွာမရွာသည် အဓိကနေရာဖြစ်ခဲ့သည်။

ဤအရပ်၌ ''ဝရာလင်္ကာ''အမည်ရသော ရဟန်းပညာရှိတစ်ပါး ပေါ်ပေါက်ခဲ့ဖူးသည်။ ဆရာတော်ကြီး သီတင်းသုံး၍ နေထိုင်ခဲ့သော အရပ်မှာ ကေသလာရွာမပင်ဖြစ်ချေသည်။

ဤအရပ်၌ ဘုန်းတော်ကြီးကျောင်းကို အခေါင်လေးဆင့်ဖြင့် ပြုလုပ်ထား၍ ဘုံသုံးဆင့် ပါရှိလေသည်။

ဆရာတော်ထံပါးဝယ် ပညာရင်နို့ သောက်စို့ခဲ့ကြရာ၌ ထူးချွန်ပြောင်မြောက်သော တပည့်နှစ်ဦးက ပေါ်ထွန်းခဲ့သည်။ ယင်းတို့မှာ ရခိုင်နှောင်းခေတ် စာဆိုရှင် ကျမ်းတတ်မောင်ထွန်းဦးနှင့် နန္ဒမာလာ ဆိုသူတို့ပေတည်း။

အဆိုပါနှစ်ဦးသည် ဆရာတော်ကြီး ဝရာလင်္ကာအထံ၌ ပရိယတ္တိကျမ်းဂန် စာပေများကို သင်ယူခဲ့ကြသည်။

အထူးသဖြင့် ဆရာတော်ထံ၌ ပညာသင်ယူကြရာ စာဆိုရှင်နှစ်ဦးအနက် ကျမ်းတတ်မောင်ထွန်းဦးမှာ ထင်ရှားသော စာဆိုရှင်တစ်ဦးဖြစ်လေသည်။

ကျမ်းတတ်မောင်ထွန်းဦးသည် လင်္ကာအတိုအထွာများနှင့်တကွ အခြားသော ဗုဒ္ဓဘာသာနှင့်ဆက်နွယ်သည့် ကျမ်းများစွာကို ဖွဲ့နွဲ့ရေးစပ်ခဲ့သည်။

ဆရာကြီးရေးသားခဲ့သည့် ကျမ်းများအနက် မဟောလင်္ကာကျမ်း၊ ဥပသကာဝိနိစ္ဆယ ကျမ်းနှင့် မိတ္တေးသုတ်ကျမ်းတို့ကို အထင်အရှား တွေ့ရသည်ဟု သိရ၏။

စာဆိုရှင်၏ ၁၂၁၀–ခုနှစ်က ရေးသားခဲ့သော မိတ္တေးသုတ် အနာဂဝင်ကျမ်း(ပေမူ) မှာ ယခုအခါ မင်းပြားမြို့နယ် ခွေးတောက်ချောင်းကျေးရွာ၌ တွေ့ရှိရပေသည်။

နောက်စာဆိုရှင်တစ်ဦးဖြစ်သော နန္ဒမာလာ၏ ရေးသားသော စာပေစာရင်းကို တိတိကျကျ သိရှိခွင့်မရရှိသော်လည်း ယင်းစာဆိုရှင်ရေးစပ်ခဲ့သော (တေမိလင်္ကာ) လက်ရေးတဆင့်ကူးမူ တစ်ခုကို အသျှင်စက္ကိန္ဒထံ၌ ရှိနေသေးသည်။

ဤသို့လျှင် သာသနာ့အရောင် ထွန်းလင်းပြောင်ဝင်းခဲ့သော ကေသလာကျွန်း၌ ရဟန်းပညာရှိ လူပညာရှိများက တစ်လုံးတစ်ခဲတည်း ပေါ်ထွန်းခဲ့သည်နှင့်အညီ ဤအရပ်ဒေသ၌ သာသနာ့အရောင်သည်လည်း တိုးတက်ပြန့်ပွားလာခဲ့ရချေသည်။

ကေသလာကျွန်း၏ အနောက်တောင်ထောင့် အရပ် ကြပ်စင်တောင်တန်း၏ တောင်ကုန်းမြင့်တစ်နေရာ၌ကား ရှေးယခင်ဘုရင်များ တည်ထားခဲ့ကြသော မြတ်သရီရဓာတ်တော် မွေတော်

တစ်ဆူဖြစ်သည့် ပိဋ္ဌိတော်ဓာတ်မှာ ထွန်းလင်းပြောင်ခဲ့ရသည်။ ဤဓာတ်တော်တည်ရှိရာ ကုန်းကို ကား နန္ဒပဗ္ဗတတောင် ဟူ၍တွင်၏။

မြတ်ဘုရားနစဉ်အခါက စပါးကြီးတစ်ဇစ်ဖြစ်ခဲ့သည်။ ပိဋ္ဌိဟူသော ပါဠိစကားသည် (ကျောရိုး)ကိုဆိုလိုသည်။ မြတ်ဘုရား၏ ကျောရိုးတော်မှ ဓာတ်တော်တစ်ဆူပေတည်း။

ဤဓာတ်တော်ကြီး၏ ဝေယျာဝစ္စဟူသမျှကို ဆရာတော်ကြီး ဦးဝရလက်ာနှင့်တကွ စာဆိုရှင်နှစ်ဦးတို့က ဦးဆောင်ကာ ရွာသားများတို့က ပြုပြင်ခဲ့ကြသည်။

သာသနာထွန်းကားပြန့်ပွားစေလိုသော အကြောင်းရင်းမှာ အခြားအခြားသော ဓာတ်တော်၏ အနီးဝန်းကျင်၌ လည်းကောင်း ကေသလာရွာမရွာ၏ တောင်ကုန်းမြင့်အချို့၌ လည်းကောင်း စေတီပေါင်းများစွာကို တည်ထားခဲ့ကြသည်။

ယခုထိတိုင် ယင်းတို့ တည်ထားခဲ့ကြသော စေတီပေါင်း(၄၀)ခန့်က တောထဲ၊ ချုံထဲမှာ လဲလျောင်းပြိုပျက်လျက်သက်သေခံနေပေသည်။

ဤသို့လျှင် အင်္ဂလိပ်ခေတ်ဦး အချိန်ကာလက ကေသလာကျွန်း၌ သာသနာ့အရောင်သည် ထွန်းညီးတောက်ပြောင်ခဲ့သည့် အားလျော်စွာ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ကူးလူးဆက်ဆံရေး၊ ရောင်းဝယ်ဖောက်ကားခြင်းတို့မှာ တိုးတက်မှုရှိခဲ့ပြီး ရပ်ရွာမှာ အလွန်စည်ကား သာယာစွာရှိခဲ့ကြောင်းကို ကျမ်းတတ်မောင်ထွန်းဦးက အောက်ပါလက်ာငယ်တစ်ပုဒ်ဖြင့် ဖွဲ့သီထားသည်ကို တွေ့ရှိရပေသည်။

''မင်္ဂလာဇဟို၊ လေးရောင်စိုသား၊ မြင်းမိုရ်လက်ယာ၊ ဒက္ခိဏာတွင်၊ ဒီပါပေါ်ထွန်း၊ ကြပ်စင်ကျွန်း၌ ၊ တည်ထွန်းပေါ်လာ၊ ကေသလာဟု၊ မဟာဂါမံ၊ နေဘွဲ့ခံသည်၊ ဆန်စွာလှပြုံ၊ အစုံထားကာ၊ ချမ်းသာစည်းစိမ်၊ အိမ်နီအိမ်ဖြူ၊ တမူထူးခြား၊ ကျောင်းကား ဝင်းဝင်း၊ ရွာလုံးလင်းလျက်၊ ဆီးနှင်းစိုစို၊ ပင်ရိပ်ခိုသား၊ နဂိုသာယာ၊ ကေသလာတွင်၊ နာဂါသဘော်၊ လားလားမစဲ၊ သဲသဲညံညံ၊ ရောင်းဝယ်သံဖြင့်၊ ခေါ်သံမစဲ၊ တသဲသဲဟု၊ ပျော်ဖွယ်အထူး၊ တို့ကျွန်းဦး.....။''

## ရခိုင်မင်းလက်ထက် အခြေအနေ

ရခိုင်မင်းများ လက်ထက်အခါက ကေသလာသည် စောစောက တင်ပြခဲ့သည့် ကေသလာ ချောင်းဖျား(ရွာမ)အရပ် မဟုတ်ပေ။ ယခု ကေသလာပြွန်ဝရွာ၏ အနောက်ဘက်တည့်တည့် တစ်ဖာလုံခန့်အကွာ ကြပ်စင်တောင်မော်မှ အရှေ့တောင်ထောင့် (၄)ဖာလုံခန့်အကွာတွင် တည်ရှိသည်။

ဤနေရာသာလျှင် ရခိုင်မင်းများလက်ထက်အခါက တည်ရှိခဲ့သည့် ကေသလာရွာပင် ဖြစ်ချေသည်။

ယခုထိတိုင် ဤအရပ်ကို (ရွာဟောင်း)ဟူ၍လည်းကောင်း၊ နောင်တွင် ကျေးပင်များ

ပေါက်ရောက်လာသည်ကို အကြောင်းပြု၍ ကျေးတောရွာဟောင်းဟူ၍လည်းကောင်း ခေါ်ဆိုနေသည်ကို တွေ့ရပေသည်။

ဤအရပ်ဝန်းကျင် ဒေသ၌ ရှေးက ကျေးရွာတည်ရှိခဲ့သည့်အလျောက် ရေကန်ဟောင်းများ၊ ကျောင်းနေရာ၊ သိမ်နေရာ၊ နန်းတော်ရာ စသည်များက ဤအရပ် ရှေးဖြစ်ဟောင်းအကြောင်းစုံကို သက်သေခံနေပေသည်။

**သဘာဝအနေအထား**

ဤရွာဟောင်းတည်ရှိရာ နေရာ၏ သဘာဝအနေအထားမှာ အနောက်ဘက်၌ ကြပ်စင်တောင်မော်အနီးမှ စီးဝင်လာသော လမ်းပိုက်ချောင်း၊ အရှေ့ဘက်တွင် ဇီးပင်ကြီးမြစ်မှ ပြွန်ဝရွာအထိ ပြွန်ရှည်ချောင်းသို့ ဒိုးယိုပေါက်စီးဆင်းသွားသော (အရှေ့ချောင်း) တို့က တည်ရှိသည်။

ရွာဟောင်းနေရာမှာ အနောက်ဘက်လမ်းပိုက်ချောင်းအနီး တောင်နှင့်မြောက် သွယ်တန်းနေသော မြေနေရာဖြစ်သည်။ မြေနေရာအကျယ်အဝန်းမှာ လယ်ကေ (၈)ကေခန့်ရှိသည့်အတွက် ရွာမှာ မသေးငယ်လှကြောင်း သိသာနိုင်သည်။

လူများနေထိုင်ကြရာ ရွာ၏ အရှေ့ဘက်တို့တွင်ကား ရေကန်များ၊ ကျောင်းတောင်၊ သိမ်တောင် အစရှိသော တောင်ကုန်းမြင့်ငယ်များ တည်ရှိသည်။

**ကေသလာ ဟူသောအမည်**

မြို့ သို့မဟုတ် ရွာတစ်ခုခု၏ ဖြစ်ပေါ်လာရခြင်းသည် အကြောင်းတရားတစ်ခုကို မှီး၍ ခေါ်တွင်လာရခြင်းမျိုး ဖြစ်ပေသည်။ ကေသလာဟူသော အမည်မှာ (ကေသ)(ခြသေ့်)မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု သိရသည်။

ကေသမှ ကေသလာဟူ၍ ခေါ်တွင်လာရခြင်းမျိုး ဖြစ်ပေသည်။ ယခုထိတိုင် ကေသလာအရပ်၌ ခြသေ့်ကန်၊ ခြသေ့်ဂျိုင်ဟူသော အမည်ကို တွေ့ရသည်။ ဤသည်ကို အကြောင်းပြု၍ ခေါ်တွင်လာရခြင်း ဖြစ်ပေသည်။

ကေသလာသည် ရခိုင်ဘုရင်များလက်ထက်က ရွာမဟုတ်ဘဲ ကေသလာမြို့ ကေသရာဇာမြို့ ဟူ၍လည်း ခေါ်ဆိုကြကြောင်း သိရသည်။

**ကျောင်းတောင်**

ကျောင်းတောင် တည်ရှိနေရာမှာ ရွာဟောင်းရွာ၏ အရှေ့ဘက်တွင် ကျရောက်သည်။ ပေ(၇၀)ခန့်မြင့်သော တောင်ကုန်းတစ်ခုဖြစ်သည်။

ရှေးက ဤအရပ်၌ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်၍ ရှိခဲ့သည်။

**သိမ်တောင်**

ကျောင်းတောင်နေရာ၏ မြောက်ဘက်တည့်တည့်ပေ(၃၀၀)ခန့်အကွာတွင် သိမ်တောင်ဟူ၍ရှိသည်။ သိမ်တောင်မှာ ကျောင်းတောင်လောက် မမြင့်ပေ။ ပေ(၅၀)ကျော်ခန့် ရှိလိမ့်မည်။

ဤအရပ်၌ ရှေးက သိမ်နှင့် ဘုရားဆင်းတု ရှိခဲ့သည့်အတွက် ခေါ်ဆိုခြင်းဖြစ်သည်။

ယခုသိမ်ထဲ၌လည်း ဗုဒ္ဓကျောက်ဆင်းတုတော် တစ်ပါးက ကိန်းဝပ်လျက်ရှိနေသည်။ ဆင်းတုတော်ကိုအဆက်ဆက်ပြုပြင်ထားကြသော်လည်းမြောက်ဦးခေတ်လက်ရာပင်ဖြစ်ပေသည်။

**ရေကန်ဟောင်းများ**

ရပ်ရွာတစ်ခုကို တည်ထောင်လေပြီ ဆိုကတည်းက သောက်ရေ သုံးရေ ရရှိရေးအတွက် ရေကန်များမှာ မရှိမဖြစ် လိုအပ်လာရသည်။ ရပ်ရွာတစ်ခု၏ ကြီးမားမှုကို ရေကန်ဖြင့် နှိုင်းစာလျှင် ရနိုင်ကောင်းပါသည်။

ကေသလာရွာဟောင်း၌ တွေ့ရှိရသော ရေကန်များမှာ ရွာ၏တောင်ဘက် ခြသေ့်ဂျိုင်အနီးရှိ ခြသေ့်ကန်၊ သိမ်တောင်၏ အောက်ခြေရင်း အနောက်မြောက်ထောင့်အရပ်၌ အမည်မသိ ရေကန်ငယ်တစ်ကန်၊ သိမ်တောင်၏အနီး မြောက်စူးစူးအရပ်၌ အမည်မသိရသော ရေကန်ကြီးတစ်ကန်၊ ထိုရေကန်ကြီး၏ အနောက်မြောက်ထောင့် ပေ(၂၀၀၀)ကျော် အကွာမှာလည်း ရေကန်ငယ်တစ်ကန် စသည်တို့ကို လေ့လာတွေ့ရှိရပါသည်။

အကြီးမားဆုံးသော ရေကန်၏အလျားမှာ ပေ(၂၀၀) ကျော်ပြီး အနံမှာ (၁၈၀)ပေရှိကြသည်။ အငယ်ဆုံးသော ရေကန်၏အလျားမှာ ပေ(၈၀)နှင့် အနံမှာ (၄၀)ပေရှိကြသည်။

အဆိုပါ ရေကန်တို့ဖြင့် သောက်ရေသုံးရေအတွက် လုံလောက်စေရန် လူဦးရေကို ခန့်မှန်းတွက်ချက်နိုင်ပါသည်။

**ကန်ဆိပ်**

ကန်ဆိပ်မှာ ကေသလာရွာဟောင်းရွာ၏ မြောက်ဘက်တည့်တည့် ယခုဇီးပင်ကြီးမြစ်၏ တောင်ဘက်ကမ်းအရပ် (ခန့်မှန်း သုံးဖာလုံခန့်အကွာ) တွင် တည်ရှိသည်။

ကန်ဆိပ် ဆိုသည်နှင့်အညီ ရေကန်ဟောင်းများ ရှေးကတည်ရှိခဲ့သည်။

ရခိုင်သမိုင်း၌ ဆဒ္ဒိုင်ကန်အရပ်ဟု ထင်ရှားသည်။

*(မှတ်ချက်။ ။ ဆဒ္ဒိုင်ကန်အရပ်နှင့် ပတ်သက်၍ သမိုင်းစဉ်ကို သိလိုပါက ကျိန်းရိုပ်မြေမဂ္ဂဇင်း အမှတ်(၁)တွင် အောင်လှသိန်း၏ ဆဒ္ဒိုင်ကန်ဆောင်းပါးကို ဖတ်ရှုနိုင်ပါသည်)*

ဤကန်ဆိပ်သည် ကင်းသဘောကို ဆောင်ပါသည်။ ကင်းဆိုသည်မှာ အကောက်အခွန်တစ်ရပ်ပင်ဖြစ်ပါသည်။ ရှေးရခိုင်ဘုရင်များလက်ထက်အခါကကင်းခွန်များကိုကောက်ယူစေသည်။

ကေသလာစားသည် ကင်းချောင်းအရပ်မှ နေ၍ ဝင်ထွက်သွားလာကြသည့် လှေ၊ သမ္ဗာန်များတို့၏ ပစ္စည်းပမာဏကို လိုက်၍ အခွန်အဖြစ် ကောက်ယူရလေသည်။

**ငွေဒင်္ဂါးအထောက်အထားများ**

ကေသလာရွာဟောင်းတည်ရှိနေခဲ့ရာ မြေကြီးအောက်မှ ရှေးယခင်နှစ်များစွာကပင် ယနေ့အထိ ရခိုင်ငွေဒင်္ဂါးများစွာတို့ကို မကြာခဏဆိုသလို တွေ့ရှိရတတ်သည်။

ဟင်းခူး၊ ငါးရှာ၊ လယ်ထွန်ရင်း ရရှိခဲ့ကြသည်။ တချို့လည်း တမင်တကာ မြေကိုတူးပြီး ရှာဖွေခဲ့ကြရာမှ ရရှိခဲ့ခြင်းဖြစ်သည်။


ဤသို့ ရရှိခဲ့သော ငွေဒင်္ဂါးများကို ပေါင်းစု၍ အမျိုးအစားများကို ခွဲခြားသတ်မှတ်လိုက်ပါက ငွေဒင်္ဂါးခပ်နှိပ်သော ဘုရင်သုံးပါး၏ အမည်နာမများကို ဤသို့ တွေ့ရှိရပေသည်။

က။ သက္ကရာဇ် ၁၀၁၄–ခုနှစ် ရေးထိုး စန္ဒသုဓမ္မရာဇာဒင်္ဂါး
ခ။ သက္ကရာဇ် ၁၀၇၂–ခုနှစ် ရေးထိုး စန္ဒဝိဇယရာဇာဒင်္ဂါး
ဂ။ သက္ကရာဇ် ၁၀၉၃–ခုနှစ် ရေးထိုး စန္ဒသူရိယရာဇာဒင်္ဂါး

**ကျောက်စာတစ်ချပ်**

ကေသလာရွာဟောင်းနေရာမှ လွန်ခဲ့သောနှစ်များက ကျောက်စာတစ်ချပ်ကို ရရှိခဲ့ကြသည်။ ဤကျောက်စာမှာ သဲကျောက်အမျိုးအစား၌ စာရေးထွင်းထားခြင်းဖြစ်သည်။

ကျောက်စာ၏အလျားသည် ၉ဒသမ ၅လက်မရှိပြီး အနံမှာ ၅ဒသမ ၈လက်မရှိသည်။ စာကြောင်းရေ (၄)ကြောင်း ပါရှိသည်။ စာမှာ ဂဏန်းစာအရေးအသားဖြစ်သည်။ ဂဏန်းစာအရေးအသားဟု ဆိုရသော်လည်း မည်သူမျှ ဖတ်၍မရရှိကြပေ။



**ရခိုင်သားကြီးစာပေ**

ကွယ်လွန်သူ ဆရာကြီး ဦးသာထွန်းက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လျှို့ဝှက်ရေးသားချက်ဟု ဆိုသည်။ အချို့က မြေမြှုပ်ဥစ္စာ သို့ဝှက်ချက်ကို ရေးသားသည်ဟု ဆိုကြသည်။

ယခုအခါ ကျောက်စာမှာ စစ်တွေမြို့ ပြည်နယ်ယဉ်ကျေးမှု ပြတိုက်၌ ရှိနေသည်။

**အရပ်နတ်သမိုင်း**

ဤအရပ်ဌာနေ၌ စောင့်ရှောက်တတ်သောနတ်မှာ (ရာဇာ)ကုလားနတ်ဖြစ်ပေသည်။ ဤနတ်မင်း၏ စီးတော်ယာဉ်မှာ မြွေဖြစ်သည်။

နတ်နန်းမှာ ပေါက်နန်းဖြစ်ပေသည်။ဤနတ်ကိုပူဇော်သည့်အခါဆိတ်ဖြင့်ပူဇော်ပသရသည်။

ရှေးအခါက ဤအရပ်၌ ကေသလာသားများပါ ပူဇော်ခဲ့ရသည်သာမက ဘုရင်ကပါ ပူဇော်ခြင်းရှိခဲ့သည်။ နတ်၏သဘာဝ အလေ့အထပူဇော်ခြင်း၊ နတ်နန်းတည်ရှိရာအရပ်တို့ကို နတ်သာခြင်း၌ ဤသို့တွေ့ရှိရသည်။

''ခေါင်းပေါင်း ဆယ်တောင်၊ ရိပ်တောက်ပြောင်၊ အရောင်ဝင်းဝင်း၊ ကေသလာလေ၊ ကြပ်စင်ကျွန်းမှာ ရာဇာမင်း၊ မင်းလိမ္မာ ရာဇာ ကေသလာလေ၊ ကြပ်စင်ကျွန်းမှာ ထီးနန်းတည်၊ ကစုပင်ဖြူ ရွှီနန်းတူ၊ ရောင်ဖြူပင်အောက် တနန်းဆောက်၊ ရွှီပြောင်ပြောင်၊ နန်းဆောင်ညိုညိမ်း၊ ကေသလာလေ ၊ ကြပ်စင်ကျွန်းမှာ ထီးနန်းတည်၊ ကစုပင်ဖြူ ရွှီနန်းတူ၊ ရောင်ဖြူပင်အောက် တနန်းဆောက်၊ ရွှီပြောင်ပြောင်၊ နန်းဆောင်ညိုညိမ်း၊ ကေသလာလေ၊ ကြပ်စင်ကျွန်းမှာ ရာဇာကြီး၊ မင်းကားပူဇော် ပြည်သူရိုကျိုး၊ အယင်ကခါ မင်းလိမ္မာ၊ ရာဇာနတ်ကို ဆိတ်နန့်ကိုးရေ....''

**သုံးသပ်ချက်**

အထက်ဖော်ပြပါ အထောက်အထားများကို မူတည်၍ ကေသလာရွာ၏ သမိုင်းစဉ်ကို လေ့လာသုံးသပ်ရပါက ယင်းရွာ၌ တွေ့ရှိရသော ငွေဒင်္ဂါးများနှင့် အခြေအနေအရပ်ရပ်တို့က မြောက်ဦးခေတ်ကို ညွှန်ပြနေပါသတည်း။

ရှေးရခိုင်ဘုရင်များ လက်ထက်အခါက (ကင်းခွန်၊ ရေခွန်) ကောက်ယူခဲ့ခြင်းကို ထင်ရှားစွာ တွေ့ရှိရပါသည်။ ကင်းခွန်ဟူသည် ဆိပ်ကမ်းအခွန်ကောက်ခံခြင်းပင်ဖြစ်သည်။

နေရာအကန့်အသတ် နယ်ပယ်အတွင်း ကောက်ယူရခြင်းဖြစ်သည်။ ရခိုင်ပြည်တစ်ဝှမ်းလုံး၌ ကင်းဆိပ်၊ ကင်းချောင်း၊ ကင်းတောင်၊ ကင်းမော်စသည့် အရပ်ဌာနများကို တွေ့ရှိရပါသည်။

ဘုရင်သည် ဆိပ်ကမ်းခွန် ကောက်ယူခြင်းအလို့ငှာ ရခိုင်ပြည်၌ ဆိပ်ဆုံ(ခွဆုံ)ကျသော နေရာ အရပ်တို့၌ ကင်းစခန်းကို ဖွင့်လှစ်ထားရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ယခုကံဆိပ်ဟူ၍ ခေါ်တွင်သော အရပ်သည် ကေသလာရွာနေရာနှင့် မလှမ်းမကမ်း၌ တည်ရှိနေပြီး ဆိပ်ကမ်းကျလှသည်။ ဤအရပ်မှနေ၍ ပြွန်ရှည်ချောင်း တစ်လျှောက်လုံးမှ လည်းကောင်း၊ မင်းကြောင်းလမ်းတစ်လျှောက်လုံးမှလည်းကောင်း၊ အဥ္စနနဒီမြစ်နှင့် ဝင်ထွက်သွား

လာနိုင်သည့်အချက်အချာ နေရာတစ်ခုဖြစ်နေသည်။

ကေသလာစားသည် ဤအရပ်မှနေ၍ ရေလမ်းဖြင့် သွားလာကြသည့် လှေ၊ သမ္ဗာန်ပါ ပစ္စည်းများအပေါ် သတ်မှတ်နှုန်းထားအတိုင်း အခွန်ဘဏ္ဍာတော်အတွက်ကောက်ယူခြင်းပြုသည်။

အဆိုပါ ကင်းစားကိုလည်း ဤဆိပ်ကမ်းနှင့် မဝေးလှသော နေရာ၌ ရွာတစ်ရွာကို စားကျေးအဖြစ် ပေးထားခွင့်ပြုသည်။

ထို့ကြောင့် ကေသလာကင်းစားနှင့် ကေသလာရွာ တည်ရှိနေခြင်းမှာ သဘာဝကျလှပေသည်။

တဖန် မြောက်ဦးခေတ် ဘုရင်များတို့သည် မြောက်ဦးမြို့တော်သို့ ရန်သူများ ဝင်ရောက်လာနိုင်သည့် လမ်းကြောင်း တစ်လျှောက်လုံး၌ လူနေအိမ်ခြေများ စည်ပင်အောင် ချပေးခဲ့သည်။

ယင်း၌ ကြပ်စင်ကျွန်းမှ ကေသလာရွာသည်လည်း တစ်ခုအပါအဝင်ဖြစ်ချေသည်။

ဤသို့ဆိုလျှင် မြောက်ဦးခေတ် ကာလမှ တည်ရှိနေလာခဲ့သော ကေသလာရွာသည် ကား (၁၁၄၆)ခုနှစ် ရခိုင်ထီးနန်းပျက်စီးခြင်းနှင့် အတူ ပြိုကွဲခဲ့ရသည်။

အင်္ဂလိပ်ခေတ်ဦးပိုင်း အရောက်တွင်ကား ယခင်ကေသလာရွာမှ ဖယ်ခွာ၍ အနောက်တောင်ထောင့် ချောင်းဖျားအရပ်ရှိ ကေသလာရွာကို ပြန်လည်ထူထောင်ခဲ့ကြသည်။

ဤသို့ထူထောင်ရာ၌ ဆရာတော်ကြီး ဝရာလင်္ကာလက်အောက်၌ တပည့်တပန်းများ စည်းလုံးညီညွတ်စွာ ရှိခဲ့ကြသဖြင့် ယင်းအရပ်၌ သာသနာ့အရောင်သည် ထွန်းပြောင်ခဲ့သည်သာမက ရပ်ရွာမှာ အထူးစည်ပင်တိုးတက်ခဲ့သည်။

အင်္ဂလိပ်ခေတ် ကုန်ဆုံး၍ ယနေ့တွင်မူကား ကေသလာရွာမှာ သင်္ခါရလောကဓံ၏ပြောင်းလဲပစ်ခြင်းကို မငြင်းဆန်နိုင်ရှာသည့်အတွက် ကွယ်ပျောက်ခဲ့ရကား ယခုအခါ ဤကျွန်းအရပ်၌ ကေသလာပြွန်ဝ၊ ကေသလာချောင်းဝ၊ ကေသလာလက်ဝါးခတ်၊ ကေသလာချောင်းဖျား အစရှိသော ရွာ(၄)ရွာက အထင်ကရ ဆက်လက်ဖြစ်ထွန်းရပ်တည်လျက်ပင် ရှိနေကြပေသတည်း။

မင်းပြားမင်းသိန်းဇံ

*(စာရေးသူ၏ ၁၉၈၃–ခုနှစ်တွင်တစ်ကြိမ်၊ ၁၅–၁၁–၁၉၉၆နေ့က တစ်ကြိမ် ကွင်းဆင်းလေ့လာထားရှိသော မှတ်တမ်းမှ တဆင့် ဆောင်းပါးရေးသားထားခြင်းဖြစ်ပါသည်။)*

# အာသောကနှင့် အာနန္ဒစန္ဒြ

ဒါနမှထူးခြားသော ပရိစ္စာဂမှာ မင်းကျင့်တရားဆယ်ပါး၌သာ ပါယိုရာ အလှူခံပုဂ္ဂိုလ်၊ လှူလိုသောစေတနာ တူမျှကြသော်လည်း မင်းတို့ပြုအပ်သော ပရိစ္စာဂ၌သာ အကျုံးဝင်သည်။ အလွန်ကျယ်ပြန့်ပါသည်။

ပရိစ္စာဂအရာတွင် ရခိုင်ဝေသာလီ အာနန္ဒစန္ဒြမင်းနှင့် အသောကမင်းတို့ ထပ်တူယှိကြသည်။ အသောကဘုရင်သည် ထေရဝါဒသာသနာတော် စစ်စစ်ကိုသာ ကြည်ညိုသောမင်းမြတ်ဖြစ်သည်။

အသောကမင်း၏ အယူတပါး ဂိုဏ်းကွဲသား ပုဏ္ဏားနိဂဏ္ဌ၊ တက္ကတွန်းတို့အား လှူဒါန်း စွန့်ကြဲပုံမှာ အာနန္ဒစန္ဒြမင်း ဆောင်ရွက်ချက်နှင့် တူညီသည်။

အာသောက ကျောက်စာများအနက် တေရသမကျောက်စာတွင် "မည်သည့် တိုင်းနိုင်ငံ၌မျှလည်း လူတို့သည် တစ်ခုတည်းသော ဂိုဏ်း၌ တစ်လုံးတစ်စည်းတည်း ကြည်ညိုကိုးကွယ်ကြသည်မရှိ"ဟူ၍ဆိုသည်နှင့်အညီ ဂိုဏ်းကွဲသား စသည်တို့ထံ ကြည်ညိုသော အမတ်တို့ကို အသီးသီးစေလွှတ်၍ လှူဒါန်းထောက်ပံ့စေသည်။ ပြုစုစောင့်ရှောက်စေသည်။

အာနန္ဒစန္ဒြမင်းကား ပုဏ္ဏားတို့အား စွန့်ကြဲခြင်းနှင့်အတူ သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ္တန်လာ၊ ရာဇအပရိ ဟာနိယတရားခုနစ်ပါးနှင့်အညီ "ရှေးရှေးမင်းတို့ ပြုလုပ်ခဲ့၍ ပျက်စီးနေသော နတ်စင်အဟောင်းတို့ကို ပြုပြင်ပေးခဲ့သည်။"

ကုဋ္ဌဒဏ္ဍသုတ်၌ ဂေါတမမြတ်စွာဘုရား အလောင်းတော်ဖြစ်သော ပညာယှိအမတ်က လျှောက်ထား၍ တိုင်းသူပြည်သားတို့အား ထောက်ပံ့ခြင်း၊ တိုင်းပြည်ကြွယ်ဝချမ်းသာလာပြီး တဖန် မင်းဘဏ္ဍာတို့ တိုးပွားလာပြီးမှ မဟာယညခေါ် အလှူကြီးကို ခြိမ့်ခြိမ့်သဲ လှူဒါန်းခြင်းတို့မှာ "ငြိမ်းချမ်းသော အလှူကြီး၊ စင်ကြယ်သောအလှူကြီး၊ ဘေးမဲ့အလှူကြီး၊ တရားသောအလှူကြီး" အဖြစ် စံတင်ထိုက်ပေသည်။

**ရခိုင်သားကြီးစာပေ**

အာသောကမင်း၏ ပထမကလိင်ကျောက်စာတွင်‘‘သမေမုနိသေ ပဇာမမာ’’နှင့် ဒုတိယ ကလိင်ကျောက်စာတွင် ‘‘သဗေမုနိသေ ပဇာမမာ’’ တို့မှာ ‘‘ခပ်သိမ်းသောသူတို့သည် ငါ၏ သားသမီးများဖြစ်ကြ၏’’ဟုဆိုလိုပါသည်။

‘‘ရာဇာရက္ခတု ဓမ္မေန၊ အတ္တနောဝပဇံ ပဇံ .......မင်းတို့သည် မိမိ၏သားအရင်းကဲ့သို့ သတ္တဝါအားလုံးတို့ကို တရားနှင့်အညီ စောင့်ရှောက်ပါစေ’’ ဟူသော မေတ္တာပို့သည့်အတိုင်း မေတ္တာရှေ့ထား၍ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြသည်။

လူတွင်မက သနားစဖွယ်တိရစ္ဆာန်ငယ်တို့ကိုပါ စောင့်ရှောက်ခြင်းမှာ အလွန်ကျယ်ပြန့်ပါ သည်။

အယုတ်ဆုံး တင်ပြရလျှင် အာသောကမင်းကြီးသည် နေ့ကြီးရက်ကြီးတို့တွင် နွား၊ ဆိတ်၊ သိုး၊ ဝက်နှင့် အခြားသင်းလေ့ရှိသော သတ္တဝါတို့ကို မသင်းရန်တားမြစ်သည်။ ကြက်ဖကိုပင် မသင်းရဟု ပါယှိသည်။

မြင်း၊ ဆိတ်၊ နွားတို့ကိုပင် တံဆိပ်မခတ်ရန် အကြင်နာတရား ထားခဲ့သည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို အမြတ်တနိုးလှူဒါန်းခြင်းမှ တပါး အခြားအခြား နိမ့်ကျသော အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲခြင်း၊ ထောက်ပံ့ခြင်း၊ ဘေးမဲ့ပေးခြင်း(မဟာဒါန)တို့မှာ ပရိစ္စာဂ၌ အကျုံးဝင်ပါသည်။

အထက်ပါ အကြောင်းအရာတို့ကို ကျယ်ကျယ်ပြန့်ပြန့် မလေ့လာမသိမြင်ပါဘဲလျက် အာနန္ဒစန္ဒြမင်းတို့ကဲ့သို့ မင်းကောင်းမင်းမြတ်တို့၏ အလှူတို့ကို လိုရာဆွဲ၍ တင်ပြဝေဖန်ရန် မသင့် လျော်ကြောင်း ထောက်ပြလိုပါသည်။

အာသောကကျောက်စာ၌လည်း ပိယဒဿိပုဒ်ကို ဆရာတို့ဘာသာပြန်ဆိုရမည်။

‘‘ဒေဝါနံပိယေ ပိယဒဿီလာဇာ(ရာဇာ)...နတ်တို့၏ချစ်မြတ်နိုးရာ၌ ချစ်ခင်မြတ်နိုးခြင်းကို သိမြင်တော်မူသော မင်း’’ ဟု ဘာသာပြန်ဆိုရမည်။

ကိုယ်တိုင်သိခြင်းကို ပါရာဇိကတ် အဌကထာပထမအုပ်နှင့် အာသောကကျောက်စာ ဗြဟ္မာဂီရိကျောက်စာငယ် ပထမပိုဒ်တို့က ထောက်ခံလျက်ရှိပါသည်။

အာနန္ဒစန္ဒြကျောက်စာပါ အကြောင်းအရာများကို တပိုဒ်စီခွဲ၍ သဒ္ဒါဖြင့် ဝေဖန်ရေးသားလျှင် စာအုပ်တစ်အုပ်ဖြစ်နိုင်ပါသည်။

ထို့ကြောင့် အာနန္ဒစန္ဒြကျောက်စာတော်ကို ဖတ်ကြားခဲ့သော ဆရာ့ဆရာတို့၏ ကျေးဇူး ဂုဏ်ရည်ကိုရည်စူးကာ ဦးထိပ်ပန်ဆင်လျက် အတိုဆုံးဖြင့် ရေးသားပါအံ့။

ဓမ္မဝိဇယမင်းရေ သိတာနတ်ပြည်သို့လာ၏ဆိုရာတွင် ဘုရားဆုပန်ဖြစ်သကဲ့သို့ ကဝိဂန္ထ ကျမ်းလင်္ကာတို့၌လည်း စာခံတို့ကို ဘုရားလောင်းဟု ဆိုထား၏။

ထို့အတူ အက္ကာဝေတမင်း၊ ကာလစန္ဒြားမင်း၊ ဒေဝစန္ဒြားမင်း၊ ဗြိတိစန္ဒြမင်း၊ ဝယဇပ်မင်း၊

သေဝိရောင်မင်း၊ ဓမ္မစန္ဒြမင်းတို့ နတ်ပြည်လား၏ဆိုသဖြင့် နတ်ပြည်ခြောက်ထပ်ကို ယူသင့်၏။ ဘုရားအလောင်း ပစ္စေကဗုဒ္ဓအလောင်း၊ သာဝကအလောင်းတော်အားလုံးရရှိ၏။

မဟာဗောဓိ ကျောက်စာ၌ မင်းထီးဘုရင် ရဟန္တာဆုကိုသာ တောင်း၏။

ထို့ကြောင့် ရခိုင်ပြည်တွင် ထေရဝါဒသာသနာ အစစ်သာတည်း။

ဂါထာ ၃၂၊ ၄၂၊ ၄၄၊ ၆၂ တို့မှာ ဝသန္တတိလကဂါထာမျိုး (၁၄)လုံးဘွဲ့။

ဂါထာ ၄၀၊ ၆၁၊ ၆၃၊ ၆၄၊ ၆၅ တို့မှာ ဥပဇာတိဂါထာမျိုး (၁၁)လုံးဘွဲ့။

ဂါထာ ၅၂ နှင့် ၅၉ တို့မှာ ဣန္ဒဝံသနှင့် ဝံသဋ္ဌအရောဂါထာမျိုး (၁၂)လုံးဘွဲ့။

ကျန်ဂါထာများမှာ (၈)လုံးဘွဲ့ ဂါထာများဖြစ်ကြပါသည်။

သက္ကဋ္ဌကဗျာကို အထူးကျွမ်းကျင်သူတစ်ဦး၏ သီကုံးရေးသားချက်ဖြစ်သည်။

အာသောကကျောက်စာကဲ့သို့ စကားပြေမဟုတ်သည့်အပြင် ပထမညေဝတီခေတ်ကပင် ရခိုင်စကားယှိပါသည်။) ထိုဆရာအလိုကျ သီဟိုဠ်ကျွန်းမှ ထေရာဝါဒသဃ်ာများကို ဟိနာယာန ဟု ခေါ်ဆိုခဲ့ကြောင်း ဖြစ်နိုင်သည်။

ဂါထာ(၃၃)တွင် ပူရေပူရမှ မဟာဝီရမင်းမှာ ရခိုင်မင်းမျိုးမင်းနွယ်ဖြစ်ကြောင်း၊ ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကိုခွဲခြားအုပ်ချုပ်ရာတွင် မင်းဆွေမင်းမျိုးတစ်ယောက်စီ အုပ်ချုပ်ရကြောင်း၊ ပတိုလမီပထဝီဝင်မြေပုံကျမ်းကို အကိုးအကားပြု၍ ပူရာဏ်ပူရသည် ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းနဖူး၌ တည်ယှိကြောင်း၊ ရခိုင်ပြည်၏ မြောက်ဘက်အလွန်ဖြစ်ပြီး ထိုမှလာရောက်၍ ဝေသာလီကို အုပ်ချုပ်လာခြင်းဖြစ်ကြောင်း သုတေသီရီနိုးနှင့် ရစ္စတမ်းတို့၏ သုတေသနပြုချက်အတိုင်း ဆရာဦးအောင်သာဦးက တင်ပြထားပါသည်။

ကျောက်စာကြောင်းရေ ၂၉၊ ၃၉ တို့၌ (ဤ ရှ)သဒ္ဒါကို ဘာသာပြန်ဆိုရာတွင် ဤ ရှ-သည် က္ကသရိယ=အစိုးရခြင်းအနက်ကို ဟောရာ၊ ဤသဓရော၌ =နတ်ကိုလည်း ဟောနိုင်၏။

ထိုတွင် ''က္ကသရ၊ နာယက၊ သာမိ၊ ပတိ၊ ဤသာ၊ အဓိပတိ၊ ပဘူ၊ အယျ၊ အဓိပ၊ အဓိဘူ''ဟူ၍ အစိုးရခြင်း အနက်ဟောသဒ္ဒါဆယ်မျိုးရှိရာ ထိုက်သင့်သလို အနက်များကို ဟောကြ၏။ ကျယ်ပြန့်၏။

ဤနေရာတွင် မင်းတို့အစဉ်ကို ပြဆိုရာဖြစ်၍ ''မင်းတို့၏အနွယ်'' ဟုသာ ဘာသာပြန်ဆိုသင့်၏။ လူမင်းဖြစ်၍ လူသားတို့ အနွယ်သာတည်း။

သတ္တိသုံးပါးတို့ကို အစိုးရခြင်း၊ လမ်းညွှန်ခြင်း၊ စွန့်စားတတ်ခြင်း ဟု ဖော်ပြပါ၏။

အာနန္ဒစန္ဒြမင်း ကောင်းမှုတော်ကို မင်းဖြစ်ပြီး ကိုးနှစ်အတွင်း ပြုပြီးသော ကုသိုလ်ကောင်းမှုတို့ကို လူသားအားလုံးတို့ အသိဉာဏ် ပွင့်လင်းအောင်၊ ဝမ်းမြောက်သာဓု ခေါ်နိုင်အောင် (ကောင်းရာတု၍) ကုသိုလ်ပြန့်ပွားအောင် မော်ကွန်းထိုးရကြောင်း ဖော်ပြသည်။

အာနန္ဒောဒယကျောင်း၊ ပုဏ္ဏားငါးဆယ်တို့အား လှူသော ကျောင်းလေးကျောင်း၊

အာနန္ဒမာဝကျောင်း၊ အာနန္ဒေသွရကျောင်းတို့ကို ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ လယ်မြေ နွားကျွဲ၊ တူရိယာများ တီးမှုတ်တတ်သေူများနှင့်တကွ လှူခြင်း၊ လမ်းများတံတား စကြံ့တို့ကို လှူဒါန်းခြင်းမှာ အမြတ်တနိုးလှူဒါန်းခြင်းမျိုးမဟုတ်။

''သတ္တဝါအားလုံးတို့၌ မလှူနိုင်ခမဖြစ်ရအောင်၊ ဒါနပါရမီ မယုတ်လျော့နည်းရအောင်'' ဝေသန္တရာမင်းကြီးအလှူမျိုး၊ ဥဂ္ဂသူကြွယ်စိတ်ဓာတ်မျိုးဖြင့် လှူဒါန်းခြင်းဖြစ်သည်။

အာသောကမင်းကြီးသည်ပင် အာသောကကျောက်စာ ဆဋ္ဌမကျောက်စာတိုင်တွင် (သဝိ ပါသံဍာပိ)အလုံးစုံသော အယူတပါးဂိုဏ်းကွဲသားတို့အား ငါပူဇော်အပ်၏။

သတ္တမကျောက်စာတိုင်တွင် သဝိပါသံဍ=အလုံးစုံသောအယူလွဲမှား ဂိုဏ်းကွဲသားများ။ ဗာဘန=ပုဏ္ဏားဆာဒူများ။ အာဇီဝက=အာဇီဝက တက္ကတွန်းများ။ နိဂံဌ=အဝတ်မဲ့ တက္ကတွန်းများ၊ နာနာပါသံဍ= အထူးထူးသော အယူရှိသော တိတ္ထိများ။ ၎င်းတို့အားလည်း ကြည်ညိုသော အမတ်တို့ကို သီးခြားစေလွှတ်၍ ပေးစွန့်ဆောင်ရွက်စေ၏။

ထိုမျှမက ဘိသိက်သွန်းပြီး (၁၂)နှစ်မြောက်တွင် အာဇီဝကတို့ကို နိဂြောဓလိုဏ်ဂူနှင့် ခလိတတောင်၌ သုပိယလိုဏ်ဂူနှင့် အခြားဂူတစ်လုံးတို့ကိုပါ လှူဒါန်းခဲ့ဖူးသည်။

အမတ်တို့ကြည်ညိုရ၊ ကိုးကွယ်ရာတွင် ထောက်ပံ့စွန့်ကြဲခြင်းမျိုးသာ ဖြစ်ပါသည်။

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရကြောင်း အခြားအထောက်အထားများ ရှိသေးသည်။

မင်းကျင့်တရား ဆယ်ပါးတို့အနက် ပရိစ္စာဂ=ထောက်ပံ့စွန့်ကြဲခြင်း၌သာအကျုံးဝင်ပါသည်။

ထိုပုဏ္ဏားတို့ ကိုးကွယ်ရန် ဗောဓိသတ္တရုပ်တုများကို ပူဇော်သည်ဟု မှတ်ယူနိုင်၏။

တနည်း အရိမေတ္တယျ ဘုရားလောင်းကို ကိုးကွယ်သည်ဟု ယူဆကြ၏။

ဗြဟ္မာစရိယခေါ် သီလရှိသူဖြစ်လျှင် ငါးပါးသီလနှင့် သားမယားနှင့်နေသူတို့ထက်မြတ်၏။

သံယုတ်ပါဠိတော်၌ သိကြားမင်းကိုယ်တိုင် ထိုပုဂ္ဂိုလ်မျိုးကို ရှိခိုးပြီးမှ နတ်ရထားကို တက်၍စီး၏။ ရှိခိုးခံနိုင်အောင် ကြိုးစားသင့်ကြ၏။ (သီလကိုပယ်၊ တည်ကြည်မဟိ၊ အသိမပါ၊ နတ်သာကိုးကွယ်၊ မပြုလေနှင့်။)

ဘုရားဆင်းတု(ဥဒ္ဒိဿစေတီ)၊ စုန္ဒထေရ်ရုပ်တု၊ ဓာတ်တော်ရှိသော (ရှေးဟောင်း) စေတီတော်များ (ဓာတုမစ္စတျား=ဓာတုမာ+စေတီယော)။ ၎င်းတို့ကို ရွှေ၊ ငွေ၊ ကြေးဝါ၊ ကြေးဖြူ၊ ကြေးနီတို့ဖြင့် အတိုင်းအထွာပြုကာ၊ အလေးချိန်၊ အရေအတွက်သတ်မှတ်၍၊ သွန်းပြုလှူဒါန်းခြင်း၊ သစ်သား၊ ရွှံ့(အင်းကတေ)၊ ကျောက်တို့ဖြင့်လည်း ဆန်းကျယ်စွာ ထုဆစ်လှူဒါန်းခြင်းတို့ပြုခဲ့သည်။

ဂါထာ(၅၀)တွင် အုတ်ခွက်ဘုရားတို့ဖြင့် စေတီတည်ခဲ့သည်။ မှင်ကူးမှုရင်း၌ (ကမ်ထား(ရ်) =ပြုလိုသဖြင့်ဟု အဓိပ္ပာယ်ရပါသည်) လာသည့်အတိုင်းဆိုလျှင် အုတ်ခွက်ဘုရားတို့ ဖြင့် စေတီတည်လိုသောစိတ်ရှိသဖြင့် သူတော်ကောင်းတရား၊ ဘုရားဟော ပိဋကတ်တော်များ ကို သူတော်ကောင်းတို့ကို များစွာကူးရေးစေ၏။

*(ပုရပိုက်တို့၌ ရေး၍ စေတီတွင် ဌာပနာထည့်ခြင်း၊ စုံလင်စွာအစုံများစွာ ရေးကူး၍ လှူဒါန်း ဖြန့်ဝေခြင်း အဓိပ္ပာယ်နှစ်မျိုးရပါသည်။)*

ဂါထာ(၅၁)တွင် ရွှေ ငွေ တို့ဖြင့် ပြုသော ပဒုမ္မာကြာပန်းအခြေယိုသော ရတနာခုနစ်ပါးဖြင့် ပြုလုပ်သော အထွဋ်ရှိသော အမြတ်မ်းဘုရားဓာတ်တော်ကို (ထည့်၍)ပူဇော်ရန်အတွက် (ဓာတ်တော်ကြုတ်)များစွာတို့ကို လှူဒါန်းခဲ့သည်။

ဂါထာ(၅၂)တွင် ဒဒေါ်အရ ဓမ္မဒါနပေးလှူခြင်းဖြစ်သည်။ အာနန္ဒစန္ဒြားမင်းမှာ တရားဟော ဓမ္မကထိကဖြစ်သည်။

ဂါထာ(၅၃)တွင် ကြေးသပိတ်များနှင့် ပိုးသက်န်းများစွာတို့ကို အရပ်ရှစ်မျက်နှာမှ လာကြကုန်သော ရဟန်းတော်တို့အား ရိုသေစွာလှူဒါန်းကြောင်းပြဆိုသည်။

ဂေါ်ရဝဟူသော ဝေါဟာရမှာ အလွန်ရှားပါးသည်။ ထေရဝါဒသံဃာတော်တို့အား ရိုသေစွာ လှူကြောင်း အရေးအသားကပင် ထူးခြားနေပါသည်။

ပုဏ္ဏားတို့အား လှူရန်မပြဆိုမိ ''ဒါနပါရဟိတာဟိနာ၊ မာမေဘဝတုဇန္တုစု''ဟု ဘရိတ်အုပ်ထားခြင်းနှင့် ကွာခြားသည်။

အာသောက ကျောက်ဆောင်စာယ် ဘာဗြာ (ဘဲရာတဲ)ကျောက်ဆောင်စာယ်၌ ''နတ်တို့ချစ်အပ်သည်ကို သိမြင်တော်မူသော အာသောကမင်းကြီးသည် မာဂဓတိုင်း၌ သံဃာတော်အပေါင်းတို့ကို ရိုသေစွာရှိခိုး၍ လျှောက်ထားပါ၏'' ဟူ၍လည်းကောင်း။

''အသျှင်ဘုရားတို့ ဘုရားဟောဝိနည်းကျင့်ဝတ်များ၊ အရိယဝံသတရားများ၊ အနာဂတဘယသုတ္တန်၊ မုနိဂါထာများ၊ မောနေယျသုတ္တန်၊ ဥပတိဿရသေ့အကြောင်း၊ ရာဟုလောဝါဒသုတ္တန်၊ လိမ်လည်ခြင်းကို အကြောင်းပြု၍ ဘုရားသျှင်ဟောတော်မူသော တရားတော်များ၊ ဤတရားတော်တို့ကို (အကျွန်ုပ်သည်) အလိုယှိလှပါ၏။

အဘယ်ကြောင့် အလိုယှိပါသနည်းဆိုလျှင်...များစွာသော ရဟန်းသံဃာတော်များ၊ ရဟန်းမိန်းမများ မပြတ်နာကြား၍ ဆောင်ထားစေချင်ပါ၏။(ဂ)

နည်းတူ ဥပါသကာများ၊ ဥပါသိကာများကိုလည်း မပြတ်နာကြား၍ ဆောင်ထားစေချင်ပါ၏'' ဟူ၍လည်းကောင်း တွေ့ယှိရာ ထေရဝါဒ သံဃာတော်များနှင့် ဘုရားဟောတရားစစ်၊ တရားမှန်တို့၌ မည်မျှရိုသေလေးစားကြောင်း ပေါ်လွင်လှပေသည်။

(ဒုတိယ သံဃာယနာအပြီး ကောသမ္ဗိဂိုဏ်းကွဲ သင်္ဂါယနာ၊ သာသနာ့သက္ကရာဇ် (၂၅၂)

(*) အာသေဋ္ဌခေါ် တောင့်တခြင်းအနက်ကို သုံးသင့်၏။
အာကတ္တိခေါ် စေခိုင်းခြင်းအနက်ကို မသုံးသင့်။

တွင် ပိဋကတ်စာတုကိုးမျိုး စသည့်ရေးသားကြခြင်းမှာ အယူတပါးဂိုဏ်းကွဲတို့အတွက် မုသာဝါဒကံ၊ ဓမ္မန္တရာယ်၊အကုသိုလ်အပိတ်အပင် အတားအဆီးဖြစ်၍ ဈာန်မဂ်ဖိုလ်ကိုမရထိုက်။)(+)

သီဟိုဠ်ကျွန်းသို့ တရားဟောပလ္လင်၊ ဆင်မယဉ်သာ တစ်စီး၊ ပိုးသက်န်းအစုံများစွာတို့ကို လှူဒါန်းပါသည်။

ဟိနာကနဆိုခြင်းမှာ ဆဲဆိုရာ ရောက်သည်။ အင်္ကောသဝတ္ထုဆယ်ပါးတွင် အကျင့်နှင့်ပတ်သက်၍ ကဲ့ရဲ့ခြင်းတွင် အကျုံးဝင်သည်။ မသိတုန်းခံချင်ခံ။ သိလျှင်ပြန်ပစ်လိုက်ပါ။ ထေရာဝါဒမှာ အနှစ်သာရ အပြည့်အဝယှိသည်။

ပတ္တနာတ္တိယ(မဟီပြဒေရှေ)တွင် မဟီ–အရဖြစ်သော ပတ္တနာရှိ ဣတ္ထိလိင် အာ–ကိုသမာသ်ပုဒ် အလယ်တွင်ဖြစ်က အ–ရဿပြုစရာမလို။ တ္တိယနှင့်တွဲရန်လည်း မလို။ မြေ–ကိုဟော၍ ဣတ္ထိလိင်သို့ လိုက်သည်။ ဆရာတို့အလို အာတ္တိယ–ဟု ပုဒ်ဖြတ်စေဦးတော့၊ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့အလို ‘‘မိမိ’’ ဟု ဘာသာပြန်ဆိုရန် ခွင့်မပြုကြ။ အကယ်၍ တ–အောက်၌ ခ–သာရှိခဲ့လျှင် သက္ကဋအဘိဓာန်စည်းကမ်းအတိုင်း (အတ္တ)အတ္တာ–ဟု ယူဆကာ ‘‘မိမိ’’ ဟု ပြန်ဆိုနိုင်ပါသေးသည်။ သို့တစေ (ဤ)အက္ခရာက ပိုနေဦးမည်။ ယခု(မ) အက္ခရာက ပိပြင်နေပါသည်။ အတ္တပုဒ်သည် မ–အက္ခရာဖြင့်မယှိ။

ထို့ကြောင့် ပတ္တနာ=သဘော်ဆိပ်မြို့။ (ဤနေရာ၌ မြို့တော်) မဒိနီပူ(ရ်)။ ဘင်္ဂါနယ်အနောက်ဘက်။ ကာမလိတ္တိမြို့ဟုယူ။ ယခုအခါ ကုန်းထက်သို့ မိုင်(၃၀)ကျော်တက်သွားပြီဟုဆိုသည်။ တ္တိယ–မှာ တာမြနှင့် အသံထက်နီးကပ်မှုရှိပါသည်။ တမိ(ယ်)၊ တမိ(လ်)ဟု ပြန်ဆိုရန်အသင့်ဆုံးဖြစ်နေသည်။

အုပ်ချုပ်သူမှာ ဗြာဟ္မမျိုးနွယ် အသားဝါမျိုး။ အာသောကမင်း၏ တေရသမ ကျောက်စာတွင်ယောနမင်း၏နိုင်ငံ။ တုလမယ(တောလမိ)။ အန္တိကောန၊ မဂ၊ အလိကသုန္ဒရ အမည်တော်ယှိသောမင်းလေးပါးတို့ နိုင်ငံနှင့်တကွ နိုင်ငံတော်အောက်ဘက် (တောင်ဘက်) စောဍ(စောဠ)၊ ပန္ဒတို့နှင့်အတူတူပြု၍‘‘တံဗပံနိယာ တမ္ဗပဏ္ဏိတိုင်းပြဆိုသောကြောင့် သီဟိုဠ်ကျွန်းကို တဗ္ဗပဏ္ဏိ ခေါ်သည်။

တဗ္ဗပဏ္ဏိမှ တမ္ဗ(တာမြ)တစ်စိပ်ကိုယူ၍ သီဟိုဠ်သို့ကူးသော ဆိပ်ကမ်းမြို့ကို တာမြပတ္တနာဟု ခေါ်ဆိုနိုင်သည်။

ထိုအကျယ်သုံးဂါထာကို ပေါင်းရုံး၍ ဘာသာပြန်လျှင်...

အာနန္ဒစန္ဒြမင်းအား မိဖုရားရတနာ (သမီးကညာ)လက်ဆောင်ပို့သလှာသော၊ ကျက်သရေယှိ၍ တရားဓမ္မနှင့်ပြည့်စုံသော ပုဏ္ဏားမျိုးနွယ်မှဖြစ်သော (မနောဓိရ)မင်းအား၊ (အာနန္ဒစန္ဒြမင်း၏)

---

(+) ပုဂ္ဂလပညတ်၊ ပါဠိတော်။ မူလဋီကာ၊ အဘဗ္ဗပုဂ္ဂိုလ် ခုနစ်ယောက်တွင် ကြည့်ပါ။

တရားတော်နှင့်ယှဉ်သောစကား၊ သူတော်ကောင်းစရိုက်သို့ အစဉ်လိုက်၍ လူ့ဒါန်း၊ စွန့်ကြဲမှု လွန်ကဲခြင်းကျေးဇူးကို သတင်းစကားကြားရသောကြောင့်၊ အသုံးတော်ခံ (မိဖုရားရတနာ)ကို ကိုင်းရှိုင်းခြင်းဖြင့် ပြုလုပ်အပ်သည်ဟု ဆိုအပ်သော၊ ရွှေအဆင်းနှင့်တူသော အဆင်းကို ဆောင်သော အမျိုးအနွယ်မှုဖြစ်သော (သမီးရတနာ) လက်ဆောင်ဖြင့်၊ မိတ်ကောင်းဆွေကောင်း အဖြစ်ဖြင့် ချဉ်းကပ်လာသော၊ ကြီးမြတ်သော တန်ခိုးယိုသော၊ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော မနောစီရမင်းသည်။ ကျောင်းနှင့် ရေတွင်းကို ကျက်သရေရှိသော ဆိပ်ကမ်းမြို့တော်ဖြစ်သော တမိလ်မြေအပြင်၌ အဆောတလျင်ပြုပြီး၍ ကောင်းသောအကြားအမြင်ယိုသော၊ အလွန်မြတ်နိုးတော်မူထိုက်သော မိန်းမတို့၏ရတနာသမီးတော် ဓေနွာကို ရှင်လန်းခြင်းယိုသည်ဖြစ်၍ (အာနန္ဒစန္ဒြမင်းထံသို့) ပို့လွှတ်ဆက်သလေ”ဟု အဓိပ္ပာယ်ရရှိလေ၏။(*)

ဝတီထွန်း

## မှီငြမ်းကိုးကားသော ကျမ်းစာများ

၁။ အာနန္ဒစန္ဒြားရှစ်ရာစု ရခိုင်ဝေသာလီမင်း။ (ဦးစံသာအောင်)
၂။ အေဒီခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ။(ဦးစံသာအောင်)
၃။ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်။ (ဦးအောင်သာဦး)
၄။ ဆရာလွတ် ဟိန္ဒီဘာသာသင်နည်း (အာရ်ပီ၊ အသျှင်ဝါယမ)
၅။ အာသောက ကျောက်စာများ ဘာသာပြန်။ (ဦးဖိုးလတ်)
၆။ ရခိုင်ယဉ်ကျေးမှု အမှတ်(၃) (အသျှင်စက္ကိန္ဒ)
၇။ အဘိဓာနပ္ပဒီပိကာသူစိ။
၈။ ပဒတ္ထမဉ္ဇူသာ(ပါ/မာ–ဓာန်) (ဦးဟုတ်စိန်)
၉။ အဘိဓာန်ပါဠိ(သီဟိုဠ်ကျွန်း) (အသျှင်မေဂ္ဂလာန်)

---

(*) အာနန္ဒစန္ဒြမင်း၏ အသုံးတော်ခံ (မိဖုရား) ဓေနွာ။
မနောဒီရမင်း၏ လက်ဆောင်သမီးရတနာ ဓေနွာ။

# မြောက်ဦးမြို့အကြောင်း တစ်စေ့တစ်စောင်း

ရခိုင်သမိုင်းတွင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့ မြောက်ဦးဟူ၍ ခေတ်ကြီး(၄)ခေတ် ပိုင်းခြားသတ်မှတ်ထားပါသည်။

ယင်းခေတ်၏ အမည်နာမ ခေါ်တွင်ပုံနှင့်ပတ်သက်၍ သူ့အဓိပ္ပာယ်နှင့်သူရှိကြသည်။

ဓညဝတီဆိုသည်မှာ (ဓည=ဆန်ရေစပါး၊ ဝတီ=ရှိသည်။)ဆန်ရေစပါး ပေါကြွယ်ဝရာဒေသ ဟု အဓိပ္ပာယ်ရသည်။

ဝေသာလီ၏အဓိပ္ပာယ်မှာ(ဝေ=အထူးထူးအပြားပြားသော။ သာလီ=ကောက်ပဲသလဲ ပေါများခြင်း။)အထူးထူးအပြားပြားသောကောက်ပဲသလဲများပေါများသောအရပ်ဟုဆိုလိုခြင်းဖြစ်သည်။

လေးမြို့ခေတ်ဟူသည်ကား အဥ္စနနဒီမြစ်ကမ်းဝဲယာတစ်လျှောက်တွင် ပဥ္စာ၊ နရိဥ္စရာ၊ ပုရိန်၊ လောင်းကြက်စသော မြို့ကြီးလေးမြို့ထွန်းကားခဲ့သဖြင့် လေးမြို့ဟု အမည်တွင်ခြင်းဖြစ်သည်။

မြောက်ဦးမည်ဆန်း၊ ဗျာဒိတ်ပန်း

ဓညဝတီ၊ ဝေသာလီ၊ လေးမြို့ မြောက်ဦး စသောခေတ်ကြီးလေးခေတ်အနက် နောက်ဆုံး ခေတ်ဖြစ်သော မြောက်ဦးခေါ်တွင်ပုံနှင့် ပတ်သက်၍ ရခိုင်သမိုင်း၌ အမျိုးမျိုး ဝိဝါဒကွဲပြားလေသည်။

မြောက်ဦးဘုရားသမိုင်းအဆိုအရ တတိယ ဓညဝတီပြည့်ရှင် သူရိယစက္ကမင်း (ဘီစီ ၃၁၆–၂၇၂)လက်ထက် အသျှင်ဗာဟုလမထေရ်နှင့် အသျှင်တိဿမထေရ်မြတ်တို့သည် ရခိုင်ပြည် ဗျာဒိတ်ဝင်(၄၈)နေရာတို့၌ ဘုရားသျှင်၏ ဓာတ်တော်မွေတော်တို့ကို စေတီပုထိုးများတည်ထား ရန်ကြွရောက်လာပြီး ဗာဟုလတောင်၌ ရပ်နားစဉ် ပေါးပူဘီလူးနှင့် ဘုမ္မစိုးနတ်တို့က မျောက်နှင့် ဒေါင်းဟန်ဖန်ဆင်းပြီး အဥနှစ်လုံးကို မျောက်က လူ့ဒါန်း၍ နောင်အခါ ဤဒေသကို မြောက်ဦးဟူ ၍ ခေါ်တွင်အံ့ဆို၏။

ဝေသာလီတွင် အမြတ်ဟုမင်း ကွယ်လွန်ပြီး ယင်း၏သားတော် ပဲဖြူမင်းထီးနန်းစည်းစိမ်

ကို ရသောအခါ မိမိမြို့စားဖြစ်ခဲ့သော မြောက်ဦးမြို့ရွာမှ မြောက်မြားစွာသော အကြံအစည်ထီးနန်း စည်းစိမ်များကို ဦးဦးဖျားဖျား ပြည့်စုံအောင်မြင်ခဲ့၍ အေဒီ (၇၇၆)ခုနှစ်တွင် မြောက်ဦးမြို့တော်ဟု သမုတ်ပြီး မင်းနေပြည်တော်အဖြစ် စိုးစံခဲ့သည်ဟု ရခိုင်ရာဇဝင်လင်္ကာအရ သိရပါသည်။

ရခိုင်မင်းသမီးဧချင်းတွင်လည်း မင်းစောမွန်တို့ မြို့သစ်ရှာကြစဉ် ငါးသဲ့ကြသူ သမီးယောက် မနှစ်ဦးတို့၏ မြောက်ဦးဝသဲ့ အချီအချခေါ်တူးသံကို ကြားရသည့် နိမိတ်တြင်းကို အစွဲပြု၍ မြောက်ဦးဟူ၍မှည့်ခေါ်ကြောင်းဆိုသည်။

ရခိုင်ရာဇဝင်သစ်ကျမ်း၌လည်း မင်းစောမွန် မြောက်ဦးမြို့ကို တည်သောအခါ တောင်သို၊ ကုက္ကားတောင်နှစ်လုံးကို တူးဖြိုညှိနေစဉ် ရွှေဥဒေါင်း၏ ဥကို မျောက်က စောင့်နေသည်ကို တွေ့ရသောကြောင့် မြို့အမည်ကို မျောက်ဥ၊ ယင်းမှ မြောက်ဦးဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြောင်း ဖော်ပြထားလေသည်။

မည်သို့ဆိုစေ မင်းစောမွန်ဘုရင် မြောက်ဦးမြို့တော်ကို တည်ခဲ့ချိန်မှစ၍ နှစ်ပေါင်း(၃၅၄) နှစ်တိုင် မြို့သက်ရှည်ခဲ့သည်ကို ထောက်ရှု၍ ယင်းအချိန်မှ စ၍သာ မြောက်ဦးအမည် ထင်ရှားလာ သည်ကို တွေ့ရပါသည်။

## မြောက်ဦးမှ မြို့ဟောင်းသို့၊ မြို့ဟောင်းမှ မြောက်ဦးသို့

မင်းစောမွန်သည် မြောက်ဦးမြို့တော်ကို ကောဇာသက္ကရာဇ် ၇၉၂–ခုတော်သတင်းလဆန်း (၁)ရက် တနင်္ဂနွေနေ့ (အေဒီ –၁၄၃၀)တွင် ''ဂဠုန်တောင်ပံဖြန့်၍ အနောက်သို့ပျံဟန်'' ပန္နက်ချ ၍ တည်ခဲ့သည်ဟု ဆို၏။

နန်းတော်ကုန်းသည် လာရောက်တိုက်ခိုက်သူ ရန်သူအပေါင်းတို့ကို လွယ်လင့်တကူ အောင်မြင်နိုင်သည့် ဘူမိနက်သန်မြေဖြစ်၍ မင်းစောမွန်ရွေးချယ်ခဲ့ကြောင်း..

''...ဂိုဟောက်သံကြား၊ ကျားကလန့်ရှောင်၊ ကြောင်မူပြေးထွက်၊ ကြွက်ကားလိုက်ထွေ၊ မြွေကိုဖားနိုင်၊ တရင်းဆိုင်လျက်၊ ရခိုင်ညွန့်ဖူး၊ ရွှေမြောက်ဦးကို ၊ နတ်မှူးညွှန်ပြ နန်းရာရသည်၊ ဘူမိနက်သန်၊ ထူးတည့်လေ....''

ဆိုသော ရခိုင်မင်းသမီး ဧချင်းအရ သိရပါသည်။

မြောက်ဦးမြို့တော်၌ စိုးစံခဲ့ကြသည့် ရခိုင်မင်း အဆက်ဆက်တို့သည် မြို့တော်အား မည်သည့်ရန်သူမဆို ဝင်ရောက်လာပါက မျက်စိလည် လမ်းမှားစေရန် ကာကွယ်ရေးအစီမံများကို ဝက်ပါသဖွယ် ရှုပ်ထွေးများပြားစွာ ခံတပ်မြို့တစ်မြို့အဖြစ် စီမံဖန်တီးထားလေသည်။

ဤမည်သော မြောက်ဦးမြို့တော်ကား မင်းစောမွန်မှ မဟာသမတရာဇာအထိ (ကောဇာ သက္ကရာဇ် ၇၉၂–ခု၊ တော်သလင်းလဆန်း (၁)ရက်၊ တနင်္ဂနွေနေ့မှ ၁၁၄၆–ခု၊ ပြာသိုလပြည့်ကျော် (၇)ရက် စနေနေ့အထိ) မင်းဆက်(၄၈)ဆက်၊ နှစ်ပေါင်း (၃၅၄)နှစ်တိုင် ရှည်ကြာခဲ့လေသည်။

''အိုးဆန်ဆီဆောက်(ဥညြရီသောက်)၊ မုနိပျောက်''ဟူ၍ ရခိုင်မင်းဆက်ပြတ်သော (၁၁၄၆)ခုနှစ်အထိ ပိဋကတ်သချ်ာနည်းဖြင့် အမှတ်ရလွယ်အောင် စာချိုးထားလေသည်။

ဤအချိန်မှစ၍ ရခိုင်ပြည်ကို အမရပူရက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်လေတော့သည်။

အနှစ်(၄၀)ကြာသောအခါ၊ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄–ခု၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် မြောက်ဦးမြို့ကို သိမ်းပိုက်လိုက်လေသည်။

၁၈၂၆–ခုနှစ်တွင် ရခိုင်ဒေသမြို့တော်ကို အင်္ဂလိပ်တို့က စစ်တွေသို့ ရွှေ့ပြောင်းလိုက်သဖြင့် မြောက်ဦးမြို့သည် ရှေးဟောင်း မြို့ဟောင်းတစ်မြို့ဖြစ်သွားလေတော့သည်။

နယ်ချဲ့တို့သည် မြန်မာတစ်နိုင်ငံလုံးကို ကျွန်သဘောက်အဖြစ် နှစ်ပေါင်း(၁၀၀)ကျော် အုပ်ချုပ်ခဲ့လေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၆၂–ခု၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် ၁၉၇၄–ခု၊ မတ်လ(၂)ရက်နေ့ ပြုလုပ်ကျင်းပခဲ့သော မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေး၊ သက်တမ်းကာလမှ စည်းဝေးဆုံးဖြတ်ချက်တစ်ခုအရ မြို့ဟောင်းအမည်ကို မြောက်ဦးမြို့အမည်သို့ပြောင်းရွှေ့ခေါ်ဝေါ်သုံးစွဲသင့်ကြောင်း တင်ပြတောင်းဆိုခဲ့ရာ ပြည်ထဲရေးနှင့် သာသာနာရေးဝန်ကြီးဌာန၏ ၂၂–၉–၁၉၇၈ နေ့စွဲပါ စာအမှတ် ၂/၁၁၅/အထ(၂)အရ မြို့ဟောင်း မြို့နှင့် မြို့ဟောင်းမြို့နယ်ကို မြောက်ဦးမြို့နယ်ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။

## သာသနာ့ဆီမီး ထိန်ထိန်ညီး

မြောက်ဦးမြို့တော်သည် ရခိုင်ဘုရင်တို့၏ နောက်ဆုံးမြို့တော်ဖြစ်ခဲ့သည်နှင့်အညီ ရှည်လျားသော ရခိုင်သမိုင်းစဉ်နှင့် ယဉ်ကျေးမှု အမွေအနှစ်တို့ကို ဆက်ခံခွင့်ရရှိခဲ့သဖြင့် ယဉ်ကျေးမှုအထွဋ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။

နှစ်ပေါင်း (၃၅၄)နှစ်တိုင် ရှည်ကြာခဲ့သော မြောက်ဦးရာဇဌာနေဟောင်းသည် ရခိုင်ရှေးအမွေအနှစ်များ သမိုင်းသက်သေတည်နေသည့် ယဉ်ကျေးမှုဂုဏ်ဆောင် မြို့ဟောင်းတစ်မြို့ဖြစ်သည်နှင့်အညီ ယင်းမြို့တော်ဟောင်းကို လေ့လာခြင်းသည်ပင်လျှင် ရခိုင်ယဉ်ကျေးမှု အဆောက်အအုံတစ်ခုလုံးကို လေ့လာသည်နှင့်မခြားပေ။

တောင်ပေါ်မြေပြန့်နေရာအနှံ့၌ လက်ညှိုးထိုး၍ မလွဲနိုင်အောင်ပင် ရှေးမင်းတို့ တည်ထားကိုးကွယ်ခဲ့ကြသည့် ဗုဒ္ဓသာသနိက အဆောက်အုံများသည် မြောက်ဦးဌာနေ၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရှေးအမွေအနှစ်များဖြစ်ပေသည်။

မြောက်ဦးမြို့တော်ဟောင်း တစ်ခွင်ရှိ ( ၆၃၅၂၇၅၅ ) အဆူဆူသော ဘုရားပုထိုးစေတီများနှင့် ပိဋကတ်တိုက်ပေါင်း(၄၈)ဆူတို့ကို လေ့လာခြင်းဖြင့် ဗုဒ္ဓသာသနာတော်မှာရောင်ဝါနေသို့

အလား ထွန်းတောက်ဝေဆာခဲ့မှုကို ထင်ဟပ်စေသော သာဓကပြယုဂ်အဖြစ် တွေ့ရပါမည်။

''ဝါဝါဝင်းဝင်း မြစ်ကိုဆင်း'' ဆိုသော (၄၄၄၄၅၂၃ )ပါးသော ရဟန်းသာမဏေများ နေထိုင်သီတင်းသုံးခဲ့ရာ ကျောင်းတိုက်ကြီး(၃၀)နှင့် ကျောင်းရံပေါင်း (၃၇၀၀)တို့ကို လေ့လာခြင်း ဖြင့် ဗုဒ္ဓသာသနာတော်ကြီးမှာ ပွတ်သစ်စ ခရညင်းပမာ ဖြူစင်သန့်ရှင်းမွန်မြတ်လှသော ထေရဝါဒ ဗုဒ္ဓသာသနာတော်ဖြစ်ကြောင်း သက်သေထူနေပေသည်။

''အဖသျှစ်သောင်း၊ သားကိုးသောင်း''ဟု ဆိုစမှတ်ပြုကြသော ပုထိုးတော်ကြီးများနှင့် ထုက္ကသိမ်၊ အံတော်သိမ်၊ လေးမျက်နှာ၊ ဇောမိန္ဒြေရှု၊ ရတနာပုံ၊ လင်ပန်းပြောက်၊ ဘုရားပေါ်၊ မာရ်ငါးပါး စသော သာသနိက အဆောက်အအုံများကို လေ့လာခြင်းဖြင့် ရခိုင်တို့၏ ဗိသုကာပညာ၊ ဆင်ယင်ထုံးဖွဲ့မှု၊ သုခုမအနုပညာရပ်များ၊ စစ်ရေးစစ်ရာစစ်ပညာများ၊ ရခိုင်အားကစားများနှင့် ယုံကြည်ကိုးကွယ်မှု၊ ဘာသာဓလေ့ထုံးစံများကို မြင်တွေ့နိုင်ပါသည်။

## ဗိသုကာပညာ၊ အိမ်တော်ရာ

နန်းတော်ကုန်း၊ မြောက်မြင်းမိုရ်ကုန်း၊ တောင်မြင်းမိုရ်ကုန်း၊ မင်းတိက္ခာ၏ ယာယီနန်းတော် ရာ၊ ဘုရင့်သမီးတော်များ စံမြန်းခဲ့ရာ တပင်တိုင်နန်းတော်ရာများကို လေ့လာခြင်းဖြင့် မျိုးချစ်စိတ် ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး ဇာတိမာန် တက်ကြွလာပေမည်။

မင်းသားဦး ဦးရွှေဗန်း အိမ်တော်ရာကုန်း၊ ဗာဘူစာရေအမတ်ကြီး၏ အိမ်တော်ရာ၊ သိုက်တက်လေက်ရုံးအိမ်တော်ရာ၊ ဇုန္တတ်အိမ်တော်ရာ၊ ထုက္ကန်သိမ်မြောက်ဘက်ရှိ သူဌေးကုန်း အိမ်တော်ရာ၊ ဆင်ဖြူတော်ကုန်း၊ ပိုးဝါမင်းသမီးနှင့် မိဖုရားအဆောင်တော်ရာများ၊ တစ်ခွက်ဆရာ တောင်ခြေရှိ တစ်ခွက်ဆရာ ဆေးသမားတော်ကြီး၏ အိမ်တော်ရာ စသည်တို့ကို လေ့လာခြင်းဖြင့် ရှေးရခိုင်တို့ ဂုဏ်ယူဝင့်ကြွားစရာ ရှေးအမွေဗိသုကာပညာများကို တွေ့ရပါမည်။

## စီးပွားရေးရာ အဖြာဖြာ

စီးပွားရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း နိုင်ငံခြားကုန်သည်များ၏ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန်အလို့ငှာ ဖွင့်လှစ်ပေးထားသော ဘောင်းဒွတ်ကျေးရွာရှိ ဒတ်ချ်ကုန်တိုက်ဟောင်း နှင့် မြောက်ဦးပရဂုဏ်ဝန်းကျင်ရှိ (၄၁)ခုသော ကျီတော်ရာများမှာ စီးပွားရေးတိုးတက်ခဲ့မှု၏ ပြယုဂ်တစ်ခုအဖြစ် လေ့လာနိုင်ပေသည်။

ရောင်းရေးဝယ်တာ လွယ်ကူစေရန် သွန်းလုပ်ခဲ့သော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအရှယ်အစား အမျိုးမျိုးနှင့် မြင်တော်မူဘုရား၏ တောင်ဘက်တောင်ခြေရှိ မြောက်ဦးခေတ် ဒင်္ဂါးသွန်းစက်ရုံတည် ရှိခဲ့ရာ ကုန်းတော်ကိုလည်း လေ့လာနိုင်ပါသေးသည်။

ကူးသန်းရောင်းဝယ်မှုမဏ္ဍိုင်ဖြစ်သော သင်္ဘောဆိပ်နှင့် သင်္ဘောစာတိုင် (သင်္ဘောစာရေး)

တို့ နေထိုင်ခဲ့ရာ ကျွန်းတို့ကို ဘောင်းဒွတ်ကျေးရွာ၌ ယနေ့တိုင်မြင်တွေ့နိုင်ပါသေးသည်။

စီးပွားရေးလုပ်ငန်းအတွက် တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုသော ကြွေထည်၊ စဉ့်ထည်လုပ်ငန်းများ ပြုလုပ်ခဲ့ကြသည့် စဉ့်ဖိုကြီးများကို ရွှေကြာသိမ်ကျောင်းတိုက်မှ လောကမာရ် အောင်ကျောင်းတိုက်တောင်ခြေ တစ်လျှောက်တွင် ယနေ့တိုင် အထင်အရှား တွေ့နိုင်ပါသေးသည်။

မြေအိုး၊ မြေခွက်၊ မြေပန်းကန် စသော မြေထည်လုပ်ငန်းများကို မြောက်ဦးမြို့နယ်၊ အိုးထိမ်းကျေးရွာနှင့်မြောက်ဦးမြို့ အောင်မင်္ဂလာခံတပ်မှ ပိန္နဲချောင်းစား ခံတပ်တစ်လျှောက် တောင်ခြေများနှင့် ကြက်ဈေးရပ်ကွက် ချောင်းကမ်းနား တစ်လျှောက်၌ လုပ်ကိုင်ခဲ့ကြောင်း အိုးကွဲ၊ အိုးစများကို အစုလိုက်၊ အပြုံလိုက် တွေ့ရှိခြင်းက သက်သေခံနေပါသည်။

ရတနာပုံစေတီ ပရဝုဏ်ဝန်းကျင်၊ မြတန်ဆောင်းကျောင်းတော်ရာ၊ စန္ဒာရာမကျောင်းတော် ရာ၊ ဓမ္မိကာရာမကျောင်းတော်ရာ ပတ်ဝန်းကျင်ဒေသများတွင် ပန်းတဉ်း(ကြေးသွန်း)လုပ်ငန်း၏ သက်သေခံပစ္စည်းများအဖြစ် လုံကွဲ၊ လုံစများက မြေကြီးက မုသားမဆိုတတ်ကြောင်း ဖော်ပြ နေပါသည်။

ကန့်သရီအစို့ဆိုသည်မှာ ရခိုင်ဘုရင်တို့လက်ထက်က ကြေးအိုး၊ ကြေးခွက်၊ ကြေးပန်းကန် စသည်တို့ကို ထုလုပ်ခဲ့သော ကြေးအတတ်ပညာရှင်အဖွဲ့ဟုဆို၏။

ယင်းကြေးထည်များ ပြုလုပ်ခဲ့သော လက်မှုပညာသည်များ စုပေါင်းနေထိုင်ရာ ကန့်သရီ ကျေးရွာမှာ မြောက်ဦးမြို့နယ်၌ ယနေ့တိုင်ရှိနေသေး၍ ကြေးထည်လုပ်ငန်း ထုလုပ်ခဲ့မှု၏သာဓက ဖြစ်ပါသည်။

မြောက်ဦး ပိုးဖြူကျွန်းသွား လမ်းဘေးရှိ ဝင်မနားကျီတော်မှ ဘုရားအုပ်စေတီထိ တောင် ခြေတစ်လျှောက်တွင် ရှေးရခိုင်ကြီးများ၏ သံထည်လုပ်ငန်းများ လုပ်ကိုင်ခဲ့ရာသံရည်ကျိုဖိုရာများနှင့် သံတိုသံစများတွေ့ရှိခြင်းဖြင့် မြောက်ဦးခေတ် စီးပွားရေးတစ်စိတ်တစ်ဒေသကို မီးမောင်းထိုးပြ လိုက်ဘိသကဲ့သို့ ရှိပါတော့သည်။

ပန်းတိမ်တောင်မှ ရွှေတောင်တစ်လျှောက်ဒေသများ၊ တစ်ခွက်ဆရာတောင်ခြေ အနောက် ဘက်ဒေသများ၊ မင်းသားကျွန်းဒေသတို့တွင် ပန်းတိမ်လုပ်ငန်းဆိုင်ရာ လုံကွဲများ၊ ရွှေစငွေစများ၊ ကျောက်မျက်ရတနာများ၊ ပန်းတိမ်သုံးတူများ၊ ဆောက်များစသည်တို့ကို တွေ့ရှိရ၍ ထိုဒေသများ ၌ ရွှေပန်းတိမ်လုပ်ငန်းများတွင်ကျယ်စွာ ပြုလုပ်ခဲ့ကြောင်း မြေကြီးက သက်သေဆိုနေပါသည်။

ရှေးရခိုင်ဘုရင်တို့ လက်ထက်က ရက္ကန်းပညာ တိုးတက်မြင့်မားလာရေးအတွက်ရည်ရွယ် ၍ ရက္ကန်းပညာ၌ ထူးချွန်ပြောင်မြောက်သူများကို ''အယသမင်္ဂီ''ဘွဲ့ထူးပေး၍ ချီးမြှင့်မြှောက်စား ခဲ့ကြောင်းသိရပါသည်။

မြောက်ဦးမြို့နယ်၌ ရက္ကန်းပညာသည်တို့နေထိုင်ခဲ့ကြသော အရက်သည်မကျေးရွာ၊ ယိုင် သည်ကျေးရွာတို့မှာ ယနေ့တိုင်ရှိနေသေး၍ ရခိုင်တို့ ရက္ကန်းပညာမှာ အဆင့်မနိမ့်လှကြောင်း

အကဲခတ်နိုင်ပါသည်။

ရခိုင်ဘုရင်တို့လက်ထက်က လက်ကောက်ကျေးရွာဟောင်း(ယခု ရွာဟောင်းတော ကျေးရွာ)မှာ ယွန်းထည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်ဟု သိရပါသည်။

အထူးသဖြင့် ပယင်းလက်ကောက်၊ ယွန်းလက်ကောက်တို့မှာ နာမည်ကျော်လူကြိုက်များ လှသည်ဟု သိရပါသည်။ အဆိုပါ ပယင်းလက်ကောက်၊ ယွန်းလက်ကောက်နှင့် ယွန်းထည် ပစ္စည်းများကို ဈေးချ၍ ရောင်းချရသည်ထိ တွင်ကျယ်လာ၍ လက်ကောက်ဈေး တွင်လာသည် ဟုဆိုပါသည်။

မြောက်ဦးမြို့ ဘုရားပေါ်ကျောင်းဟောင်းရှိ ရုပ်တော်မူ ယွန်းဆင်းတုတော်ကြီးနှင့် နံရံများ ရှိ ဗုဒ္ဓဝင်ယွန်းပန်းချီ ကားချပ်များမှာ ရှေးရခိုင်တို့၏ ယွန်းထည်လုပ်ငန်း အဆင့်မြင့်ခဲ့ကြောင်း သက်သေထူနေပေသည်။

မြောက်ဦးမြို့နယ် ထမ္မရာဇ်ကျေးရွာသည်ကား ရခိုင်ထီးလုပ်ငန်းနှင့် ထင်ရှားခဲ့သည်ဟု ဆို၏။

## လုံခြုံကာကွယ် ရန်သွယ်သွယ်

မြို့တော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် စစ်ရေးစစ်ရာတို့အတွက်လည်း မြို့တော်နှင့် မြို့ရိုး တို့ကို ရန်သူများ မချဉ်းကပ်နိုင်အောင် (၁၉)မိုင်ခန့် ရှည်လျားသော မြို့ရိုးတံတိုင်းများ၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ သူရဲပြေး၊ သူရဲခို၊ သူရဲလျှောက်များ ယနေ့တိုင် ရှိနေသေးသော ကြောင်လည်ဒုံ အပါအဝင် ခံတပ်ကြီး(၁၄)ခု(စာရေးသူလေ့လာမိသမျှသာ)မြို့ရိုး(၁၄)ခု၊ ရေတံခါး(၈)ခုနှင့် မြို့ရိုးတံခါး (၃၉)ခု(လေ့လာမိသမျှသာ) ရေကျုံး၊ ညွန်ကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ် စသောကျုံးမြောင်း (၂၉)ခု(လေ့လာမိသမျှသာ)၊ ကျုံးရှင်၊ မြို့တော်သို့ ရေကြောင်းမှ ဝင်လာသော် မျက်စိလည်လမ်း မှားစေရန် ပင့်ကူအိမ်တမျှ ရှုပ်ထွေးစွာ ဖန်တီးစီမံထားသော ချောင်း(၂၆)ချောင်း။ (လေ့လာမိ သမျှသာ) လက်နက်ရိက္ခာခဲယမ်းမီးကျောက် အစီအရီတို့ဖြင့် တည်ဆောက်ထားခဲ့သည်မှာ ရခိုင် တို့၏ စစ်ဗျူဟာအတတ်ကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ရှိနေပေသည်။

စစ်ရေးစစ်ရာစစ်ပညာတို့အတွက်လည်း ရတနာ့မာရ်အောင် အရှေ့ဘက်ရှိ သူရဲကောင်း ရွေးချယ်ခဲ့ရာ လေးခင်းပြင်ကြီး၊ မြို့တော်အရှေ့ဘက် မကျားတောင်တန်းရှိ စစ်ပညာသင်ကျောင်း ဖြစ်သော လှိုင်းစရာကျောင်းရာ၊ လှိုင်းစရာကန်နှင့် စစ်ချီ၊ စစ်တက်၊ စစ်ဆုတ်၊ စစ်ရပ်တို့နှင့် ဆိုင်သော သေနင်္ဂဗျူဟာကျမ်းများဖြစ်သည့် ဗျူဟာသင်္ကကျမ်း၊ ပြုဟတ်စစ်ချီကျမ်း၊ ကာမန္တတိ ကျမ်း၊ ဗျူဟာဝါသနကျမ်း၊ သရဖွေးခေါ် သွာရောဒယကျမ်းတို့ကို လေ့လာခြင်းအားဖြင့် ရခိုင်တို့၏ စစ်ပညာအဆင့်အတန်းကို ခန့်မှန်းနိုင်ပါသည်။

ဆင်များကို စစ်မြေပြင်၌ အသုံးပြုရန်အတွက် မြောက်ဦးမြို့နယ် ဆင်အိုးချေကျေးရွာ

အနောက်ဘက် မြောက်ဦးမြို့အရှေ့ဘက် လေသာတောင်ခံတပ်မှ ပုဏ္ဏားမြောင်းထိ၊ တောင်ဘက်တွင် မောင်းဆွဲဓာတ်တော်ထိ၊ တောင်ကြားချိုင့်ဝှမ်းတို့၌ ဆင့်အိုးငယ်များပြုလုပ်၍ လေ့ကျင့်သင်ကြားပေးရာ ဌာနများကို လေ့လာနိုင်ပါသည်။

ထို့အပြင် နန်းတော်ကုန်း၏ တောင်ဘက်နှင့် ကပ်လျက် တတိယရွှေဝင်းတော်ထဲရှိ ဗဟိုရ်စည်တော်ထားခဲ့ရာ ရွှန်းတောင်သာနှင့် မင်းမိဖုရားတို့ အပန်းဖြေခဲ့ရာ ဝယိုင်လာခေါ် ဥယျာဉ်တော်မင်္ဂလာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသေးသည်။

## စာပေမဏ္ဍိုင် ပြည်ရခိုင်

ကျောက်ထုံး၊ လက်ာ၊ ဓမ္မသတ်၊ ပျို့၊ ရတု၊ ကဗျာ၊ ဧ၊ အန်၊ သာခြင်းများနှင့် ရခိုင်မြို့တည်၊ နန်းတည်၊ ဘုရားတည်ရာတို့၌ အသုံးပြုခဲ့ကြသော ဗိသုကာကျမ်းကြီးများဖြစ်ကြသည့် မဟာနိဒါဏ်းကျမ်း၊ သစ္စာနိဒါန်းကျမ်း၊ အဌသာခါကျမ်း၊ နမန္တာကျမ်း၊ စုဋ္ဌာမဏိကျမ်း၊ သူရော်ဇေယျကျမ်း၊ ကြံပဋိကျမ်း၊ ပါရာကျမ်း၊ မဟာမန္တန်ကျမ်း၊ ရွှေဘုံနိဒါဏ်းကျမ်း၊ မဟာဗိသုကာကျမ်း၊ သတ္တရူပဗိသုကာကျမ်းများမှာ ရခိုင်စာပေ အဆင့်အတန်းကို ဖော်ညွှန်းနေပါသည်။

## မြောက်ဦးဌာနေ ရှေးအမွေ

၉ ဇလိ(ကောဇာ ၉၉၉ ခု၊ ၉လ (ဝါ) နတ်တော်လ၊ လဆန်း ၉ ရက်၊ နံနက် ၉ နာရီ၊ ၉ မိဇနာ၊ ၉ ပြန်၊ ၉ ခရာဖြင့် တည်ဆောက်ခဲ့သော ရခိုင်တို့၏ နောက်ဆုံးလက်ကျန် ဘုရားပေါ်ကျောင်းဟောင်းကို လေ့လာခြင်းဖြင့် ယင်းခေတ် ယင်းအချိန်မှစ၍ ရခိုင်တို့၏ ဂုဏ်ယူဝင့်ကြွားစရာ ဗိသုကာပညာ အဆင့်အတန်းကို ခန့်မှန်းနိုင်ပါသည်။

မုနိင်ါးဆူတွင် အပါအဝင်ဖြစ်သော စန္ဒမုနိအသျှင်မြတ်ဘုရားနှင့် သီရိလက်ာနိုင်ငံမှ မြတ်အံတော်၊ ရှေးဟောင်းဘုရားအဆူဆူတို့ ကိန်းဝပ်စံပျော်ရာ ဇန္ဒလကျောင်းတိုက်နှင့် မြောက်ဦးခေတ် အလယ်ပိုင်း ပန်းတဉ်းပညာ အဆင့်အတန်းကို လက်စွမ်းပြထားသော ထူးဆန်းကြည်သိုဖွယ်ရာ ကြေးဆင်းတုကြီးနှစ်ဆူနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အဆူဆူတို့ ကိန်းဝပ်စံပယ်တော်မူရာ လက်ကောက်ဈေး ကျောင်းတိုက်တို့ကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။

ထို့အပြင် လေ့လာစရာများအဖြစ် ရခိုင်သမိုင်း၏ မီးရှူးတန်ဆောင်မည်သော အာနန္ဒစန္ဒြားကျောက်စာတိုင်၊ ဘုရားပေါင်းတောင်ခြေရှိ အေဒီ ၁၅၃၁-ခုနှစ်က မြောက်ဦးမြို့ မြို့သက်ရှည်ရန် အစီအမံအရ အသက်နှင့်ဖလှယ်ပြီး အာဇာနည်သျှင်မြဝါ စိုက်ထူခဲ့သော မြို့ချာတိုင်နှင့်သျှင်မြဝါရုပ်တု၊ နန်းသူနန်းသားများ သောက်သုံးခဲ့သော နန်းသားကန်၊ နက္ခတ်တောင်ရှိ နက္ခတ်မျှော်စင်ကုန်းတော်ရာ၊ ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ စုဆောင်းပြသထားရာရှေးဟောင်းသုတေသနပြတိုက်၊ ကျောက်ရစ်ကေ ကျောင်းတိုက်ရှိ မြောက်ဦးခေတ်လယ်မှ ရေတံခါးအမတ်ကြီးတစ်ဦး

သွန်းလုပ်ကိုးကွယ်ခဲ့သောစမ္ဗဏ်စာတမ်းထိုးကြေးဆင်းတုတော်တစ်ဆူနှင့်အလားတူကြေးဆင်းတုတော်တစ်ဆူကို ညောင်ပင်ဈေးကျောင်းတိုက်၌လည်းကောင်းဖူးမြော်လေ့လာနိုင်ပါသည်။

''ဒိုင်းကျီရှိယင့် ရီရှိယင့်၊ ဘားဘူရှိယင့် ဆန်ရှိယင့်''ဆိုသော ဆိုရိုးစကားမှာ မြောက်ဦးတစ်ခွင်၌ ယနေ့တိုင် မရိုးနိုင်သေးပါ။

ဒိုင်းကျီဆိုသည်မှာ ဆည်မြောင်း၊ အင်းအိုင်၊ ချောင်း၊ ကန်များနှင့် ကုန်တင်ကုန်ချလုပ်ငန်းများကို တူးဖော်လုပ်ကိုင်ရသော အသင်းအဖွဲ့ဟု သိရပါသည်။

ထိုဒိုင်းကျီအစို့ ရေလုပ်သားများက လုပ်အားဒါနအဖြစ် ပေးလှူခဲ့သော ကန်ပေါင်ရိုးအပါအဝင် (၂၂.၁၈)ကေရှိ ဒိုင်ကျီကန်ကြီးမှာလည်း ရှေးဟောင်းနှောင်းဖြစ် အောက်မေ့ဖွယ် တွေ့နိုင်ပါသေးသည်။

ယင်းကန်ကြီး၏ အရှေ့ဘက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းရာကို လေ့လာခြင်းအားဖြင့်လည်း ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခဲ့ကြသော ရှေးရခိုင်ဘုရင်တို့၏ စိတ်နေသဘောထားမြင့်မြတ်ပုံကို ပေါ်လွင်ထင်ဟပ်နေပါသည်။

မြောက်ဦးမြို့၏ မြို့အင်္ဂါများဖြစ်သော မြို့ဦးခေါင်း၊ မြို့လည်တိုင်၊ မြို့ရင်၊ မြို့မျက်စိနှစ်လုံးကလည်း လေ့လာလိုသူ အပေါင်းတို့ကို လာရောက်လေ့လာလှည့်ပါဟု လက်ယပ်ခေါ် ဖိတ်မန္တကပြုနေပါသည်။

လက်ဆည်ကန်၊ အနူမ၊ ငါးမာန်းဒုံ၊ လေးမြို့မြစ်ကမ်းခြေများသည် မြို့မြောက်ဦး၏ အပန်းဖြေနေရာများ ဖြစ်ကြပါသည်။

ဤသို့လျှင် မြို့မြောက်ဦးတွင် ရှေးအမွေများဖြစ်ကြသည့် ဘုရား၊ ပုထိုးစေတီများ၊ မြို့ရိုးတံတိုင်းများ၊ တံခါးများ၊ ကျောင်းတော်ရာ၊ နန်းတော်ရာ၊ အိမ်တော်ရာ၊ ကျီတော်ရာများ၊ ခံတပ်များ၊ ကျုံးမြောင်းအင်းအိုင်များ၊ ကုန်တိုက်ဟောင်းများနှင့် အကောက်ရုံးများ စသည်တို့မှာ ထုနှင့်ထည်နှင့်ပင် ကျန်ရှိနေသေးရာ သုတေသီများအတွက် လေ့လာ၍ ဆုံးခန်းမတိုင်နိုင်သည့် ''လိုတရ သုတရတနာသိုက်ကြီး'' ပင်ဖြစ်ပါပေသည်။

စောမင်းနွယ်(မြောက်ဦး)

**ကျမ်းကိုးစာရင်း**

(၁) ဦးသာထွန်းအောင် ရေး၊ ရခိုင်မဟာရာဇဝင်တော်ကြီး (၁၂၈၈–ခု)

(၂) ဦးစန္ဒမာလာလင်္ကာရ ရေး၊ ရခိုင်ရာဇဝင်သစ်ကျမ်း (၁၂၉၃–ခု)

(၃) ဦးဦးသာထွန်း ရေး၊ မြောက်ဦးမြို့ ဘုရားသမိုင်း (၁၉၄၀–ခု)

(၄) ဦးအောင်သာဦး ထုတ်ဝေသော စာဆိုတော် ဖဒူမင်းညို၏ ဘစောဖြူ မင်းသမီးဖေးခြင်း (၁၉၇၀–ခု၊နိုဝင်ဘာလ)

(၅) ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ ထုတ်ဝေသော မြောက်ဦးမြို့လမ်းညွှန် (၁၉၇၈–ခု၊ ဖေဖော်ဝါရီလ)

(၆) မြောက်ဦးမြို့ဖြစ်စဉ်သမိုင်း(မူကြမ်း)

(၇) ဦးထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ရေး၊ ရခိုင်ရှေးမြို့တော်ဟောင်းများ (၁၉၈၅–ခု၊ ဖေဖော်ဝါရီလ)။

(၈) ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း–သမိုင်းကဏ္ဍ (၁၉၈၄–ခု၊ စက်တင်ဘာလ)

# ဝေသာလီခေတ် ရမ္မာဝတီတည်ခြင်းနှင့် ရခိုင်ရာဇဝင်များ အယူအဆ

ရှေးခေတ် ရခိုင်ပြည်ကို ဓည၊ မေဃ၊ ဒွါရာ၊ ရမ္မာ ဟူသော ဝတီလေးရပ်ဖြင့် ပိုင်းခြားအုပ်ချုပ်ခဲ့ကြသည်။ ရမ္မာဝတီခေါ် ရမ်းဗြဲကျွန်းကို ဓညဝတီခေတ်(၃၃၂၅– ဘီစီ –၃၂၇ အေဒီ)မှစ၍ ရခိုင်တို့ စတင်တည်ထောင်ခဲ့ကြ၏။

ဓညဝတီခေတ် ရမ်းဗြဲကျွန်းတည်ခြင်းနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းသုတေသနရုပ်ကြွင်းများမှာ အလွန်ရှားပါးလှသည်။

## ဓညဝတီခေတ် သမိုင်းအထွေအသက်

ဓညဝတီခေတ် ရမ်းဗြဲကျွန်းတည်ခြင်းကို ရခိုင်ရာဇဝင် အစောင်စောင်တို့၌ မတွေ့ရသလောက်နည်းပါးလှသည်။

သက္ကရာဇ်၁၂၂၁–ခု၊ ရမ်းဗြဲကျွန်း ဟုံးတောင်ဘက် သူကြီးချဖောင်စီရင်သော ''အင်းစောက်ရာဇဝင်(ပေမူ)''ပေ(စံ)ချပ်အရ ရမ်းဗြဲကျွန်းတွင် မင်းအိုဦးစီးသော အုပ်စုတစ်စု နေထိုင်ခဲ့ကြောင်း၊ မင်းအို၏သားမြေး ခုနစ်ဆက်မြောက်ဖြစ်သော ငချစ်၊ ငဝါ၊ ငနှောင်း၊ စသူတို့ ပြောင်ဝဟုခေါ်သောရွာ(ယခု ကျောက်ဖြူမြို့နယ်အတွင်းရှိ ရှေးဟောင်းရွာ)တွင် တည်ထောင်နေထိုင်ခဲ့ကြကြောင်း၊ ထိုစဉ်က ကျွန်းလူဦးရေမှာ (၃၇၀၀)ရှိကြောင်း တိကျစွာ မှတ်တမ်းတင်ခဲ့သည်။

အခြားသော ရခိုင်ရာဇဝင်များ၌မူ ဓညဝတီခေတ် ရမ်းဗြဲကျွန်းတည်ခြင်းအကြောင်းအရာများကို အထွေအသက်မျှပင် မတွေ့ရသဖြင့် အင်းစောက်ရာဇဝင်တစ်စောင်တည်းဖြင့်သာ ရောင့်ရဲခဲ့ရသည်။

**ရခိုင်သားကြီးစာပေ**

**ဓညဝတီအဆုံး(သို့) ဝေသာလီအစ**

သက္ကရာဇ် ၁၄၄ ခုနှစ်တွင် အနောက်ဘက်မှ သဘော်အစင်း(၃၀)တို့ ရမ်းဗြဲကျွန်းသို့ ဆိုက်ရောက်လာပြီး တစ်ကျွန်းလုံးကို ဖျက်ဆီးခဲ့၏။

ရမ်းဗြဲကျွန်းမှ လူများကို ဖမ်းဆီးခေါ်ဆောင်ပြီး ဓညဝတီမြို့တော်၌ စခန်းသွင်းထားခဲ့သည်။ ကျွန်းပေါ်၌ လူဦးရေ (၁၀၀၀)သာ ကြွင်းကျန်ရစ်သည်။

ဓညဝတီခေတ် ရမ်းဗြဲကျွန်းတိုက်ခိုက်ဖျက်ဆီးခံရခြင်းနှင့် စပ်လျဉ်း၍ ရခိုင်ရာဇဝင်နှစ်စောင်၌ ကွဲလွဲစွာ ယူဆထားကြသည်ကို တွေ့ရသည်။

သက္ကရာဇ် ၁၂၀၄–ခု၊ ဆရာမေည် စီရင်သော 'ပျာသတ်ရခိုင်ရာဇဝင်(ပေမူ)'ပေ(စော)ချပ် အရ–သက္ကရာဇ် ၁၅၅–ခု၊ ကဆုန်လတွင် ရမ်းဗြဲကျွန်းဖျက်ဆီးခံရကြောင်း ဖော်ပြထားပြီး သူကြီးချဖောင်၏ အင်းစောက်ရာဇဝင်(၈)ချပ်၌မူ သက္ကရာဇ် ၁၄၄–ခု၊ နတ်တော်လတွင် ရမ်းဗြဲကျွန်းဖျက်ဆီးခံရကြောင်း မတူညီစွာ ယူဆဖော်ပြထားခဲ့ကြသည်။

ရာဇဝင်နှစ်စောင်ကို လေ့လာကြည့်လျှင် မေည်သည် ၎င်း၏ ရာဇဝင်၌ ရမ်းဗြဲကျွန်းသမိုင်းအချက်အလက် အနည်းအကျဉ်းမျှသာ တင်ပြထားနိုင်ခဲ့ပြီး သူကြီးချဖောင်ကမူ အချက်အလက်ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခဲ့သည်ကို တွေ့ရသည်။

၎င်းပြင် အင်းစောက်ရာဇဝင်(၈)ချပ် တစ်ချပ်တည်းတွင် ''ကံရာဇာကြီးနှင့် စောပဥ္စနာ'' နတ်သမီးတို့၏ အနွယ်အဆက်မှာ ရမ်းဗြဲကျွန်းဖျက်ဆီးခံ၊ ခေါ်ယူခြင်းခံလျက် ဓညဝတီမြို့တော်သို့ ရောက်ပြီး၍ (၅)ဆက်မြောက်တွင် မဟာတိုင်းစန္ဒြား မင်းကြီးလက်ထက်သို့ရောက်ရှိကြောင်း'' ဖော်ပြထားသည်။

မဆမနည်း(ခေါ်) နောက်သို့ တစ်လှမ်းဆုတ်နည်းဖြင့် ရခိုင်မင်းဆက်တို့ကို လေ့လာကြည့်ပါက အင်းစောက်ရာဇဝင်မှ ဆိုလိုသည့် မင်းဆက်(၅)ဆက်မှာ အောက်ပါအတိုင်းဖြစ်သည်ကို တွေ့ရသည်။

| စဉ် | မင်းအမည် | နန်းစံသက္ကရာဇ် |
|---|---|---|
| ၁။ | သူရိယသိရိ | ၁၂၄ |
| ၂။ | သူရိယကေသိ | ၁၄၄ |
| ၃။ | သူရိယကုမ္ဘာ | ၁၆၃ |
| ၄။ | သူရိယကေတု | ၁၉၅ |
| ၅။ | မဟာတိုင်စန္ဒြား(ဒွေင်စန္ဒြား) | ၂၄၉ |

သို့ဆိုလျှင် သက္ကရာဇ် ၁၄၄–ခုနှစ်တွင် ဒုတိယ ဓညဝတီမြို့တည် စန္ဒာသူရိယမင်း၏ အနွယ်တော်(၂၂)ဆက်မြောက် သူရိယသိရိမင်းလက်ထက် (သူရိယကေသိ ထီးနန်းမစိုးစံမီ)၌

ရမ်းဗြဲကျွန်းပျက်ခဲ့သည်ဟု ဆိုသော သူကြီးချဖောင်၏ယူဆချက်မှာ မင်းဆက်၊ ခေတ်၊ သက္ကရာဇ်၊ အကြောင်းအရာတို့နှင့် လွန်စွာကိုက်ညီနီးစပ်မှု ရှိလှသည်။

## ဝေသာလီခေတ် ကျွန်းတည်နှစ် ပြဿနာ

မဟာတိုင်းစန္ဒြားမင်းကြီး သက္ကရာဇ် ၂၄၉–ခု၊(၃၂၇–အေဒီ)တွင်ဝေသာလီကျောက်လှေကား မြို့တော်ကြီးကို တည်ထောင်ပြီး ရွှေရောင်လွှမ်းသည့် ဝေသာလီခေတ်သစ်ကို ဖန်တီးစီရင်ခဲ့၏။

ထိုအချိန်က ဓညဝတီခေတ် ရမ်းဗြဲသားများ၏ ခေါင်းဆောင်မှာ ဖြူကြီးဆိုသူဖြစ်လာခဲ့သည်။

ရမ္မာဝတီ ရမ်းဗြဲသားတို့မှာ မိမိတို့၏ ဇာတိဌာနီကို သီအောင်(သေမလောက်) ချစ်မြတ်နိုးကြသူများ ဖြစ်သည့်အလျောက် ပြည်တော်ပြန်ရန် စိတ်ဆန္ဒကြီးမားစွာဖြင့် ရွှေတော်ခံပေမှတဆင့် ဘုရင်မင်းတရားကြီးထံ ခွင့်ပန်လျှောက်ထားခဲ့ကြလေ၏။

တိုင်းစန္ဒြားမင်းကြီးလည်း ပညာရှိ သုခမိန်၊ မှူးကြီးမတ်ရာ၊ သေနာပတိတို့နှင့် တိုင်ပင်ပြီး အမတ်တော်စစ်ကဲကြီး လကျာ်မြဲးမြန်၊ အမတ်တော်စစ်ကဲ လက်ဝဲမြဲမြန်နှင့် ရွှေတော်ခံ ပေတို့အား ရမ်းဗြဲသားများကို ၎င်းတို့၏ ဇာတိရပ်မြေ၌ ပြန်လည်နေရာချထားပေးရန် မော်ကွန်းစာနှင့်အတူ ခွင့်ပြုစေလွှတ်တော်မူခဲ့သည်။

ဝေသာလီခေတ် ရမ်းဗြဲကျွန်းတည်နှစ်နှင့် ပတ်သက်၍ ငမည်ရာဇဝင်၌ ဖော်ပြထားခြင်း မရှိပေ။

အင်းစောက်ရာဇဝင်(ဂါး)ချုပ်၌မူ ကျွန်းတည်နှစ်ကို ‘‘သက္ကရာဇ် ၄၄၉’’ဟု မှားယွင်းစွာ ဖော်ပြထားသည်ကို တွေ့ရသည်။

အကြောင်းမှာ ရာဇက္ကမသခေ်ပကျမ်းအရ မဟာတိုင်းစန္ဒြားမင်းကြီးသည် သက္ကရာဇ် ၂၄၉–ခုနှစ်တွင် နန်းတက်ပြီး ၃၀၆–ခုနှစ်တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့ခြင်းကြောင့်ဖြစ်သည်။

စင်စစ်အားဖြင့် ငမည်နှင့် သူကြီးချဖောင်တို့မှာ ရာဇဝင်ဆရာများ မဟုတ်ကြချေ။

ငမည်မှာ ဆေးဆရာတစ်ဦး ဖြစ်ပြီး ချဖောင်မှာမူ ရွာသူကြီးတစ်ဦးသာလျှင်ဖြစ်သည်။

သို့လျှင်မူ ခုနှစ်သက္ကရာဇ်များ ဖော်ပြရာ၌ ရာဇဝင်၊ သမိုင်းဆရာတို့ကဲ့သို့ တိကျမှန်ကန်စွာ အမြဲတင်ပြနိုင်စွမ်းမရှိခြင်းကို သံသယဖြစ်စရာ လိုအပ်တော့မည် မထင်ပေ။

ကျွန်းတည်နှစ်နှင့် အနီးစပ်ဆုံး ယူဆချက်တစ်ရပ်ကို တင်ပြလာသူမှာ ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် အသျှင် စန္ဒမာလာလင်္ကာရ မထေရ်မြတ်ပင်ဖြစ်သည်။

အသျှင်၏ ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမအုပ်) စာ ၂၈၅–တွင် ‘‘အင်းစောက်ရာဇဝင်၏ ကျွန်းတည်နှစ်မှာ အရေးမှားဟန်ရှိကြောင်း၊ ၁၄၉–ခုနှစ်သာ အမှန်ယူရမည်ဖြစ်ကြောင်း’’ ဝေသာ

လီကို မဟာတိုင်းစန္ဒြားမင်းကြီး တည်နစ်နင့် ယှဉ်လျက် ဖော်ပြထားသည်။

အသျှင်စန္ဒမာလာ၏ယူဆချက်မှာ နန်းဆက်၊ မင်းဆက်များနှင့် ယှဉ်ကြည့်ပါက ပိုမိုနီးစပ်သည်ကို တွေ့ရသည်။

**တည်ထောင်အပ်သည့်ရွာများ**

အင်းစောက်ရာဇဝင်အနေဖြင့် ကျွန်းတည်သက္ကရာဇ်လွဲမှားမှုရှိသော်ငြားလည်း သမိုင်းမှတ်တမ်းများအနေဖြင့် ရှားပါးနေသည့် ဝေသာလီခေတ်၌ ရမ်းဗြဲကျွန်းတည်ရွာများ စာရင်းသမိုင်းလိုအပ်ချက်ကိုမူ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ယင်းရာဇဝင်(ဂါး)နှင့် (ဃ)ချပ်တို့၌....

''သိကြားသည် မြင်းတစ်ထောင်ဖံဆင်း၍ ယင်းအရပ်တွင် ပြလေ၏။ ယင်းအရပ်ကိုဝ ရေချမ်းကြီးတွင်လေ၏။ အစာစား၏။ ယင်းလူအကုန်လည်း လိုက်၍ကြည့်၏။ ယင်းအရပ်ကိုဝ မြင်းမြင်တွင်လေ၏။ ညီကြီးတည်ထောင်၏။ ယင်းမြင်းလည်း အရှေ့သို့ပြန်လေ၏။ လူတစ်ထောင်ဖန်ဆင်း၍ စစ်ဆိုင်၏။ လူပျော်ခဲ့၏။ ယင်းပြင်ကိုဝ စစ်ကျတောပြင်ဟု တွင်လေ၏။ ယင်းမြင်းလည်း တန်းလွဲသို့ပြန်လေ၏။ ယင်းအရပ်ကိုဝ တန်းလွဲဟု တွင်လေ၏။ ဝန်းလျား၍ကြည့်လျက်လာ၏။ ယင်းတောင်ကိုဝမြင်၏။ ယင်းတောင်ကိုဝတက်၍ ရွာရှာလေ၏။ သလူအဖြူ-၅ပင်ကိုဝမြင်၏။ ယင်းရွာကိုဝ ငပြောက်ကြီး တည်ထောင်၏။ ယင်းအရပ်ကိုဝ သလူတောင် တွင်လေ၏။ ရမ်းဗြဲပေါက်အမှည်ပေး၏။ ရပတင်အမှည်ပေး၏။ ဟုမ်းတည်၏။ ရမ်းဗြဲငယ်တည်၏။ ရမ်းဗြဲကြီးတည်၏။ လေးတောင်တည်၏။ ကံတိုင်းတည်၏။ ချောင်းကောက်တည်၏။ ဇပြိုင်တည်၏။ ကန့်ကော်တည်၏။ ချောင်းနက်တည်၏။ မူရှင်းတည်၏။ ကင်းတည်၏။ ဇင်ချောင်းတည်၏။ ဝက်တိုင်းပြာတည်၏။ ။ ရွာတည် ပြီး၏။''

ဟူ၍ ဖော်ပြပါရှိရာ ထိုခေတ်က ရမ်းဗြဲကျွန်းတွင်....

(၁) ရေချမ်းကြီး
(၂) မြင်းပြင်(မင်းမြင်)
(၃) စစ်ကျတောပြင်
(၄) တန်းလွဲ(တောင်ကုတ်မြို့နယ် တန်းလွဲမဟုတ်ပါ)
(၅) သလူတောင်
(၆) ရမ်းပြဲးပေါက်(ရမ်းပေါက်)
(၇) ရပတင် (ရဗတင်)
(၈) ဟုမ်း(ဟုံး)
(၉) ရမ်းဗြဲးငယ်(ရမ်းဗြဲငယ်)

(၁၀) ရမ်းဗြဲကြီး(ရမ်းဗြဲကြီး)
(၁၁) လေးတောင်
(၁၂) ကံတိုင်း
(၁၃) ချောင်းကောက်
(၁၄) ဇပြိုင်
(၁၅) ကန့်ကော်
(၁၆) ချောင်းနက်
(၁၇) မူရှင်း(မရှင်း)
(၁၈) ကင်း
(၁၉) ဇင်းချောင်
(၂၀) ဝက်တိုးပြင်

ဟူသော ရွာပေါင်း (၂၀)ကို တိုင်ဥစ်နွှားမင်းကြီး၏ မော်ကွန်းစာနှင့်အတူ တည်ထောင်ခဲ့ကြကြောင်းတွေ့ရသည်။

**ရှေးဟောင်းအမွေ၊ ရုပ်ကြွင်းသက်သေ**

ဝေသာလီခေတ် ရမ်းဗြဲကျွန်း၌ ကျွန်းအလယ်ဗဟိုသို့ ဖြတ်လျက် စီးဝင်နေသော ကင်းမြစ်ဝှမ်းတွင် ရွာအများအပြား တည်ခဲ့ပုံရ၏။ ယင်းကို ဝေသာလီခေတ်လက်ရာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များက သက်သေခံထောက်ပြထားခဲ့ကြသည်။

ပြန့်ပြူးသာယာလှသော ပထဝီအနေအထားတို့ကို ပိုင်ဆိုင်သည့် ကင်းမြစ်ဝှမ်းအတွင်း မြစ်၏ ဝဲ၊ ယာရှိရွာများတွင် ရွာတစ်ရွာစီ၌ အနည်းဆုံး ဝေသာလီခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူကျစီ ကိန်းဝပ်နေသည်ကို တွေ့မြင်ရသည်။

ကင်းမြစ်ဖျား ရမ်းပေါက်နယ်တွင် တန်ခိုးကြီးလှသော ဝေသာလီခေတ်ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူလျက်ရှိပြီး ရုပ်ပွားတော်ကိန်းဝပ်စံပယ်ရာ ပလ္လင်ခုံပေါ်တွင်လည်း ထိုခေတ်က အသုံးပြုခဲ့သည့် ဗြဟ္မီအက္ခရာ အရေးအသားပါ ကျောက်စာရေးထိုးထားလျက်ရှိ၏။

ထိုရုပ်ပွားတော်ကို လက်ချပြင်ဘုရားဟု ခေါ်ကြပြီး ကျောက်စာမှာ ယခုအခါ ဖတ်ရှု၍ မရနိုင်လောက်အောင်ပင် ယိုယွင်းနေပြီ ဖြစ်သည်။

ယင်းတို့က ရမ္မဝတီ ရမ်းပြည့်ကျွန်းကို ဝေသာလီခေတ်တွင် အမှန်တကယ် ရွာတည်ရှိကြောင်း၊ ထိုခေတ်က ရမ်းဗြဲကျွန်း၌ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာ ထွန်းကားနေပြီးဖြစ်ကြောင်း ဗုဒ္ဓစာပေများ ရမ္မာဝတီ၌ ထိုခေတ်ကပင် အသုံးပြုနေခဲ့ကြပြီဖြစ်ကြောင်း သက်သေခံ ထောက်ပြခဲ့ကြခြင်းပင်ဖြစ်သည်။

**နိဂုံး**

ဝေသာလီသည် ကာလအားဖြင့် ကြာမြင့်လှပြီ။ ရမ်းဗြဲကျွန်းတည်သမိုင်းဆိုင်ရာ မှတ်တမ်းများမှာလည်း သဘာဝဘေးဒဏ်၊ စစ်ဘေးစစ်ဒဏ်၊ လူတို့၏ ဘေးဒဏ် စသော အန္တရာယ်အမျိုးမျိုးတို့ကြောင့် ပျက်စီးပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရ၏။

ထို့အတူ ရှည်လျားလှသည့်ကာလကို ဖြတ်သန်းလာခဲ့ရသည်နှင့်အမျှ အတိတ်သမိုင်းသည် ဝေဝါးခဲ့ရပြီး၊ နှောင်းလူတို့၏ မှတ်တမ်းများမှာလည်း ကွဲလွဲချက်များစွာ ဖြစ်ပေါ်လာခဲ့ရလေသည်။

သို့သော် ကွဲလွဲနေသော သမိုင်းအချက်အလက်များကို ကွင်းဆင်းလေ့လာ၍ ရှေးဟောင်းယဉ်ကျေးမှုအမွေ ရုပ်ကြွင်းပစ္စည်းများနှင့် ချိန်ထိုးကြည့်လိုက်သောအခါ၌ အဖိုးမဖြတ်နိုင်သော ဝေသာလီခေတ် ရမ်းဗြဲကျွန်းသမိုင်းမှာ ရုပ်လုံးပေါ်လာခဲ့တော့သည်။

မောင်လှိုင်(လမု)

**မှီငြမ်းကိုးကားချက်များ**

| | | |
|---|---|---|
| (၁) | ငမည်၊ ဦး– | ပျာသတ်ရခိုင်ရာဇဝင်(ပေမူ) |
| (၂) | ချဖောင်၊ ဟုံးတောင်ဘက်သူကြီး | အင်းစောက်ရာဇဝင်(ပေမူ) |
| (၃) | စန္ဒမာလာလင်္ကာရ၊ အသျှင်– | ရခိုင်ရာဇဝင်သစ်ကျမ်း(ပထမအုပ်) |
| (၄) | စန္ဒမာလာလင်္ကာရ၊ အသျှင် | ရာဇက္ကမသင်္ခေပကျမ်း |
| (၅) | ဦးဉာဏ၊ ဆရာတော် | ဥညေဝတီရာဇဝင်သစ် |
| (၆) | စံသာအောင်၊ ဦး– | အေဒီ ၆ ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ။ |
| (၇) | နန္ဒာ၊ သူ– | ရမ္မာဝတီရှေးအမွေများ၊ရခိုင်မဂ္ဂဇင်းအမှတ်(၉) |
| (၈) | အောင်လှသိန်း၊ ဦး | ဝေသာလီခေတ်စိစစ်ချက်၊ ရခိုင်မဂ္ဂဇင်းအမှတ် |
| (၁၇)။ | | ဝေသာလီအထူးထုတ်။ |
| (၉) | သိန်းလှိုင်၊ ဦး– | ကွင်းဆင်းမှတ်တမ်းများ။ |

# မြောက်ဦးခေတ်နှောင်း ရခိုင်

## အေဒီ (၁၇၄၂ - ၁၇၈၄)

မြောက်ဦးခေတ်ကို မင်းစောမွန်မှ မင်းခေါင်ရာဇာအထိ မင်းဆက် ၁၂–ဆက်၊ နှစ်ပေါင်း ၁၀၁–နှစ် ပထမမင်းဆက်(**a**)ဟု သတ်မှတ်ကြသည်။

မင်းဗာကြီးမှ မင်းစနေအထိ ၉–ဆက်၊ နှစ်ပေါင်း ၁၀၇–နှစ်ကို ဒုတိယမင်းဆက်(**b**)ဟု သတ်မှတ်ကြသည်။

ကုသလနရပတိမင်းမှ မဟာသမ္မတထိမင်းဆက် ၂၈–ဆက်၊ နှစ်ပေါင်း ၁၄၆–နှစ်ကို တတိယမင်းဆက်(**c**)ဟု သတ်မှတ်ကြသည်။

မြောက်ဦးခေတ် တစ်ခေတ်လုံးမှာ မင်းဆက်ပေါင်း ၄၉–ဆက်ရှိပြီး နှစ်ပေါင်း (၃၅၄)နှစ် ကြာညောင်းခဲ့သည်။

မြောက်ဦးခေတ် တတိယမင်းဆက် ၂၈–ဆက်နှောင်းပိုင်း နရအဘယရာဇာ (အေဒီ

---

| | | | |
|---|---|---|---|
| (a) | (က) | ရမ်းပြည့်တောင်ကျောင်း ရခိုင်ရာဇဝင်သစ်ကျမ်း ဒုတိယစာအုပ် (နောင် ရာဇဝင်သစ်ဟု ဖော်ပြပါမည်) | (စာ–၃၉၃) |
| | (ခ) | ပြည်နယ်ဖြစ်စဉ်သမိုင်း ပထမတွဲ (နောင်ဖြစ်စဉ်သမိုင်းဟုဖော်ပြပါမည်) | (စာ–၁၂၄) |
| (b) | (က) | ရာဇဝင်သစ် | (စာ–၃၉၄) |
| | (ခ) | ဖြစ်စဉ်သမိုင်း | (စာ–၁၂၆) |
| (c) | (က) | ရာဇဝင်သစ် | (စာ–၃၉၄) |
| | (ခ) | ဖြစ်စဉ်သမိုင်း | (စာ–၁၂၇) |

၁၄၇၂–၁၄၆၁)မှ မဟာသမ္မတမင်း(အေဒီ ၁၇၈၂–၁၇၈၄)အထိ မင်းဆက် (၈)ဆက်တို့မှာ ကုန်းဘောင်ခေတ် အလောင်းမင်းတရား(အေဒီ ၁၇၅၂–၁၇၆၀)မှ ဗဒုံမင်း(ဘိုးတော်မင်း) (အေဒီ ၁၇၈၂–၁၈၁၉)တို့နှင့် ခေတ်ပြိုင်မင်းများဖြစ်ကြသည်။

အလောင်းမင်းတရားမတိုင်မီ ညောင်ရမ်းခေတ် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိ (အေဒီ ၁၇၃၃–၁၇၅၂)**(d)**၊ ဟံသာဝတီဘုရင် ဆင်ကျွားသခင်ဘွဲ့ခံ သမိန်ထော (အေဒီ ၁၇၄၀–၁၇၄၆)နှင့် ဗညားဒလ(၁၇၄၆–၁၇၅၂)တို့နှင့်လည်း ထီးပြိုင်နန်းပြိုင်မင်းများဖြစ်ကြသည်။

အင်းဝမြို့တိမ်းယိမ်း၍ ညောင်ရမ်းမင်းဆက် အုပ်ချုပ်ခဲ့ပြီးနောက် ဦးအောင်ဇေယျသည် အလောင်းမင်းတရားဟူသော ဘွဲ့တံဆိပ်တော်နှင့် ကုန်းဘောင်မင်းဆက်ကို တည်ထောင်နိုင်ခဲ့ပေသည်။**(e)**

| | | | | |
|---|---|---|---|---|
| ၁ | နရအဘယရာဇာ | ၁၉ | (က) | မဟာဓမ္မရာဇာဓိပတိ (အေဒီ၁၇၃၃–၁၇၅၂)ညောင်ရမ်းခေတ် |
| | | | (ခ) | ဟံသာဝတီဆင်ကျွားသခင်သမိန်ထော (အေဒီ၁၇၄၀–၁၇၄၆) |
| | | | (ဂ) | ဟံသာဝတီဗညားဒလ(အေဒီ ၁၇၄၆–၁၇၅၂) |
| | | | (ဃ) | အလောင်းမင်းတရား(အေဒီ ၁၇၅၂–၁၇၆၀) |
| ၂ | သီရိသုဓမ္မရာဇာ (အေဒီ ၁၇၆၁) | ၃ လ | | တပယင်း(နောင်တော်ကြီး) (အေဒီ ၁၇၆၀–၁၇၆၃) |
| ၃ | စန္ဒပရမရာဇာ (အေဒီ ၁၇၆၁–၁၇၆၄) | ၃ နှစ် | | တပယင်း(နောင်တော်ကြီး) (အေဒီ ၁၇၆၀–၁၉၆၃) |
| ၄ | အဘယမဟာရာဇာ (အေဒီ ၁၇၆၄–၁၇၇၃) | ၉ နှစ် | | မြေဒူးမင်း(ဆင်ဖြူရှင်) (အေဒီ ၁၇၆၃–၁၇၇၆) |
| ၅ | ဓားပိုင်သောကြာ စန္ဒသုမန (အေဒီ ၁၇၇၃–၁၇၇၇) | ၄ နှစ် | | မြေဒူးမင်းနှင့် စဉ့်ကူးမင်း (အေဒီ ၁၇၇၆–၁၇၈၂) |
| ၆ | ပိုးစန္ဒဝိမလ (အေဒီ ၁၇၇၇) | ၄၀ ရက် | | စဉ့်ကူးမင်း(အေဒီ ၁၇၇၆–၁၇၈၂) |
| ၇ | အောင်စုံစန္ဒသတိုသရာဇာ (အေဒီ ၁၇၇၇–၁၇၈၂) | ၅ နှစ် | | စဉ့်ကူးမင်း(အေဒီ ၁၇၇၆–၁၇၈၂) |
| ၈ | သတိုးအောင် မဟာသမ္မတမင်း (အေဒီ ၁၇၈၂–၁၇၀၄) | ၂ နှစ် | | ဗဒုံမင်း(ဘိုးတော်)(အေဒီ ၁၇၈၂–၁၈၁၉) |

---

(d) မြန်မာနိုင်ငံအခြေအနေ ၁၇၁၄–၅၂(စာ–၁၁)
(နောက်နိုင်ငံအခြေအနေဟု ဖော်ပြပါမည်။)

**(e)** ယင်းစာ–၁၂၆

နရအဘာယရာဇာမှ မဟာသမ္မတမင်း အထိမှာ နန်းစံနှစ်ပေါင်း ၄၂–နှစ်ကျော်ရှိခဲ့သည်။

မြောက်ဦးခေတ်နောင်း မင်း ၈–ဆက်တို့သည် ညောင်ရမ်းမင်းဆက်တစ်ပါး၊ ဟံသာဝတီမှ မင်းနှစ်ပါးနှင့် ကုန်းဘောင်မင်းဆက်တို့နှင့် ခေတ်ပြိုင်မင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

ယင်းတို့မှာ –

မြောက်ဦးခေတ်နောင်းမင်း ၈–ဆက်တို့ကို အထက်ပါဇယားတွင် ခေတ်ပြိုင်မင်းများနှင့် ဖော်ပြထားပါသည်။ ယင်းမင်း ၈–ဆက်ကို အလျဉ်းသင့်သလို ရေးသားတင်ပြသွားပါမည်။

## နရအဘာယရာဇာ(အေဒီ ၁၇၄၂–၁၆၆၁)

မြောက်ဦးခေတ်နောင်းမင်းဆက် ၈–ဆက်အနက် နရအဘယရာဇာမှာ နန်းသက်အရှည်ဆုံးဖြစ်ပြီး ထင်ရှားသည်။ ထိုးနန်းကို ၁၉–နှစ် စိုးစံခဲ့သည်။

မိဖုရားစောသန္တာဝေနှင့် သက္ကရာဇ် ၁၁၀၄–ခု၊ တပို့တွဲလဆန်း ၁၀–ရက်နေ့တွင်ပြည်စည်းစိမ်ကို စိုးအုပ်တော်မူသည်။ *

ပြည်သူတို့လေးစားခြင်းခံရသော မင်းဖြစ်သည်။

လက်ယာမြန်ဂူတာမှာ နရအဘာယမဟာရာဇာမင်း၏ အားထားရသောသူဖြစ်သည်။

လက်ယာမြန်ဂူတာမှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့်သူဖြစ်ပြီး စာဆိုတော်လည်း ဖြစ်သည်။ နရအဘာယရာဇာမင်း၏ ခမက်တော်သူဖြစ်သည်။

ခမက်တော် လက်ယာမြန်ဂူတာကို သက္ကရာဇ် ၁၁၀၆–ခု(အေဒီ ၁၇၄၄)တွင် ဟံသာဝတီဆင်ကျားသခင်ဘွဲ့ခံ သမိန်ထောကို တိုက်စေသည်။

ယင်းတိုက်ခိုက်ရာမှာ နောင် အဘာယရာဇာမင်း ဖြစ်မည့်သူ သံတောင်စားလည်း ပါဝင်ချီတက်ခဲ့သည်။

ဧရာဝတီလက်ဝဲလက်ယာ၌ နေကြသူတို့အား တိုက်ခိုက်ဖျက်ဆီးခဲ့သည်။

တလိုင်းအမတ် ဝန်စားကိုလည်း မယားငါးယောက်နှင့်တကွ ရခဲ့သည်။*

ပညာရှိသားကောင်းကျော်ထင်စားကို သက္ကရာဇ် ၁၁၀၇–ခု (အေဒီ –၁၇၄၅)တွင် နောင်လတ်မြို့သို့ စေလွှတ်လေရာ ကောင်းကျော်ထင်စားမြကျော်ဦး နှလုံးရည်၊ ပညာရည်ကြောင့် သက်မြို့နှင့် စစ်တကောင်းမြို့ ဂေါ်တော်ပလ္လင်မြို့ကို ပေးမြဲ အခွန်ဘဏ္ဍာရလေသည်။ မြို့စား၊

---

(*)(က)ရာဇဝင်သစ် (စာ–၂၆၀)
(ခ)ဓညဝတီရာဇဝင်သစ် (စာ–၂၃၃)
(နောင် ဓညဝတီဟု ဖော်ပြပါမည်။)
(*) (က) ရာဇဝင်သစ် (စာ–၂၆၀)

ကျေးစား၊ ရွာစားပေးသော်ကား မခံလေ။ *

၁၁၁၇–ခု၊ ဝါကျွတ်လ (အေဒီ –၁၇၄၅)တွင် အနောက်ပြည်သို့ ဟရမားတိုက် လက်ယာမြန် ဂူတာကို စေလွှတ်လိုက်သည်။ %

မြို့သင်းကြီးကို ဆုံးမစိမ့်သောငှာ အမတ်တော်ဆင်ကဲကြီးစေလွှတ်ရာ သက္ကရာဇ် ၁၁၁၀–ပြည့်၊ တပို့တွဲလ(အေဒီ ၁၇၄၈)ချီသွား၍ တိုက်လေသည်။

ပျက်စီး၍ ပြန်လာရသည်။ **a**

ခမက်တော် လက်ယာမြန် ဂူတာနှင့် အမတ်သုံးထောင်တို့ ဆန်သွား၍ မိချောင်းသို့ မြို့သင်းကြီးကို သက္ကရာဇ် ၁၁၁၂–ခု၊ တပို့တွဲလ(အေဒီ ၁၇၅၀)ဟရမားတိုက်၍ ပျက်စီးသည်။ **b**

၁၁၁၆–ခု၊ တပေါင်းလ (အေဒီ –၁၇၅၄)တွင် ခမက်တော် လက်ယာမြန် ဂူတာကို အနောက်ကုလားပြည် ပင်းဝါ၊ စစ်တကောင်းရပ် ကုလားတို့ကို တိုက်ခိုက်သိမ်းယူခဲ့သည်။ တောင်ဘက်မြို့သစ်စားကို ဖမ်းရသည်။ **c**

ယင်းဖြစ်ရပ်များကို ထောက်ရှုခြင်းဖြင့် မြောက်ဦးခေတ်နှောင်းပိုင်းမှာ ယိမ်းယိုင်နေသော အခြေအနေကို ပြန်လည်တည့်မတ်လာအောင် ကြိုးပမ်းခဲ့သူမှာ နရအဘယရာဇာမင်း ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

*(မှတ်ချက်။ ။ ညေဝတီ အရေးတော်ပုံ စာ–၁၂၉ တွင်လည်း၊ ညေဝတီရာဇဝင်သစ် စာ–၂၃၃ တွင်လည်းကောင်း နရအဘယရာဇာ ဟု မဖော်ပြဘဲ အဘယရာဇာဟု ဖော်ပြထားပါသည်။)*

ဤစာတမ်းမှာ ရမ်းပြည့်မြို့မတောင်ကျောင်းဆရာတော် စန္ဒမာလာလင်္ကာရပြုစုသည့် ''ရခိုင်ရာဇဝင်သစ်ကျမ်း''မှာ ဖော်ပြထားသည့်အတိုင်း ''နရအဘယရာဇာ''ဟုသာ ဖော်ပြသွားပါမည်။

အဘယရာဇာ(အေဒီ ၁၇၆၄–၁၇၇၃)နှင့် နရအဘယရာဇာမင်း အတူတူဟု အမှတ်မှားသွားနိုင်သည်ကို သတိပြုရန် လိုပါသည်။)

---

**(*)** (က) ညေဝတီအရေးတော်ပုံ (စာ–၁၂၉)
(ခ) ညေဝတီရာဇဝင်သစ် (စာ–၂၃၃)
(နောင် ညေဝတီဟု ဖော်ပြပါမည်။)

(**%**) ယင်း (စာ–၂၆၁)

**(a)** ယင်း(စာ–၂၆၂)

**(b)** ယင်း(စာ–၂၆၂)

**(c)** ရာဇဝင်သစ်(စာ–၂၆၄)

သာသနာရေးဆောင်ရွက်ချက်များ

နရအဘယရာဇာမင်း ထီးနန်းစိုးစံစဉ် သာသနာရေးဆောင်ရွက်ခဲ့သည်။

ကောင်းမှုတော်များ **d** မှာ –

၁။ ရွာတော်ပျားတဲ၌ သိမ်တော်။

၂။ ရွှေမြို့တော်အနောက်ဖြစ်သော လက်ကြွယ်တောင်၌ စေတီတော်ကို ဂရုဘဏ် သချိ<sup></sup>တို့နှင့်တကွ တည်တော်မူသည်။

၃။ မင်းအဖြစ်သို့ ရောက်သည့်နေ့ကကို တစ်နေ့မပြတ်။ တစ်နေ့တွင် ပဥ္စင်းတစ်ပါးလျှင် ရှင်တစ်ပါးစီချည်း သဘင်ကြီးစွာခံ၍ ရက်စဉ်မပြတ် ပြုတော်မူသည်။

၄။ အလှူကြီးလည်း အကြိမ်များစွာ ပြုတော်မူသည်။

၅။ သက္ကရာဇ် ၁၁၀၉–ခု၊ တပို့တွဲလတွင် နောင်တော် လက်ဝဲမြန်အား ကျောက်ပန်း တောင်မြို့ရှိ ရုပ်တုတော် မဟာဂျိကို မြို့သူကြီး ပေင်ကို လမ်းညွှန်စေ၍ ရတနာစံဦးကျောင်း ဆရာတော် ကိုးကွယ်ရန်တစ်ပါး၊ တောင်နန်းပြသာဒ်မှာ ကိုးကွယ်ရန်တပါးစီကို ပင့်ဆောင်ကိုးကွယ် တော်မူသည်။**+**

ဟု သာသနာရေး ဆောင်ရွက်ချက်များကို သမိုင်းမှတ်တမ်းများက ဖော်ပြထားပါသည်။

## ပြည်သူကို အလေးထား

မင်းဘွဲ့ကို ခံယူထားသည်ကပင် ပြည်သူကို အလေးထားကြောင်း ပေါ်လွင်သည်။

ပြည်သူတို့ဘေးရန်ကို ကာကွယ်စောင့်ရှောက်ရမည်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ အလေးပေးဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။

ယင်းကို နရအဘယရာဇာမင်း သဘောပေါက်သည်။ လက်ခံကျင့်သုံးသူလည်းဖြစ်သည်။

''နရ''မှာ လူ၊ ပြည်သူတို့ဟု အဓိပ္ပာယ်ဖြစ်သည်။ ''အဘယ''မှာ ဘေးရန်ကင်းရှင်းရန်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတို့ထံ ကျရောက်မည့် ဘေးအန္တရာယ်မှကင်းဝေးစေရန် ကာကွယ်ပေးရန် တာဝန်ကိုထမ်းဆောင်ပါမည်ဟု ကတိပြုခြင်းဖြစ်သည်။ ယင်းကြောင့် ''နရအဘယရာဇာ'' ဟု ခံယူခြင်းပင်ဖြစ်သည်။

ပြည်သူတို့ထံ ကတိပြုခြင်းမှာ ရာဇဘိသေက ခံယူခြင်းဖြစ်သည်။ နရအဘယရာဇာသည် ရာဇာဘိသေကခံယူခြင်းဖြစ်သည်။ နရအဘယရာဇာသည် ရာဇာဘိသေကကို –

---

(d) ယင်း(စာ–၂၆၆)

(+) ရာဇဝင်သစ်(စာ–၂၆၁)

သက္ကရာဇ် ၁၁၁၄–ခု၊ တပို့တွဲလဆန်း ၁၀–ရက်၊ တနင်္ဂနွေနေ့တွင် ပြည်စည်းစိမ်ကို စိုးအုပ်တော်မူ၏။ အမျိုးလေးပါးတို့အား ဘေးရန်မရှိသည်ကို အကြောင်းပြု၍ ''နရအဘယ ရာဇာ''ဟူသော အမည်ကို ခံယူတော်မူသည်။*

သက္ကရာဇ် ၁၁၁၈–ခု၊ တော်သလင်းလတွင် ပြည်ရှင်မင်းလည်း ထပ်မံ၍ အဘိသိက်ခံတော်မူ၍ ''နရအဘယရာဇာ'' ဟူသောအမည်ကို ထပ်မံ၍ ခံတော်မူသည်။+

သက္ကရာဇ် ၁၁၂၂–ခု၊ ဝါကျွတ်လဆန်း(၁၀)ရက်၊ ကြာသပတေးနေ့မှစ၍ နောက်ပိုင်းမှာ ကျရောက်ခဲ့သည့် လျှောင်လှုပ်ခဲ့သည်ကို အကြောင်းပြု၍ ''အမျိုးလေးပါးတို့အား ဘေးရန်ကင်းစိမ့်သောငှာ အမတ်ပေါင်း ခြံရံလျက် ဘိသိက်ခံပြီးလျှင် ''နရအဘယရာဇာ''ဟူ သော အမည်ကို ခံတော်Øမူကြောင်း မှတ်တမ်းများက ဖော်ပြထားပါသည်။

တနည်းအားဖြင့် ပြည်သူအပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက် ယင်းခေတ်အခြေအနေအရ ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပြည်သူများထိ ပြုကျင့်ရမည့်ကိစ္စအရပ်ရပ်ကို အများရှေ့မှောက်ထိ ကတိပြုပြီး ဆောင်ရွက်ခြင်းဖြစ်သည်။

မင်းနှင့်ပြည်သူတို့ကြည်ဖြူသည်။ အပြန်အလှန်လေးစားမှုရှိသည်။

မင်းထံခစား မင်းမှုထမ်းလိုသူ များပြားသည်။ မင်းအား အကျိုးအကြောင်း ပြည့္ဂနိုင်းသည့် မှူးကောင်းမတ်ကောင်းများရှိသည်။ အခြွေအရံများသည်။

အခြွေအရံ မှူးမတ်၊ သူရဲများရှိခြင်းသည် နိုင်ငံ၏ အင်အားပြည့်စေသည်။

နရအဘယရာဇာမင်း လက်ထက်တွင် ထင်ရှားသည့် နှလုံးရည် လက်ရုံးရည်ရှိသည့် ပညာရှိများမှာ ရဲအောင်၊ ပညာရှိအမတ်မျိုး ကိုယ်ရံကြီး ရဲအောင်၏ သားကြီး ကောင်းကျော်ထင်စား မြကျော်ဦး ဖြစ်သည်။

ပညာရှိ ကောင်းကျော်ထင်စား မြကျော်ဦး၏ညီ ပညာရှိ ရွှေသဲ၊ ရွှေသဲ၏မယား ပညာရှိ မိပန်းရုံတို့မှာ ထင်ရှားသည်။

သက္ကရာဇ် ၁၁၂၂–ခု၊ (အေဒီ–၁၇၆၀)တွင် ပြက္ခဒိန် အငြင်းအခုံများရှိသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိ၊ နက္ခတ်ပညာရှိတို့နှင့် အစည်းအဝေးပြုပြီး ဝါဆိုလပြည့်နေ့နှင့် သင်္ကြန်အတက်နေ့ကို သတ်မှတ်လျက် နှစ်ပေါင်း (၂၀၀၀)အတွက် တန်ခူးလထပ်ပြက္ခဒိန်ကိုပြုလုပ်ခဲ့ကြလေသည် a

---

(+) ရာဇဝင်သစ်(စာ–၂၆၀)

(+) ယင်း(စာ–၂၆၅)

Ø ယင်း(စာ–၂၆၆)

(a) ရခိုင်ပြက္ခဒိန်မျိုးဆက်(စာ–၄၂)

ယင်းသို့ မှူးမတ်ပညာရှိများနှင့် ညှိနှိုင်းစည်းဝေးပြုလုပ်ခဲ့ကြသည်များကြောင့် နရအဘာယ ရာဇာမင်းနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းတင်ကြရာမှာ ''သားသမီး အခြွေအရံ မှူးကောင်းမတ်ကောင်း၊ သူရဲကောင်း၊ ဆင်ကောင်း မြင်းကောင်းတို့သည် အလွန်များပြားကုန်၏''b ဟူ၍ မော်ကွန်းကို ရေးထိုးနိုင်ခဲ့သည်မှာ အထင်အရှား တွေ့ရှိနိုင်ပေသည်။

ခမက်တော်လက်ယာမြန်ဂူတာသည် နရအဘာယရာဇာမင်း၏ တန်ခိုးအာဏာကြီးမားပုံကို

''ရွှေနန်းမဏ္ဍိုင်၊ ရခိုင်တောင်စွန်း၊ ဘုံကြငှန်းထက်၊ ဖုံးလွှမ်းအာဏာ၊ မင်းရေးရာနှင့်၊ မဟာပွင့်လောင်း၊ တည်တံ့ချောင်း၍၊ မတ်ပေါင်းဝန်းရံ၊ ဗိုလ်ရှုခံလျက်၊ တောင်စွန်ညာက၊ မိန့်တော်ချသည်၊ ပိုင်သခွန်ပို့၊ ညာမြို့ရုပ်ခွန်၊ ကုလားတန်ဝယ်၊ ခိုက်ရန်မပြု၊ ခိုးသူမှုဒိမ်း၊ ရန်စစ်ငြိမ်းစေ''c ဟု ဖွဲ့ထားသည်။

လက်ယာမြန်ဂူတာသည် မိမိအရှင်သခင်ကို လေးစားကြည်ညိုပုံကို နရအဘာယရာဇာမင်း၏ ဂုဏ်ကို ဖော်ကျူးထားသည့် စာပိုဒ်များက ဖော်ပြနေပေသည်။

**အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဆက်ဆံရေး**

မြောက်ဦးခေတ် ဒုတိယမင်းဆက် ၁၇–ရာစုကပင် ဥရောပတိုက်သားများ ဖြစ်သော ဒတ်ချ်၊ ပေါ်တူဂီများနှင့် ဆက်ဆံမှုရှိနေပြီး ဖြစ်သည်။

အရှေ့အိန္ဒိယကုမ္ပဏီများဖြစ်သော အင်္ဂလိပ်နှင့် ပြင်သစ်များသည် အိန္ဒိယကို ခြေကုပ်ရယူနိုင်ရန်ကြိုးပမ်းမှု ရှိနေကြသည်။

နရအဘာယရာဇာနှင့် ခေတ်ပြိုင်ဖြစ်သော အလောင်းမင်းတရားလက်ထက်မှာ ပြင်သစ်၊ ရောမ၊ အင်္ဂလိပ်များ ပါဝင်လှုပ်ရှားမှုအနက် ဟိုင်းကြီးကျွန်း အရေးအခင်း (အေဒီ –၁၇၅၆)d မှာ ထင်ရှားသည်။

ပြင်သစ်–အင်္ဂလိပ်တို့စစ်ပွဲ(Seven Years War) ၁၇၅၆–၁၇၆၃)မှာ အနိုင်ရလိုက်၍ အိန္ဒိယတွင် ပြိုင်ဘက်ကင်း တန်ခိုးကြီးထွားလာသူမှာ အင်္ဂလိပ်ဖြစ်သည်။ +

နရအဘာယရာဇာမလက်ထက်တွင် ဥရောပတိုက်သားများနှင့် ဆက်ဆံမှု၊ အထူးသဖြင့် နယ်စပ်ချင်း ဆက်စပ်နေပြီဖြစ်သော အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဆက်ဆံရေးရှိမည်ဖြစ်သည်။ တိကျ

---

(b) ရာဇဝင်သစ် (စာ–၂၆၆)

(c) ရာဇဝင်သစ် (စာ–၂၆၃)

(d) အခြေပြု မြန်မာနိုင်ငံရေးသမိုင်း ဒုတိယတွဲ–ပထမပိုင်းစာ(၇၇)
(နောင် နိုင်ငံရေးသမိုင်း ဟု ဖော်ပြပါမည်။)

(+) ယင်း(စာ–၇၇)

သော မှတ်တမ်းများကို မတွေ့ရပါ။

သို့ရာတွင် အောက်ဖော်ပြပါ မှတ်တမ်းများမှာ .....

''သက္ကရာဇ် ၁၁၁၄–ခု၊ နယုန်လ (အေဒီ–၁၇၅၂)တွင် အနောက်ပြည်က မင်းစေတမန် လွှတ်၍ရောက်လာ၏။

သက္ကရာဇ် ၁၁၀၅–ခု၊ ဝါခေါင်လ(အေဒီ–၁၇၅၃)မှသည် တန်ဆောင်မုန်းလတိုင်အောင် သင်္ဘောများ ရောက်လာ၏။ ထိုသင်္ဘောတို့၌ ရွှေတုံး၊ ငွေတုံးများပါ၏။ ကုလားအုပ် ခုနစ်စီးပါ၏။ ခွေးကြီးတစ်ထောင်ပါ၏။ ()

ဟု ဖော်ပြမှတ်တမ်းတင်ထားသည်။

ယင်းမှတ်တမ်းများအရ အနောက်ပြည်က မင်းစေတမန်လွှတ်ပုံ၊ သင်္ဘောများ လေးလ ကြာရောက်ရှိလာပုံ၊ ပါလာသည့် ပစ္စည်းများကို ဖော်ပြထားပုံများကို လေ့လာမှန်းဆရနိုင်ပါသည်။

ယင်းတမန်များမှာ ပြင်သစ်များလော၊ အင်္ဂလိပ်များလော၊ အိန္ဒိယတိုင်းရင်းသားများက စေလွှတ်လိုက်သည့် စေတမန်များလောဆိုသည်ကိုကား မသိနိုင်ပါ။

အထူးသဖြင့် အရှေ့အိန္ဒိယကုမ္ပဏီမှ စေလွှတ်သည့် စေတမန်များဖြစ်ပြီး ယင်းကုမ္ပဏီမှ သင်္ဘောများပင် ဖြစ်နိုင်စရာရှိသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ယင်းကောက်ချက်သာဖြစ်ခဲ့လျှင် နရအဘယရာဇာမင်းလက်ထက်တွင် နယ်စပ်နှင့် ထိစပ်နေသည့် ဘင်္ဂလားတွင် ရောက်ရှိနေသည့် အင်္ဂလိပ်အိန္ဒိယကုမ္ပဏီနှင့် ဆက်ဆံရေးမှာ ရှောင်လွှဲ၍ မရနိုင်သော ကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။

**ပဒေသရာဇ်များ အားပြိုင်**

၁၇၄၀–ခု၊ မေလတွင် ဟံသာဝတီမြို့ဝန် သောအောင်သည် မဟာဓမ္မရာဇာဓိပတိ၏ အာဏာတော်ကို မထီမဲ့မြင်ပြုကာ ဟံသာဝတီမှ သောင်းကျန်းပုန်ကန်ခဲ့သည်။ **a**

သောအောင်ကို လုပ်ကြံပြန်သည် **b**။ ကွေ့ကရင်တို့၏ မင်းလောင်းသာလှကို သမိန်ထောဘွဲ့နှင့် မင်းမြှောက်ကြပြန်သည်။ ဆင်ကျားရှင်အမည်ကို ခံယူသည်။ **c**

အဝမင်း၏ ဆင်ဝန် အောင်လှအား ဗညားဒလဘွဲ့ကို ခံယူစေသည်။

ဟံသာဝတီသမိန်ထောထီးနန်းကို စွန့်လွှတ်၍ ဇင်မယ်သို့ရှောင်တိမ်းခြင်း၊ ဟံသာဝတီမြို့

---

() ရာဇဝင်သစ်(စာ–၂၆၃)

(a) နိုင်ငံအခြေအနေ (စာ–၉၅)

(b) ယင်း (စာ–၉၅)

(c) ယင်း (စာ–၉၅)

၌ ရဟန်းလူထွက်တစ်ဦးကို တင်မြှောက်ခြင်း၊ ထိုရဟန်းလူထွက်ကို နန်းချ၍ ဗညားဒလ ထီးနန်းသိမ်းပိုက်ခြင်း တည်းဟူသော မင်းပြောင်းမင်းလွဲများ ပေါ်နေစဉ် အဝတွင်လည်း ပြည်ရွာ စနောင့်စနင်း ရှိနေသည်။ d

အခွန်အတုတ်များပိုမို ထမ်းဆောင်ကြရသော အုတ်ဖို၊ မတ္တရာနယ် မြန်မာ၊ မွန်၊ ကွေ့တို့က ပုန်ကန်သောင်းကျန်းသူ၍ ဟံသာဝတီနှင့် အဆက်အသွယ်ပြုကာ စစ်ကူတောင်းကြသည်။

အဝမှလည်း သူပုန်တို့ကို နှိမ်နင်းရန် နှစ်စဉ်ကြိုးပမ်းခဲ့၏။ အဝပျက်တိုင်အောင် အုတ်ဖို၊ မတ္တရာရှိ သောင်းကျန်းတို့ကို အပြီးသတ်မနှိမ်နင်းနိုင်ခဲ့ချေ။ +

ဟံသာဝတီမင်းများဖြစ်သော ဆင်ကျားရှင်သမိန်ထော(အေဒီ ၁၇၄၀–၁၇၄၆)နှင့် ဗညားဒလ (၁၇၄၆–၁၇၅၂)တို့သည် အင်းဝမင်း မဟာရာဇာဓိပတိ (အေဒီ ၁၇၃၃–၁၇၅၂)တို့ အားပြိုင်ချိန်မှာ နရအဘယရာဇာလည်း ယင်းတို့နှင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်များကို တွေ့ရသည်။

နရအဘယရာဇာမင်းမတိုင်မီ မေတ္တာရာဇ် (အေဒီ ၁၇၃၇–၁၇၄၂)မင်းလက်ထက်တွင် သက္ကရာဇ် ၁၁၀၄–ခု၊ (အေဒီ ၁၇၄၂)တွင် အရှေ့ပြည်က ဇစ်ဦး၊ ငရွှေလျော်၊ ပေုညိုတို့ သုံးယောက်၊ လူပေါင်းယောက်ျား မိန်းမ တစ်ထောင်နှင့် ဝင်ရောက်လာသည် (/)။ အဝကိုသိမ်းယူရန် လျှောက်ထားသည်။

သို့ရာတွင် အမတ်ပညာရှိ ကိုယ်ရံကြီး ရဲအောင်လျှောက်ထားသည်ကို မေတ္တာရာဇ်က လက်ခံပြီး အဝသို့မလိုက်ခဲ့ချေ။

တနည်းအားဖြင့် မေတ္တာရာဇ်သည့် သူတပါးအင်အားယုတ်လျော့နေသည့် အခွင့်ကောင်းကို မယူခဲ့ခြင်းဖြစ်သည်။

နရအဘယရာဇာနန်းတက်၍ ၂–ခုနှစ်၊ သက္ကရာဇ် ၁၁၀၆–ခု၊ တပို့တွဲလဆန်း ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့ (အေဒီ–၁၇၄၄)အရှေ့ဟံသာဝတီပြည်ကို အစိုးရသော ဆင်ကျားသခင် သမိန်ထော ပြည်ကို တိုက်လေသည်။ *

ဤသည်မှာ မြောက်ဦးမင်းအနေဖြင့် ရေဝတီတစ်ရိုးမှာ အားပြိုင်စဉ် ပါဝင်ခြင်းဖြစ်သည်။

သက္ကရာဇ် ၁၁၁၅–ခု၊ (အေဒီ –၁၇၅၃)ခုတွင် အဝမင်းအမတ်ကြီး နန္ဒကျော်ထင်၊

---

| | |
|---|---|
| **(d)** နိုင်ငံအခြေအနေ | (စာ–၉၅) |
| (+) ယင်း | (စာ–၉၉) |
| (/) (က)အရေးတော်ပုံ | (စာ–၁၂၉) |
| (ခ)ညောဝတီသစ် | (စာ–၂၃၁) |
| **(*)** ရာဇဝင်သစ် | (စာ–၂၆၀) |

ညီတိုင်တားစား ရွှေဆင်၊ လယ်ကိုင်းစား ရာသီနှင့် နောက်ပါ ယောက်ျားမိန်းမနှစ်ထောင် + နှင့် နရအဘယရာဇာမင်းထံ ခိုလှုံခဲ့သည်။

ခိုလှုံလာသူ အမတ်သုံးယောက်နှင့် အပေါင်းပါတို့ကို ပြုစုစောင့်ရှောက်ပေးသည်ကို တွေ့ရသည်။

အဝမင်း မဟာဓမ္မရာဇာဓိပတိကို ဟံသာဝတီသို့ ဖမ်းယူခေါ်ယူရာမှာ ပြည်သူတို့တိမ်းရှောင်ပြီး ခိုလှုံလာသူများအား နရအဘယရာဇာမင်းသည် စားနပ်ရိက္ခာပေး၍ ပြိုင်းချောင်းတို့၌ ရွာတည်ပေးခဲ့သည်။ (/)

အဝနှင့် ဟံသာဝတီတို့ အားပြိုင်စဉ် ဦးအောင်ဇေယျမှာ စစ်ဘေးမှလွတ်ငြိမ်းနေပြီး အင်အားကောင်းလာခဲ့သည်။ အဝနှင့်ဟံသာဝတီမင်းများ ချုပ်ငြိမ်းခဲ့ရသည်။

ဦးအောင်ဇေယျသည် ကုန်းဘောင်မင်းဆက်ကို တည်ထောင်နိုင်ခဲ့သည်။

မြောက်ဦးလည်း ယင်းအားပြိုင်မှုမှလွတ်ခဲ့သဖြင့် နရအဘယရာဇာနှင့် အလောင်းမင်းတရားတို့နှစ်ဦးသာ စင်ပြိုင်ရှိနေတော့သည်။

တစ်နည်းအားဖြင့် မြောက်ဦးကုန်းဘောင် အားပြိုင်မှုကို ဖြစ်ပေါ်စေသည်ဟု ဆိုရမည်ဖြစ်သည်။

**အင်အားယုတ်လျော့စေခြင်း**

နရအဘယရာဇာမင်းသည် မြောက်ဦးခေတ်နှောင်းပိုင်းမှာ နိုင်ငံ့ဦးမော့လာရေးကို ကြိုးပမ်းခဲ့ရသည်။ သို့ရာတွင် ယင်းဦးမော့လာရေးကို အဟန့်အတားများ ရှိခဲ့သည်။

ယင်းအဟန့်အတားများမှာ လူတို့၏ ပယောဂများ ပါရှိခဲ့သလို၊ သဘာဝတရား၏ ပြောင်းလဲဖောက်ပြန်မှု၊ ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတည်ဆောက်ရေးများကို နှောင့်နှေးစေခဲ့သည်များဖြစ်သည်။ ယင်းတို့ကို နရအဘယရာဇာမင်း နန်းစံ ၁၉–နှစ် ကာလမှ တွေ့ရှိရပေသည်။

နရအဘယရာဇာမင်းနန်းတက်ပြီ ၅–နှစ်ခန့်အကြာမှာ စန္ဒဝိဇယရာဇာ၏သား ပြလှနှင့် ကြောင်ချေးတို့သည် သက္ကရာဇ် ၁၁၀၉–ခု တပေါင်းလဆုတ် ၁၁–ရက်နေ့၊ (အေဒီ –၁၇၄၇) ညအခါ ပုန်ကန်မှုဖြစ်ပေါ်ခဲ့သည်။ +

---

(+) (က)အရေးတော်ပုံ (စာ–၁၃၀)
(ခ)ဓညဝတီသစ် (စာ–၂၃၃)
(/) ရာဇဝင်သစ် (စာ–၂၆၇)
(+) ရာဇဝင်သစ် (စာ–၂၆၂)

ယင်းပုန်ကန်မှုကို သားတော် အမ်းစားနှင့် ကိုယ်ရံတော်များက ကာကွယ်နိုင်ခဲ့သည်။

ခမက်တော် လက်ယာမြန်ဂူတာကို ဗိုလ်မှူးပြု၍ ဗိုလ်မင်းသံလျက်စွဲ မင်းကန် ကျင်သန်သူရဲဗိုလ်ပါတို့နှင့် အနောက်ပြည်သို့ သက္ကရာဇ် ၁၁၁၃–ခု၊ တော်သလင်းလ(အေဒီ –၁၇၅၁)တွင် စစ်ချီသွားကြလေသော် ဒါဂါစား အာကာပေါက်က စီး၍တိုက်လေသောကြောင့် စစ်သည်တော်တို့ ပျက်စီး၍ ပြန်ခဲ့ရသည်။ (/)

ယင်းမှာ စစ်သည်အင်အားများ ယုတ်လျော့စေခြင်းပင်ဖြစ်သည်။

သက္ကရာဇ် ၁၁၁၅–ခု၊ (အေဒီ –၁၇၅၃)တွင် စန္ဒဝိဇယရာဇာမင်း၏သား သာမသည် အနောက်ပြည် ကုလားမင်းထံ စစ်ပန်သည်။ ခရီးအကြား ဒါဂါမြို့သို့အရောက် မင်းသားသာမ သေဆုံးသည်။

ကုလားစစ်သည်တို့ ပြန်သွားကြသည်။ %

မင်းသား သာမ၏လုပ်ရပ်ကြောင့် နိုင်ငံစည်းလုံးမှု မရှိကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုသည် နိုင်ငံတော် တည်ဆောက်ရေးကို ကြီးမားသော အဟန့်အတားဖြစ်သည်။ ယင်းမှာ သက္ကရာဇ် ၁၁၁၇–ခု၊ (အေဒီ –၁၇၅၅)တွင် မိုးအလွန်ခေါင်သည်။

နရအာဘယရာဇာမင်း၏ အားထားရသော ခမက်တော် လက်ယာမြန် ဂူတာ ကွယ်လွန်သည်။[၄] ခမက်တော် လက်ယာမြန် ဂူတာဆုံးရှုံးရခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အင်အားချည့်နဲ့စေခြင်းပင်ဖြစ်သည်။

သာသနဓဇအမည်ရှိသောဝိနည်းဓိုရ်နှင့် အခေါင်စစ်ကဲဥဂ္ဂါရွှေ၊ အသည်ထောင်စား စံရွှေပေါ်တို့သည် အညီအညွတ်ကြံ၍ အေဒီ–၁၇၅၅တွင် နရအာဘယရာဇာမင်းအားပုန်စားသည်။[(၅)]

ယင်းပုန်းစားမှုမှာ သမိုင်းအမည်းစွန်းတစ်ခုပင် ဖြစ်ပေသည်။

သက္ကရာဇ် ၁၁၂၀–ပြည့်၊ ဝါကျွတ်လဆန်း သုံးရက်၊ (အေဒီ ၁၇၅၈)တွင် တောင်ခွင်ကြိမ်သလီတွင် သောင်းကျန်းနေသူ ဗိုလ်အညိုကို တိုက်ရန် စေလွှတ်လိုက်ရာ သံတောင်စား လှေပျက်၍ လူများစွာ သေသည်။

ဗိုလ်အညိုကို မရဘဲ ပြန်လာခဲ့ရသည်။[၆]

သက္ကရာဇ် ၁၁၂၂–ခု၊ ဝါကျွတ်လဆန်း ၁၀–ရက်၊ ကြာသပတေးနေ့ (အေဒီ –၁၇၆၀)က

(/) ရာဇဝင်သစ် (စာ–၂၆၃)
(%)ယင်း (စာ–၂၆၃)
(၄) ယင်း (စာ–၂၆၅)
(၅) ယင်း (စာ–၂၆၅)
(၆) ရာဇဝင်သစ် (စာ–၂၆၆)

စ၍ ခုနစ်ရက်တိုင် လျှောင်လှုပ်၏။ တန်ခူးလဆန်း ၈–ရက်၊တနင်္ဂနွေနေ့ လျှောင်ကြီးလှုပ်၏[၇] ဟု မှတ်တမ်းများက ဖော်ပြထားသည်။

နရအဘယရာဇာမင်းသည် အိမ်နိမ့်စံ(၄၈)နှစ်၊ နန်းစံ(၁၉)နှစ်၊ နှစ်စုသက်တော်(၆၇)နှစ်၊ သက္ကရာဇ် ၁၁၂၃–ခု၊တန်ဆောင်မုန်းလဆန်း(၁)ရက်၊တနင်္ဂနွေနေ့တွင်လွန်တော်မူလေသည်။[၈]

နရအဘယရာဇာမင်းလွန်ခြင်းသည် မြောက်ဦးခေတ်နှောင်းပိုင်း၏ ကျပိုင်းသို့ ဦးတည်လိုက်ခြင်းပင်ဖြစ်တော့သည်။

*(ဆက်လက်တင်ပြပါမည်)*

မြထွန်းအောင်

## မှီငြမ်းကိုးကားစာအုပ်များ

(၁) ဧည့ဝတီအရေးတော်ပုံ
(ကျမ်းပြီးနှစ် ၁၁၄၉–ခု) ကဝိသာရာဘိ–သီရိပဝရအဂ္ဂမဟာ ဓမ္မရာဇာဓိရာဇဂုရု၊ မြန်မာမင်းများ အရေးတော်ပုံ နန်းမြင့်စာပေ ၊ တတိယအကြိမ် ရိုက်နှိပ်ခြင်း(၂၀/၃/၁၉၇၀)

(၂) ဧည့ဝတီရာဇဝင်သစ်
ပဲခူးမင်းကျောင်းဆရာတော် ဦးပဏ္ဍိ၊ ပါဠိဆရာ ဦးဖြေ ကြီးကြပ်ပြင်ဆင် ပုံရိုက်သည်။ ၁၂၇၁–ခုနှစ်၊ တန်ခူးလ၊ ရန်ကုန်မြို့ ၂၅–လမ်း၊ စာဆိုတန်း တိုက်အမှတ် (၁၇–၁၈) ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်(၁၉၁၀)

(၃) ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယအုပ်)
စန္ဒမာလာလင်္ကာရ၊ ရမ်းပြည့်မြို့တောင်ကျောင်းဆရာတော်၊ ဆရာဦးဘရင် ကြီးကြပ်ပြင်

---

(၇) ယင်း (စာ–၂၆၆)
(၈) ရာဇဝင်သစ် (စာ–၂၆၆)

# သံတရာပတ္တမြားများ (သို့) ဝါကျတ္တနီဓိသမူဟကျမ်း

**သံတရာပတ္တမြား**

ပတ္တမြားဆိုတာ ဘာလဲ။

မြန်မာအဘိဓာန်အကျဉ်းချုပ်ကတော့ ''အရောင်အသွေး နီ၍ကြည်လင်သော တွင်းထွက်ကျောက်မျက်ရနာတစ်မျိုး''ဟု ဆို၏။

ကျွန်တော်တို့ တောသားတွေကတော့ အလွန်တန်ဖိုးကြီးသော၊ အလွန်ရှားပါးသော၊ ရွှေနန်းတော်နှင့်သာထိုက်သော ရတနာဟု နားလည်ကြပါသည်။

မှန်၏။ ပတ္တမြားကား အလွန်ရှားပါးလှ၏။ တောင်တိုင်းကလည်း မထွက်။ ထွက်တိုင်းကလည်း အပြစ်မစင်။ အပြစ်စင်တိုင်းလည်း ဂေါ်မခံချေ။

သို့သော် သူကား...ကာလားတန်မြစ်နဖူး တစ်နေရာမှ ထွက်ပေါ်ခဲ့ပါ၏။

အတိအကျပြောရသော် ကုလားတန်မြစ်ကမ်းနဖူးရှိ သံတရာဆိုသော ရွာကလေးမှ ဂေါ်ခံပြစ်စင်စွာ ထွက်ပေါ်ခဲ့ပါ၏။ (ဝါ) ရခိုင်မင်းများလက်ထက် မြောက်ဦးရွှေမြို့တော်သို့ လာကြသည့် နိုင်ငံခြားသံအမတ်ကြီးတွေ တန့်နားသော နေရာဟောင်းကလေးမှ တန်ဖိုးကြီးမားစွာ ထွက်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် သူ့အား မွေးရပ်ကို အစွဲပြု၍ သံတရာပတ္တမြားဟု ကျွန်တော်ကမှည့်ထိုးလိုက်ပါသည်။

**ဝါကျတ္တနီဓိသမူဟကျမ်း**

သံတရာပတ္တမြား၊ အမှန်မှာ သူကား တွင်းထွက်မဟုတ်။ ထို့အတူ ကျောက်မျက်လည်း မဟုတ်ပါ။

**ရခိုင်သားကြီးစာပေ**

တွင်းထွက်ကျောက်မျက်များဖြစ်ကြသော ပတ္တမြားတွေလို အပြစ်ကင်းစင်ခြင်း၊ တန်ဖိုးကြီးမားခြင်း၊ တွေ့ခဲမြင်ခဲခြင်း(ဝါ) ရှားပါးခြင်း၊ မြင်သူတကာ နှစ်သက်မြတ်နိုးဖွယ်ရှိခြင်း၊ အစရှိသော ဂုဏ်အပေါင်းနှင့် ပြည့်စုံသည့် ကျမ်းစာအုပ်ကလေးတစ်အုပ်သာ ဖြစ်၏။ သို့မဟုတ် ဝါကျတ္ထနိမိသမူဟ ခေါ်သော ကျမ်းကလေးတစ်ကျမ်းပင် ဖြစ်ပါသည်။

## ကျမ်းပြုသူ

ဝါကျတ္ထနိမိသမူဟကျမ်း။

သည်ကျမ်းကို ဘယ်သူရေးခဲ့သလဲ။ အဖြေကားရှင်း၏။ နိဒါနကထာ၌ ဤသို့ဆိုထား၏။

''ရက္ခမဏ္ဍလနာမကေ ရက္ခပူရရဋ္ဌေ ဉေဝတိဇာတိယာ ဇာတော ပရိယတ္တိယာဆေကော အစိုးရ ပထမကျော်ပြန်တိ အဝှါယော ဘဒ္ဒန္တကုဏ္ဍလာဘိဓဇဝံသထေရော .....''

၎င်းကိုကြည့်သောအားဖြင့် ဤကျမ်းကို ပထမကျော်ပြန် ဘဒ္ဒန္တကုလာဘိဓဇဝံသထေရ်က ပြုစုရေးသားခဲ့ကြောင်း သိရပါသည်။

## ဘဒ္ဒန္တကုဏ္ဍလာဘိဓဇဝံသထေရုပ္ပတ္တိ

ဘဒ္ဒန္တကုဏ္ဍလာဘိဓဇဝံသထေရ် သို့မဟုတ် အသျှင်ကုဏ္ဍလထေရ်သည် ဘွဲ့တော်ဖြင့် ရခိုင်ပြည်နယ်၊ မဟာဒွါရနိကာယ၌ နှစ်ပါးခံရှိခဲ့၏။ နှစ်ပါးလုံးလည်း စာရေးခဲ့ကြ၏။ ခေတ်လည်း ပြိုင်ခဲ့ကြ၏။

တစ်ပါးက ဇေဒင်အရာ၌ အားသန်ပါ၏။ အခု စစ်တွေမြို့ ပညာတပ်ဦးကျောင်း ဆရာတော်ကြီး(၉၂)နှစ်ဟု ထင်ရှားလျက်ရှိနေသည်။

နောက်တစ်ပါးမှာ ဤကျမ်းကို ရေးသားခဲ့သော အသျှင်ပင်ဖြစ်၏။ လောကုတ္တရာ စာပေကျမ်းဂန်၌ အားသန်ခဲ့၏။ အစိုးရ ပထမကျော်ကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ဖူး၏။ သို့သော် မအောင်မြင်ခဲ့ပါ။ ပညာမစုံခင် ကျောင်းထိုင်ခဲ့ရဟန်တူပါသည်။

အသျှင်သည် ကျောင်းထိုင်ရင်းနှင့် သာသနာပြုခဲ့၏။ တပည့်သားသမီးတွေကို စာပေပညာ သင်ကြားပို့ချခဲ့၏။ တကာ တကာမတွေကိုလည်း ဟောပြောဆုံးမညွှန်ပြခဲ့၏။ စာပေကျမ်းဂန်များကိုလည်း ရေးသားထုတ်ဝေခဲ့၏။

၁။ ဝိပဿနာအခြေပြုကျမ်း။

၂။ စက်ပြတ်ကြောင်း သုညတဝိပဿနာကျမ်း။ (ပ)

၃။ စက်ပြတ်ကြောင်း သုညတဝိပဿနာကျမ်း။ (ဒု)

၄။ ယထာဘူတ နိဗ္ဗာန ဝိနိစ္ဆယကျမ်း။

၅။ ယထာဘူတ နိဗ္ဗာန ဝိနိစ္ဆယကျမ်း သံဝဏ္ဏနာ မြန်မာဋီကာကျမ်း။

၆။ ဝါကျတ္တနိမိသမူဟပါဠိ။

၇။ ဝါကျတ္တနိမိသမူဟနိဿယ။

၈။ ဒွါရဂိုဏ်းချုပ် ပန်းမော် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ။

၉။ သကျာဘမုကာဒိ ဓာတုထောမနာဘွဲ့။

၁၀။ အာသန္နပစ္စက္ခာနတ္တဒေသကကျမ်း။

၁၁။ ဓာတုပရိဗ္ဗာနာဒိ ထောမနာဘွဲ့တို့မှာ အသျှင်၏ ကလောင်သွားမှ မွေးဖွားလာသော စာပေ ကျမ်းဂန်များပင်ဖြစ်ကြပါသည်။

ထို့ပြင် မိမိ၏ထေရုပ္ပတ္တိကိုလည်း ကိုယ်တိုင်ရေးသားခဲ့ပါသေးသည်။ သို့သော်ပုံမနှိပ်နိုင်ခဲ့ပါ။ မရဏာမင်း၏ ပင့်ခေါ်ရာနောက်သို့ ကြွသွားခဲ့ရပါသည်ဟု ဆရာတော်ကြီး ဦးမုနိဇကပြောဖူးပါ၏။

ဆရာတော်ပျံလွန်တော်မူသွားသည်မှာ အခု အနှစ် ၂၀–လောက်သာရှိသေး၏။ အသျှင်၏ ထေရုပ္ပတ္တိနှင့် စာပေကျမ်းဂန်အချို့ကား ကွယ်ပျောက်နေပါပြီ။

သို့ကြောင့် ဆရာတော်ကြီး ဦးကုဏ္ဍလ (စစ်တွေ)၊ ဦးမုနိဇ(ဘုရားပေါ်)တို့အားကျွန်တော် မေးလျှောက်ခဲ့ပါသည်။

သို့သော်လည်း ဂန္ထ ကာရဆရာတော်မြတ်၏ ထေရုပ္ပတ္တိကိုကား တိတိကျကျမသိခဲ့ရပါ။ ဇီးကိုင်းဂူနားကျောင်း(မိုးစဲကျွန်း)၊ သံချောင်းကျောင်း(မယူကမ်း)၊ သာယာကုန်းကျောင်း (စစ်တွေ) အစရှိသည်တို့၌ လှည့်လည်သာသနာပြုခဲ့၏။

နောက်ဆုံး သံတရာကျောင်း၌ သာသနာပြုရင်း ပျံလွန်တော်မူသွား၏။ မူလရဟန်းဖြစ်ရာ၊ ရှင်သာမဏေဖြစ်ရာမှာ မဟာဒွါရမဟုတ်၊ မူလဒွါရဟုသာ သိခဲ့ရပါသည်။

## ဂန္ထုပ္ပတ္တိ

ဤကျမ်းသည် အသျှင်၏ ခြောက်ခုမြောက်သောကျမ်းဖြစ်၏။ အလျား (၉.၈)လက်မ၊ အနံ (၆.၃)လက်မရှိ၏။ (၁၅)ဖောင်တိတိပါရှိ၏။ တစ်ဖောင်တွင် (၈)မျက်နှာရှိ၏။

ပါဠိတော်ကို (၄)ဖောင်၊ ၁–ရွက်၊(၃၄–မျက်နှာ)စီထားပြီး နိဿယကို (၁၀)ဖောင်(၃)ရွက် (၈၆–မျက်နှာ) စီထားကြောင်း တွေ့ရပါသည်။

ဖောင်နံပါတ်ကို ဣစ္ဆာဒိဿယ–၁၅၃၊ ၁၊၂၊ စသည်ဖြင့် ထိုးထားသောကြောင့် သည်ကျမ်း ကို ဣစ္ဆာဒိဿယပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့သည်။ တိုက်၏ ၁၅၃ အုပ်မြောက်သော ကျမ်းစာလည်း ဖြစ်သည်ဟု သိရပါသည်။

သို့သော် စာရေးသူတွေ့ရှိသော စာအုပ်၌ မျက်နှာဖုံး လုံးဝမပါရှိပါ။ ရှေ့နောက်စာရွက်တွေ လည်း စုတ်ပြတ်နေပါ၏။ ထို့ကြောင့် ဤကျမ်းကို ဘယ်အချိန်က ရေးခဲ့သည်။ ဘယ်အချိန်က ထုတ်ဝေခဲ့သည်ကိုကား ကျွန်တော်မပြောနိုင်ပါ။ သိလည်းမသိပါ။ ယင်းအတွက် အလွန်ဝမ်းနည်း

မိပါ၏။

**ကျမ်း၏ ရည်ရွယ်ချက်**

ကျမ်းတစ်စောင်ကို ပါဠိဘာသာဖြင့် ရေးသားရခြင်းသည် လွယ်သောကိစ္စမဟုတ်ပါ။ ထို့ထက် ဂုဏ်၊ ရသမြောက်အောင် ရေးသားရခြင်းကား ပို၍ခက်၏။

ထိုထက်လည်း ပညာရှိတွေ ချီးမွမ်းလောက်အောင်၊ စာသင်သားတွေ နည်းယူလောက်အောင်ရေးသားဖို့ကား ပို၍ ခက်ခဲပါလိမ့်မည်။ သို့သော် အသျှင်ကား မိမိ၏ပြောင်မြောက်သောကလောင်စွမ်းကို ပြနိုင်ခဲ့ပါ၏။

၁။ နိဒါနကထာ

၂။ ဉာသဂ္ဂတ္တပရိစ္ဆေဒ

၃။ ဝါကျတ္ထနိမိသမူဟပရိစ္ဆေဒ

၄။ ပဏာမာဒိက ပရိစ္ဆေဒ

၅။ နိပါတတ္တပရိစ္ဆေဒ

၂။ နိဂမပရိစ္ဆေဒ တွေကိုလည်း ပိုင်နိုင်စွာ ခွဲခြားပြီး ကျစ်လစ်ပြေပြစ်အောင်လည်း ရေးသားနိုင်ခဲ့ပါသည်။ ဂါထာ၊ ဉဏ္ဏိယ၊ ပုဒ်၊ ပဒတို့ကိုလည်း အံဝင်ခွင်ကျထည့်ပြီးလက်စွမ်းပြနိုင်ခဲ့ပါသည်။

ၾင်းမှာ စာမရေးခင်ကပင် စာသင်သားတွေကို ပိဋကတ်၊ ပါဠိ ၊ အဋ္ဌကထာ၊ ဋီကာတို့၌–

၁။ ကုလတ္တာယစ–ကောင်းစွာ လိမ္မာစေခြင်း အကျိုးငှာလည်းကောင်း၊

၂။ သမ္မောဇနတ္ထာယစ–ကောင်းစွာ ထိုးထွင်း၍ သိမြင်နိုင်ခြင်း အကျိုးငှာ လည်းကောင်း ဟူသော ထက်သန်သော ရည်ရွယ်ချက်၊ မြင့်မြတ်သော စေတနာ၊ လွန်ကဲသော ဝီရိယကြောင့် ဟု ဆိုက မှားလိမ့်မည်မဟုတ်ပါ။

**မြည်းကြည့်ပါ**

ဤကျမ်းသည် အမည်နှင့် အလွန်လိုက်ဖက်၏။ ဝါကျဖွဲ့ခြင်း၊ ဆုံးဖြတ်ခြင်းတွေအတွက် ဆောင်ထားသင့်သောကျမ်းလည်းဖြစ်၏။ ဝါကျအကြောင်းကို သင်ခါစ စာသင်သားတွေ အချိန်တိုတိုနှင့် ခရီးရောက်အောင် အလွယ်ဆုံး၊ အရှင်းဆုံးနည်းတွေကို စုပုံပေးထားသော ကျမ်းလည်းဖြစ်၏။

ကစ္စည်း၊ သဒ္ဒါကြီး စသော ကျမ်းတို့ကဲ့သို့ လည်းကောင်း၊ သုဗောဓာလင်္ကာရ စသော အလင်္ကာကျမ်းများကဲ့သို့လည်းကောင်း၊ ဝုတ္တောဒယ စသော ဆန်းကျမ်းများကဲ့သို့လည်းကောင်း ပါဠိသဒ္ဒါဘက်၌ အရေးပါအရာရောက်သော ကျမ်းတစ်ဆူလည်းဖြစ်ပါသည်။

အထူးသဖြင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို လိုက်စားကြသော သာသနာ့အာဇာနည်ကြီး၊

ဓမ္မစရိယတန်းတွေကို သင်ယူနေကြသော အာဇာနည်ကြီးများအတွက် လက်ကိုင်ထားသင့်သော ကျမ်းမြတ်တစ်ဆူလည်းဖြစ်ပေသည်။

ဟုတ် မဟုတ် အောက်ပါစာတိုပေစလေးတွေကိုသာ မြည်းကြည့်ကြပါ။

**ဒု–ဥပသဂ္ဂတ္ထ**

ဒုက္ကုစ္ဆိတ ဝိရူပကတ္တေ၊ အသောဘဏအနန္ဒနေ။ သဒ္ဒတ္တာ ဘာဝါသိဒ္ဓိသု၊ ကိစ္ဆာဒိကေသု ဒဿတိ။ (ပါ–ရ)

အနက်– ဒု–ဒုဟူသော ဥပသာရသည်၊ ကုစ္ဆိတ ဝိရူပကတ္တေစ–စက်ဆုပ်ခြင်း၊ အဆင်း မလှခြင်း၌ လည်းကောင်း၊ အသောဘဏ အနန္ဒနေစ–မတင့်တယ်ခြင်း၊ မနှစ်လိုခြင်း၌ လည်း ကောင်း၊ သဒ္ဒတ္တာ ဘာဝ သိဒ္ဓိသုစ–နည်းသောအနက်၊ မရှိခြင်း၊ မပြည့်စုံခြင်းတို့၌လည်းကောင်း၊ ကိစ္ဆာဒိကေ သုစ–ပြိုငြင်ခြင်း အစရှိသည်တို့၌လည်းကောင်း၊ ဒဿတိ–ထင်၏။ (နိ–၄၈)

**ပ–ဥပသဂ္ဂတ္ထ**

၁။ ဘုသတ္တာဒိကမ္မေသုစ၊ နိယောဂေဒိဏ္ဏာသန္တိသု။ သမ္မာဝကိတ္တိ ပူဇာသု၊ ပီဘိဒ္ဒါန ဂတီသုစ။

၂။ အဂ္ဂိသရိ သင်္ဂေသု၊ ဒဿနတပ္ပရေသုစ။ ပသံထာသုဒ္ဓိ ဟိံသာသု၊ ပကာရန္တောဘာဝေ သုဓ။

၃။ ဝါယာမဒိသာယောဂေသု၊ ဝိယောဂေါဝယ ဝေသုစ။

ပတ္တနာတျာဒိအတ္တေသု၊ ပေါပသဂ္ဂေါပဝတ္တတိ။ ။တ္တောဒိသဒ္ဒဿ ဝုတ္တတ္တာ ပေါပသဂ္ဂတ္တော နဓိယတီတိ ဉာတဗ္ဗော။ ကသဋ္ဌိ ပနေတ္ထ ပေါပသဂ္ဂဿ ဗဟုအတ္တော ဇနိတဗ္ဗော။ ဝါ စတ္တောတိ ဝါဒိဟု ဇောတကတ္တောတိ။ ပေါပသဂ္ဂေါ ဇောတကတ္တာယေဝ နဝါစကတ္တောတိ။ယထာဟိပဒိပေါ တတ္တတတ္ထဋ္ဌာနေသု ဇာလိယမာနော တံတံဝတ္ထု ပဋိဇန္ဒဝါစံ နဝါစကော။ ဇောတက မတ္တောယေဝ ဟောတိ။

*(ဤဆောင်းပါးကို ပညာရှင်တွေအတွက်သာ ရည်မှန်းသောကြောင့် အနက်တို့ကို မဖော် ပြတော့ပြီ။)*

**ဝါကျအမည် (၂၉)ခု**

| | (၁) | (၂) | (၃) | (၄) |
|---|---|---|---|---|
| ၁။ | သခေ်ပေါ | ဝိတ္တာရောဓေ | သာမညဥ္စ | ဝိသေသကာ။ |

(၅) (၆) (၇) (၈) (၉)
ပုစ္ဆာ ဝိသဇ္ဇနာ ပက္ခာ၊ ပက္ခန္တရ အပါကဍ္ဍာ။
(၁၀) (၁၁) (၁၂) (၁၃) (၁၄)
၂။ တပ္ပါကဋ္ဌိ ဖလ ဟေတု လဒ္ဓဒေါသောစ တဂ္ဂုဏော
(၁၅) (၁၆) (၁၇) (၁၈)
သမ္ဘဝနာ ဂရဟာစ ပရိဟာရောစ စေဒနာ။
(၁၉) (၂၀) (၂၁) (၂၂)
၃။ ဒဋ္ဌိယ ဒဋ္ဌိကရဏာ၊ အနုသန္ဓိစ ဝိဂ္ဂဟော။
(၂၃) (၂၄) (၂၅)
အန္ဒယ ဇျုတိရေကောစ ပဋိညာကရ ထာပရံ။
(၂၆) (၂၇) (၂၈) (၂၉)
၄။ အာရဒ္ဓေါစ ဝါကျာရမ္ဘာ၊ သရူပဒ္ဓေဝ နိဂ္ဂမော။
ကေူနတိံသ ဝါကျာနိ ဝိဒိတဗ္ဗာနိ သောတုနာ။

သင်္ခေပ ဝိတ္ထာရ ဝါကျတ္ထပရိစ္ဆေဒ
သင်္ခေပ ဝါကျတ္ထ လက္ခဏာယံ ပန .....
''အတိသင်္ခေပ ဂုဋ္ဌတ္ထ၊ ဘာဝပတ္တံ သမာသတော။
သဒ္ဒတ္ထတ္ထိတံ သင်္ခေပ၊ ဝါကျန္တိဝ ပဝုစ္စတေ။''

သင်္ခေပ ဝါကျန္တိ တွေ့ ဝါကျန္တိ ကထနံ ဝဧကထနေ။ ဝခိယကေ သင်္ခေပ ဝိတ္ထာရာဒိကံ ကထိယတေ တွေ့တာတိ ဝါကျံ။ သင်္ခေပေါတိ သမသော သံပုဗ္ဗေါ ခိပေါ သမာသနေ။ သံခိပီယတိ သဒ္ဒတ္ထံသမာသီယတိ တွေ့တာတိ သင်္ခေပေါ။ သင်္ခေပေါယေဝ ဝါကျံသင်္ခေပဝါကျန္တိ ဝိဂ္ဂဟာဒိကော ဉာတဗ္ဗော။ တမေဝ တိဝိဓန္တိဝ ဇာနိတဗ္ဗံ။ သဒ္ဒတ္ထသံခေပ ဝါကျံ သဒ္ဒတ္ထဂုဠှဝါကျံ သဒ္ဒတ္ထသင်္ခေပဂုဠှတ္ထဝါကျ ဠေတိ။

## ရတနာရွှေအိုး

ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသထေရေန အသျှင်ကုဏ္ဍလာဘိဝံသထေရ်သည်။ ရစိတော ရေးသားအပ်သော။ ဝါကျတ္ထနိဓိသမူဟေ–ဝါကျတ္ထနိဓိသမူဟ အမည်ရှိသော ကျမ်း၌ သကလ ဝါကျတ္ထဓိသမူဟ ပရိစ္ဆေဒေ–ဝါကျဝါကျတ္ထဟု ဆိုအပ်သော။ ဥစ္စာဘဏ္ဍာ–ရတနာရွှေအိုးတို့၏ အစုအပေါင်းကို ပြဆိုရာပြဆိုကြောင်း ဖြစ်သော အပိုင်းအခြား အလုံးစုံသည်။ ကုတ္တိသမတ္တော–

ဤတွင်ပြီးပြီ။ (နီ–၁၁၈)

**ပူဇာစပူဇနေယ**

''ပတ္တမြားဆန်ကျိုး ပြည်တန်ဖိုး'' ဟူသော စကားပုံရှိ၏။ အဓိပ္ပာယ်မှာ စံချိန်မီသော ပတ္တမြား သည် သေးငယ်သော်လည်း အလွန်တန်ဖိုးကြီး၏။

ဆန်ကွဲကျိုးမျှလောက်သာ ရှိသော်လည်း တန်ဖိုးမဖြတ်နိုင်။ အဖိုးအနဂ္ဃထိုက်၏။ ပြည်နှင့် လှည့်၍ဝယ်ရ၏ ဟု ဆိုလိုပါသည်။

မှန်၏။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း

ဝုတ္တောဒယဆန်းကျမ်း၊

သုဗောဓာလင်္ကာရကျမ်းတို့မှာ အလွန်သေးငယ်လှပါသည်။ သို့သော် ယခုအခါ သာသနာ တော်ထဲ၌ တုဖက်မရှိပါ။ သည်ကျမ်းတွေလောက်ခရီးပေါက်သော ကျမ်းဟူ၍မရှိပါ။

သာသနာတော်ထဲ၌ မပိုင်းဖြတ်နိုင်လောက်အောင် အဖိုးတန်ပါ၏။

ဝါကျတ္ထနိဓိသမူဟကျမ်းသည်လည်း သေးငယ်လှ၏။ အထက်ပါကျမ်းတွေကို ကျော်လွှား ၍ မရသည်လည်း မှန်၏။ သို့သော် အခြားကျမ်းတွေထက်ကား တန်ဖိုးလုံးဝမလျော့ပါ။ သူ့နေရာ နှင့် သူအဖိုးအနဂ္ဃထိုက်လောက်ပါ၏။

ပတ္တမြားဆန်ကျိုးလောက်သာမဟုတ်ဘဲ ပတ္တမြားအိုးပေါင်းရာထောင်များစွာနှင့် လဲ့မရ လောက်အောင်ပင် တန်ဖိုးကြီးမြတ်လှပါသည်။

သို့ဆိုသော်....

တန်ဖိုးမဖြတ်နိုင်သော သည်ကျမ်းကိုလည်းကောင်း၊ ကျမ်းဆရာကိုလည်းကောင်း၊ ကျွန်တော်တို့ တန်ဖိုးထားသင့်ပါသည်။ ဖော်ထုတ်သုံးသင့်ကြပါသည်။

ပတ္တမြားကို ခေါင်းအုံးအိပ်နေပြီး ထမင်းငတ်နေလို့ မသင့်ကြပါ။

ဗုဒ္ဓကလည်း''ပူဇာစပူဇာနေယျာနံ ဧတံမင်္ဂလ မုတ္တမံ''ဟု ...။

မင်းသုမင်

**ကျမ်းကိုး**

(၁) ဝါကျတ္ထဓိနိသမူဟကျမ်းပါဠိ ။ နိဿယ။
(၂) ပန်းမော်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ။
(၃) ဆရာတော်ကြီး ဦးကုဏ္ဍလ(စစ်တွေ)။
ဦးမုနိဓဇ(ဘုရားပေါ်) တို့၏ ပြောပြချက်များ။

# ရခိုင်သွန့်ဖူး အမှတ်(၅)
# ဝတ္ထုတိုပြိုင်ပွဲ စာမူတိနန့် ပတ်သက်ရေ

ရခိုင်သွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲ လုပ်လာစွာ အဂုတစ်ခါနန့်ဆိုကေ သုံးကြိမ်မြောက်လာလတ်ယာ ဖြစ်ပါရေ။ သုံးကြိမ်မြောက်ပြိုင်ပွဲ ဝင်ရောက်တေ စာမူပေါင်းက (၂၇)ပုဒ်ဟိပါရေ။ ယင်းအနက် အကြမ်းရွီးချယ်လိုက်စွာက ဆယ်ပုဒ်ဟိပါရေ။ ယင်းကနီပနာ ဆန်ခါတင်ရွီးချယ်ပါရေ။

အဂု ဆုအဖြစ် သတ်မှတ်လိုက်စွာကတော့ –

| | | |
|---|---|---|
| (၁) | အပူ | (အဥ္ဇနရွှေထွန်း) |
| (၂) | အလှည့် | (အေးသူဇံ) |
| (၃) | မှိုဟင်းရွက်ပြင်းအဖော်မကင်းစီချင် | (ဓညဝတီမျိုးခိုင်)ရို့ဖြစ်ပါရေ။ |

တတိယအကြိမ် ရခိုင်သွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲနန့် ပတ်သက်ပြီးကေ ပြောစရာဟိစွာကတော့ ရောက်လာရေ စာမူတိမှာ စာမူအဆင်လက္ခဏာနန့် မညီညွတ်စွာတိကိုပါ တွိနီရပါရေ။

အချို့စာမူတိရေ စာမျက်နှာ နှစ်ဖက်ရီးထားခြင်း၊ အချို့စာမူရီးရေအခါ ဘေးသားမာဂျင် (Margin) မပါဟိပဲ ရီးသားထားခြင်း၊ အချို့စာမူတိမှာ နီရပ်လိပ်စာမပါဟိခြင်း၊ ကလောင်နာမည်နန့် နာမည်ရင်းများ ရောနှောနီခြင်း အစဟိရေ ချွတ်ယွင်းချက်တိကို တွိနီရပါရေ။

စာရီးဝါသနာပါရေ ပြိုင်ပွဲဝင်စာမူတိကို ရခိုင်သွန့်ဖူးက အများကြီးအလီးအနက်ထားပြီးကေ ဖတ်ရှုစီစစ်ပါရေ။ အချို့ဝတ္ထုတိလည်း တင်ပြပုံ၊ တင်ပြနည်း အသင့်အတင့် ကောင်းပါရေ။ အရီး အသားလည်း မဆိုးတတ်ပါ။ ယေဒါလေ့ တင်ပြရေ အကြောင်းအရာတိက စာမျက်နှာထက်ကို

တင်ပြလို့ မဖြစ်နိုင်ရေ အကြောင်းအရာတိဖြစ်နီပါရေ။

ယေနန့် ဝတ္ထုတိုတိကို စီစစ်ရွီးချယ်ရာမှာ အဖက်ဖက်က ကြည့်ရှုပြီးမှ ရွီးချယ်ရခြင်း ဖြစ်စွာကို စာဖတ်သူရို့ သဘောပေါက်ကတ်ပါလိမ့်မေ။

အဂုဆုရဟိရေ ဝတ္ထုတိုတိရေ ''ညွန့်ဖူးဆု ရွီးချယ်ရေးအဖွဲ့''က ရွီးချယ်ရာမှာ ရောက်ဟိ လာရေ ဝတ္ထုတိုတိထဲက အကောင်းဆုံးလို့ ယူဆရေ ဝတ္ထုတိုတိဖြစ်ပါရေ။

ဒေဝတ္ထုတိရေ ကလောင်သစ်တိလက်ရာ ဖြစ်ပါရေ။ ကလောင်သစ်တိ၏ လက်ရာရေ ကလောင်သစ်တိအလျောက်ရာ ကောင်းနိုင်လိမ့်မယ်ဖြစ်လို့ ကလောင်ဟောင်းတိလက်ရာကို စံထားပြီး တိုင်းတာခြင်းမပြုပဲ ရွီးချယ်စွာဖြစ်ပါရေ။

တစ်ခုပြောချင်စွာက ဆုရရေ ဝတ္ထုတိုတိကို အချို့က ''ဒေချင့်လား ဆုရဝတ္ထုတို'' လို့ မဲ့ရွဲ့ချင် မဲ့ရွဲ့ကတ်ပါလိမ့်မေ။ ဒေနီရာမှာပြောစရာဟိစွာက ညွန့်ဖူးဆုရွီးချယ်ရေးအဖွဲ့က တိုင်သားတိ နန့် သဘောတူချင်မှ တူပါလိမ့်မေ။ ဒေနီရာမှာ စာဖတ်သူက သဘောမတူစွာရေ ညွန့်ဖူးတိုင်သား တိနန့် သဘောချင်းမတိုက်ဆိုင်လို့ရာ ယောနီသော စိတ်ထားထားစီချင်ပါရေ။

ဒေဝတ္ထုတိုပြိုင်ပွဲရေ ရခိုင်စာပီဖွံ့ဖြိုးတိုးတက်ရီးအတွက် ကလောင်သစ်တိကို မွီးထုတ်ဖို့ ရည်ရွယ်ချက်နန့် လုပ်စွာ ပြိုင်ပွဲဖြစ်ပါရေ။

ယေနန့်ရောက်ဟိလာရေ ကလောင်သစ်တိကို ညွန့်ဖူးတိုင်သားတိက ဂရုဓမ္မစိုက်ပြီးကေ ဖတ်မှတ်၊ စီစစ်ရွီးချယ်ထားစွာကို စာဖတ်သူရို့ သဘောပေါက်နိုင်ကတ်ပါလိမ့်မေရာ။

ဒေပိုင်ပင် တဆတ်ဆတ်လုပ်လား ကိုင်လားလို့ ဟိလာမှ ရခိုင်စာပီရေ အင်အားကောင်း လာလိမ့်မေဆိုစွာကို နားလည်နိုင်ဖို့ဆိုကေ ညွန့်ဖူးရို့တိုင်သား လုပ်ရကိုင်ရကျိုးနပ်ပါယာ။

ဝန့်ဖူးလူ
၃၀၁၁၂၉/မေ/၁၉၉၈
၁၃၆၀၊ နယုန်လဆန်း ၅-ရက်၊ တနင်္ဂနွေနိန့်။

# <u>တတိယအကြိမ်မြောက် ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲ</u>
# <u>ပြိုင်ပွဲဝင်စာမူတိ</u>

| | | | |
|---|---|---|---|
| (၁) | အပူ | (ပထမဆု) | အဥ္ဇနရွှေထွန်း |
| (၂) | အလှည့် | (ဒုတိယဆု) | အေးသူဇံ |
| (၃) | မှိုဟင်းရွက်ပြင်းအဖော်မကင်းစီချင် | (တတိယဆု) | ဧည့ဝတီမျိုးခိုင် |
| (၄) | ကောင်းကျိုးကိုယ်၌ တည်ရမည် | | ကောင်းလှဖြူ(ဇီးကိုင်း) |
| (၅) | ဖြတ်လီဆက်လီ ချစ်ကြိုးခွိုး | | မောင်နိုးကြား(ရှိတမာ) |
| (၆) | ငရဲကိုတစ်ခေါက်အလည်ရောက်ခလီရေ | | ဦးသန်းမြင့် |
| (၇) | တဒင်္ဂထဲက ထာဝရ | | မောင်ကျော်ဇော်ထွန်း (စွယ်စုံညွန့်ဖူး) |
| (၈) | ဒဏ္ဍာရီလည်းမဟုတ်၊ ပုံပြင်လည်းမဟုတ်ပါ | | လေးမြို့သားချေ(ပန်းမြောင်း) |
| (၉) | ချစ်သူစကားသျှေ | | နတ်မြစ်ကမ်းမှ သန်းလှိုင် |
| (၁၀) | ဘဝမုန်တိုင်း | | ကျွန်းသားချေ |
| (၁၁) | ရန်ငြိုးမပြေ | | ရွှေဆန်း |
| (၁၂) | ငါ့ပြည်သူ့မြေ | | ရခိုင်ချစ် |
| (၁၃) | အရိုးတောင်ပီးမစားရချွိုး | | ခိုင်ကြီး(သာကေတ) |
| (၁၄) | ကြိုက်ကားကြိုက်ယင့် မချစ် | | နုနုငယ်(ငပလီ) |
| (၁၅) | အသီးတစ်ရာ အညှာတစ်သောင်း | | ဘုဘု(အလက) |
| (၁၆) | ဒေါ်သကြီးလီတောင်းဆိုးကြွီ | | တောင်နွှား(မင်းပြား) |
| (၁၇) | စိုင်းတင်သက်သီ ဟိလီယင့် | | အညွှန့်(မယူအမ်း) |
| (၁၈) | မသထာစာ | | (တိန်ညို) |
| (၁၉) | စကားကသစ္စာ အလုပ်က ယုတ်မာ | | ကိုဝင်း(မန္တလေး) |
| (၂၀) | ယောက္ခမနွှား တစ်သက် ကျောင်းမထားနိုင် | | အောင်ကုလား |
| (၂၁) | စာခြီပေါ်ကေ ဒိုင်စား | | အောင်ပုသျှေ(ပလက်ဝ) |
| (၂၂) | ဆောင်းတရက် ညဥ့်တခါ | | စောရွှေကြာ(ရမ်းဗြဲ) |
| (၂၃) | လူဆိုးဒိန်နန့် မောင်တိုင်ပင် | | အကိုသျှေ(တောင်ကုတ်) |

## ပြိုင်ပွဲဝင်အင်္ဂါရပ်နန့် မပြည့်စုံရေ စာမူအချို့

(၁) နန်းကိုမီးတိုက်စိုင်က
(လိပ်စာလုံးဝမပါ) မြောက်ဦးနတ်

(၂) မတ်နဲ့ငါ ဇာလူမျိုးရောင်
(ကလောင်နာမည်လည်းမပါ၊ လိပ်စာလည်းမပါ)

(၃) တစ်လိမ်နှစ်လိမ် လိမ်ကာရှုပ်တော့ နွယ်(စက်မှု)
(မြန်မာအရွီးအသားဖြစ်လို့ ပြိုင်ပွဲဝင်အင်္ဂါနန့် မညီညွတ်ပါ။)

(၄) သီတာလိုမိန်းကလေးရယ် ဇော်ဇော်ဦး(ရခိုင်)
(မြန်မာအရွီးအသားလည်းဖြစ်၊ စာမျက်နှာတွင် ဒေါင့်ဖြတ်လိုက်စာများကို ရီးထားပနာ လက်ရွီးကိုလေ့ လုံးဝဖတ်မရပါ။ ရခိုင်ဝေါဟာရတိနန့် ရှင်းရှင်းလင်းပြန်ရီးပို့ပါ။ (စာရွီးအကြောင်း ကြားပြီးလည်းဖြစ်ပါရေ။ စာရ မရစာပြန်ရီးပါ)

မှတ်ချက်။ ။စတုတ္ထအကြိမ်မြောက် ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲစာမူတိကို (၃၀–၁၀–၉၉) နိန့်ကို နောက်ဆုံးထားဗျာယ်ပို့ပီးကတ်ပါလို့ ဖိတ်ခေါ်ပါယင့်။ ပြိုင်ပွဲဆုရ ကလောင်သျှင်တိလည်း ရခိုင်သားကြီးစာပီနန့် အယင်ဆုံးဆက်သွယ်ပါ။ လိပ်စာအပြည့်အစုံကိုလည်း ဖော်ပြပီး ကတ်ပါ။

ရခိုင်သားတွက် ရခိုင်စာပီ ထွန်းပါစီ။

ရခိုင်နားတွက် ရခိုင်စကား ချိုပါစီ။

မှတ်တမ်းတာဝန်ခံ

# အပူ

## (၁)

ဟင်းခန်တောင်းကို ခေါင်းမာထမ်းပနာ ရာသီမရွီး၊ အချိန်မရွီး လေးမိုင်ဝီးရေ မြို့ရှီးကို လာပြီးကေ ဟင်းရောင်းစားနီရရေ ဘဝ။ ဆောင်းရာသီမှာဆိုကေ သူများဟင်းခင်းကထွက်တေ ဟင်းသီးဟင်းရွက်တိကို ဝယ်ယူဖျာယ်ရောင်းရရေ။ နွီရာသီမှာဆိုကေ ရွာနားဝန်းကျင်တောထဲ တောင်ထဲကို လားပနာ လူအများစားသုံးရေ ဟင်းအမျိုးမျိုးကင်းခြီ မြင်းခွာပါမကျန် ရောင်းစားရရေ။ အရင်းမဟိရေ ကုန်ဖြစ်လို့ (၁ဝ)ရကေလေ့ ကိုယ့်စွာ၊ (၅)ရကေလေ့ ကိုယ့်စွာ။ ယေကေလေ့သော့ ရခီရေ ဒင်္ဂါးအားလုံးကို ဆန်တစ်ခုထဲ ဝယ်လို့မရသီ။ ဆား၊ ငပိ၊ ငရုပ်၊ ဟင်းချိုမှုန့် အစခပ်သိမ်း ဝယ်ရရေ။ မိသားစုသုံးယောက် ညှာတာပြီးကေ စားသုံးနီကေလေ့သော့ လောက်ငရေလို့ မယို။ တစ်ခါတစ်ရီ ဟင်းဆိုးဖက်ရွက် ချက်စွာမာတယောင် ဟင်းချိုမှုန့်မထည့်ရ။ ငရုပ်သီးကို မဝယ်နိုင်။ ကိုယ်ချင်စွာ မစားရ။ ကိုယ်ဝပ်ချင်စွာကို မဝယ်နိုင်။ သမီးချေ တစ်ယောက်၊ သားချေတစ်ယောက်နန့် မပြည့်စုံရေ ဘဝမှာဖြစ်တေပိုင် ရှန်းကန်လုပ်စားလာစွာ ဆောင်းရာသီနန့် ၊ နွီရာသီကုန်လို့ မိုးရာသီတယောင် ရောက်လာဖျာယ်။ လင်ယောကျ်ား အိမ်ကဆင်းလာခါစ ကဆိုကေ ဇာကိုကောက်လို့ လုပ်စားရမှန်းမသိ။ ပူလိုက်တေအပူတိ။ သမီးချေက လေးနှစ်သမီး၊ သားချေက နှစ်နှစ်သား နို့တယောင်မလွတ်သီ။ အလုပ်အကိုင် မမြင်ရေအတွက် သူ့လင်အရက်သောက်ပြီးကေ ဆိုးနီစွာ၊ ယမ်းကားနီစွာ အပူတိကို ခံဖူးယင့်သားနန့် ပြန်လာလတ် ကောင်းဖို့ ပြန်လို့ရောက်ပါစီလို့ ဆုတောင်းခမိရေ။ အလုပ်ကိုလေ့ ရှာရေဆိုကေ သူ့အရီးမရို့နန့် မထွီးမရို့က သူရို့နန့်အတူတူ ဟင်းရှာဟင်းခူးပြီးကေ မြို့ရှီးမာရောင်း၊ ကိုယ့်လက်ပေါက်ရှာလို့ မရကေ သူများတိပါးက ဝယ်ပြီးကေ ရောင်းဖို့ သူရို့က တိုက်တွန်းလိုက်တေအတွက် အယင် ကပင်

အပျင်းမထူ အလုပ်ကောင်းသူဖြစ်လို့ ဇွဲနန့်၊ ဝီရိယနန့် လုပ်ကိုင်စားသောက်နီလာစွာ ခြောက်နှစ်ကြာလာရေ။ လင်ယောကျာ်းကိုလေ့ မတမ်းတဖျာယ်။ ပြန်လာဖို့ဆုကိုလေ့ မတောင်းဖျာယ်။ တစ်ချက် ပြန်လာဖို့ဆိုကေ ဒုက္ခများဖို့အတွက် ရင်ထဲမှာ အပူလုံးကြီးတစ်လုံး ဆို့နီစွာပိုင် ပြန်လို့ မလာပါကေ့လို့ အတွက်ပေါ်တိုင်း ဆုတောင်းမိရေ မအေးဘုံမှာ အဂု ဆုတောင်းပြည့်လားခပါလီဗျာယ်။

(၂)

တစ်ရက်နိန် မြို့ရှီးမှာ ဟင်းရောင်းပြီးလို့ ရှီးကအထွက်မှာ အသိမိတ်ဆွေတစ်ယောက်က...

''ဟေး ...မအေးဘုံ၊ နင့်လင် ငပုသျှ မယားရလားခဗျာယ်လတ်၊ ယင်းမယားမာလေ့ သမီးတစ်ယောက်နန့် သားချေတစ်ယောက် ပါရေလို့ပြောရေ ငါရို့အိမ်က မောင်သျှေဖနန့် တွိခရေလတ်''

အသိမိတ်ဆွေက ခေါင်းတညိတ်ညိတ်နန့် ပြောနီကေလဲ မအေးဘုံက တစ်ခွန်းလေ့ ပြန်မပြောဘဲ အိမ်ကို ပြန်ရေလမ်းအတိုင်း ပြုံးပြုံးကြီးပြန်လာလတ်တေ။ လာယင်းလမ်းမှာ စဉ်းစားလိုက်တေ။

''ကောင်းလီယင့် ရှိနာဖြစ် မယားရလားစွာ ငါ့မာကားပြန်လာဖို့စွာကို ကြောင့်ကြနီစွာ၊ အဂုမှရာ စိတ်ဒုံးဒုံးချနိုင်ဗျာယ်၊ ယင်းမိန်းမကို ကျေးဇူးအများကြီးတင်ရေ၊ အယင်ခါ ငါ့မှာကား အားကိုးဖို့လူမယို၊ အသျှေယ်နန့် အလုပ်လုပ်ဖို့မရ၊ စားဖို့သောက်ဖို့မယို ဖြစ်ခရေ၊ အဂုငါ့မှာ သမီးသျှေလေ့ ကြီးလာဗျာယ်၊ သားသျှေလေ့ အင်တန်ဖြစ်လာဗျာယ်၊ နောက်မကြာခင်မှာ လက်လှယ်ဖော်ရဖို့ဗျာယ်၊ အဂုဒေပိုင်ကြားရစွာ ငါကောင်းကောင်း ပျော်ရေ''

မအေးဘုံက စိတ်ကူးနန့် ပျော်လို့ပင်မဆုံးနိုင်။

အိမ်ကိုရောက်ကေလေ့ ယင်းသတင်းစကား နားဝကပင်မထွက်။ မအေးဘုံရင်ထဲက အပူလုံးမှာ အဂုမှရာကျွီလားခ၊ အီးလာခပါဗျာယ်။

အိပ်ရာဝင်ကေလေ့သော ကြားရရေ သတင်းစကားအတွက် ပျော်နီလို့လား။ လေးမိုင်ခရီး ကလာရလို့ ညောင်းနီလို့လားမသိ။ မိုးသီးသျှ တဖြောက်ဖြောက်နန့် အိပ်ပစ်လိုက်စွာ အသူက အိမ်ထရံကို သတ်ပြီးတေ နှိုးလိုက်တေမသိ။

မအေးဘုံလန့်ပြီးကေ နိုးလာရေ။ တစ်ခေါက်ခေါ်သံကြားရရေအတွက် ကပျာကယာ ထပြီးကေ.......

''ဘုရား........ဘုရား'' လို့ထူးလိုက်တေ။

''ထဖိပလင်၊ မိုးလင်းဖို့ဗျာယ်''

ဒေါ်ဆတ်မက ပြောလိုက်တေဆိုကေ မအေးဘုံက....

‘‘အေး.......အေး’’

ဆိုဗျာယ် မိးခွက်ထွန်းပနာ ရီအိုးစင်ကို လာယင်းနန့် အဝါတစ်ချက်သန်းလိုက်သိရေ။ ယေပြီးကေ........

‘‘အဘာလေ အရီးသျှေ ထမင်းတောင် မချက်ရသိကာ’’

‘‘ချက်ဖို့မလိုဗျာယ် ဟေး၊ နင်အိပ်လို့ မဝလတ်မေကြောက်လို့ စောစောကပင်ငါ နင့်အတွက် ထမင်းတိဟင်းတိ အားလုံးချက်ထားပြီးကေ အဆင်သင့်လုပ်ထားဗျာယ်၊ ချောင်းနားကို ဆင်းဖိ လားကတ်ဖို့ဗျာယ်၊ ငါ့ရောက်မသျှေ ဆင်းလီယင့်မေ’’

ဒေါ်ဆတ်မပြောပြီးကေ အိမ်ဘက်ကို ထွက်လားခရေ။

မအေးဘုံက.......

‘‘အေး .......အေး အရီးသျှေ၊ လာလတ်မေ’’ လို့ပြောလိုက်တေ။

## (၃)

မိုးရာသီဖြစ်တေအတွက် တစ်ဟုန်ထိုးစီးကျနီရေ အဥ္စနနဒီမြစ်ရီမာ အထက်ကို ဆန်တက်လာသူဟူသမျှ အသူ့ကိုလေ့ ဆင်းရဲချမ်းသာမရွီး ဦးစားမပီး၊ ဇာသူ့ကိုလေ့ ရီသင့်လိုက်ရရေလို့ မယှိ။

ဆင်းရဲနန့် ငရဲမလွတ်ကင်းရေ မိန်းမသုံးယောက် လောင်းတစ်စင်းနန့် ယင်းလောက်ရီစီးနီစွာမာ ယောကျ်ားမပါဘဲ ချောင်ဖျားကို ဝါးတုတ်ချိုးဖို့အတွက် ဒေမြုံကိုင်၊ ထိုအပင်ကိုဆွဲ၊ ထိုးဝါးနန့်ထိုး၊ တက်မနန့်ထောက်ပနာ ကြိုးစားပမ်းစား တက်နီကတ်တေ။

ယင်းမိန်းမသုံးယောက်မာ ကိုယ့်မှန်းခြေကို မရောက်မချင်း အငယ်ဆုံးဖြစ်တေ့ မအေးဘုံက လောင်းဦးက ထိုးဝါးတစ်လုံးနန့် ဒေါ်မကေ တက်မနန့် တက်မကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်တေအတွက် လောင်းပဲ့က တက်မနန့်လှော်ပြီးကေ ဒေါ်ဆတ်မတော့ခါ ဒေါ်မရှိကပင်းကန်မာထိုင်ပနာ လှော်တက်တစ်ချောင်းနန့် မှန်းခြေကို ရောက်ဖို့အတွက် အားစိုက်လှော်နီရေ။

လောင်းဦးကနီပြီးကေ မအေးဘုံက အားသွန်ခွန်စိုက် ထိုးဝါးထိုး၊ တစ်ခေါက်တစ်ရီ ထိုးဝါး ချော်လားခ ကေ လဲကျလုလုဖြစ်လားခရေ မအေးဘုံကို......

‘‘ဟေး....မအေးဘုံ အလှုပထိုး၊ တစ်ချက်လူး ကျလားခ ကေ ဒေလောက်ရီစီးမှာ မလွယ်ဒေ’’

ဒေါ်ဆတ်မ သတိပီးလိုက်တေ။

‘‘ရရေ အရီးသျှေ၊ လူးမဆင်းလားရအောင် ချိန်ပြီးကေ ထိုးနီစွာရာ’’

‘‘ရောက်မသျှေတက်မကို နောင်းနောင်းကိုင်’’

ဒေါ်ဆတ်မက ဒေါ်မကေ့ကို သတိပီးပြောလိုက်တေ။

''ငါ့ကိုပြောဖို့မလို၊ အေအလုပ်ကို လုပ်စားလာစွာ ဇာလောက်ကြာဗျာယ်လဲ၊ ငါ့အကြောင်းကို နင်သိရေမဟုတ်လား''

ဒေါ်မကေ ဘောရိပိုက်လိုက်တေ။

''အေချင့်မှာကား အကြောင်းမဟုတ် ရောက်မသျှေ။ ထိုသောင်စီးမှာ အရီးကြီးရေ၊ သောင်ကိုရောက်ဖို့ဗျာ''

ဒေါ်ဆတ်မက ပြောလိုက်တေ။

မိန်းမသုံးယောက်စီးလာရေ လောင်းသျှေက တရွှိရွှိနန့်သောင်နားကို ရောက်လာရေဆို ကေ လီကအီးလို့ တစ်ချက်ထလာရေ။

ယင်းလီနောက်က မိုးပါလာရေအတွက် မိုးကရွာချလိုက်တေ။ လောင်းကလေ့ တဝါးဝါး စီးကျနီရေ သောင်ကိုနီးလာရေဆိုကေ –

''ဟေး ......မအေးဘုံ နင်ထိုးဝါးကို အလှပထိုး၊ ငါလေ့တက်မကို နောင်းနောင်းကိုင်ထား မေ၊ ဆတ်မကလေ့ အားနန့်လှော်၊ ကိုင် – သတိဝိရိယနန့် လုပ်ကတ်လှော်ကတ်ဟေရို့''

ဒေါ်မကေ သတိပီးပြောလိုက်တေ။

''ကိုင်ထိုးဟိတ်ထိုး၊ ဇာဖြစ်လို့ မရောက်လဲ၊ ယောကျ်ားပါပြီး မ,ရာရောက်ဖို့လို့လား၊ မိန်းမထိုးဝါးထိုးထိုးလောင်းလှော်ဗျာယ်တက်လို့မရောင်၊ ယင်းပိုင်လေ့ ဟိရဖို့လား''

ဒေါ်ဆတ်မက အားတိုက်ပြီးကေ ပြောလိုက်တေ။

မအေးဘုံက ထိုးဝါးကို တစ်ခေါက်ပြီးတစ်ခေါက် ဆက်ထိုးလိုက်တေဆိုကေ လောင်း အောက်ဘက်ကို လှည့်ဗျာ ဆင်းလားခရေ။

''အဘာလေ၊ မနည်းတပိုင်းရောက်နီဗျာယ်ယေ တက်မကို နောင်းနောင်းကိုင် ဆိုခါမ၊ တက်မကိုင်ကလေ့ ဇာပိုင်ကိုင်ကားမသိ''

ဒေါ်ဆတ်မက အပြစ်တင်စကား ပြောလိုက်တေ။

''ငါလေ့ နောင်းနောင်းကိုင်စွာရာဟေး၊ လောင်းလှည့်ဖို့စွာကို သိလို့လောင်းကို တည့်စွာ မှာ တက်မနန့် ဂျင်ရဲပင်နန် ပြိလားခစွာရာ''

ဒေါ်မကေ တောင်းပန်သံနန့် ပြောလိုက်တေ။

''ကိုင်း...အေချိန်းခေါက်ခါ ယင်းပိုင်မဖြစ်စီကေ့၊ သတိဝိရိယနန့် လုပ်ကတ်မေ''

ဒေါ်ဆတ်မက ပြောလိုက်တေ။

မအေးဘုံမှာ ထိုးဝါးကို လောင်းထက်မာ အသာတင်ပြီးကေ ထဘိန်ကို နောင်းနောင်း ဝတ်ဗျာယ်....

''ဝမ်းတယောင် ဆာလားစွာပိုင် တွဲလားခဗျာယ် အရီးသျှေ''ဆိုပြီးကေ (ထောက်ခနဲ) တစ်ချက်ခေါက်လိုက်တေ။

‘‘ဒေသောင်ကို တက်လို့ရောက်ခါမ ထမင်းစားကတ်မေဟေး’’

ဒေါ်ဆတ်မက ပြောလိုက်တေ။

တက်မအရိုးကို နောင်းနောင်းကိုင်ဗျာယ် အဆင်သင့်လုပ်ထားရေ ဒေါ်မကေ....

‘‘အားမချော့ကေ့ဟေရို့ ကိုင်း – ထိုးဝါးထိုး တက်ကတ်မေ’’

ထိုးဝါးနန့်ထောက်၊ တက်နန့်လှော်ပနာ နောက်တစ်ခေါက် တရှိရှိတက်လာကတ်တေ။ တစ်ဟုန်ထိုးစီးကျနီရေ ရီကလေ့တစ်ခေါက် တစ်ရီ ရီထဲက ဂျင်ရဲပင်သျှေတိ တယောင်မြုပ်တေ။

‘‘ကိုင်း....မအေးဘုံ၊ ဒေချိန်းခေါက်ခါ ရောက်အောင်ကြိုးစားလိုက်မေ’’

ဒေါ်ဆတ်မက ပြောလိုက်တေ။

‘‘ထိုး...ဟိတ်ထိုး၊ ငါလဲလှော်မေ၊ ဆတ်မကလေ့ အားနန့်လှော်’’

ဒေါ်မကေ ပြောလိုက်တေဆိုကေ မအေးဘုံက ထိုးဝါးကို တစ်ခေါက်ပြီး နောက်တစ်ခေါက် ရအောင် ထိုးဝါးကို ဆတ်ဆတ်ထိုးလိုက်တေ။ ဒေါ်ဆတ်မကလေ့ လက်လှမ်းမီရေ ဂျင်ရဲပင်တိကို ဆွဲပနာ။

‘‘ထိုး...ဟိတ်ထိုး၊ ငါ ဆွဲထားရေ’’

ဒေါ်ဆတ်မ အံကိုကိုက်ပြီး ပြောလိုက်တေ။

‘‘ငါလေ့ တက်မနန့်ထောက်ထားရေ ဟိတ်၊ ထိုးလိုက် ဟိက်ထိုးလိုက်’’

သူများကိုလေ့ အားပီးကိုယ်လေ့ အားစိုက်နီရေ ဒေါ်မ၈။

သောင်ထက်ကိုရောက်ဖို့ ပါးလာလီ၊ ရီစီးကပြင်းလာလီ၊ မအေးဘုံကလေ့ အားစိုက်နီရစွာ ဖြစ်တေအတွက် ချွေးတိတယောင် နပန်းစက စီးကျလာစွာကို လက်ဝါးနန့်သုတ်ပြီးကေ...

‘‘စီး ....ဇာလောက်ပင် ယင်းရီစီးဖို့လဲ၊ ရောက်အောင်တက်ဖို့’’

ဆိုပြီးကေ ထိုးဝါးကို အားနန့်ထိုးလိုက်တေ။

ဒေါ်ဆတ်မကလေ့ လက်လှမ်းမီရေ အပင်ကိုဆွဲရေ လောင်းဦးက ကြောဘက်ကို အလှည့် မာ လောင်းကစောင်းလားခရေ၊ ရီးတစ်ဟုတ် ဝူးခနဲဝင်လားခယရေ။

လောင်းမာ အလတ်လောက်ပြည့်လားခယရေဆိုကေ.....

‘‘အဘာလေ့ အရီးသျှေ ဆွဲမထားကေ့၊ လွှတ်လိုက် လွှတ်လိုက်’’

မအေးဘုံကြောက်အားတကြီး ဟောအော်လိုက်လို့ ဒေါ်ဆတ်မ လွှတ်လိုက်တေဆိုခါ အောက်ဘက်က ဂျင်ရဲခြုံကြီးမာ လောင်းက ရီစီးအားနန့် ဘေးပါးပနာ လောင်းစောင်ပြီးကေ ရီက နောက်တစ်ခေါက်ဝင်စွာနန့် လောင်းကမြုပ်လားခရေ။

မအေးဘုံ ကြောက်အားကြီးနန့်....

‘‘ကူပါ ...ကူပါ’’

လို့ အသံကုန်ဟောလိုက်ကေလေ့ ပတ်ဝန်းကျင်မာ လူတစ်ယောက်လေ့မဟိ။ ဒေါ်မကေ

လေ့...

''သတိထားကတ်ဖေရို့''

အသံကုန် ဟောပြောလိုက်တေ။ ယေကေလေ့ မအေးဘုံမာ လောင်းနန့် လွတ်လားခရေ ဆိုကေ။ ဟတ်ကနဲတွိလိုက်ပြီးကေ ကြွမ်းကနဲ မြည်သံတစ်ခုလေ့ ကြားလိုက်တေ။

မျက်နှာကို ရီသတ်ခါပြီးမ မအေးဘုံခြီကိုဆန့်ပနာ ရပ်လိုက်တေ။ ရီကရင်ဝလောက်။ လက်မာကိုင်ထားစွာကို တစ်ချက်ကြည့်လိုက်တေ။ ထိုးဝါး။

''ယာ...ထိုးဝါး ငါ့လက်က မလွတ်မနားဂု''

ထိုးဝါးကို တစ်ချက်ဆွဲကြည့်လိုက်တေ၊ မရ။

ထိုးဝါးကို ဂျင်ရဲ့ခြုံမှာ အဖျားထိုးပနာ ကျိုးဆင်းလာပြီးကေ ခွန်းပိုင်ဖြစ်နီရေအတွက် မအေးဘုံ ရိစီးနန့်မပါ။ သူ့အတွက် ကံကောင်းပါလီယင့်။ မအေးဘုံ ဖြုန်းခနဲဆို သတိရစွာနန့် ထိုမာဒေမာ လှမ်းပြီးကေ ကြည့်လိုက်တေ၊ မမြင်။

''အယွေချေရို့ အရီးချေရို့ဇာမာထဲ၊ ဇာကိုရောက်လားခဗျာယ်လဲ၊ အိုး...အရီးသျှေ''

မအေးဘုံ ဟောခေါ်လိုက်တေ။

''ငါရို့ဒေမှာဝေး''

အောက်ဘက်က ထူးသံကြားလို့ ကဗျာကယာ ကုန်းထက်ကို တက်ဖို့ပျင်ခါမှ ဒုက္ခ။

''အရီးသျှေနန့် အယွေချေ၊ ငါ့မှာ ထဘိန့်ကျွတ်ပါလားဗျာ''

ငိုသံရောလို့ ပြောလိုက်တေ မအေးဘုံစကားကို ကြားရစွာနန့် ငိုအားထက် ရယ်အားပိုပနာ

''ငါ့မှာ ထဘိန်နှစ်ထပ်ဝတ်လာလို့ရာ မဟုတ်လား ဂု မအေးဘုံ၊ ယာ ယာ ဒေထဘိန် ကိုဝတ်''

ဆိုပနာ အရီးချေပါးက ထဘိန်ဟောင်းတစ်ထပ် ချွတ်ပီးလာရေ။ သုံးယောက်လုံး သဲခုံထက်မှာရောက်စွာနန့်...

''လောင်းကာ အရီးသျှေ''

မအေးဘုံမိန်းလိုက်တေ။

''လောင်းလေ့မရလိုက်၊ ဒါးလေ့မရ၊ တစ်ခုလေ့မရလိုက် အားလုံးဆုံးလားခဗျာယ်၊ လောင်းတန်ဖိုး လျော်ပီးရဖို့ဗျာယ်ဝေ''

ဒေါ်မကေ စိတ်ညစ်သံနန့် ပြောလိုက်တေ။

မိသားစု သုံးယောက်အတွက် တစ်ရက်စာရအောင် ဖြစ်တေပိုင် လုပ်စားရစွာမာ။ ထဘိန် လေ့ မျောပါလားခဗျာယ်၊ အရာလောင်းခ,လေ့လျော်ရဖို့ ဆိုကေ မအေးဘုံမာ -။

အဥ နရွှေထွန်း

# အလှည့်

## (၁)

နာရီသံချောင်းခေါက်သံ ညဉ့်နှစ်ချက်တီးကို ကြားရရေအထိ မအိပ်နိုင်ဘဲဖြစ်နီရေ။ ဆောင်းညဉ့်ပင်ဖြစ်ကေလေ့ ရင်ထဲက အပူမီးကြောင့် ဇောချွေးတိပြန်နီရေ။ အိပ်ရာထဲမှာ ဟိုဘက်လှည့် အေဘက်လှည့်နန့် မအိပ်နိုင်။

သူ့နာမည်ကတော့ ဒေါ်လှကျော့ဖြူ။ 'ဒေါ်' တပ်လို့ခေါ်လိုက်ကေလေ့ သူ့အသက်က (၄၀)ပင် မပြည့်သိမ့်။ (၃၅)နှစ်ကျော်ကျော်သျှေရာ။ နာမည်နန့်လိုက်အောင် ကြော့ကြော့မော့မော့နန့် လှရေ မိန်းမတစ်ယောက်။

ယေဂေလေ့ အဂုခါတော့ခါ စိတ်ဆင်းရဲဒဏ်ကြောင့် သူ့မျက်နှာက အသက်နန့်မလိုက်အောင် ရင့်နီလီရေ။ အိပ်ရာထက်မှာ ပက်လက်အိပ်ပြီးကေ နဖူးမှာ လက်တင်ပနာ တစ်ခုခုကို လီးလီးနက်နက် စိုင်းစားနီလီယင့်။

ဘေးနားကအိပ်နီရေ အိမ်သျှင်ဖြစ်တေ ဦးထွန်းလှခိုင်ကတော့ တခေါ်ခေါ် မွန်ပြီးကေ အိပ်မောကျနီရေ။ မွန်သံကြောင့် လှည့်ကြည့်မိရေ။

"ချက်ကြည့်၊ သူကတော့ အိပ်နီနိုင်ရေ။ အဖတစ်ယောက်လို့တောင် မထင်ရ။ ခံစားချက်ပင် မဟိလား" လို့ သူ့ရင်ထဲက ဒေါသထွက်လာရေ။

စိတ်တိုလာစွာနန့် တစ်ဖက်ကို လှည့်လိုက်တေ၊ ယေဂေလေ့ ရင်ထဲမှာ တင်းကျပ်နီစွာတိကား လျော့လို့မလာ။ တွိနီရရေ ပြဿနာက ခေါင်းထဲမှာ ပေါ်လာပြန်ရေ။

နက်ဖြန်ခါ...

နက်ဖြန်ခါ ဆိုရေရက်ကို သူဇာပိုင် ရင်ဆိုင်ရဖို့လဲ။ ဇာပိုင်ဖြတ်ကျော်ရဖို့လဲ။ နက်ဖြန်ဆိုကေ သားရို့ရစလင်မယားနှစ်ယောက် သူရို့လင်မယားကို လာပြီး ရှိခိုးကတ်ဖို့၊ သူဇာပိုင်လုပ်ရဖို့

လဲ။ သူဇာပိုင် မျက်နှာပြရဖို့လဲ။

သူ့မှာက တစ်ယောက်တည်းရာ ဟိရေသား။ စာတော်ရေ၊ လိမ္မာရေလို့ အလိုလိုက်ထားရေ သား၊ သူ့မျှော်လင့်ချက်တိကို စုပုံထားရေ သား၊ အဂုတော့ခါ ယင်းသားက သူ့မျှော်လင့်ချက်တို့ကို လုံးဝဖျက်ပလိုက်ယာ။

သူလုပ်ချင်စွာကို မဖြစ် ဖြစ်တေနည်းနန့် လုပ်လားခ ယာ။

သားကို ချစ်အားကြီးလို့ သားနာမည်အရင်းကိုတောင် တစ်ခါလဲမခေါ်ဘူး။ သားသျှေ၊ သားသျှေလို့ရာ တော့လို့ခေါ်ခရေ။ သူက သားနန့်ပတ်သက်လို့ ကောင်းကောင်းဖြစ်စီချင်စွာ တစ်ခုဟိခရေ။ သူရို့ အမျိုးမှာ ရှိမရှား၊ ငွီမရှား၊ ပညာတတ် အရာဟိတိရှားရေ။

သူကိုယ်တိုင်ကလည်း မိဘသင်ပီးခရေ ပညာကို ဆုံးခန်းတိုင်အောင် မသင်ခ၊ အငယ်သျှေကပင် အိမ်ထောင်ကျလားခ လို့ ပညာမတတ်ခ။ အသက်ကြီးလာကေတော့ခါ ပညာမတတ်စွာကို ရှက်လာရေ၊ နောင်တရလာရေ။

ယေနန့်လို့ အေသားတစ်ယောက်ကို ပညာတတ်အရာဟိဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်ထားမိရေ။

သားကို အသျှေခါကပင် ဂရုတစိုက်ပြုစုခယရေ၊ မွီးစပ်ခယရေ၊ တစ်နှစ်တစ်တန်းအောင်တိုင်း ဆုတစ်ပုံနန့် ဟိခယရေသားအတွက် သူဂုဏ်ယူခယပါရေ။

ထော....အဂု သားဆယ်တန်းအောင်ယာ၊ ကြွားလို့မဆုံး၊ ပြောလို့မဆုံး၊ သူ့သားသျှေ သူမှန်းထားရေပိုင် ပညာတတ်အရာဟိတစ်ယောက်ဖြစ်ဖို့ ယာမလား။

## (၂)

သားဆယ်တန်းအောင်ရေနိန့် ညာစာဘက်က...

''မေမေ ...သားဘက်ကတော့ခါ ဖိုးဒီနန့်အောင်ယာ၊ မေမေဘက်က ပီးဖို့ရာကျန်ယာ''

''အိုး...မေမေ ကတိအတိုင်း ပီးဖို့၊ ပီးဖို့ သား ဇာယူဖို့လဲပြော''

''သားကို သားကောင်မသျှေနန့် စေ့စပ်ပီးရပါဖို့''

''ဇာပြောရေ''

''နီပါအုံး၊ မင်း ကောင်မသျှေက အသူလေ''

''ဆရာမ သူဇာအေးသမီး မြသူဇာ''

''သူဇာအေး သမီး၊ အဂု တူးဒီနန့်အောင်စွာ ဟုတ်လား''

''ဟုတ်တေ မေမေ''

သူဝုန်းခနဲ ထရပ်လိုက်တေ။ ယပြီးကေ...

''ကြုံကြုံဖန်ဖန် ကျပင်လေ့ ကျတတ်တေကာ၊ လောကကြီးမှာ ယင်းလောက်ပင် မိန်းမ

ရှားလား၊ သဘောမတူ၊ လုံးဝ သဘောမတူ”

သူ တစ်ခွန်းတည်း ပြတ်ပြတ်ပြောလိုက်တေ။ သားက မကျေမနပ်နန့် ချက်ချင်းထွက်လားခရေ။ အိမ်ရှိဘက်ခန်းမှာ သူတစ်ယောက်တည်း ဒေါသထွက်ပြီးကေ ကျန်ခရယင်။

“ဆယ်တန်းရာအောင်သိမ့်ရေ၊ အဂုကပင် မယားတောင်းနီယာ၊ သင့်မှန်းမသိ မသင့်မှန်းမသိ၊ ယပြီးကေ ကြံကြံဖန်ဖန် ကျပင်ကျတတ်တေ သူဇာအေးသမီးနန့်လတ်”

“သူဇာအေးဆိုစွာ ကောင်းကောင်းဂုဏ်မောက်တေ မမ၊ သူဇာအေးနန့် အငယ်သျှေကပင် စာပြိုင်ဘက်၊ ရက်ပြတ် တစ်ယောက်တစ်ပြန်။ ယဂလေ့ သူက စောစောစီးစီး အိမ်ထောင်ကျလားခရေခါတော့ သူရှုံးလားခရေ။ သူက ပညာကို ဆုံးခန်းမတိုင်ခ မလား။ သူဇာအေးကတော့ ဘွဲ့တစ်ဘွဲ့ နှစ်ဘွဲ့ရပြီးမှ အင်ဂျင်နီယာ တစ်ယောက်နန့် အိမ်ထောင်ကျလားခယင့်။ သူဇာအေးနန့် တွိတိုင်း သူ့ကို ပညာမတတ်တေ မယမလို့ထင်ရေပိုင် သူခံစားခရရေ။ သူဇာအေးနန့်ပြိုင်ကေ သူရှုံးနီလို့ သူမကျေနပ်၊ အဂု သူနိုင်ဖို့ခါမှ သူအရှုံးပီးရဖို့လား”

“မဖြစ် မဖြစ်၊ သူဇာအေးဆိုရေ မ မလက်ထဲကို သားကို အကျခံလို့မဖြစ်၊ ယေပြီးကေ ငါ့သားသျှေက ငယ်သိမ့်ရေ။ အသက်တစ်ဆယ့်ခုနစ်နှစ်ရာ ဟိသိမ့်ရေ။ စာသင့်ဖို့ အရွယ်သိမ့်၊ စာသင်လို့ ကျိရေခါ၊ အရာဟိဖြစ်တေခါ ငါကိုယ်တိုင် ငါ့သားသျှေအတွက် ရှာပီးဖို့၊ အေပိုင် မမ သမီးတော့မဟုတ်။ အဂုတော့ခါ သူဇာအေးသမီးတင်မက တစ်ယောက်နန့်လဲ သဘောမတူနိုင်”

အမှန်မပြောရကေ သူ့သား သူ့လက်ထဲက လွတ်လားဖို့ဆိုစွာကို သူအကြောက်ဆုံး၊ သားကို သူ့ရင်ခွင်ထဲမှာတောင် ထားလို့မဝသိမ့်။ သားကတော့ခါ သူ့ရင်ခွင်ထဲက ခွဲထွက်လားဖို့ ပြင်နီပါယာ။

## (၃)

ညက အိပ်ရေးပျက်တေဒဏ်ကြောင့် သူအိပ်ရာက နောက်ကျပြီးမှ နိုးလာရေ။ နိုးနိုးချင်း သားကို အတွက်ပေါ်ရေ အတွက်နန့် သားအခန်းကို လားခရေ။ သားက အိပ်ရာထဲမှာ လဲနီပြီးကေ သူ့ကိုမြင်ရေခါ တစ်ဖက်လှည့်ပနာ အိပ်ကွန်ဆောင်နီရေ။

သားကအေပိုင် တစ်ခါလဲ အားမနာမလုပ်ဖူး။ အေပိုင်လုပ်စွာကို ထောက်ကေ ပြဿနာတော့ မငယ်ယာ။

“သားသျှေ မေမေကို မာန်ပါနီလာ”

သားက တစ်ခုလည်း ပြန်မပြော

“သားသျှေကို မေမေက အသျှေရာထင်သိမ့်ရေ။ သားက ငယ်ပါသိမ့်ရေ။ ယေနန့်လို့ သားကို မေမေက ဟန့်စွာရာ”

သားကပြန်မပြောဘဲ အိပ်ကွန်ဆောင်နီပြန်ရေ။

အေပိုင်နန့် သားအမိနှစ်ယောက်ကြားမှာ ဆက်ဆံရေး မပြေမလည် ဖြစ်ပြီးကေ တစ်လလောက်ကြာရေ တစ်ရက်မှာတော့ သားတစ်ယောက်ပျောက်လားခ ပြီးကေ နိခင်းဘက်လည်း မဟိ၊ ညစာဘက်လည်း မလာနန့် သတင်းရစွာကတော့....

"အမိသည် အမိသည်၊ သား...မယားခိုးလားခယဗျာယ်လတ်"

ကြားရရေ သတင်းကြောင့် သူကြောင်လားမိရေ။ ဇာလုပ်လို့ ဇာကိုင်ရမှန်းမသိအောင် မွှန်းလားခယရေ။ အဂုခါမှ သူဇာတတ်နိုင်ဖို့သိလဲ။ ဩော်...အမိကတော့ အတောင်မစုံငှက်သျှေ လို့ ရင်ခွင်ထဲမှာ ထားခရေ။

သားကတော့ ရင်ဝကိုဆောင့်ကန်ပနာ ပျံလားလီယာ။သူ့မှာတော့ရင်နာလို့မဆုံး၊ပူလို့မဆုံး။

## (၄)

အယင်ခေါက်က လှကျော့ဖြူ။

နာမည်နန့်လိုက်အောင် လှပကြော့ရှင်းရေ မယမ၊ ဖြူနုရေ အသားအရေ၊ ဘဲဥပုံစံမျက်နှာ၊ စူးပြီးကေတောက်တေ မျက်လုံးနန့်၊ ခပ်ပါးပါး နှုတ်ခမ်းပိုင်ရှင်၊ ရသေ့တောင်မြို့က တစ်ခုတည်းရာဟိရေ ဆန်စက်ပိုင်ရှင်မှာ တစ်ယောက်တည်းရာဟိရေ သမီး၊ သမီးတစ်ယောက်တည်းဖြစ်လို့ မိဘ အလိုလိုက်ထားရေအတွက် ဆိုးချင်ပိုင် ဆိုးခယရေ။

၈–တန်း၊ ၉–တန်းလောက် ရောက်စွာနန့် ရည်းစားဟိလာရေ။ မေမေသိလာလို့ စာကြိုးစားဖို့၊ စိတ်မလွင့်ဖို့၊ ရည်းစားမထားဖို့ အမျိုးမျိုးနားလည်အောင် ပြောခယယင့်၊ ချော့ခယယင့်၊ မရ။ 'ဘူးဆိုကေ ဖရုံမသီး' ဆိုရေ စိတ်ကို လက်ကိုင်ထားပြီးကေ မေမေ ဟန့်မရရေအဆုံး အဂု အိမ်သျှင်ဖြစ်တေ ဦးထွန်းလှခိုင် နောက်ကို ကောက်ကောက်ပါအောင် လိုက်ခပါလီရေ။

ယင်းအခါက သူ ၉–တန်း မအောင်သိ။ သားထက်တောင် ငယ်သိရေ။ အငယ်သျှေခါ ဖြစ်လို့ မိဘဇာပိုင် ခံစားရဖို့ ဆိုစွာကို မစဉ်းစားမိခ၊ ကိုယ်လိုချင်စွာကိုရာ ကြည့်ပြီးကေ လုပ်ချင်စွာလုပ်ခရေ။

ခိုးရာလိုက်ပြီးကေ တစ်ပတ်တောင်မကြာ၊ မိဘက အိမ်ထက်ကို ပြန်တင်ပီးခရေ။ မေမေ ဒေါသလည်းမထွက် ဝမ်းလည်းမသာခပါ။ တစ်ခုတော့မှတ်မိပါရေ။ သူရို့ ရယစ လင်မယား မိဘကိုရှိလာခိုးခါက မေမေမျက်လုံးမှာ မျက်ရည်တိ ဝိုင်းနီယင့်။

"သာဓု၊ သာဓု၊ သာဓု သမီးရို့လင်မယား အိုအောင် မင်းအောင် ပေါင်းသင်းရပါစီ" ဆိုရေ ဆုပီးသံကိုရာ ကြည်နူးနီခလို့ မေမေမျက်ရည်ကို သူနားမလည်ခ၊ နားလည်အောင်လည်း မကြိုးစားခပါ။ ကိုယ့်ဘဝကြင်ဖော်နန့် ရှိလက်တွဲပြီးကေ ပျော်နီခရေ။ ယင်းအကြောင်းတိကိုလည်း မိန့်ထားခရေ။

စက်ဝိုင်းမှာ တစ်ပတ်လည်အောင်လားကေ အစနီရာကို ပြန်ရောက်တေ။ ယင်းပိုင်

လောကမှာ ပြုသူအသစ်၊ ဖြစ်သူအဟောင်းလို့ ဆိုရေပိုင် အလုပ်တစ်ခုကို လုပ်မိကေ ယင်းအလုပ်နန့် တန်ရေ အကျိုးကို ခံစားရရေ။ မကောင်းစွာကိုလုပ်ကေ မကောင်းကျိုးကို ခံစားရရေ။

လူတစ်ယောက်ရေ မကောင်းစွာကိုလုပ်တေခါ လွယ်သလောက် အလှည့်ကျလို့ ကိုယ်ခံစားရရေခါကား ကောင်းကောင်းကြောက်ကတ်တေ။ အဂုလည်း ဒေါ်လှကျော့ဖြူတစ်ယောက် ကိုယ့်အလှည့်ကို ရောက်တေခါ .....။

အေးသူဇံ

# မှိုဟင်းရွက်ပြင်း အငေဟ်မကင်းစီချင်

မိုးပြင်းလီပြင်းရေ မာန်ပါပါနန့် ကျရောက်နီရေ။ နွားနှစ်ကောင်နန့် လူတစ်ယောက် လယ်ပြင်မှာ ရုန်းကန်နီစွာကို မှုံမှုံသျှေရာမြင်ရရေ။ ခမောက်တစ်ထည် ဆောင်းထားစွာကလည်း လီသတ်လို့ တစ်ခါတစ်ခါ ရှင့်ပါလားသိမ်ယင့်၊ နီက မွန်းတည့်ဖို့ယာ၊ နချိုးမလွှတ်ရသိ။

မယားဖြစ်သူ မသိန်းဖြူတောင် ထမင်းပို့ရောက်နီစွာ ကြာယာ။ မသိန်းဖြူ မှိုဟင်းခူးနီစွာကို မြင်မှ နချိုင်းကို လွှတ်ပစ်လိုက်တေ။ မယားကိုလည်း လှမ်းပြီးကေ အော်လိုက်သိယင့်...

“မှိုဟင်းအများစကေ ခူးယူခဟိတ်”

လယ်သမားရို့မှာ လယ်ထွန်တုန်းဆိုကေ မှိုဟင်းရွက်ပြင်းနန့် ငရုတ်ကြိတ်က မပါမဖြစ်တေ။ မိတ်ဆွေရာမဟုတ်လား။ ယင်းစွာမှာ ပြားဇိသီးပုံးရာပါဖို့ ဆိုကေ ပထမတန်းနှက်ရာ၊ ဆန်သုံးဘူးလောက် ထမင်းကို ငါးတောင်မလို။

မောင်သာထွန်း တစ်ယောက် အားတက်မာန်တက် ကြိုးစားနီရစွာက အခြားမဟုတ်။ သူ့မှာ မြီကတစ်ပြင်ကြီး၊ မနှစ်က နွားနှစ်ချိုင်းထွန်စွာမှာ မိုးမရွာလို့ စပါးတိကမယောက်။ စကေတ ဘွေယောက်တေ စွာတိကလည်း အငှားသားခပီး ထိုပီးဒေပီးနန့် ဝမ်းစာတောင် မကျန်လိုက်။

လယ်သမားဘဝကို ညိမ်းတောင် ညိမ်းချင်လာယာ။ မောင်သာထွန်း လယ်လုပ်စွာ အဂုမှ မဟုတ်၊ လွန်ခရေ နှစ်ပေါင်း(၂၀)ကျော်လောက်ကပင် မိဘနှစ်ပါးက အမွီရထားလိုက်တေ လယ်ပြင်။

လယ်လုပ်ခါစဆိုကေ ရှားရှားကားကားနန့် လူရတတ်သျှေ တစ်ယောက်၊ အဂုမှရာ လယ်လုပ်ယင်း မွဲပြာကျလာရေ။

သားသမီးကလည်း ငါးယောက်တောင်မှ ခြောက်ယောက်ဟိစွာမှာ အကြီးဆုံးသား ဦးကျော်စိုးက အိမ်ထောင်ကျလားလို့ ယောက္ခမအိမ်မှာ လုပ်ကိုင်စားသောက်နီဂတ်တေ။

ဦးကျော်စိုးမှာတော့ခါ စားနိုင်သောက်နိုင် ဝမ်းစာသျှေ ပန်းစာသျှေနန့်ဖြစ်လို့ သူရို့ အိမ်ထောင်ရေးက ဟန်ကျနီရေ။

ယေကေလေ့ မိဘကို ကူညီနိုင်ပုံမကျ။ လယ်မထွန်ခင်ကပင် မသိန်းဖြူ တစ်ယောက် သားပါးမှာ စပါးချီးခိစ္စာတောင် မရခ။

''ငါရို့မှာလေ့ စကေသျှေရာဟိရေ အမေ'' လို့ ပြောလှတ်လိုက်တေ။

မိဘနှစ်ယောက်က သားသမီးဆယ်ယောက်ကို ကျွေးမွေးထားနိုင်ကေလေ့ သားသမီး ဆယ်ယောက်က မိဘနှစ်ယောက်ကို မကျွေးမွေးနိုင်ဆိုစွာရေ ဒေစွာတိကို ပြောရေလားမသိ။

မောင်သာထွန်းအတွေးက မဆုံးသိ။ မသိန်းဖြူ မှိုဟင်းရွက်ပြင်းပြုတ်နီစွာကို...

''ကျက်ယာလားဟိတ်''

လို့ မိးကြည့်လိုက်သိရေ။

''မကျက်သိဒေ၊ တနားသျှေလောက် စောင့်ရဖို့သိ''

မသိန်းဖြူစကားကြောင့် နံပါးကချထားရေ ပန်းတူမှာ မီးကျီတကျီ ထည့်ပြီးသောက်ယင်း သူ့၏အတွေးကို ပြန်စလိုက်တေ။

သင်္ကြန်အတွက် သမီးသျှေ သားသျှေတိမှာ အဝတ်အစားအသစ်အဆန်း ဝတ်ရအောင်လို့ မသိန်းဖြူနငွေးကို ချရောင်းလိုက်ရရေ။ မရောင်းကေလေ့မဖြစ်၊ လှထွန်းဖြူကိုတောင် မြီဆပ်ဖို့ အငှားထည့်ထားစွာ ငါးရာပီးရဖို့သိ။

သားတစ်ယောက်နန့် သမီးတစ်ယောက်ကလေ့ လူပျိုအပျိုဖြစ်နီယာ။ သူရို့က သူများ နည်းတူ ဝတ်ချင်စားချင်ဂတ်တေ။ မိဘမေတ္တာက သားသမီးအပေါ်မှာ ကြီးမားရေမဟုတ်လား။

ငရို့ မဝတ်ရကေနီ ငါ့သားငါ့သမီး ဝတ်ရစားရကေကျီယာ။ တုနိုင်းမမှီရေ မိဘမေတ္တာကို မောင်ခိုင်စိုးနန့် လှသိန်းသျှေသိရလို့ နငွေးမရောင်းဖို့ အကြိမ်ကြိမ်ပြောဒါလေ့သော့ မရ။

''မောင်ယေရို့ မယေရို့အတွက် အမေမှာ ရွှေတိငွေတိ မပီးနိုင်ကေလေ့ ခယောက်သျှေ ထဘိန်သျှေဒေ့ါခါ ဝယ်ပီးမေ၊ ဝတ်ကတ်''

မောင်ခိုင်စိုးဆိုကေ မနှစ်က အဖနန့် လယ်တဝထွန်ပြီး တလင်းပွဲအောင်ထိလုပ်စွာ ပန်းဖော်ခယောက်သျှေတောင်မှာ တစ်ထည်မရလိုက်။ လှသိန်းသျှေဆိုကေလေ့ အိမ်အလုပ်မှန် သမျှကို ဝင်လုပ်ပြီး မောင်သျှေတစ်ယောက်နန့် ညီမသျှေနှစ်ယောက်ကို သူကရာ ထိန်းသိမ်းလာ ရရေ။ လှသိန်းသျှေမှာ နဆွဲသျှေတစ်ရံ မဟုတ်တဟုတ်ဟိလို့ ဣန္ဒြေရသိယင့်။ ယေဒါလေ့သော့ သူများအပျိုတိနည်းတူ မဝတ်နိုင်၊ မစားနိုင်။ ဒေစွာတိကို တွေးကြည့်ယင်း မသိန်းဖြူမှာ ဝမ်းနည်း လို့မဆုံး။

ဒေနှစ်ခါဆိုကေ နွားနှစ်ချိုင်းတောင် မထွန်နိုင်။ ထွန်းနွားလေးကောင် ဟိစွာမှာ မိုးမကျခင် က တစ်ကောင်ပျောက်လားခရေ။ မသမာရေ သူခိုးတိကလေ့ ကျွဲနွားမြင်သမျှကို မယှောင်ဘဲ ကျားတိပိုင်ကွင်းကို ပတ်ပနာ ခိုးစားခွတ်စားနီဂတ်စွာ မဟုတ်လား။

လယ်ပြင်ဝါး(၁၂၀၀)ထောင့်နှစ်ရာလောက်မှာ လူကို (၅၀၀)ငှားပစ်လိုက်တေ။ မောင်ခိုင်စိုး

ကိုလေ့ ဘကြီးသည်အိမ်မှာ အငှားထည့်လိုက်ရရေ။

ကျွန်ရေဝါး (၇၀၀)ခုနှစ်ရာကို အားတက်မာန်တက် ထွန်နီရစွာက မပင်ပန်းနိုင်။ မနှစ်က ပင် ချိုးစားထားရေ စပါးတစ်ရာကို မပီးနိုင်လိုက်။ ပီးရဖို့စွာက အစီးနန့်ပါဆိုကေ နှစ်ရာ။ လာဖို့ နှစ် လေးရာမပီးနိုင်ဆိုကေ လယ်ပြင်ကို အပ်ရဖို့ဆိုပြီး စာချုပ်စာတမ်းတနန့်လုပ်ထားလိုက်ရရေ။

မိဘဘိုးဘွားလက်ထက်ကပင် လုပ်ကိုင်စားသောက်လာရေ လယ်ပြင်၊ ဒေလယ်ပြင်ရေ ငါ့လက်ထက်ကျမှ ဆုံးရှုံးခံရဖို့လား။ အဆုံးမခံနိုင်။ အတွေးအာရုံကြောင့် မောင်သာထွန်း မျက်နှာ တိတောင် ညိုမှောင်လာရေ။

ရခိုင်တစ်ပြည်လုံးက သမာအာဇီဝကျရေ လယ်အလုပ်ကို အဓိကထားပြီး လုပ်ကိုင်နီဂတ် တေ။ စပါးဆန်ရိုပေါ်ကြွယ်ဝလို့ ဓညဝတီလို့တောင် အမည်တွင်ခရေ။

‘‘ဘားဘူဟိယင့် ဆန်ဟိယင့်၊ ဒိုင်းကျိဟိယင့် ရိဟိယင့်’’ ဆိုရေစကားတိကလေ့ အလကားမဟုတ်။ မြောက်ဦးခေတ်မှာ စပါးဆန်ရိပေါ်များခလို့ ။ ရာဇဝင်မှာ စာတင်လာရေ စကားတိ။

မောင်သာထွန်းမှာ တွေးစရာတိက သိန်းသန်းကုဋေ။ တစ်ခုပြီးတစ်ခုတွေးနီယင်း ပန်းတူ မှာ မိးသီလားခစွာကိုတောင် မသိလိုက်။ မသိန်းဖြူက ‘‘ကျက်ပါယာဒေ၊ စားခလေ့ဖိ’’လို့ပြောမှ တွေးနီရေ အတွေးကို ဖြတ်ပစ်လိုက်တေ။

မသိန်းဖြူမှာ ထမင်းဟင်းခူးပီးပြီးကေ ....

‘‘အိမ်မှာလုပ်စရာဟိ ဟိသိရေ အယင်လားရဖို့’’ ဆိုပနာ ထွက်လားခရေ ။ တဲမှထွက် လားခရေ ဇနီးမယားကို သနားညှာတာရေအကြည့်နန့် ကြည့်ယင်း ဘေးပတ်ဝန်းကျင်မှ မြင်ကွင်း တိကို မြင်တွိနီရရေ။

ကန်ဘောင်နားမှာ ပေါက်နီရေ မှင်းကျေးပင်သုံးပင်နန့် သရက်ပင်နှစ်ပင်၊ စိမ်းစိမ်းညိုညို မြက်ကလုံးများ ပေါက်ရောက်နီရေ မြတ်နိုးစရာလယ်ကွင်းများ။

လယ်ခွက်ထဲမှာ မက္ကလာကိုယ်စီနန့် မြက်ချီးနင်းသမသုံးယောက်ဇရွက်တိ၊ မြိုးတိက အသံတစ်ဇာဇာနန့် ပိုးသျှေတိကို ရှာစားနီဂတ်စွာက သဘာဝတစ်ခု၊ တဲနောက်ဘက်မှာ ကောက် ရိုးပုံစာတီတစ်လုံး၊ အညွှန့်တက်စပြုနီရေ ပဲခင်းတစ်ခင်း၊ ကုက္ကိုပင်နားမှာ အစာစားနီကတ်တေ နွားသျှေငါးကောင်၊ မလှမ်းမကမ်းမှာ မြင်တွိနီရရေ ရွာဦးစေတီ၊ အဘကိုမြင်လို့ မြီးပါလတ်ကတ် တေ သားသျှေတစ်ယောက်နန့် သမီးသျှေတစ်ယောက်။

ဒေအမြင်အာရုံတိက မောင်သာထွန်း နှလုံးသားတိကို ထိုးဝင်လားရေ။ ယင်းအမြင်တိရေ ကြည်နူးစရာလား။ ကြီကြေးစရာလား ဆိုစွာကို မောင်သာထွန်းကလွဲလို့ တစ်ယောက်သျှေလေ့ ပိုသိနိုင်ဖို့မထင်ပါ။

ဓညဝတီမျိုးခိုင်

# သစ္စာနှိဒါန်းကျမ်း

**(ဓ)– ၂)**

(၃) သက္ကရာဇ် ၁၁၃၁–တွင်၊ တပြည့်တည် နံကံပြေရွာက မင်စိတမံရောက်လီ

(၄) မေ၊ ၁၁၅၁ ခုတွင်၊ တပြေတည်နံကံက ယတ္တာရာယာယိရေ၀ံ လိမေ၊ ၁၁၄၆–ခုတွင်၊
ရက္ခိုင်တောညက်ပျက်လိမေ၊ ၃တောင် ၃ဖြာ ကွေလိမေ၊အရှိုပြီလေ၊ အရှိဒ်ါးစာ၊ဖြစ်လိမေ၊

(၅) တောင်သိုဝ်မြီလည်၊ တောင်မှာ ဥစ္စာ၊ များလိမေ၊ ဥစ္စာများကိုဝ်၊ နကားထိုင်ခါ် သေ၀ံလိ
မေ၊ ကလုံထိုခါ် သွတ်လိမေ၊ အနော်ပြီလည်၊ အနော်တမင် ကျိများ ထိုခါ် ပိလိမေ၊ ချိတ်
မြောင်

(၆) ကာရာချလိမေ၊ ချမ်သောင်ချမ်သာ၊ ကိကိုဝ်ရွာပ၊ နိလိမေ၊ ၁၁ရ၁ ခုပေါ် လျင် ကြိစ္စာကေ
ရင်မြင်လိမေ၊ တရတပြေကျော်လိမေ၊ တရတမင်ကြာလိအဘောတရင်နဲ၊ဟုမုံ။

(၁) ။ကား၊ စွေဖျားအင် ညိလယာချိလိမေ၊ လ၀ဲဟန်တော်ခေါ်င်ဟိလိမေ၊ နမောင်ဖျိုင်ဖျိုင်၊
ရှေလိမေ၊ ဥခေါ်င်ရွှေဘလားချုပ်သကဲ့သိုဝ် ဟိလိမေ၊ လက်သေခြော်ချောင်ဟိလိမေ၊ သန္တာ

(၂) အဆင်နှင်တူလိမေ၊ အမြိန်သွေ့သွေ့၊ ရှေလိမေ၊ ခြေသဲငါးချောင် ဟိလိမေ၊ ဟင်သာပဒါး
အဆင်တုလိမေ၊ ထိုင်သိုဝ်ဆတံဆင်ပြောင်တင်သည်၊ လုသာတိုင်တရား ထဉ်လောမတရား

(၃) သဥ္စလောဟူအလိုဝ်ထိုင်ခါ် မန်လိမေ၊ ကျောင်ပထိုင်ခါ် ဟတ်လိမေ၊ အိန်ပထိုင်ခါ် ဟတ်လိ
မေ၊ လုသားတိုဝ်တရား

(၄) ။ဖေကား၊ စရတ်မန်ဒတ်၊ ဆော်လိမေ၊ ပုကိုလ်များလေ တရားထိုင်ခါ် ဟောလိမေ၊
လုအများလေထိုင်ခါ် သတင်ထုံလိမေ၊ ဆတံပြောင်လေ၊ ပုဆစ်ယင်ခါ်

(၅) တုပ်လိမေ၊ နမောင်ယင်ခါ်၊ စရတ်ထက်တွင် တိလိမေ၊ ၁၂ ရက်နေ၍ ဟေမဝန္တာတော

သာယာသိုဝ်ဝင်လိမေ၊ ၁၁၇၂ ခု ပေါ် လျှင်၊ သကြာမင်နေရာ ကန်မလာ့ ပုပြင်လတ်၍။
(၆) မျက်ပါးတစ်ထောင် အမြင်ဆောင်၍ ကြေလတ်သဥ္ဂဟိ ဖေ လုသာ တိုင်တရားသဥ်ကိုဝ်
မြင်ဖေကာလနှစ် သိကြာမင်းနကားမင်း၊ ကလုံမင်းမိုဝ်မ၍ ဝေလာပန္ဒိလတောင်။

## ခ)–၁

(၁) ။ကိုဝ်နော်နော်ပစ်၍၊ ပြုပ္ပဒေဝိယတောင်ကိုဝ်၊ လဝဲထား၍ ယင်းအကြားတွင် လုတိုဝ်စုဝေ
နေကြလိမေ၊ ၁၁၇၃ပေါ် လျှင်၊ ဆတံပြောင်နှစ်၊ ဆင်ဖြူတစိ၊ ရေဝံလိမေ၊ဟုရားဖေကားစ
(၂) ရတိမန်တက်ဆော်လိမေ၊ ပုဂ္ဂိုလများလည်၊ တရာထိုဥ်ခါ ပောလီမေ၊ လုအများလည်
ထိုခါသတင်သိုလိမေ၊ ပန်ပေါ် ပေါ် နှင့် ပူဇော်ကြ ဖေ၊ ဆင်ဖြူပုဆစ်တုပ်လိမေ၊ နမေင်
(၃) ယင်ခါမန်ဒ်ထက်မှာ၊ တင်လိမေ၊ ၁၇ ရက်နေ၍ ပောမဝန္ဒာတော သိုဝ်ဝင်လိမေ၊ ဝင်ဖေ
ကာလနှစ်၊၃ဖေတရင်ဆော်လိ ပေ၊ ရက္ခိုင်မင်းကြီ၊ ရွှေပြောင်ပြောင် နှင့် ဆင်ဖြူစိ
(၄) ဟူ၍၊ တရင်ထိုင်ခါဆော်လိမေ၊ တလင်ဂိုနီသားတယော် အလုံးအရင်အကြံပြုစေ၍၊
ဤသိုဝ်ဖေတရင် ၉ဆြားသက်ကြီသုပောင်၊ တစုတိုင်သည်၊ ငါတိုဝ်ရက္ခိုင်ယာ
(၅) သဥ်၊ ဆင်ဖြူဒိုင်လတ်မေသိဟူ၍ ပြုပ္ပတေဝိယ၊ စတာင်၉ လယာထားခဲ့၍။ မြတဲနန်ဆေဝံ
လိမေ၊ ၁၁၇၄ ခုပေါ် လျှင် ဆင်ဖြူတစိနှင့် ဆင်ပြောင် ၇ စိရံ၍ ရောက်လိမေ။
(၆) ယင်ကာလဥ္ဂ တျုရားဖေကား၊ ဒေဒ်ထိုင်ခါ ထေစံလိမေ၊ သဒင်ထိုင်ခါ သုံလိမေ၊ အရက်
၂၁ပတ်လုံ အလိုဝ်ခန်၍ နေလိမေ ၊ အရက် ၂၀ စီလျှင် အလောင်ကြသ ဗုဒ္ဓိသား၊
(၁) ရေဝံလိမေ။ စုဝဲ၍နေသဥ် အခစ်တွင်၊ ဆင်ဖြူရုံထက် ရေဝံလိမေ၊ ၇၄ ရက်နှစ်ကား
ဆင်ဖြူသဥ်မြေပြင် ၉၊ ၃ ချက် ဘနောင်တစ်၍ ၊ နကာမင်ကိုဝ်တိုင်လိမေ၊လုသားတိုင်သဥ်၊
ပဓဝိ
(၂) မြေပြင်ခု တောင်နိအောင်တင်လိမေ၊ မြေပြင် ၉ နှမောင်ဖြင့်ရှင်၍ သကြာကလုမင် ၉တိုင်မေ
၇၇ ရက်တွင် ဘုရားဖြူဟုရားသိုဝ်နှင့် တွက်စစ်၍ ကြေဖေ ရက္ခိုင်ပြေ မင်သဥ်ဆင်ဖြူရ
(၃) ည်ဟူ၍၊ ဟုရားဖြူ ဟုရားသိုဝ်တိုင်ဆိုစ်လိ၏။ ဆင်ဖြူပိုင်မင်ကိုဝ် လက်ဆောင်တံဒါး သိုား
ကြိုင်ညာ။ စိန်ကောင် မြကောင် ကျော်ကောင် ၊ ပဒမြားတိုင်၉၊ လက်ဆောင်ရှာ၍။တလျုလ
(၄) လ ၃လ ၄ လ ၅ လ ၆ လ ၇ လတိုင်အောင် လက်ဆောင်တင်၏ မြတေနန်နှင့် ၃နှစ်နေ
ထိုင်၍ တရတပြေမင် ဗောင်တိုဝ်ကိုင်ပိုင်၍ နေကြလိမေမတားရား ဖေသုတို
(၅) ၉ တန်နှောင်ချိုင်သတ်ထားလိမေ၊ နီ ၉ ထိုင်ခါ တိုင်လိမေ၊ လကိုဝ်ထိုဝ်ခါ တိုင်လိမေ။
မျက်ပြေထိုဝ်ခါ ယိုဝ်လိမေ၊ ကျိန်ကွံထိုင်ခါ ပြုလိမေ၊ အကွံထိုဝ်ခါ ပြုလိ
(၆) မေ၊ အန်၌ါးမှာ တပါထိုဝ်ခါ ဝင်လိမေ၊ တပြေမင်က တောင်လိမေ၊ မပိသော်က စစ်ကြိထိုဝ်
ခါ ရောဝံလိမေ။ ပိပြားဖေလေ ကျိန်ဆေထိုဝ်ခါ ပြုလိမေ။ နီ ၉ တိုင်သဥ် အကြောင်က

## (ရူ)–၂

(၁) ။သျှားပါးတော်မွတ်ဖြစ်လိမေ၊ လကိုဝ်တိုင်သည်အခြင်ကား ရေမြေကိုဝ် အစိုင်ပိုင်ဖေမင်၊
ဖြစ်ဖေလေ ငဇမဘန်သင်ဟူ၍၊ လကိုဝ်ထိုဝ်ခါ ဆိုဝ်ခ၏။ ငမျက်မြေယိုဝိသဥ့်အကြောင်
(၂) ကား၊ ၃ ဖေနာဖျား၊ များလိမေ၊ ဟူ၍၊ ကျိန်ဆေခ၏။ သက္ကရာဇ် သတ္တရသမိုဝ် ဝတိန်ယံ
သာစံကြွကား ကြိုင်စိဝ်ါကား၊ ထိုင်ခါးလျှင်၊ ဖြင်သွားလတ်လျှင်မုံ၊ မင်၏ခန္ဓာသိဇာ
(၃) လရေခံ၊ အသက်ပျော်အမ်။ ထိုဝ်နေခံတာဘံ၊ ရာသီပြုံ ဖေ၊ အိန္ဒာနက္ခပ်၊ ကြိမြတ်ယောင်
လှ၊ မင်မောင်မလျှင်၊ အချင်ချင်လဉ်း သတ်လတ္တမ်၊ ရွှေငွေစပါး၊ ကျိပြေထားအ
(၄) များဥစ္စာ၊ သုဘိုဝ်သှာ၊ မျိုဝ်စိရက္ခာ ဆံမပါတောင်မှာ သင်တိုဝ်တော်၊ လပ်သိုဝ်၊ သား
ဇအမိ၊ ရှာမတွိလျှင်၊ ဖြစ်လတ္တမ်။ ပြိမုသွားရာ၊ မိမ္မသာလျှင်၊ ဖြစ်လတ္တမ်၊ မင်မှုမ်
(၅) တိုင်ကား၊ တော်မွတ်များ၍၊ လူများဝန္နစ်၊ ဝန္နာဖြစ်၍၊ သိလတ္တမ်၊ ယတ်မကြိ ဆောင်သျှင်
အယောင်လေများ လတ္တမ်။ သိတ်ခါဝိနေ၊ မစောင်စေ၊ အရဲပိလှ၊သျှင်ဗလလဉ်၊စစ်
(၆) မက်အလိုဝ်၊ ထိုဝ်လတ္တမ်၊ သောသတ္တ အစတိုင်အောင်၊ ပြေကြိမိန်လောင်၊ အိုဝ်သိုဝ်ဆု၍
ဖြစ်လတ္တမ်၊ နဝမှာမုံ၊ ငယင်မုံတဉ်၊ မိုဝ်ကြိဒ္ဓိစ္စာ၊ ရှာလတ္တမ်၊ ဒဆစင်စစ်ဖြစ်သဉ်နှစ်သစ္စ
နိတန်

## ၁(ဓခ)

(၁) ။ကား၊ အလောင်းမင်းသား၊ မင်းတရာလျှင်၊ ဖြစ်လတ္တမ်၊ ထိုင်မင်နီရာ၊ ရွှေနန်သာကိုဝ်၊
ဆွစ္စာနတ္တိုဝ်၊ လုပ်လတ်တမ်၊ ဆင်ဖြူဆင်နီ၊ မမြင်မိန္တင်၊ ရလတ္တမ်၊ တရုပ်ယိုင်တ
(၂) ယား၊ ကုလားမကြွင်၊ ထိုင်မင်နိုင်ငံ၊ ဖြစ်လတ္တမ်၊ အလှူသိဒ္ဓမ္မ၊ တရားစကား၊ သစ္စာသဲခံပါ၊
သထာတိကာရောကြာ စသဉ်ကတ်လဉ်ထွေလေထိုဝ်(ထိုင်)ဝေ၊ မရောက်မကြာ။ ပျေစံ
အမ်ဆော။

(၃) ဇွာနတ်သိုဝ်စံအမ်သော်။ ။သစ္စာနိတန် ပြေရှာကောင်ဘိုင် မကောင်ဘိုဝ် ဇဆိုဝ်သဉ်။
။ငါ၏သာသနာတော် ၂၂၇ ခုတွင် မဟာရာမေ ဖေ မင်သဉ်ရက္ခိုင်ပြေနှစ်ဖြစ်လတ္တန်၊ဘိလု
တဓ

(၄) ယာံ၊ မြိစ်ကဘာံလေတ်၍၊ ဟောံဟောံကေရေလတ္တန်၊ ဆင်မတန်သာ ဆင်(ကျား) ဟိုင်
မွေ၊ ဇေင်လဲလဉ်၊ မြိုဝ်တေအလိုဝ်ဝင် လတ္တန်၊ ကျားမမိတောင်၊လက်စောင်တိုဝ်တက်
(၅) တတ္တင်လက်နှစ်စွဲလျက်၊ နေပြားထိုဝ်နဂါး၏၊ လှေဖြားဆဲရေ(ကေ)ကဲသိုဝ်၊ ပတ်လတ္တန်၊
ရွှေတောင်နားတွင်၊ ချုပ်လတ္တန်၊ ဝန္ဒိတဘက်၊ သျှင်စေတက်ဟုနှစ်
(၆) ဘြက်အကြားဆိုဝ်ဖောင်နားတွင်၊ နကားနေမှတ်၊ ပြုလတ္တာန်၊ သုပ်သုပ်သင်သင်၊အိမ်အသျှင်
ဟု၊ အိန္တင်အလိုဝ် ပင်လတ္တမ်။ ဆဒံဆိုဝ်မဲ၊ ချောင်လတ္တမ်၊ မြင်မိုဝ်တောင်ဖျား၊ ထိုနကားသဉ်

**(ခ)– ၂**

(၁) ရိုင်သားမကြွင် မင်ဆက်လတ္တမ်၊ သုပ်လည်အလျင်အခိုဝ်ထွက်၊ နိုင်ခွက်တေထားလတ္တမ်၊
ရွှေတောင်နားတွင် ချုပ်လတ္တမ်၊ ဝဿိတဘက်၊ သျှင်တေက်ဟူ၊ နှစ်ဘက်အကြားချိုင်
(၂) ဖေါင်နားတွင်၊ နကားနေမှတ်ပြုလတ္တမ်၊ ရပ်စွံတိုင်ကား၊ ကြက်၏သားနှစ်၊ နဂါးစင်စစ်ဖြစ်
လတ္တမ်၊ တောင်သိုဝိကုပ်ကား၊ တောင်ထိပ်ဖျားနှစ်၊ နဂါးစံပျော်၊ နေလတ္တမ်၊သုဆင်းရဲသား၊
(၃) နောကားက၊ ကျော်စုတ်ကွင်ပြင်၊ ရေရှင်ပြိုပြို၊ ပြင်တိတိလျှင်၊ ဖြစ်လတ္တမ်၊ ရတ်လုံ ပြေသု၊
မိန်သိုဝ်ပုလတ္တမ်၊ လျှင်လုဆင်ရဲ များလတ္တမ်၊ ကုံတစ်ဥပေ အလှေ့လှေ့များလ
(၄) တ္တမ်၊ ချော်ချော်ချားချား၊ နိုမြင်တေဂံလတ္တမ်၊ တန်ပိန်နှစ်တပ် အခြိတတ်၍ ဝပ်လတ္တမ်၊
နိဗန္ဓတ်ဆိုဝ်၊ အမြော်ထိုဝ်သည်၊ များလှေသကာ။ အလစ်သျှင်ကြံ့န်၊ ရဟန်စိရင်၊ သင်ပြင်
မစားပြု
(၅) လတ္တမ်၊ ခြင်သို့မသား၊ လင်ကျောတိုဝ်၊ နကားမြွေဟော် ဆင်ပေါ် ယော ကျားထွက်
လတ္တမ်။ သရက်ပင်ငုတ်၊ အညွန့်တုပ်သည်၊ မိုဝ်မမြင်၊ ခြင်သိမသား၊ နေကလျှင် ဖြစ်လတ္တမ်၊
ပြေကိုဝ်ဖျက်
(၆) က၊ နေကသွေးသော်၊ ပြေ၉မျော်၍၊ ရော်လတ်မေလည် ရှာကြံမာ၊ တထောင်တမြော်၊
၉ ခုရေဝံဖေ၊ ကိုဝ်စားတော်ထင်ရှား၊ မွေတော်များလေည်၊ များစွာ နိမိတ်ပြလတ်မေ၊
ရှေ့ကားစိုင်
(၁) လျား၊ အကျင့်များ ၉မှာ လတ်မေ၊ ကုံသေဝင်ဓံနိလားခံ၍၊ အကြံတိုင်ပင် ပြုလတ်မေ၊
မူဆိုဝ်မသား နောကားက၊ ခုနှစ်ရောဂ္ဂါဖြစ်လတ္တမ်၊ တဆေ ၉ နှစ်၊ ရောကာဖြစ်သဉ်၊
မချွတ်ရာ ရှိုပြင်
(၂) ဆေတောင်အေိုင်ပွင့် အဆုံနကားစံမြဲရတ် တထူသိုဝ်၊ မသွားရာတပြောင်ပြံပြံ၊ ၂တံမ
ရော်၊ ၅ ခန္ဓာပျော်အပ်၊ မချွတ်ရာ၊ ခန္ဓာပျက်ပြိုင်၊ ၆ ကိုဝ်အမံစင်စစ်၊ ခုနှစ်တွင် ရွှေလတ္တမ်
လေတာ
(၃) မိုင်မြိန်၊ နှုန်မှုဝိသည်၊ ကြားလစ်ထိမွေ၊ ရော်ထေဖောက်ပြံ၊ အမံကတိများ လတ္တမ်၊ သျှင်သု
ပုံနာ၊ အသေသားလှတောပြားမြိုင်ခွင်၊ မြေကြိတွင်လေ၊ဝင်မတပ်၊ခါးဆိနပတ်၉အဝတ်လေ၊
(၄) မတတ်ရာ၊ ဥစ္စာမေပေ၊ အိန်ရာမနှစ်၊ အိန်လည်ခေါင်းခွဲးပင်၊ အိန်သျှင်အှူပ်မပြတ်ရာ၊ ကံနား
ထိတ်ပြင်၊ လုသျှင်တပ်တပ်၊ ရင်ထုခတ်၍၊ နတ်နှစ်ကြား၊ ထိုဝ်အများကိုစ်၊ ကိုဝ်လတ်
(၅) တပ်ထိုဝ်လည်၊ ဆူရင်ထူ၍၊ ပက္ခုံသံတုံတင်၍၊ ထွင်ဝင်လှများ၊ ထွက်ဝင်လုများ၊ နကားဥ
ထက် အမာနက်လည်ပေါ် လတ္တမ်၊ ရာပြေအလုံ ငိုဝ်လတ္တန်၊ တိန်ပြင်မိုစ်သိုဝ် ချုပ်လတ္တ
(၆) မ်၊ သိမျိုဝ်ဘော်ပြံ၊ ကျင်ဟံရာပြား၊ လုအများလည် ဖြစ်လတ္တမ်၊ အသေသားဟု၊ ခွာလတ္တမ်၊
တမွင်ကော်ရောင်၊ တန်ဟောင်အညွန်၊ ပေါ် လတ္တမ်၊ ထမ်ကောင်အငုံ၊ ထွက်လတ္တမ်၊

ဤတန်လဉ်

**(ခ့ဲ)–၂**

(၁) ကောင်း။ တလုနားတော်၊ ယပင်စကြ ၉တိုဝ်မေပဲ သစ္စမြေသဉ် တစိမကျို၊ ပေါလတ္တမ်၊ အမှံ ဂ ရက်သား၊ လုထင်ရှား ၉၊ မတာရား၊ ဟရီတောင်လဉ်၊ အခေါင်ဖွေဖွေ စရတ်စေ တုတွင် လတ္တမ်၊ ဆင်မ

(၂) ကမ်သား၊ ဆင်နဂါးနှစ်၊ ကျားနှင့်ကလူ၊ နှစ်ပါးစုံ၍၊ ဟိလတ္ထံမ်၊ ကလုနှင့် ကျားထိုဝ် ၂ပါး၉၊ အခြားနှစ်ကာလတ္တမ်၊ ကျားကား ကျားနှင့် တွင် အမ်သဉ်ကား၊ ဂလူပင် ကလုသျှစ်တပ်ပြု ၏။ ကျားကား

(၃) အိန်ရာမေ၊ အလုကတောင်ထိပ်ဖျားနှစ် သင်နေလတ္တမ်၊ ကျားကအလိုဝ်သုန်လတ္တမ်၊ သျှင်နင်ကျား တိုင်ဗင်ပြုပြင်စေ၊ နတ်မိမ္ဗလှေလတ္တမ်၊ ကလုကြံက ဝန္ဒေမှာလဉ်မှ

(၄) တ်ကာလင်သုန်သံမပဲကင်၊ တရုံဆံဆံဘွပ်သုံတံ ဤတရုံနှင့် လင်ကြံစားရာ နီတိုင်ရှာ သဉ် နှစ်မတော်လင်သား ၆၉ကိုဝ်၊ အမေစောမှာ ရချိမေ၊ နဲဖွဲပြေသဘင်၊ ၉ ယောင်လင်၉

(၅) အသျှင်ဘေမှာ၊ ရချိမေနေ၊ နင်ယောင်လင်ကား ရွာထွင်အဘေ၊ သျှားဖါးလိနေ၊ နကားလွံ မြော် ကလုရော်အမ်၊ မချွတ်ရာ၊ ချော်ချော်ချားချား၊ စစ်ရုံများအမ်မချွတ်ရာ၊ ယင်ကလု တကား

(၆) ကမ္ဘာဘာနဒိချောင် ၉ လယာထား၍၊ မိန်ဖျားမြိုင်ကြိတေပါလိ၊ မြို့စ်ကြိလဉ်တေ၊ သက် တော်လဉ်ဆေရှေအမ်မချွတ်ရာ၊ ယင်ကလူကား၊နှစ်နှစ်နှစ်လ၊ နေလတ္တမ်၊ ကလုလွံ မြော်ကျား

(၁) မင်ရော်အမ် မချွတ်ရာ၊ ကျားမင်ကား၊ ၁၆ လနေလတ္တံ။ ကျားခင်းလွံမြော်၊ ခြင်သွိရော် အမ် မချွတ်ရာ၊ ယင်ခြင်သွိကား။ နှစ်၉ ရွှေလတ္တန်၊ မစိမစပ်၊ အိမ်ကဘိလာ၊ အိန်မိုဝ်မှာ ( )စော်ကွာ

(၂) ခြေမျှင်အလိုဝ်ဗာလတ္တမ်၊ ဤသိုဝ်မှာထား ၉စကားကိုဝ် ကျင်တတ်မုံတား၊မင်လေ သက် ရှေ့ နန်တက်တေသဉ်၊ မချွတ်ရာ၊ ( )သစ်ပင်၊ ဆင်ကားဘိလာ၊ မရာမာ၉၊ ကာခြင်သိမကြိ

(၃) ကလုကြိက၊ နှုပ်သိတော်သျော်၊ အနော်မျက်နှာ၊ မစ္ဆိမာလဉ်၊ ရွှရွှထော်ထွာ၊ အမြိန်ခက် ဖေ၊ ပုပ္ပအညာပုကံရွာလဉ် ပျက်လတ္တမ်၊ မင်လဉ် ၉ကြိ–ရမုံထားက၊ ကလုံမျက်စောင် ပင်ကကျွေ

(၄) ၍၊ ပြုတဂါး၊ ကုလားလာစိ၊ ကျွခံလတ္တမ် ဝေလာပံဒေါင်၊ သိန်ဆောင်ပိုင် ကျွန်က နေ၏။ အညီသက်ထား၊ မြိုင်ကူလားလေ၊ စကားတုံကျွေ၊ ဆိုလတ္တမ်။ ထားအိန်လွေလွေ၊ ဒါးသိန်ငေ

(၅) နှင်၊ သူရံထောင်သောင်၊ မြေစံလတ္တမ်၊ ရက္ခိုင်ထောညက်ပျက်လတ္တမ် တောင်မှာ ကြေလဲ၊ တောင်ဟင်လင်၊ ကာနန်တွင်သိုဝ်၊ မြော်မှာကြေလေ၊ မတွင်ရိုဝ်သဉ်၊ လန်ရိုဝ်အလိုဝ်၊ တွင်လတ္တမ်

(၆) (  )လိမေလေ၊ သုခံတွင်း၊ စားလိမေလဉ်၊ သုံငေချင်၊ အရိသျှင်ပေါင်၊ ဆင်စွေရောင်၊ ဧတုမောင်ကွကွ၊ ချိချင်စွ၊ အရှိသျှင်ဝါ၊ ချစ်ကြပါလဉ်၊ ပြေသုဝမ်မသာ၊ ဟေလူများ တို့ဝ်၊ သားကြိ

(၁) သော့်အမိလင်သျှာဟု လတ္တမ် ပြေရွာဥပတ်ဖြစ်လတ္တမ်၊ မင်ဘော်စံစိုဝ်လှယ်များလတ္တမ်။ အသုကန်ဗိုင်သုကန်ဗိုင်၊ ကန်ဗိုင်သုံဆင်၊ ကြာသုံပွင်၊ရိုဝ်မြင် သုံခါပွင့်လတ္တမ်၊ခမေဘာညိုဝ်မင်

(၂) ရွှေပျိုဝ်၊ ဧတိုင်အိန် တန်ပြင်နားတွင်၊ ကျားချောင်လျက်၊ ချောင်ကြိဖိလာ၊ မကုသာ၊ ချောင်ငေစောက်ယော်၊ မခုံလေစံ၊ ငရုပ်တောင်ပု စောင်ရောင် သာယာနာပါလိ၊ ဘောနေ ရှိနေ တတောင်တော၊ စု

(၃) ဟဲစုဟဲတာသဲသဲ လျှင်ဟောပါလိ၊ ရွှေညလုံတင် လုပျိုဝ်ရွှင်လဉ်ရော်လတ်မေ၊ ရက္ခိုင် မင်သား၊ ထွက်၍သွား၊ (  )ပါးနားတွင်၊ ဆံတော်ရှင် ဧ၊ ပျင်ပါလေ၊ ရွှေဆေခုံ ဧ၊ ကြုံဂလေတချ

(၄) က်တာဘံ၊ ငဆင်းဘားနှင့် နဂါးကြောင် ဧ၊ စွပ်လတ်မေ၊ ငဆင်နေမှတ်၊ ပြေအရတ်လေ၊ တွင်လတ်မေ၊ ကနှင့်ဥဒေါင်း၊ သောင်သောင်အလိုဝ်၊ ခွတ်ကြတ်လတ်မေ၊ ယွင်လှယေဟုမံ၊

(၅) လယုဖျား၊ ဒွေးဖြူကနားဆင်ပါလိ၊ ဒါနဝတု၊ ကောင်မှုသိတင်မကင်သိလ၊ မြေပါစေ၊ မြေခံ ဥအိန်ရာ၊ မမြတ်ဖြစ်တုံလတ္တန်၊ ရှိုက်ံနေနော ဂေါဒမိ တောင်ကာသိကြား၊ မြေခံက နတ်သား၊ ဤ

(၆) ဂါးကိုဝ် အစောင်ထားသဉ်၊ မြတ်စွာဘုရားရိုဝ်သေ မြေနေစေ၊ ကြက်ဥထေကား၊ကြက်သိန် ငေ၊ အကေကျွပ်ကျွပ်တံလတ္တမ်၊ မခံနိုင်၍၊ ဆိုင်ကာကြက်မ၊ ခွတ်လတ္တမ်၊ ကြက်မခွတ် ကာဧ

(၁) တာင်ကြားနာ၍၊ ကြက်ငေမြုံထေ လျှိုဝ်လတ္တမ်။ လင်တာသိန်စွံ့ တရုံသွတ်မေ၊ချောင် လတ္တမ်၊ လေမင်ပိပိ ကျွကွင်ထောင်သား ချင်ထားလေ၊ မြေပါစေ၊ဤသိုဝ်မှာကား၊ ဧ စကား၊ဧ၊ မြေပါစေထင်ရှား

(၂) မချွတ်၊ မြေပေတတ်သော့်၊ မင်းမြတ်မင်းဖျား၊ မင်းတရလျှင်၊ ဖြစ်လတ္တမ်၊ တန်ကားပြေ ရွာ၊ ဝပြောစွာလျှင်၊ ဖြစ်လတ္တမ်၊ နန်တက်၃ဝ၊ နေလတ္တမ်၊ အကေစင်စစ်နေ်ကရာဇ် လျှင် ဖြစ်လတ္တမ်၊ ဆင်ဖြူ

(၃) မြတ်မွံ ငဆဒံလေ၊ ရ လတ္တမ်၊ သကြွိမတံ၊ အကြိပညာ ဟိလျှင်ဘွပ်နှဉ်စေ၊ တလဲပင်စေ၊

မြိုင်ချလေတွင်၊ ယောက်လတ္တမ်၊ မအူပင်ရင်း ပုဒ်တွင်လေ၊ မဟုစေ၏။ ခြင်သို့ပုမင်၊ မတဲစေနှင့်၊ ဆေင်မြေမုံ

(၄) မဖျူစေနှင်၊ အမြစ်ထောင်သောင်၊ မြံရုံပေါ်င်လည်၊ နံစေမညူညွန်ရှင်၊ ထွားထွားကြိ၏။ ကျီနှင့် ဇဒက်၊ လင်မနားစေ၏။ အလုပ်နည်စေ၊ ကိုဝ်ကိုယ်တိမ်မြော်သိလဆော်တေ

(၅) မြေပါစေ၊ ပဋ္ဌသိနှင်၊ အတသီလ၊ တေသုကိုဝ်၊ ထိုင်လုကသက်တော ၃ဝ၊ ခန္ဓာသွေ၍၊ အကေစင်စစ်၊ ကေရာဇ်လျှင် မချွပ်ရာ၊ ဤသိုဝ်မှာကား ၉ စကား၊ ၉ ကျွမ္မာ တတ်က

(၆) မချွတ်ရာလျှင် ဖြစ်လတ္တမ်၊ အစွန် ၅–ခုရှုလင်ပြေသု၊ ပြောလုမျှားတိုဝ်၊ သရက်ပင်ပျိုဝ်၊ ညောင်ရိပ်ခိုဝ်သည်။ ပုမင်တွင်ဟောင်၊ အောင်လတ္တမ်၊ တွင်နှင်နှင်ပြီ၊ ပုမင်ကြိကား၊ အမြိန်တောင်ထိပ် နာလ

(၁) လတ္တမ်၊ ဥခေါ်င်ပြေစေ၊ ပုမင်လည်က၊ တောထဲတခါ ကျင်သာယာနှစ်၊ သုရိတန်ဗင် ကလိကုလား၊ မြိုင်သက်မျှားနှင်၊ စပ္ပါးတောင်စည် ယောင်လပ်တမ်မေ မစွပ်ရာနှင်၊ သျှုမ်သျှာစည် လျှား ကျိအမျှားလေ

(၂) အာလတ်မေ၊ ကျော်တော်ပုံပြင်၊ ရလာခွင်နှင်၊ ( )လောင်ကြက်၊ စမ္ဗဝက်တွင်၊ မင်ကျွံမျှား ကိုဝ် တေထားလတ်မေ အတွင်ကျိုပြင်ကျို၊ အာကာရက္ခိုင်ရွာကိုဝ်သတ်လတ်မေ၊ ဆံ ဘားရားသထုံသားကု

(၃) လားအက္ခရာ၊ သင်တိုဝ်ရွာ ၉၊ ပျက်ပါစေ၊ ပုရာဇ်ခြေတည်တား၊ သွားချဉ်နှင်၊ သုရဲသျှင် တိုဝ်ထွက်ပါလိ၊ ဤသိုဝ်စည်လျှား၊ ၉ စကား၊ မှတ်လင်ကံု အပေါ်င်ပြေသုဟောလုမျှားတိုဝ် ဗင်လေ အသစ်

(၄) ရိတွင်ပစ်သည်မျှားပါစေ၊ အက္ခရာလည်ပါး၊ စပ်စပ်ပြား၊ မြို့တုံပြင်ပြူ အရွာလည်ထွေ၊ ရွံလည်စေ ညဉ ဆပ်နည်စေ၊ မျက်စိ ၄ ခု၊ ရှုနိုင်စေ၊ အကျိုဝ်လိုဝ်ယောင်၊ ပွါတင် ဆောင်သည်သု

(၅) လောင်မျှား ၉၊ သိတတ်စေ၊ ( )။ ငပိကျိုင်တော်လော်မတက်၊ ငခုံခါးနှင်၊ သားလော်သည်၊ လော်စာဝမ်းဖောင်ဝမ်းပါ ကြိုဝ်သှာပြေခြင် ထိုဝ်လတွင်နှစ်လွမ်တင် ရှာရှာတကား၊ ဤသိုဝ်မှာ

(၆) ထား၊ ၉ စကား ၉၊ မှတ်သားတတ်မုံ၊ ပဋ္ဌသိနှင်၊ အညီသိတင်၊ မြေပါစေ၊ ဤသိုဝ်ဆိုဝ်သည် ကိုဝ်မှုံမုံကား၊ ကလုံအသက် ၃ဝ၊ ဝင်ပြေဖြစ်လတ္တမ်၊ ဆက်သည်ဆင်လည်၊မင်တွင် အလိုဝင် လတ္ထမ်။ သ်

(၁) ဘောလျှော်ကြိရော်လတ္တန်၊ တမံလားလာ၊ မတ္တကာလည်၊ ဝန်သာဝမ်ရွှင်၊ လက်ဆောင် သွင်၍၊ မချွတ်ရာ၊ နာလောပြေသု၊ ဟောလုမျှားတိုဝ်၊ ကလုမင်ကြိ၊ ဆင်ပေါ် ဘိ၍၊ လာမေ သည်ကာ ငါတိုဝ်လုလောသုလု

(၂) လော၊ ကြေပါလည်လော၊ မြင်ပါလည်ဟု၊ ဉူဉူသောင်သောင်၊ အမျှားပေါ်င်သျှော်၊သောင်ဘိလာ၊

ကလှဝန်လော၊ ကလုလျှာလော၊ မသိသာသိ၊ ရော်မကြို၊ ထိုဝ်လုမှာအလိုဝ်ကျွေ ကြော်၍
သိုဝ်ဆိုဝ်လတ္တာမ်

(၃) ထိုင်နကားတွင် အစေ ၂ ချောင်းပေါ် လတ္တာမ်၊ အစွန် ၈ ခုရှုလင်၊ ရလင်ပြေသူ၊ ဟောလူများ
တိုဝ်၊ လက်နက်မိုဝ်သိုဝ်၊ ရှာလတ္တာမ်၊ တလင်လေပွေ၊ ပုပ်လေဆွေ အမ်မချွတ်ရာ၊ မှတ်လင်
ကိုလော၊ ဟောလူများ

(၄) တိုဝ်၊ ယင်ပုမင်ကား နန်းတက် ၃၀၊ နေလတ္တာမ်၊ သာသဏါကိုဝ် ကြေညိုဝ်သုပ်သင်
ပြုလတ္တာမ်၊ စေပင်အရှေတောင်လတ္တာမ်၊ မင်မေ( )ကား၊ ဘားနဘားဝသည် နင်တွ
ကါကါ၊ ကလုနာ လတ္တ

(၅) မ်၊ ထက်ရုံဝမ်ဗေ၊ မွေလတ္တာမ်မြင်မင်ချင်တိုဝ်တွင် နှစ်၊ လန်ချင်ကလုဖြစ်လတ္တာန်။ မင်ဘော်
မင်လေ၊ ဥပတ်များလတ္တာမ်၊ ကလုထင်ရှား၊ ဖြစ်လတ္ထမ်၊ ကျားကားချားကားမဖြစ်ပါ၊
ခြင်သို့ ရီရာမဟု

(၆) ပွါ။ ဤသိုဝ်မှာထား ၉ စကာ၉၊ မှတ်သားတတ်မုံ၊ မချွတ်ရာ၊ ဟောလူများတိုဝ်၊
ပဒိသန္ဒေနေဘိသည်လည်ဝန်က ကြက်မှာ မသက်သာ၍ ဆိုဝ်ဘိသည်လည်၊
နာပျက်ပျက်၊ မင်နင်ရဟန်အကုံပြွန်သည်

## (ခံ)– ၂

(၁) နူပ်ခွန်ပျားသကာ၊ မတုမတေဆိုကြသည်လည် ဝန်မပါးရသေး ခြေခေါ်င်မေ ၉၊ တောင်သည်၊
ခြေခေါ်င်ခြာ၊ ပန်ပဲမှာလည် မပါသိ၊ လက်ဖျားလက်ကော်။ ခပန်ပြော်နှင်၊ရပ်စော်ပြုံ ရေလျှင်၊
ငါတိုဝ်ရှင်

(၂) သည်၊ ရှုံ့ချင်တွေတိ မကျင်မကျေတိုဝ် ရဟန်ကိုဝ်ဆွမ်ပန်မတော၊ ဘုမ်ကမကြို ဥထုပ်
ကြိုနှင် ခရိကြောင်မှာ လူတကာတိုဝ် ပုဇွော်ရာ၊ ဟောလူများတိုင်၊ ဥစ္စာပေပေ၊ အုပ်ပြော်
ငေမှာ၊ အထင်

(၃) သာတွင် ဆွေလတ္တာမ်၊ ဥစ္စရှာဏော်၊ အုပ်ပြော်အလိုဝ်၊ ပျော်ပျက်လတ္ထမ်၊ ဤသိုဝ်မှာထား၊
၉ စေကားကိုဝ်၊ မှတ်သားတတ်မုံ အလှူသိဒင်၊ ကျင်ခြင်သိလ၊ မြေပါစေ၊ရဒနာ ဉါး၊ နှ

(၄) င်မပြတ်ကြပ်သည်၊ မြဲပါစေ၊ သုလျှိုဝ်ချောပျစ်၊ စကားသစ်သည်၊ မြေပါစေ၊ အကြိုပညာ
တွင်နိုင်စေ၊ ဟောလုများတိုင် ဆင်ကျားတုံမေ၊ ဇေင်လဲသည်း အမွေ ၃ ပင်၊ ပတ်လ

(၅) တ္တာမ်၊ တတ်ဖေငါးမတ်၊ မချွတ်ဟုချေ၊ ဟောလုများတိုဝ်၊ မတတ်ဖေကား၊ မင်လည်
ဆိုဝ်တဉ်၊ မဖြစ်ရာ၊ ဆင်ဖြူပြော်မွီ၊ ၉ဆတံလည်၊ မရော်ရာ၊ ဟောလူများတိုဝ်၊
ကလုစည်လျှားကလု

(၆) ကားအကျင်သှာမြေပါစေ၊ ကလုလွှံမြော်၊ ကားရော်ဝံသည်၊ မချွတ်ရာ၊ ယင်နကားကား၊

ရာဇကြိုင်မြိုဝ်ဟုမံလာ ယုမြိုင်ကြိုတေပါလိ၊ ဆင်မေဆင်ဖြူ ဖြစ်လတ္တမ်၊ဆင်ဖြူ အမြိန်ပြတ်
(၁) လတ္တမ်၊ ရှာပြေအလုံ ၃ လတ္တမ်၊ အက္ခရာကစ်၊ အခြေလစ်၊ သက်တော် ၂၀၊ ခြော်နှစ်၊
အကေ ၉ စား၊ တေရာထား သည် နဂါးမဂါး ဆင်ပြောင်ကြို အားအံကြိုလျက်သိရိအကြုံ
တိတ္တုံသည်။ ဆင်
(၂) မြောက်ကြိုအား၊ ကျားမြိုင်ခွေးစာ အမ်ချောင်သည်၊ တိန်သံကြားက၊ မလိကမြင်းပျို၊
အရံလေဝံကျား အနံဘွတ်သစ်တွင်၊ ညွှတ်ကွင်မြင်သည်၊ စွံဘားအကြုံမတတ်။ တိတိ
တွတ်သင်မ နှင်မြိုင်ခွေစွပ်
(၃) နှင်၍ပြိုသည် တလန်ကြားလတ်၊ ဥသြောလိမ္မာ၊ ဝါမျက်နှာ ၉၊ မြင်နိုင်စေ၊ အသံနာဝ
ကြာနိုင်စေ၊ အတွင်ကံမှာ၊ ကြာမျိုဝ်စုံစိ၊ ကြာနီထောင်သောင်၊ ကြာခုလောင်ထောင်ရာ၊
ဟိဖေ်ခါ လည်မေတိုဝ်
(၄) ပံရာ၊ ဖတုမာလည် ကြာတမျိုဝ်၊ ယင်ကြာပွင်ကာက သာယောင်သာယာ၊ ရက္ခိုင်မှာသှာ
ပွင်ပါသည်၊ ယင်ကြာပွင့် ၉ နကားအရ ကြိုဝ်လတ္တမ်၊ နကားမရ။ တန်ခိုဝ်ကြိုစွာ၊
ခြင်သို့သှာလျှင်
(၅) ရလိမေ၊ ကြာပွင်ပန့်ပွင်၊ ပန်မြော်ခြင်သို့၊ ရောက္ကချော်ချော်ချားချား၊ ရတ္တာပါမှ ကြားလိ
မေ၊ ကလုခြေမကျိုဝ်လိမေ၊ ဥပျှဉ်လန်ဖြတ်၊ ပျံလိမေ၊ ခြိုဝ်သေသော်ဟော်
(၆) ပေါ် သို့သားစားလိမေ၊ လုသျှင်ဖွေဖွေ နကားကလု အတုစုံရား မနေရာ၊နကား တေနရာ၊
ယမှတ်နာက လုနေရာ၊ တောင်ထိပ်ချာ၊ တောင်နေဝန်ကျင်၊ ကျားသုမင့်၊ကြံဆင် မြိုင်ခွေး
တော မျော်တိခြင်
(၁) သွေနောဏော်။ ကလုအော်က၊ စောင်ကာကာ၊ ကလုနှုပ်သို့၊ လှန်ပတ်ကြိုသည်၊ ထန်လုံရှိ၊
တချက်တေခံဖေ်။ ဥလှော်ဘရိုဘရဲ။ နကားခန္ဓာ ရှေလည်ပါ၊ ဝါလည်ထိတ်မှတ်၊ သဒင်
ကျွတ်သည်ရက်
(၂) စနီ၊ ပြေသုထက်ဝန်၊ ရဟန်လုသျှင်၊ စံမြော်ခြင်ကား၊ ထမင်ဆွန်ကိုဝ် မဝင်တပ်တဆန်
လင်လုမြင်လည်ဝန့်ရှင်နှလုံး ဟိလတ္တမ်။ အနောက္ကတိန္တက်သည်၊ ဝံနက်စွိ ံတကျိ ိသွတ်၊
တုပြိုင်ပြတ်သည်အ
(၃) ညီပျံလတ္တမ်၊ တောင်ကမိမ္မလင်မရ ယော်မလျက်တုံပြိုတကား။ ယော်မပြောင်ပြုံပါတွင်
မှံသည်၊ မျက်ဆံကန္နံပြိုတကား။ ဣသိုဝ်မှာထား၊ ငေကားကိုဝ်၊ကျင်တတ်မုံကား။ ဘဒံ
(၄) အမျိုဝ် သည်ခကြိုင်ဝမ်၍ ထိုဝ်လတ္တမ်၊ တပါးကျိမ်နှင်၊ ရက္ခိုင်စေဗင်များပါစေ၊ မြော်မှာနတ်
ကြို၊ ပျော်တွပြိသည်သည်ပါစေ၊ ဟုရားဗိဒင်၊ သိမြင်ဆြားများလည်သှာ။ကြိုဝ်အသွား ၉
(၅) မသိပါ။ ။ သက္ကရာဇ် ၂၀ တွင် ၁၂၀၀ တွင် တန်ဆောင်ဗုံ လွှည်ပ် ၅ ရက် တလာနိတွင်
ဥဗိုင် ၅ နာရီတွင် သစ္စာမုံဟောင် အတည်ရှိပြိ၏။ ဘိ ၉ သာမြထွန်စာ။

**ရခိုင်သားကြီးစာပေ**

၁။ မြောက်ဦးမြို့ဝ်တံဆိုတ်ခတ်ကျမ်း

၂။ သစ္စနိဒ္ဒါန်းကျမ်းမူဟောင်း

ပိမူအတိုင်း(၂–၇–၁၉၉၁)တွင် ကူးယူပြီးပါရေ။

*(ဤစာဟောင်းပိဟောင်းများကို စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း၊ ဆရာတော် ဦးပညာစာရထံမှာ ရှေးမူအတိုင်း ကူးယူကျေးဇူးပြုပါသည်။)*